
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# ဗျူး

## ကတ္တီပါကျိုနီစာ

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - သိန်းဇော်ကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယဉ်အော့ဖ်ဆက်
၆၈၊ ကောလိပ်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းနိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၀၃ ခုနှစ် ဇန်နဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

ငြူး
တစ္ဆေပါကျိန်စာ / ငြူး။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၀၃
၂၈၀ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) တစ္ဆေပါကျိန်စာ

BURMESE CLASSIC .com

## အခန်း (၁)

"ဝှန်း"

"ဂျုန်း"

မျက်လုံးထဲမှာ ပြာဝေသွားသည်။ အသိအာရုံတွေ မှောင်မိုက်နေတယ်။ နားထဲမှာ အသံဗလံတွေ ဆူညံပွက်လောရိုက်နေပြီး သူ့ကို အပြစ်တင်နေတာလား။ ကိုယ့်ကို အပြစ်တင်နေတာလား။ စိတ်မကောင်း ဖြစ်ကြတာလား။ နမြောတသ ငိုရှိုက်သံတွေလား။ မသဲကွဲ။

"ဖေဖေ မေမေ"

မျက်နှာရုပ်ခန္ဓာ မခွဲခြားနိုင်တော့သော ဖေဖေနှင့် မေမေကို သူ ကုန်းအော်ပစ်လိုက်သည်။

ဖေဖေ မေမေ သေသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ညီအစ်ကိုနှစ်ယောက် တွယ်ရာမဲ့ပြီပေါ့။

သူ့ ဆယ်တန်းအောင်စာရင်း ထွက်သည့်နေ့။

ငါးတန်းကျောင်းသား ညီလေး အတန်းတက်ရသည်မို့ ညီလေးကို မခေါ်ဘဲ ဖေဖေနှင့် မေမေက သူ့ကို ဘုရားလိုက်ပို့သည်။ ထိုနေ့မှာ ဆယ်တန်းအောင်လို့ အပျော်လွန်ပြီး အရက်မူးမူးနှင့် မဆင်မခြင် မောင်းလာသည့် ကားတစ်စီးကြောင့် ရင်မဆိုင်ဝံ့သော အဖြစ်ဆိုး ကြုံခဲ့ရသည်။

''ဖေဖေ မေမေ''

''ကြယ်တိုင်းရဲ့ သားကြီး ကိုတိုင်း ကိုတိုင်း''

''ကိုတိုင်း ကိုတိုင်းရေ''

''ဟင်''

ဦးမောင်နှင့် ဒေါ်မှုံ စိုးရိမ်တကြီး လှုပ်နှိုးခေါ်လိုက်မှ ချွေးဒီးဒီး ကျ မျက်ရည်များဖြင့် ထထိုင်လိုက်၏။

ဒေါ်မှုံက သူ့ပါးပြင်ပေါ် မျက်ရည်တွေကို ကြင်နာယုယစွာ သုတ်ပေးနေရင်း

''ကြာခဲ့ပါပြီ ကိုတိုင်းရယ်၊ မမေ့နိုင်ဘဲ ဒီလိုခဏခဏ ပြန်မြင်ယောင်ပြီး ထိတ်လန့်နေရင် ကိုတိုင်း ကျန်းမာရေး ထိခိုက်နေပါဦးမယ်။ အတိတ်ကို မတွေးဘဲ ညီလေးအတွက်ပဲ စဉ်းစားတော့မယ်ဆို လမင်းလေး သိရင် စိတ်မကောင်းဖြစ်ဦးမှာ''

''ဟုတ်သားပဲ ကိုတိုင်းရယ် လမင်းက အခုဆို တက္ကသိုလ်





တက်ရတော့မှာ၊ မိဘတွေ မရှိတော့တဲ့နောက်ပိုင်း မင်းကိုပဲ မှီခိုအားကိုးလာခဲ့တာဆိုတော့ အစ်ကိုကို ချစ်လိုက်တာလည်း အရိပ်တကြည့်ကြည့်နဲ့ပါ''

''ကျွန်တော်က ညီလေးအတွက် အသက်တောင်ပေးဖို့ အဆင်သင့်ပါ၊ ဖေဖေ မေမေတို့ကို ကျွန်တော်ဘုရား ဖွတ်လိုက်ပို့နိုင်းလို့ ဒီလိုတွေဖြစ်ပြီး ညီလေး လူမမယ်အရွယ်လေးနဲ့ မိဘမဲ့ဘဝ ရောက်သွားတာ''

''အဲလို ကိုယ့်ကိုကိုယ် အပြစ်ပုံမချပါနဲ့ ကိုတိုင်းရယ်၊ ကံကြမ္မာက ဒီအချိန် ဒီလိုဖြစ်ရမယ်ဆို တန်ခိုးရှင်တွေတောင် တားလို့မရပါဘူး။ အခုလည်း ကိုတိုင်းဘက်က အစ်ကိုကြီး တစ်ယောက်လိုမကဲ ဖခင် မိခင်တွေအတွက်ပါ တာဝန်ကျေနေသားပဲ၊ အငယ်လေးကလည်း သိတတ်နဲ့ သားတို့ညီအစ်ကို နှစ်ယောက် ဘယ်လောက်တောင် ပျော်စရာကောင်းလဲ''

ဦးမောင်နှင့် ဒေါ်မှုံ နှစ်သိမ့်ဖျောင်းဖျနေပေမယ့် ကြယ်တိုင်းရဲ့ ခေါင်းတယမ်းယမ်း ဖြေမဆည်နိုင်သေးပေ။

တွေးလိုက်တိုင်း ရင်ဘတ်ထဲမှာ အောင့်လာမြဲ။

တစ်ခါတစ်ရံ အိပ်မက်ဆိုးများဖြင့် ခြောက်လန့်ခံနေရဆဲ၊ ဒါပေမဲ့ သူဘာဖြစ်နေနေ ညီလေးသိမှာ စိုးရိမ်ခဲ့သည်။

''ကျွန်တော် အော်သံကြားလို့ ညီ နိုးသွားပြီလား ဒေါ်မှုံ''

ဦးမောင် ကမ်းပေးသော ရေဖန်ခွက်ကို မော့သောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မေးတော့ ဒေါ်မှုံက ခေါင်းယမ်း၍

"လမင်း အအိပ်ပုပ်တာ ကိုတိုင်း သိသားနဲ့၊ ဒေါ်မှုံတို့က သားကိုတိုင်းကို စိတ်မချလို့ အမြဲသတိထား အိပ်နေတာ၊ ဦးမောင်ကို ဆိုဖာခုံမှာ အိပ်နိုင်းလိုက်ရမလား ကိုတိုင်း"

"ဟင့်အင်း ရပါပြီ၊ ဒီနေ့ စိတ်ရောလူရော ပန်းသွားလို့ ဒီလို ဖြစ်တာနေမှာပါ၊ ဘယ်နှစ်နာရီ ရှိသွားပြီလဲတောင် မသိဘူး။ ခြောက် သုံးနာရီပဲ ရှိသေးတာပဲ၊ ဦးမောင်နဲ့ ဒေါ်မှုံ ပြန်အိပ်ချည်ဦးလေ"

"အိပ်မပျော်တော့ပါဘူးကွာ မျက်စိကျယ်သွားတော့ ပန်းပင် ရေလောင်း၊ ကားရေဆေးနဲ့ တစ်ခြံလုံး အမှိုက်လှဲ သန့်ရှင်းရေးလုပ်ရင်း မိုးလင်းသွားမှာပါ"

"ဒေါ်မှုံလည်း ဆွမ်းတော် စောစောအရင်ကပ်ရအောင် ချက် လိုက်တော့မယ်ကွယ်၊ ကိုတိုင်းတို့ ညီအစ်ကိုကြိုက်တဲ့ ရွှေတောင်ခေါက် ဆွဲလည်း ချက်လိုက်မယ်၊ ကိုတိုင်းတော့ ခဏတစ်ဖြုတ် ပြန်အိပ်လိုက် ပါဦး။ ဆန့်သဘော်ဝင်တာနဲ့ ကိုတိုင်း အိမ်ပြန်တာ နောက်ကျတယ် မဟုတ်လား"

BURMESE CLASSIC .com

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဟု ဆိုလိုက်သော်လည်း တကယ်တမ်းက သူအိပ်လို့ မပျော်ပါ။ အိပ်ခန်းက လသာဆောင်နှင့် ကပ်လျက်မို့ မာကျူရီ မီးလုံး လေးတောင် မဖွင့်ဘဲ အမှောင်ရိပ်သမ်းနေသော လသာဆောင်ဘက်





သို့ ထွက်လာခဲ့သည်။

ညာ၏ တိတ်ဆိတ်မှုက ညည့်ငှက်တို့ရဲ့ အော်မြည်သံပင် မကြား ရသေးပါ။

"သား ညီလေးက အရမ်းငယ်သေးတယ်၊ သူ့ကို စောင့်ရှောက် ပါ ဖေးမပါ၊ ပညာတတ်တစ်ယောက်ဖြစ်အောင်လည်း ပြုစုစောင့်ရှောက် ပါသား။ အရွယ်ရောက်သည့်အထိ တာဝန်ကျေပေးပါ"

မေမေက ကားအက်ဆီးဒင့် ဖြစ်သည့်အချိန်မှာ နေရာမှာတင် ပွဲချင်းပြီး ထိမ်းပါးသွားခဲ့ပေမယ့် ဖေဖေကတော့ ညီငယ်လေးကို စိတ်မချ နောက်ဆံတင်းစွာ သူ့ကို သေချာအပ်နှံသွားခဲ့သေးသည်။

သူက ကံကောင်းစွာ အသက်မသေခဲ့တဲ့ ဖေဖေတို့ရဲ့ ကြမ္မာဆိုး ကို မျက်ဝါးထင်ထင် မြင်တွေ့ရကာ ဘယ်လိုမှ ဖြေမဆည်နိုင်ခဲ့၊ ငယ်ရွယ် သည့် အချိန်လည်းဖြစ်တာမို့ ထိတ်လန့်ချောက်ချားကာ နေ့စဉ်ရက်ဆက် ငိုကြွေး ပူဆွေးလို့မဆုံးနိုင်။

"ညီငယ်လေးအတွက် တွေးပြီး ကိုတိုင်း အဲလောက်ထိ ခံစား မပြရဘူးလေ သားရဲ့၊ ညီလေးအတွက် သားက မားမားမတ်မတ် ရပ်တည် ရတော့မှာ၊ လမင်းရဲ့လေး မှီခိုအားကိုးလို့ရတဲ့အထိ သားက ကြိုးစား ရမှာ၊ အစ်ကိုကြီး အဖအရာတဲ့၊ သားမိဘတွေရဲ့ လုပ်ငန်းတွေကို ဦးစီး ပြီး တိုးတက်ကြီးပွားအောင် လုပ်ရင်းနဲ့ ညီငယ်လေး မြေတောင်မြှောက် ပေးဖို့ တာဝန်တွေလည်း ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဦးမောင်နဲ့ ဒေါ်မှုံက သားတို့နှစ်ယောက်လုံးကို စောင့်ရှောက်မှာပဲ၊ တစ်သက်လုံး သားတို့နဲ့ အတူနေမှာ၊ ဆွေရင်းမျိုးရင်း မရှိတဲ့ သားတို့နှစ်ယောက်ကို ဘယ်သူမှ လာမစော်ကားစေရဘူး၊ သားကလည်း ညီလေးအတွက် စွန့်လွှတ်အနစ်နာခံပြီး ရှေ့ဆောင်လမ်းပြ တာဝန်ကျေမယ်ဆိုတာ ဒေါ်မှုံတို့ ယုံကြည်တယ်၊ အဲဒါကြောင့် သားရဲ့ စိတ်မာမှုရဲရင့်ပြတ်သားမှု ညီလေးကလည်း အားကိုးရမှာပေါ့''

ထိုသို့ ဦးမောင်နှင့်ဒေါ်မှုံ တတွတ်တွတ် သတိပေးနေမှ သူ့ရဲ့ ဝမ်းနည်းပူဆွေးမှုတွေကို တဖြည်းဖြည်း ဖြေဖျောက်နေခဲ့ရသည်။

ထို့နောက်ပိုင်းတော့ အဝေးသင်နှင့်သာ ဘွဲ့ရအောင်ယူခဲ့ရပြီး မရင့်ကျက် ပညာမစုံသေးပါဘဲ၊ စီးပွားရေးလောကထဲ ခြေစုံပစ်ဝင်ခဲ့ရသည်။

မိဘတွေရဲ့ လုပ်ငန်းက ဆန်ပွဲရုံ၊ ပဲပွဲရုံမို့ နယ်တွေထိဆင်းကာ အရောင်းအဝယ်လုပ်ရသည့် အခါမျိုးတွေလည်းရှိပြီး၊ မျိုးစေ့ကိစ္စ၊ မြေသြဇာကိစ္စကအစ၊ အိတ်စပို့(စ်) အင်ပို့တိုးချဲ့နိုင်သည့်အထိ သူကြိုးစားခဲ့သည်။

တောင်သူတွေဆီမှာ ငွေစုငွေကြေးတွေ ရင်းနှီးမြှုပ်နှံခဲ့သလို ကျေးရွာရှင် တောင်သူတွေရဲ့သားသမီးတွေအတွက် ပညာရေး ထောက်ပံ့မှုတွေဖြင့် ကျေးရွာပြန်ဆပ်ခဲ့သည်။

အခုဆို သူက အောင်မြင်တိုးတက်နေသော လုပ်ငန်းရှင်ကြီး





တစ်ယောက်အဖြစ် ထည်ဝါစွာ ရပ်တည်နေနိုင်ပြီ။

ဒါပေမဲ့ မိဘတွေအတွက် ခံစားကြေကွဲနေမိဆဲပါ။

နာကျင်စိတ်ထိခိုက်နေမိဆဲပါ။

ဒီလို အိပ်မက်ဆိုးများမက်ပြီး မျက်ရည်ကျတတ်နေဆဲပါ။

အရှေ့ဘက်မှာ ရောင်နီသမ်းလို့ ကျေးငှက်လေးတွေတောင် အစာရှာဖို့ နိုးထလာကြပြီပဲ။

နေ့သစ်ပင်ပျိုးလေးက သဘာဝကျကျ လှပစွာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟာ ကိုကို အစောကြီးနိုးနေတယ်၊ ညီက မနေ့က ကိုကို ပင်ပန်းလာလို့ အိပ်ပါစေဆိုပြီး မနှိုးတာ၊ အတော်ပဲ ဒေါ်မှုံက ရွှေတောင် ခေါက်ဆွဲချက်ထားတယ်၊ ဆွဲကြမယ် ကိုကို"

"အေးပါကွာ ဒေါ်မှုံက ကိုကိုတို့ညီအစ်ကိုနှစ်ယောက် ကြိုက်မှန်းသိလို့ ချက်ထားတာနေမှာပေါ့၊ ဒေါ်မှုံ ညီ့အတွက် အသားများများ ထည့်ပေးလိုက်ပါ"

မသိချင်ယောင်ဆောင်ကာပြောတော့ ညီငယ် မျက်နှာ ပြုံးဖြီး သွားသည်။ ဒေါ်မှုံလက်ထဲက မုန့်ပန်းကန်ကို ညီငယ်အတွက် ဦးစားပေး ကာ အရင်ဆုံးပေးလိုက်ရင်း

"ဒီရက်ထဲ ကိုကို ခရီးထွက်ရဦးမယ် ညီ"

"ဟင် ဒီတစ်ခါ ဘယ်ရွာကို သွားရမှာလဲ"





"ကန်သာကိုကွ၊ ဒီတစ်ခါ လုပ်ငန်းကိစ္စထက် လူမှုရေးကိစ္စ အလှူဒါနကိစ္စလို့ ပြောရမလားပဲ၊ စာကြည့်တိုက်ဖွင့်ပွဲရှိတယ်၊ ပြီးတော့ ဗုဒ္ဓဘာသာ သင်တန်းတက်လို့ရအောင် ကျောင်းဆောင်သစ် ရေစက်ချ ဖို့ရှိတယ်၊ ညီလည်း လိုက်ခဲ့ပါလား။ ကျောင်းမှ မတက်ရသေးတာ"

"မလိုက်ချင်ပါဘူး ကိုကိုရာ၊ တောရွာကြီးမှာ ပျင်းစရာကောင်း က ကောင်းနဲ့၊ ဒီမှာ ကျောင်းမတက်ခင် သူငယ်ချင်းတွေနဲ့ လွတ်လွတ် လပ်လပ် ကဲဦးမယ်"

"ညီနော် ကျောင်းတက်ရင်တော့ ပညာရေးကိုပဲ ဂရုစိုက်ရ မယ်"

"စိတ်ချပါ ကိုကိုရာ၊ ညီ့အတွက် ကိုကိုပင်ပန်းနေတာ ကြာခဲ့ ပြီ၊ ညီ ကျောင်းပြီးတာနဲ့ ကိုကို အနားယူ၊ ညီက တစ်လှည့်လုပ်ကျွေး ပြုစုမယ်"

"ကဲ ကိုတိုင်းရေ၊ မင်းညီကတော့ သုံးဖြုန်းလို့ကောင်းအောင် အထာကျကျ ချည်နေပြီနော်၊ ကျောင်းအပြီး မိန်းမရရင် စည်းစိမ်အကုန် လက်ဖွဲ့ပါပြောမှ မင်းတော့ ဂွမ်းပြီ"

"အဲလိုဆိုလည်း အကုန်ယူလို့ သဒ္ဒါကြည်ဖြူပေးရတော့မှာပေါ့ ဗျာ၊ ဒီညီငယ်လေးက ကျွန်တော့်အသက်ပါ"

"ဟေး ဒါမှ ညီ့ကိုကိုကွ"

လမင်းရဲ့ အပျော်လွန်ကာ ကြယ်တိုင်းရဲ့ ခါးကနေ သိမ်းဖက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၍ ပါးပြင်ကိုရှိုက်ခနဲ နမ်း၏။ ကြယ်တိုင်းရဲက ညီငယ့်ပါးပြင်လေးကို ပြန်နမ်းရင်း ခံ့ညားစွာ ပြုံးလို့နေသည်။

"အေး မင်းတို့ညီအစ်ကိုနှစ်ယောက် အဲလို ချစ်ချစ်ခင်ခင် တွယ်တာနေကြတာ၊ ဦးမောင်တို့ ဝမ်းသာပါတယ်၊ ဆရာနဲ့ဆရာကတော် ရှိရင်လည်း အရမ်းကို ကျေနပ်အားရနေကြမှာ"

"အို ကိုမောင် ကလေးတွေကို အစဖော်မပေးပါနဲ့ ရှင်ကလေ စားတုန်းသောက်တုန်း အလိုက်ကန်းဆိုးကို မသိဘူး"

"ဟောဗျာ ငါက ဘာပြောနေလို့လဲ မိန်းမရဲ့"

ဦးမောင် လေသံကျယ်သွားတော့ ဒေါ်မှုံ မျက်စောင်းရွယ်သည်။ ထိုသို့ဆိုလျှင် မိန်းမကြောက်သော ဦးမောင် ပခုံးကျုံ့ကာ မျက်နှာငယ်လေးဖြစ်သွားတတ်၏။

"တော့်လေသံက အပြစ်မရှိဘူးဆိုတဲ့သဘောလား။ အေးပါကွာ နောက် မပြောတော့ပါဘူးလို့ ပြောလိုက်ရင် ဒီကိစ္စက ပြီးမသွားနိုင်ဘူးလား"

"အေး အေးပါကွာ၊ ငါမှားသွားပါတယ် မိန်းမရယ်၊ နောက် မပြောတော့ပါဘူး"

"အပြစ်က ကျူးလွန်ပြီးနေပြီ၊ မရတော့ဘူး၊ ဒီနေ့ မီးဖိုချောင်မှာ ဝိုင်းကူလုပ်၊ အသီးအရွက်သင်၊ ပန်းကန်ဆေး၊ သန့်ရှင်းရေး"

"ဟာ မိန်းမရယ် ငါ့အပြစ်က အဲလောက်တောင် ကြီးသွား





သလားကွာ၊ မဖြစ်စလောက် ပိစိညှောင့်တောင့်လေး အော်လိုက်မိတာပါ"

"မလိုချင်ဘူး။ ဆင်ခြေမပေးနဲ့၊ အခု ဈေးသွားမယ်၊ ဈေးခြင်း ကိုင်ပြီး လိုက်ခဲ့"

"ဗုဒ္ဓေါ ကိုတိုင်း လုပ်ပါဦး"

"အားကိုးမရှာနဲ့ လာ"

"အားလာလာ"

ဦးမောင် နားရွက်ကို ဒေါ်မှုံ ဆွဲခေါ်သွားတာမို့ သူတို့ညီအစ်ကို နှစ်ယောက် ဟင်းရည်သီးမတတ် ရယ်လိုက်မိကြသည်။ လူဦးရေ နည်းပေမယ့် ဦးမောင်နှင့်ဒေါ်မှုံကြောင့် သူတို့ညီအစ်ကို နှစ်ယောက်ဘဝက ပျော်စရာအချိန်လေးတွေ ရှိခဲ့ပါသည်။

တကယ်ဆို ဦးမောင်တို့လင်မယားက သူတို့ညီအစ်ကိုနှင့် ဘာမှ သွေးမတော်စပ်။ ဖေဖေတို့လက်ထက်ကတည်းက အိမ်တော်ထိန်း လူယုံ တွေလိုဖြစ်ခဲ့ပြီး ခုချိန်ထိ သူတို့အပေါ် သစ္စာရှိရှိ စောင့်ရှောက်နေကြခြင်း ပင်။ လမင်းရဲကဆို တစ်ခါတစ်ရံ သားတစ်ယောက်လို နွဲ့ဆိုးဆိုးချင် သည်။

ခါးတို့လျှင် ယောင်တတ်သော ဒေါ်မှုံကို လှည့်ပတ် ခါးတို့၍ နောက်တတ်သည်။ ပြီးတော့ မိန်းမကြောက်သော ဦးမောင်ကို အတို့ အထောင်လုပ်၍ ရန်တိုက်ပေးတတ်တာလည်း လမင်းရဲ့အကျင့်။

"ကိုကို ဦးမောင်တို့လင်မယားက ရယ်ရတယ်နော်၊ ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး။ ဒေါ်မွှကာ ပိုက်ဆံအိတ် ချိုင်းကြားညှပ်ပြီး ရှေ့က ဦးမောင်က ဆွဲခြင်းကြီးကိုင်ပြီး နောက်ကနေ ရှုံ့ရှုံ့မဲ့မဲ့နဲ့၊ ပြန်လာရင် ဦးမောင်ကို တစ်နေကုန်နိုင်းအောင် အတို့အထောင်လုပ်လိုက်တာနဲ့ ဦးမောင်အိစလံ ဝေပြီပဲ''

''မလုပ်ပါနဲ့ ညီရယ်၊ ကိုယ့်အဖေအမေ အရွယ်နီးနီးတွေပါ၊ ညီ့ကိုလည်း သားလေးတစ်ယောက်လို ချစ်ခဲ့ကြတာ၊ မလေးမစား နောက်နေသလို ဖြစ်မှာစိုးလို့''

''ကိုကိုကလည်း ညီက မလေးမစား မဟုတ်ဘဲ ချစ်လို့လုပ်တယ်ဆိုတာ ကိုကို နားလည်တယ်၊ ဒါပေမဲ့ ဒေါ်မွှကာ အပြစ်တစ်ခုရှိပြီ ဆိုရင် ဦးမောင်ကို အလုပ်တွေ သိမ်းကျုံးခိုင်းတော့တာ၊ ဦးမောင် သနားပါတယ်''

ကြယ်တိုင်းရဲ့က ဘယ်သူ့အတွက်မဆို အပြောင်အပျက်ကိုစွမ်းပဲဖြစ်ဖြစ် ဖေးမစာနာစွာ တွေးပေးတတ်သည်။ အသက်အရွယ်အားဖြင့် နှစ်ဆယ့်ငါးမရောက်သေးသော်လည်း လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်နေရသည့်မို့ ရင့်ကျက်တည်ငြိမ်စွာ ဂုဏ်သိက္ခာရှိရှိ နေထိုင်ခဲ့သည်။

ဘဝမှာ လိုအပ်နေတာ သက်ရှိထင်ရှား ရှိစေချင်သည့် မိဘနှစ်ပါးရဲ့ မေတ္တာတွေပါ။

ဒါဟာ တကယ်တော့ မဖြစ်နိုင်ဘူးဆိုတာလည်း . . ။

■ ■ ■



## အခန်း (၃)

''ဖြစ်မှဖြစ်ရလေ အစ်ကိုကြီးရယ်၊ ဘူမလေး မြပဝါကို ညီမတို့နဲ့ စိတ်ချလက်ချ ထားခဲ့တာလား၊ ပညာတတ်ကြီးဖြစ်စေချင်တယ်ဆို အစ်ကိုကြီးသမီးလေး ဆယ်တန်းအောင်လို့ အရက်ဖြတ်ပြီးမှ ဒီလို ဖြစ်ရတာလား အစ်ကိုကြီးရဲ့''

''ဖေကြီး ဖေကြီး ပဝါ ဘယ်လိုဖြေရမှာလဲ ဖေကြီးရယ်၊ ထန်းရည် အရက်သောက်နေတုန်းက ထန်းတက်နေတာ ဘာမှမဖြစ်ဘဲနဲ့၊ ပဝါ ဆယ်တန်းအောင်မှ အရက်ဖြတ်ပြီး ထန်းတက်တာ၊ ထန်းပင်ပေါ်က ပြုတ်ကျပြီး သေရသတဲ့လား၊ နေမကောင်းမှန်းသိလို့ ပဝါ တားနေတာကို ဘာလို့ ဖွတ်ထွက်သွားရတာလဲ ဖေကြီးရယ်၊ ပဝါအတွက် အဲလောက်တောင် ငွေရှာချင်ခဲ့တာလား''



www.burmeseclassic.com

www.burmeseclassic.com



မြပဝါ ဘယ်လိုမှ မဖြေနိုင်။ မိမိအတွက် ဖေကြီး ကြိုးစား ရှုန်းကန်နေတာ မသိဘဲနေမလား။

အမေရှိစဉ်က ပေါ့ပေါ့နေ ပေါ့ပေါ့စား တာဝန်မဲ့ခဲ့သော အဖေ။

တစ်နေ့တစ်နေ့ ထန်းတက်လို့ ရသမျှ သူ့ဘာသာ ထန်းရည်သောက် ကြက်တိုက်လို့ပဲကုန်တာ။ အမေက ချောင်းထဲက ငါးတွေ ဖောက်သည်ယူပြီး ရွာတကာလှည့် ဈေးရောင်းပြီး ရှာကျွေး။ အဖေ့အတွက် အမြည်းလုပ်ပေး။

"မင်း အရမ်းအလိုက်သိတတ်တယ်၊ ဖနီးမယားကောင်း ပီသတယ်၊ ငါ့သမီးကို ပညာတတ်အောင်သင်ပေးကွာ၊ မင်းလို ငါးစိမ်းသည် မဖြစ်အောင် ငါ့လိုသူများ အခိုင်းအစေ မဖြစ်အောင် ငါ့သမီး စာတတ်မှ ဂုဏ်ရှိမှဖြစ်မယ်"

"တော်က တာဝန်မဲ့နေတာ၊ ကျုပ်က တာဝန်ကျေတယ်၊ သမီးအတွက် ရှင် ဘာထောက်ပံ့တာ ရှာပေးတာရှိလဲ၊ တစ်နေ့လုံး ထန်းအငှားတက်လိုက်၊ ထန်းပင်အောက်ရောက်၊ ထန်းရည်သောက်လိုက်နဲ့ ဘယ်မှာလဲ တော်ရှာတဲ့ငွေ၊ ကျုပ်မရှိမှ ထမင်းဘယ်လိုရှာစားရတယ်ဆိုတာ သိမှာမဟုတ်လား၊ သမီးကို တကယ်ချစ်ရင် ထန်းရည်မသောက်တဲ့ ပိုက်ဆံကို စုစမ်းပါတော်၊ သူများမိဘတွေလို အဖေ ပီသအောင်နေစမ်းပါ"

အမေ ဘယ်လောက်ပြောပြော လှူမှိုဘဝကတည်းက ဖြစ်သလို





နေလာခဲ့သော အဖေ့မှာ ရည်မှန်းချက်ဆိုတာ မရှိပါ။ သမီးကိုချစ်သော စေတနာတစ်ခုဖြင့် ပညာတတ်ကြီးဖြစ်စေချင်ပေမယ့် အမေ့အပေါ်တော့ ညှာတာမှု မရှိခဲ့ပေ။

ဒါပေမဲ့ အမေ သေသွားသည့်အချိန်မှာ နောင်တရခဲ့သည်။ အလုပ်တွေ ကြိုးစားလုပ်ပြီး တစ်ဝက်ကိုသောက်၊ တစ်ဝက်ကို အိမ်စရိတ်ထောက်ပံ့ဖြင့် သူမ ပညာရေးကို အသက်ဆက်ပေးခဲ့သည်။

"အရက်တွေ အရမ်းမသောက်ပါနဲ့လား အဖေရယ်၊ အတန်းငယ်တဲ့အချိန်မှာ ကျောင်းစရိတ်က သိပ်မကုန်ပေမယ့် ဆယ်တန်းက တခြားရွာမှာ သွားတက်ရမှာ၊ အကုန်အကျလည်းများမယ်၊ စက်ဘီးလေး တစ်စီးလောက်လည်း ရှိဦးမှ၊ ပြီးတော့ ဆယ်တန်းအောင်ရင်တောင် ဒီပုံစံနဲ့ တက္ကသိုလ် ဘယ်လိုလုပ်တက်နိုင်မှာလဲ အဖေ"

"အေး အဲဒီအတွက် စိတ်မပူနဲ့ ငါ့သမီး ဆယ်တန်းအောင်ရင် အဖေ အရက်ဖြတ်မယ်၊ တက္ကသိုလ်ကျောင်းကို မျက်နှာမငယ်အောင် ပြည့်စုံအောင် အဖေထားမယ်၊ သမီးက စာပဲကြိုးစား ဟုတ်ပြီလား"

အဖေက ပြောထားတဲ့စကားတည်အောင် သူမ ဆယ်တန်းအောင်တော့ အဖေက တကယ်ပင် အရက်ဖြတ်ခဲ့သည်။ အလုပ်ကြိုးစားမည်လို့လည်း တတွတ်တွတ် ပြော၏။

ဒါပေမဲ့ လက်တွေ့မှာ ပြောသလို မဖြစ်ခဲ့ပါ။ ငယ်စဉ်တည်းက ရှိမ့်စွာ သောက်ခဲ့သော အရက်ဒဏ်ကြောင့် ကျန်းမာရေးတွေ ဖောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ဟိုနေရာက ဘာဖြစ်တာလိုလို ဒီနေရာက ဘာဖြစ်တာလိုလိုနှင့် တရှောင်ရှောင်။

"အဖေ ကျန်းမာရေးမကောင်းရင် ပဝါ ကျောင်းမတက်တော့ပါဘူး။ အလုပ်တစ်ခုရှာပြီး အဖေ့ကို ပြုစုလုပ်ကျွေးပါ့မယ်"

"မလုပ်ရဘူး သမီး၊ အဖေက အရက်ဖြတ်ထားလို့ ခဏတဖြုတ် ရောဂါထတဲ့သဘောပါ၊ အဖေက သန်သန်မာမာကြီး ရှိသေးတာငါ့သမီး တက္ကသိုလ်က ဘွဲ့ရတဲ့အထိ အဖေ မသေသေးပါဘူး"

ထိုကတိစကားတစ်ခုနှင့် အဖေ ရှန်းကန်ကြိုးစားခဲ့ရှာပါသည်။ အခုတော့ သူမ တက္ကသိုလ်တက်ဖို့ ငွေတွေက အဖေ့အသုဘစရိတ်တွေ ဖြစ်သွားခဲ့ရသည်။

အဖေနှင့်အမေ ဖြစ်စေချင်သော ပညာတတ်ကြီးမဖြစ်ရတော့ဘူးပေါ့။ အဖေနှင့်အမေရဲ့ဆန္ဒကို မဖြည့်ဆည်းနိုင်တော့ဘူးပေါ့။

"အမလေး လုပ်ကြပါဦး တူမလေး သတိလစ်သွားပြီ ပဝါမြပဝါ"

ဝမ်းနည်းဆို့နင့်မှုတွေနှင့် မြပဝါ သတိလစ်လဲကျသွားသည်မို့ ဒေါ်မယ်အုံ ပျာယာခတ်ကာ စိုးရိမ်နေ၏။

အစ်ကိုကြီးကမွေးသော ဒီတူမလေးကို သနားလွန်းလှပါသည် အဖေရော အမေရော အားကိုးစရာမရှိမှတော့ ပညာရေးက ဘယ်လို





ရှေ့ဆက်သင်ရတော့မလဲ၊ မိမိကလည်း ကလေးသုံးယောက်နှင့် ရှန်းကန်နေရဆဲမို့ ကျွေးမွေးစောင့်ရှောက်နိုင်ပေမယ့် ပညာရေးအတွက်တော့ ပြည့်စုံအောင် ထောက်ပံ့ပေးနိုင်မည်မဟုတ်ပေ။

အိမ်မှာ ဝိုင်းလုပ်ဝိုင်းစားနှင့် အဝေးသင်ဘွဲ့ရအောင် ယူနိုင်းလည်း ဒီပညာလောက်နှင့်တော့ ဘာဂုဏ်မှ ရှိမှာမဟုတ်၊ ဟူး ကိုသာခင်နှင့် ဘယ်လိုတိုင်ပင်ရမလဲ။

ရင်မောလွန်းလှပါလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ရင်မောနေရုံနဲ့ ဒီကိစ္စက ပြီးသွားမှာလား။ တစ်ခုခုတော့ စီစဉ်ရမှာပေါ့၊ ရွာကို စာကြည့်တိုက်ဖွင့်ပွဲနဲ့ ကျောင်းဆောင်သစ် ရေစက်ချ လှူဒါန်းပွဲအတွက် မောင်ကြွယ်တိုင်းရဲ လာမယ်ပြောတယ်၊ ငါကတော့ မြပဝါ ပညာရေးအတွက် အကူအညီတောင်းကြည့်မယ်လို့ စဉ်းစားတယ်"

ဦးသာခင် စကားကြောင့် ဒေါ်မယ်အုံ မျက်ရည်တွေကို ပွတ်သပ်သုတ်ပြီး ဝမ်းသာအားရလေး ဖြစ်သွား၏။

"ဟုတ်ပါ့တော်၊ ကျုပ် အဲဒါကို မတွေးမိဘူး၊ သူဌေးလေးက တခြားရွာက လူတွေကိုတောင် ပညာဒါနပြုနေတာပဲ၊ ပြောကြည့်လိုက်ရင် မကူညီဘူးလို့ ငြင်းမှာမဟုတ်ပါဘူး"





"မငြင်းမှာကတော့ သေချာတယ်၊ မင်းတူမက မြို့ကိုလိုက်မလိုက်ဘဲ စိုးရိမ်ရတာ၊ မိဘတွေမရှိလို့ အားငယ်ချိန်မှာ ဦးလေးနဲ့ အဒေါ်ကိုခွဲ၊ ရွာကိုခွဲပြီး လိုက်ပါ့မလား"

"အဲဒါတော့ သူ့ကိုမေးကြည့်ပြီး ဖျောင်းဖျသင့်ရင် ဖျောင်းဖျရမှာပဲ၊ ကျုပ်တို့မှ သူ့ဘဝကောင်းစားအောင် တာဝန်မယူနိုင်တာ၊ တောလုပ်တောကိုင် ဒီနွံထဲမှာ နစ်နေမှာ၊ သူ့အဖေနဲ့အမေက သူ့အတွက် အရမ်းကို ရည်မှန်းချက်ကြီးခဲ့တာတော့"

"ကဲ ဒါဆိုလည်း မင်းတူမကို မီးဖိုချောင်ထဲကနေ လှမ်းခေါ်စမ်းပါဦး၊ ကလေးတွေကျောင်းကအပြန် ထမင်းစားဖို့မီးအောင်ဆိုပြီး ချက်နေတာ"

"ဟုတ်ကဲ့ပါတော်၊ ပဝါရေ တူမလေး ဒီကိုလာပါဦးကွယ်"

"ဟုတ်ကဲ့ ဒေါ်လေး"

ဒေါ်မယ်အုံ ခေါ်သံကြောင့် မြပဝါ ရေနွေးဇန်းလေးယူကာ ထွက်လာသည်။ ရက်လည်ပြီး ဒီအိမ်ခေါ်လာကတည်းက အိမ်မှုကိစ္စအားလုံး မနိုင်းရဘဲ မြပဝါ အလိုက်သိရှာသည်။

"ထိုင်ဦး သမီး၊ သမီးပညာရေးအတွက် ဦးတို့ တိုင်ပင်နေကြတာ၊ ဒီလိုကွဲ့ ဦးတို့ရွာအတွက် စာကြည့်တိုက်တွေ ကျောင်းဆောင်သစ်တွေ လှူဒါန်းတဲ့ သူဌေး ကြွယ်တိုင်းရဲကို သမီး သိတယ်မဟုတ်လား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



''ဩော် ပဝါက ဘယ်လိုလုပ် သိမှာလဲ ကိုသာခင်ရဲ့၊ ပဝါတို့ နေတဲ့ရွာက လယ်ယာလုပ်တာ မဟုတ်ဘဲ ထန်းတက်တဲ့သူ၊ ထန်းရည်ချက်တဲ့သူများတော့ သူဌေးနဲ့ ဘယ်လိုလုပ် အဆက်စပ်ရှိမလဲ၊ ကြားတော့ ကြားဖူးမှာပေါ့နော် ပဝါ''

''ဟုတ်ကဲ့ ကြားဖူးပါတယ်၊ အဲဒီလူက သူ စပါးဝယ်ပဲဝယ်တဲ့ ရွာတွေမှာ ခုလို လှူဒါန်းမှုတွေလုပ်ပြီး ကျေးဇူးသိတတ်တယ်ဆို''

''ဟုတ်တယ် ပဝါ၊ အဲဒါတင်မကဘူး၊ ကျောင်းပညာရေးတွေမှာလည်း ထောက်ပံ့မှုရှိတယ်၊ မျိုးရင်းအတွက် ဈေးငွေထုတ်ပေးရင်လည်း ဘာအတိုးမှ ယူတာမဟုတ်ဘူး၊ ပြောရရင် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုပေမယ့် တကယ်ကို နားလည်မှုအကျိုးပြုတဲ့ လုပ်ငန်းရှင်တစ်ယောက်ပါ''

ခုချိန်ထိ ဒေါ်လေးတို့ ဘာကိုပြောချင်တာလည်း မြပဝါ ရေရေရာရာ နားမလည်သေးပါ။ ဒါပေမဲ့ အလိုက်အထိုက် နားထောင်ပေးရင်းဖြင့် ဒေါ်လေးတို့အတွက် ရေနွေးတွဲပေးလိုက်သည်။ ဦးသာခင်က ဆေးလိပ်တိုကို မီးညှိရှိက်ဖွာရင်း

''မနက်ဖြန်ဆို မောင်ကြွယ်တိုင်းရဲ့ ရောက်မယ်၊ အဲဒါ ဦးလေးတို့က သမီးပညာရေးအတွက် အကူအညီတောင်းကြည့်မယ်လို့ တိုင်ပင်နေကြတာ''

''ရှင်''





''ဒေါ်လေးတို့က ပဝါကို ကျွေးမွေးစောင့်ရှောက်တာ လုပ်နိုင်ပေမယ့် ပညာရေးကို ဆုံးခန်းတိုင်အောင် ထောက်ပံ့ဖို့ မတတ်နိုင်ဘူး မဟုတ်လား၊ သားသမီးသုံးယောက်က အရွယ်လေးရောက် အတန်းကြီးလာတော့ ရှာဖွေသလောက် မလောက်ဘူး ဖြစ်လာတော့''

''ဟို ပဝါအတွက် တခြားသူကို အကူအညီမတောင်းပါနဲ့ ဒေါ်လေးရယ်၊ ပဝါဘာသာ အလုပ်လုပ်ပြီး ပညာသင်ဖို့ ကြိုးစားကြည့်ပါမယ်၊ တချို့က ရန်ကုန်သွား အလုပ်လုပ်ရင်းနဲ့''

''အဲဒါက မလွယ်လို့ မတိုက်တွန်းတာပေါ့ကွယ်၊ မိသားစုနဲ့ဆို ကိစ္စမရှိပေမယ့် မိန်းမပျိုလေးတစ်ယောက်တည်း စောင့်ရှောက်မှုမရှိ ရန်ကုန်ပို့ဆိုတာ မတော်တရော်တွေ ဖြစ်သွားနိုင်တယ်၊ ကိုယ့်ရဲ့ကိုယ်ကျင့်တရား ဘယ်လောက်ကောင်းပါတယ်ပြောပြော ပတ်ဝန်းကျင်က အရောင်ပြောင်းပစ်လိုက်ရင် ပဝါ ခံနိုင်ရည်ရှိမှာလား၊ ဒေါ်လေးတို့ကလည်း ပဝါကို ပစ်စလက်ခတ် မျက်နှာလွှဲခဲပစ် မလွှတ်နိုင်ဘူး ပဝါ''

စေတနာကို နားလည်စွာ ပဝါဖြူ စောဒက မတက်ဝံ့တော့။ အခုလောလောဆယ်မှာ မိဘတွေ မရှိတော့တာမို့ ဒေါ်လေးတို့ရဲ့အုပ်ထိန်းမှုအောက်မှာ နေနေရတာ မဟုတ်ပါလား။ အဖေ့ခြံဝင်းလေးကို မရောင်းချရက်ပေမယ့် ဒေါ်လေးတို့က

''မက်လောက်စရာ အိမ်ကြီးအိမ်ကောင်း ခြံဝင်းကျယ်ကျယ်လည်း မဟုတ်ပါဘူး ပဝါရယ်၊ အစ်ကို အသုံးမကျလို့ ထန်းတောအစပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တဲထိုးနေရတာ၊ ရောင်းလည်း ဘယ်လောက်ရမှာလဲ၊ လူမနေဘဲ ဒီအတိုင်းထားလည်း လမ်းသွားလမ်းလာတွေ တည်းခိုတာနဲ့ ပျက်စီးမှာ၊ အဲဒါကြောင့် ရွာထဲက မရှိနွမ်းပါးတဲ့သူကိုပေးပြီး ဒေါ်လေးတို့အိမ်ကို လိုက်ခဲ့တော့ ပဝါ၊ ဒီလိုနေရာမှာ ပဝါ တစ်ယောက်တည်းနေလို့လည်း မသင့်တော်ဘူး''

ဒေါ်လေးတို့ စီမံမှုအတိုင်း ဒေါ်လေးတို့အိမ်မှာ လိုက်နေခဲ့ရတာ။ အဆင်မပြေဘူးလို့ ပြောလို့မရပေမယ့် ပြည့်စုံတာလည်း မဟုတ်တာမို့ သူမ နေရခက်မိတာတော့ အမှန်ပင်။

ဒါကြောင့်လည်း အိမ်မှုကိစ္စတွေ ဝိုင်းကူလုပ်ပေးရင်း ပညာရေးအတွက် မြို့တက်အလုပ်လုပ်ဖို့ စဉ်းစားနေမိတာပါ။

''ကဲ သမီး ဘာမှ စဉ်းစားမနေနဲ့တော့၊ မနက်ဖြန်ဆို မောင်ကြယ်တိုင်းရဲရောက်မယ်၊ ဒီရွာကိုရောက်တိုင်း ဦးလေးတို့ဆီမှာပဲ တည်းတာဆိုတော့ ပြောရဆိုရ အဆင်ပြေမှာပါ''

''စိတ်မပူနဲ့ အားလည်းမငယ်နဲ့ ပဝါ၊ အရမ်းစိတ်ရင်းစေတနာကောင်းတဲ့သူပါ၊ ပဝါ့ဦးလေးက ဒီရွာမှာဆို သူဌေးရဲ့လူယုံတစ်ယောက်လိုကို ဖြစ်နေတာ၊ လိုအပ်တဲ့အကူအညီကို အားမနာတမ်း တောင်းပါလို့တောင် ပြောထားတာပါ၊ သူ့ရဲ့သဒ္ဓါစိတ်ကြောင့် ဒေါ်လေးတို့ရွာလည်း တဖြည်းဖြည်း ဖွံ့ဖြိုးလာပြီမဟုတ်လား၊ ဥပမိရုပ် ခန့်ညားတာလည်း သူဌေးလာရင် ပဝါတွေ့ရမှာပါ''

ဝိုးမိုး၊ ၀၁၄ပ



ဒေါ်လေးတို့ အမွှန်းတင်နေသော ကြယ်တိုင်းရဲဆိုသည့်လူကို သူမ မြင်ဖူးချင်လှပါသည်။

မနက်ဖြန်. . မနက်ဖြန်ဆို. . .။

■ ■ ■

ဝိုးမိုး၊ ၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

စာကြည့်တိုက်ဖွင့်ပွဲနှင့်ကျောင်းဆောင်သစ် လှူဒါန်းပွဲက အိုးစည်ဗုံမောင်းသံများဖြင့် ဆူညံပွက်လောရိုက်နေသည်။ ရွာလုံးကျွတ် အကျွေးအမွေးနှင့် ညည်ခံသေးတာမို့ ရွာရိုလူကုန် ကြယ်တိုင်းရဲ့ကို ကျေးဇူး တွေတင်ရင်း စိတ်လွတ်ကိုယ်လွတ် ပျော်နေကြသည်။

ကြယ်တိုင်းရဲ့ကလည်း ခရီးပမ်းလာပေမယ့် လူတိုင်းအပေါ် အပြုံးနှင့် ညည်ဝတ်မပျက်ပေ။

''ကျွန်တော် ဒီစာကြည့်တိုက်လေးကို မတည်လှူဒါန်းဖြစ်တာ ကတော့ လူတိုင်းကို စာဖတ်စေချင်လို့ပါ၊ စာများများဖတ်မှ အသိဉာဏ် များများရမှာပါ၊ အခုခေတ်မှာ ဗီဒီရိုတွေ ဂိမ်းတွေ တခြားဖျော်ဖြေရေး ကဏ္ဍတွေက မြို့တိုင်းနယ်တိုင်းရွာတိုင်းမှာ ပျံ့နှံ့နေတော့ စာဖတ်ဖို့





ဘယ်သူမှ အချိန်မပေးတော့ဘူးဖြစ်နေတယ်၊ နွားကျောင်းတဲ့သူတောင် MP3 လေး နားမှာတပ်ပြီး ခေတ်မီနေတော့ စာဖတ်အားအရမ်းကျဆင်း သွားတာ ဖြစ်မှာပါ၊ ကျွန်တော်တို့မသိတဲ့ အကြောင်းအရာတွေ စာအုပ် ထဲမှာရှိပါတယ်၊ စာတစ်အုပ်ဖတ်လိုက်တာနဲ့ ကမ္ဘာပတ်ရသလောက် အသိဉာဏ်တွေ ရနိုင်ပါတယ်၊ ကလေးလူကြီးလူရွယ်လူလတ် ဒီစာကြည့် တိုက်လေးကိုလာပြီး စာဖတ်ကြပါလို့ ဖိတ်ခေါ်ပါတယ် ခင်ဗျာ''

တဖြောင်းဖြောင်းနှင့် လက်ခုပ်သံတွေ ဆူညံသွားသည်။ တည် ကြည်ခန့်ညားသော ကြယ်တိုင်းရဲ့ ဥပဓိရုပ်ကြောင့် မြပဝါ မင်တက် ငေးမောမိသွားသည်။ စတက်ကော်လံအဖြူ၊ နံ့သာရောင်တိုက်ပုံ၊ အညို ကွက်စိပ် ချည်ချောပုဆိုးနှင့် တကယ်ကို ကြယ်တိုင်းရဲ့က လူကြီးလူ ကောင်းပီသလွန်း၏။

မဟာနဖူးပြေပြေ ဝါညက်သော အသားအရေနှင့် စကားပြော သော အသံလေးကလည်း ကရုဏာသက်ကာ လူတိုင်းအပေါ် အကြင်နာ ကြီးတတ်တာ သိသာစေသည်။

''ပဝါ သမီး ဦးလေးကခေါ်နေတယ်၊ သူ့ဧည့်သည်နဲ့ မိတ်ဆက် ပေးမလို့တဲ့ လာဦး သမီး''

ဒေါ်မယ်အုံ လက်တို့ခေါ်တော့ မြပဝါ တွန့်ခနဲ ဖြစ်သွားရ သည်။

''အိမ်မှာ တည်းမှာဆို၊ လူအများရှေ့မှာ မိတ်မဆက်ချင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဒေါ်လေးရယ်၊ ပဝါ အိမ်ပြန်နှင့်မယ်နော်''

''ဪ အေး အေး၊ အဲဒါဆိုလည်း ရေနွေးပွဲ လက်ဖက်ပွဲ အဆင်သင့်လုပ်ထားလိုက်နော်၊ ညနေစာအတွက် ကြက်သားကာလသား ချက်လေးနဲ့ ပေါင်မုန့် တို့စရာပါ လုပ်ထားလိုက်၊ ဪ ကလေးတွေနဲ့ မျက်စိမရှုပ်အောင် ကလေးတွေကို ဘုန်းကြီးကျောင်းလွှတ်ထားလိုက် ကြားလား ပဝါ''

''ဟုတ်ကဲ့ ဒေါ်လေး''

ကြယ်တိုင်းရဲ့ လှမ်းကြည့်နေတာမို့ မြပဝါ ကသုတ်ကရက်ပင် အိမ်ပြန်လာခဲ့သည်။ ဒီလူကို အကူအညီတောင်း၍ ကျောင်းတက်ရမှာမို့ သိမ်ငယ်တာလိုလို ရှက်တာလိုလိုနှင့် ဘယ်လိုခံစားမှုမှန်းလည်း မသိပါ။

အိမ်ရောက်တော့ လုပ်စရာရှိတာတွေလုပ်ပြီး ရေမိုးချိုး သနပ်ခါးလိမ်း၍ သန့်ရှင်းသပ်ရပ်စွာ နေလိုက်သည်။

ညနေစောင်းလောက်မှာ ဦးလေးတို့နှင့်အတူ ကြယ်တိုင်းရဲ့နှင့် နောက်ထပ် ငြိမ့်သည့်တစ်ယောက်ပါ ပါလာ၏။

ကြယ်တိုင်းရဲ့ကားက အိမ်ရှေ့မြေကွက်လပ်မှာပင် ရပ်သွားပြီး ကားပေါ်က အကုန်လုံး ဆင်းလာကြသည်။

''ပဝါရေ လာပါဦးကွယ်၊ မောင်ကြယ်တိုင်းရဲ့တို့ပစ္စည်းတွေ ကူသယ်ပါဦး''

''နေပါစေ ဦးသာခင်၊ ဦးမောင် သယ်ပါလိမ့်မယ်''





ကြယ်တိုင်းရဲ့က မြပဝါကို တစ်ချက်မျှ မင်တက်စွာ ငေးမော မိသွားပြီး ပစ္စည်းတွေ အသယ်မခံပေ။

ညိုညက်ညက် ပါးပြင်လေးမှာ ပါးကွက်လေးနှစ်ကွက်က အထင်းသား။ အုတ်ခဲနှင့်နှောင်းနေသော ဆံနွယ်များက ကျောလယ် လောက်ထိ ရှည်လျားကာ အရင်းကနေ ခေါင်းစည်းကြိုးမှလေးနှင့် ချည် နှောင်ထားသည်မို့ ရိုးစင်းခြင်းမှာအယဉ်ဆင့်လို့ မျက်လုံးထဲမှာ ဆန်းသစ် လို့နေသည်။

မြို့ပြမှာ ရှားပါးနေသော အလှ။

''သူဌေး နားနားနေနေ ထိုင်ပါဦးနော်၊ ခရီးကလည်း ပမ်းလာ၊ ဒီရောက်တော့လည်း တစ်ခါတည်း ဖွင့်ပွဲလုပ်နဲ့ ပင်ပန်းနေရောပေါ့''

''ဟုတ်ကဲ့ ဟိုမှာ အလုပ်တွေက မပြတ်တာနဲ့ ဒီကို အချိန်မီ နဲ့လေး ရောက်လာနိုင်တယ်၊ မနက်ဖြန် ကျောင်းရေစက်ချပွဲတော့ ကောင်း ကောင်း အချိန်ရလို့ တော်သေးတာပေါ့''

''မစားသာဘူးဗျို့၊ ကိုတိုင်းနဲ့ကျွန်တော် တစ်ညလုံး ကားကို တစ်ယောက်တစ်လှည့် မောင်းလာခဲ့ရတာ၊ ဒါပေမဲ့ ဒီရောက်တော့ အမော ပြေပါတယ် ပျော်စရာကြီးနော်''

''ရွာက စနစ်တကျ ကြိုဆိုတာကိုပြောတာလား၊ ရွာက လူကြီး တွေနဲ့ဘုန်းကြီးက မောင်ကြယ်တိုင်းရဲ့ကို ကျေးဇူးတင်ပြီး စီစဉ်ထားကြ တာပါ၊ တစ်ရွာလုံးကလည်း ကျေနပ်အားရနေကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခုံတန်းလျားလေးမှာ စကားကောင်းနေကြတာမို့ ရေနွေးပွဲလေးယူကာ မြပဝါ ပြန်ထွက်လာသည်။ ဒေါ်မယ်အုံက မြပဝါ လက်လေးကို ဆွဲကာ ထိုင်ခိုင်း၏။

"ထိုင် ပဝါ၊ ဒြော် ဒါ အစ်ကိုကြီးကမွေးတဲ့ ကျွန်မရဲ့တူမလေး မြပဝါပါ၊ ပဝါ သူဌေး ဦးကြယ်တိုင်းရဲ့"

"ဟုတ်ကဲ့"

"အရင်ခေါက်တွေလာတုန်းက သူ့ကိုမတွေ့မိသလိုပဲနော်"

"ဟုတ်ပါတယ် ပဝါက ညောင်ပင်ကြီးရွာမှာ သူ့မိဘတွေနဲ့ နေတာလေ၊ အခုတော့ မိဘတွေမရှိရှာတော့ပါဘူး။ အမေဖြစ်သူက ရှစ်တန်းနှစ်လောက်မှာ ဆုံးပြီး ဖအေကတော့ ဟိုတစ်လောက ထန်းတက်ရင်း ထန်းပင်ပေါ်က လိမ့်ကျပြီး ဆုံးတာ"

"ဒြော်"

"အဲဒါ တက္ကသိုလ်တက်ဖို့ အခက်အခဲဖြစ်ရတာပေါ့။ မိဘနှစ်ပါးလုံးက ပဝါလေးကို ပညာတတ်ဖြစ်စေချင်ကြတယ်၊ ကျွန်မတို့ကလည်း မြို့သူလေးလို နုနုဖတ်ဖတ် ချောလွန်းတဲ့ တူမလေးကို ပညာတတ်ပြီး ပညာနဲ့လုပ်စားတဲ့သူပဲ ဖြစ်စေချင်တယ်လေ"

ဒေါ်လေးစကားကြောင့် မြပဝါ မျက်နှာလေး ရှက်ရွံ့ထူပူနီမြန်းသွားသည်။ သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ ဒီလိုမျိုးကြီး ထုတ်ဖော်မပြောသင့်။





ကြယ်တိုင်းရဲ့ မျက်ဝန်းများ သူမဘက် ရွေ့လျားလာတာမို့ သူမ ခေါင်းလေးငုံ့လျှိုးသွားရသည်။

"ပြောရရင်တော့ ပဝါလေးရဲ့ပညာရေးအတွက် မောင်ကြယ်တိုင်းရဲ့ကို အကူအညီတောင်းချင်တယ်၊ ဟို ပဝါလေးက သူ့ဘာသာ မြို့တက်အလုပ်လုပ်ပြီး ပညာဆက်သင်မယ်ဆိုတော့ စိတ်မချနိုင်လို့ပါ"

"ဒီအရွယ်တွေက လူတစ်ယောက်ရဲ့စောင့်ရှောက်မှုအောက်မှာ ရှိနေမှဖြစ်မှာမဟုတ်လား"

"အဲဒါတော့ အမှန်ပါပဲ၊ ကျွန်တော့်အတွက်လည်း အပန်းမကြီးပါဘူး။ ရောဝတီတိုင်းဘက်ကနေ သူ့လိုအရွယ် မိန်းကလေးနှစ်ယောက်ကို တက္ကသိုလ်တက်ဖို့ တာဝန်ယူထားရတာရှိတယ်၊ သီးသန့်ခြံဝင်းလေးနဲ့ အိမ်တစ်လုံး ငှားပေးထားရတယ်၊ ပဝါအတွက် အဖော်ရမှာပါ"

ဘယ်သူနဲ့မှ တိုင်ပင်မနေဘဲ ကူညီဖို့ဆုံးဖြတ်ချက်ချလိုက်တာတော့ အံ့ဩစရာပင်။ ဦးလေးတို့ မျက်နှာတွေလည်း ပြုံးသွားကာ

"ဦးတို့ အကူအညီတောင်းရင် မောင်ကြယ်တိုင်းရဲ့ မငြင်းဘူးဆိုတာသိပါတယ်၊ ပညာရေးနဲ့ပတ်သက်ပြီး အထောက်အပံ့တွေလည်း သက်တွေမြင်နေရတော့ တကယ်ကို အားကိုးမိတာပါ"

"ပြောနေရမယ့်သူတွေလား ဦးသာခင်ရယ်၊ တကယ်တမ်းက ဦးသာခင်တို့ တောသူတောင်သားတွေကမှ ကျွန်တော့်ရဲ့ကျေးဇူးရှင်တွေပါ၊ ဒီလို လျှိုနိုင်တန်းနိုင်တာ ဒီလိုအခြေအနေနဲ့နေနိုင်တာ ဦးသာခင်တို့လို



www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှိတဲ့သူတွေကြောင့်ပေါ့၊ ဆန်စပါးတွေ ပဲတွေ မျိုးကောင်းမျိုးသန့် ရလို့ အခု အိတ်စပို့အင်ပို့လုပ်ငန်းတွေ တိုးချဲ့နိုင်တယ်၊ နာမည်ကောင်း လက်မှတ်တွေ ဆုတံဆိပ်တွေရတယ်၊ အဲဒီအောင်မြင်တိုးတက်မှုတွေ ကြောင့် ကျွန်တော် ပိုပြီး လှူနိုင်တာပါ''

''ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ် မောင်ကြယ်တိုင်းရဲ့''

''ကဲ စကားပြောလည်းကောင်းတယ်၊ သူဌေးတို့ ရေမိုးချိုး အနားယူမလား။ ညနေစာ အရင်စားကြမလား။ ပဝါလေးက ချက်ပြုတ်ပြီးပြီလို့ပြောတယ်''

''ဩော် အစ်မကြီးရယ် ရေမိုးချိုးပြီး ထမင်းစားလိုက်တော့ ဘာစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့။ ကိုသာခင်ကြီးက ကြက်သားကာလသား ချက်လို့ သတင်းပေးထားတာနဲ့ ဒီက သွားရည်ကျနေတာ''

''ဦးမောင်ကတော့ လုပ်ပြီ၊ အစားအသောက်ကို အငမ်းမရ ဟိုမှာလည်း စားခဲ့ရဲ့နဲ့''

''ဩော် အဲဒါက နေ့လယ်စာ၊ အခုက ညနေစာ ဟဲ ဟဲ ကိုသာခင်အိမ်ရောက်ရင် မစားရကို မနေနိုင်တာကွ''

ဦးမောင်ဆိုသည့်လူက ပျော်တတ်နောက်တတ်တာ သူမ သိသွားသည်။ ဣန္ဒြေကြီးစွာ ပြုံးနေသော ကြယ်တိုင်းရဲ့ နှုတ်ခမ်းများက လည်း စွဲအားတစ်ခုဖြင့် ခန့်ညားနေပါသည်။

ဒီအပြုံးလေးရဲ့အပေါ်မှာ သူမ. . .။

■ ■ ■



## အခန်း (၆)

ထမင်းဝိုင်းမှာ ဦးမောင်က ခေါင်းမဖော်တမ်း အားရပါးရ ဆွဲနေပေမယ့် ကြယ်တိုင်းရဲ့ မျက်ဝန်းများက မြပဝါ လှုပ်ရှားမှုအတိုင်း ရွှေလျားနေကာ ထမင်းဟင်းများကို ဝတ္တရားအရ စားသောက်နေသလို ဖြစ်နေခဲ့သည်။

မြပဝါရဲ့အလှများက ယဉ်တာလည်းမဟုတ်၊ ရိုးတာလည်း မဟုတ်။ ခေတ်လွန်နေကာ ရဲရင့်လွန်းတာလို့လည်း မဆိုနိုင်။ တစိမ့်စိမ့် ကြည့်ချင်လောက်အောင် တရိပ်ရိပ် ဆွဲဆောင်မှုရှိနေတာမျိုး။

မိန်းကလေးတစ်ယောက်ရဲ့အလှကို တစ်ခါမှ မခံစားဘူးတာမို့ ရင်မှာ ရှိန်းတိန်းဖိန်းတိန်းဖြင့် မျက်ခမ်းစပ်တွေ နီရဲကာ ထူထူပူပူကြီး ပင် ဖြစ်လို့နေသည်။

ပြီးတော့ ရင်မှာတငြိမ့်ငြိမ့်။

''ကိုတိုင်း စားလို့မကောင်းဘူးလားကွ''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ကောင်း ကောင်းပါတယ်"

"ငါကြည့်နေတာ ထမင်းစားနေတာကို မင်း အာရုံမရောက်ပါဘူးကွာ၊ ဘာလဲ ရန်ကုန်မှာ ကျန်ခဲ့တဲ့ ညီနဲ့အလုပ်တွေကို စိတ်မချဖြစ်နေတာလား"

"ဟင် အဲ"

ဦးမောင် တမင်တကာ ကသိကအောက်ဖြစ်အောင် မေးနေသည်ဆိုတာ သူ သိသည်။ သူ့အရိပ်အကဲကို အသိဆုံးက ဦးမောင်ပဲ မဟုတ်ပါလား။

မြပဝါကို စိတ်ဝင်တစား ဖြစ်နေတာသိလို့ ကလိလိုက်တာပဲ ဖြစ်မည်။ ဒါကို မသိတာက ဦးသာခင်။

"မောင်ကြယ်တိုင်းရဲ့ အရင်အခေါက်တွေလာတုန်းက ဒီဟင်းတွေ အရမ်းကြိုက်ပါတယ်၊ အခု ခံတွင်းမတွေ့ ဖြစ်နေတယ်ထင်တယ်၊ ငါးရံ့ခြောက်တွေရှိတယ်၊ အဲဒါ ကင်ပေးရမလား"

"ဟာ မဟုတ်ပါဘူး၊ စားလို့ကောင်းပါတယ်"

"စိတ်ရောလူရော ပင်ပန်းသွားလို့ စားမကောင်းတာဖြစ်မှာပေါ့တော်၊ ပဝါရေ စားသောက်ပြီးရင် သူ့ဒွေးကို လယ်ကွင်းတွေဘက်ဖြစ်ဖြစ် ချောင်းကမ်းနံ့ဘေးဖြစ်ဖြစ် ခေါ်သွားလိုက်ပါကွယ်၊ လေကောင်းလေသန့်ရှူလိုက်ရင် ခေါင်းတွေဘာတွေ ကြည်သွားတာပေါ့"

"ကြည်ရုံမဟုတ်ဘူး သဘာဝလေကို ရှူရရင် လန်းသွားမှာ





အသေအချာပဲ၊ ကိုတိုင်းရေ ဒီအစီအစဉ်ကောင်းတယ်မဟုတ်လား"

"ဟင် အင်း ဟုတ်ကဲ့"

ဦးမောင် မျက်စပစ်ကာမေးတော့ ကယောင်ကတမ်း ခေါင်းညိတ်လိုက်မိ၏။ ဦးမောင် အချွန်နှင့်မချင်နေသည်။ ထမင်းစားပြီးချိန်မှာ မြပဝါက သူတို့နှစ်ယောက်ကို ရွှေဝါရောင်တောက်ပနေသော စပါးခင်းတွေဘက် ခေါ်သွားခဲ့သည်။

နေညိုချိန်အလှနှင့်အပြိုင် သူမ ဆံနွယ်တွေ တလွင့်လွင့်ခါနေသည်က ပညာရှင်တွေ လက်မှိုင်ချရမည့် ပန်းချီကားတစ်ချပ်သဖွယ်။

"ကိုတိုင်း ကောင်မလေးအလှကို နောက်ကပဲ ခံစားမနေနဲ့၊ မီအောင်လိုက်လေကွာ"

"အာဗျာ ဦးမောင်ကလည်း"

"ငါကမလဲဘူး ကောင်းတယ်၊ မင်းကို အလိုက်တသိ တိုက်တွန်းနေတာ၊ မင်းမျက်လုံးတွေကို သိနေလို့"

"မပြောပါနဲ့ဗျာ၊ ကျွန်တော့်ထက် အရမ်းငယ်ပါတယ်၊ ပြီးတော့ သူ့မျက်နှာလေးမှာ ကြေကွဲမှုအရိပ်တွေနဲ့ သနားစရာလေးပါ"

"ဟ သနားဆိုလည်း အားပေးလေကွာ၊ မင်းကို မရှိုးမသား ငါက ဘာတွေကြံစည်နိုင်းနေလို့လဲ၊ ဒီကိုရောက်လာရင် စိတ်ဖိစီးမှုတွေကို လွှတ်ချလိုက်၊ အလုပ်အကြောင်းလည်း မစဉ်းစားနဲ့ ညီငယ်ကိုလည်း နောက်ဆံတင်းမနေနဲ့ သက်တောင့်သက်သာ စိတ်ပျော်အောင်နေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် စကားကောင်းနေတာမို့ ရှေ့ဆက်လျှောက်နေသော သူမနှင့် ခပ်လှမ်းလှမ်းအကွာအဝေးသို့ ရောက်နေသည်။ ဟိုဒီယိမ်းနွဲ့နေသော စပါးခင်းကြီးကို သူမက ကန်ပေါင်ပေါ်ကနေ စီးမိုးကြည့်နေ၏။ ဝတ္တရားကျေလိုက်ပုံရှိုးသာရှိပြီး သူတို့ဘက်ကို တစ်ချက်မျှ စောင်းငဲ့လှည့်မကြည့်ပါ။

"လှတော့ တော်တော်လှတယ်ကွနော်၊ ဒီလိုအလှမျိုး မြို့မှာမရှိဘူးဆိုပေမယ့် တောနဲ့လည်း မလိုက်ဖက်ပါဘူးကွာ၊ သူ့ပညာရေးကို တာဝန်ယူမယ်လို့ ဆုံးဖြတ်လိုက်တာ မှန်တယ် ကိုတိုင်း"

"ဦးမောင်ပြောပုံကြီးက အသားလိုလို့ အရိုးတောင်းတဲ့ပုံစံ ဖြစ်နေပြီ၊ ကျွန်တော် သူ့အပေါ် စေတနာထားတာ သပ်သပ်ပါ၊ တခြားလူတွေအပေါ်လည်း ပညာရေးနဲ့ပတ်သက်ရင် ဒီလိုပဲ"

"ဟား ဟား မင်းကိုငါက ဘာတွေစွပ်စွဲနေလို့ အကြောက်အကန် ဖြေရှင်းနေတာလဲ၊ ရိုးရိုးလေးပဲ တွေးစမ်းပါ"

ဦးမောင်စကားကြောင့် သူ ရှက်ကိုးရှက်ကန်းဖြစ်သွားရသည်။ အချစ်နဲ့ဝေးသော အရပ်မှာ ညီအတွက်ပဲ တာဝန်တွေကျေရင်း နေလာခဲ့တာ။

အခုမှ ဒီရင်က ဘာကြောင့် လှုပ်လှုပ်ခတ်ခတ် ဖြစ်နေမှန်းမသိ။ ဦးမောင် ရယ်သံကြောင့် သူမ လှည့်အကြည့်မှာ သူ့ခြေလှမ်းတွေတောင် မမှန်ချင်။





"ကောင်မလေး လှည့်ကြည့်နေပြီ၊ တစ်မျိုးထင်နေဦးမယ် သွားတော့"

ဦးမောင်က သူ့ကိုမသိမသာ တွန်းလွှတ်၏။

"ဒီယာခင်းကိုကျော်ရင် ချောင်းစပ်ကို ရောက်တယ်၊ အဲဒီကို သွားဦးမလား"

"ဟင် မသွားတော့ပါဘူး၊ ဒီရွာခင်းက သာယာပါတယ်၊ စာခြောက်ရုပ်ကြီးတွေ ရမ်းနေတာ ကြည့်လို့ကောင်းတယ်နော်၊ စာကလေးတွေလည်း မရှိဘဲနဲ့ ဘာလို့ ရမ်းနေတာလဲ"

"လေတိုက်နေသရွေ့ သူ့အလုပ်သူလုပ်နေမှာပေါ့၊ စာကလေးတွေ မရှိတာမဟုတ်ဘူး နေဝင်သွားလို့ အိပ်တန်းတက်သွားကြတာ"

"ဩော် သူလည်း သူ့အလုပ်သူလုပ်နေတာပေါ့၊ မနက်မှ စပါးခင်းထဲ ပြန်လာကြမယ်ထင်တယ်၊ တချို့ စာကလေးတွေက စာခြောက်ရုပ်ကို ကြောက်ရမှန်းမသိတဲ့အပြင် စာခြောက်ရုပ်ပေါ်တောင် တက်နားလိုက်ကြသေးတယ်နော်"

"နေ့စဉ်ရက်ဆက်ဆိုတော့လည်း သူတို့ကို အန္တရာယ်မပြုမှန်းသိတော့ ရင်းနှီးသွားကြပြီဖြစ်မှာပေါ့၊ ဒါနဲ့ ဘယ်လိုခေါ်ရမှန်းလဲ မသိဘူး၊ ကိုတိုင်းလို့ ခေါ်လို့ရပါတယ်နော်"

"အင်း ရပါတယ်၊ ခေါ်လို့အဆင်ပြေအောင် နာမ်စားတစ်ခုတော့ ရှိမှဖြစ်မှာ၊ ဟို ရန်ကုန်ကို လိုက်ရမှာရော စိတ်ပါရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်ရာမှာမနေ တော်ရာမှာနေတဲ့ မိဘတွေ မရှိတဲ့အရွယ်မှာ ပျော်နိုင်မယ်တော့ မထင်ဘူး၊ ဒါပေမဲ့ မိဘတွေမျှော်လင့်ထားတဲ့ ပညာရေ အတွက်ပဲ၊ အပျော်ဆိုတာ မရှိတောင် စိတ်ထဲမှာ ဖြေသာပါတယ်"

ငယ်ရွယ်ပေမယ့် အတွေးတွေ ရင့်ကျက်သားပဲဟု အသိအမှတ် ပြုရ၏။ အခုမှ တက္ကသိုလ်တက်ဖို့ ရည်ရွယ်ထားတာမို့ ညီနဲ့သက်တူ ရွယ်တူလောက်ပဲ ရှိဦးမည်။

ညီကတော့ ခုချိန်ထိ ကလေးစိတ်နှင့် သူ့အပေါ် နွဲ့ဆိုးဆိုးနေ တုန်းပါ။

"ဒေါ်မယ်အုံကပြောတယ်၊ မင်းက အလုပ်လုပ်ရင်း ကျော င်း တက်ချင်တာဆို"

"အရွယ်ရောက်နေပြီပဲ၊ သူများကို မမှီခိုချင်လို့ပါ၊ အခုလည်း ကိုတိုင်းကျေးဇူးကို ပဝါ ပြန်ဆပ်မှာ"

"ငွေကြေးနဲ့လား၊ လူတစ်ယောက်ရဲ့စေတနာမေတ္တာကို မင်း ဘယ်လိုတိုင်းတာမလဲ"

"ဟို"

"မင်းတစ်ယောက်တည်း ကိုယ် ဒါနပြုနေတာ မဟုတ်ဘူး အခုခေတ်မှာ ပရဟိတအလုပ်တွေကို လူတိုင်းအပြိုင်အဆိုင် လုပ်နေကြ တာ၊ ကိုယ်တို့တိုင်းပြည်က အဲလို ကုသိုလ်ဒါနတွေကြောင့် ကပ်ကြီးသုံးပ ကို သူများနိုင်ငံတွေလောက် မခံစားကြရတာကွ၊ သူတစ်ပါးကို အကျိုးပြ





တာ ကိုယ့်အတွက်ကောင်းကျိုးတွေ ပြန်ရနေတာပဲ"

မြပဝါ မျက်ဝန်းလေး ကြယ်တိုင်းရဲ့ဘက် လွင့်ခနဲ လှည့်လာ သည်။

"ကိုတိုင်းက အသက်ငယ်ငယ်နဲ့ အရမ်းတည်ငြိမ်တာပဲနော်၊ တစ်ရွာလုံးကလည်း ကိုတိုင်းကိုချစ်လည်းချစ်ကြတယ်၊ လေးလည်းလေး စားကြတယ်၊ ကိုတိုင်း လူဖြစ်ရကျိုးနပ်တာပဲ"

"မင်းသုံးနှုန်းတာ မဆိုးဘူးကွ၊ ဟုတ်တယ် လူဖြစ်ရကျိုးနပ်ဖို့ စည်းစိမ်ဥစ္စာတွေ မလိုဘူး၊ ငွေကြေးချမ်းသာဖို့ သုံးနိုင်ဖြုန်းနိုင်ဖို့ မလိုဘူး၊ လူကိုလူတွေက ပြန်လေးစားခံရအောင် နေတတ်မှ လူဖြစ်ရကျိုးနပ်တာ"

လေးစားသင့်သော အတွေးအခေါ်တစ်ခုမို့ မြပဝါ မျက်ခုံးလေး ပင့်သွား၏။ ညှင်းသွဲ့သွဲ့ လေပြည်နုနုက သူမဆံနွယ်တွေကို တလွင့်လွင့် ဖြစ်အောင် ကျီစယ်နေတာမို့ ရင်ဘတ်ရှေ့မှာ ဆွဲသိမ်းပွေ့ပိုက်ထားမိရင်း

"ကိုတိုင်းမှာ မိသားစုတွေ အများကြီးလားဟင်"

"ညီလေးတစ်ယောက်ပဲရှိတယ်၊ မိဘတွေဆုံးသွားတော့ ဒီညီ လေးက ကိုယ့်အသက်ပေါ့"

"သူကလည်း ကိုတိုင်းကို ချစ်မှာပဲနော်"

"ချစ်ရုံတင်မကဘူး ယုံကြည်တာ အားကိုးတာလည်း ပါလိမ့် မယ်၊ သူ့မှီခိုဆိုးနွဲ့စရာ မိဘတွေမှမရှိဘဲ"

"ပြည့်ပြည့်စုံစုံနဲ့ ကြီးပြင်းရတာ အားငယ်ရမှာတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ မိဘတွေမရှိတာချင်းတူတာတောင် ပဝါဘဝကျတော့ မိုခိုစရာ လူရှာနေရတယ်''

''ပဝါက သိမ်ငယ်နေတာလား''

''သူစိမ်းတစ်ရံစာကို အကူအညီတောင်းရတာ မသိမ်ငယ်ဘဲနေမလား။ ဖြစ်နိုင်ရင် ပဝါကို အလုပ်တစ်ခုလောက် အရင်ရှာပေးပါလားဟင်''

''ဘာပြောတယ်''

လေသံခပ်ဆတ်ဆတ် ဖြစ်သွားတာမို့ အနားရောက်လာသော ဦးမောင်တောင် နောက်လန်မလို ဖြစ်သွားသည်။

မြပဝါက ကန့်ပေါင်မှာ ခြေဆင်းထိုင်ချရင်း

''စေတနာကို နားလည်ပေမယ့် ကိုယ့်အားကိုယ်ကိုးရတာ ဘယ်သူ့ကိုမှ အားနာစရာမလိုဘူးပေါ့''

မြပဝါရဲ့မာနလေးကို အံ့အားသင့်မိရင်း ကြယ်တိုင်ရဲလည်း မြပဝါအနားမှာ ထိုင်ချလိုက်သည်။ သနပ်ခါးနံ့သင်းသင်းက လေအဝှေ့မှာ ရှိက်ခနဲ တိုးဝင်လာ၏။

''မင်းကျောင်းပြီးအောင်အထိ ကိုယ် တာဝန်ယူမှာ၊ မင်း ဘာမှ တွေးမနေနဲ့ ပဝါ၊ ဦးသာခင်တို့ အကူအညီတောင်းတာကို ကိုယ် တာဝန်ကျေအောင် လုပ်ပေးရမှာ၊ တာဝန်သက်သက်ကြောင့်ရယ်တော့ မဟုတ်ပါဘူး၊ ဘယ်လိုပြောရမလဲ လူတစ်ဦးတစ်ယောက်ကို မြေတောင်မြှောက်





ပေးခွင့်ရတာ ကိုယ် ကုသိုလ်ရတာပေါ့ မဟုတ်ဘူးလား''

''ဟုတ်ပါတယ် ဟုတ်ပါတယ် မင်းတို့နှစ်ယောက်တည်း စကားတွေပြောနေတာ ငါ့မှာတော့ ပျင်းလို့''

ဦးမောင်က ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း ပြောတော့ သူတို့နှစ်ယောက် ရယ်လိုက်မိကြသည်။ ကြယ်တိုင်းရဲက ဦးမောင် ပခုံးကို ဖတ်ခနဲ ပုတ်ပြီး

''ဦးမောင်ပဲ အလာတုန်းက ပြောတယ်လေ၊ ဒီရွာရောက်ရင် မြို့ပြမှာ မရတဲ့လေကောင်းလေသန့်တွေ ရှူရှိုက်ပြီး ဒေါ်မှုံကိုတောင် မေ့သွားတယ်ဆို၊ ကျွန်တော်တို့ စကားဝိုင်းထဲ မဝင်ဘဲ လေတွေကို တစ်ဝကြီး ရှူနေပေါ့ဗျ''

''အောင်မာ မင်း ငါ့ကို ပုန်မကန်ပါနဲ့၊ ဒီမှာ ငါကလေ မင်းတို့နှစ်ယောက် စကားအခြေအတင်ဖြစ်မှာစိုးလို့ ဝင်လာတာ''

''ဟင် ပဝါတို့ ရန်မဖြစ်ပါဘူး''

''အေးပါ ရန်ဖြစ်တယ်လို့လည်း မပြောပါဘူး။ ညည်းက ကိုတိုင်း ထောက်ပံ့မှုနဲ့ ကျောင်းတက်ရမှာကို ကျေးဇူးတင်ရမှာကြောက်လို့လား။ အားနာနေတာလား။ အဲဒါကို မဖြစ်သင့်ဘူးလို့ ပြောချင်တာ၊ ကိုတိုင်းကလေ ညည်းမှမဟုတ်ဘူး၊ ဦးသာခင် အကူအညီတောင်းလို့ ရယ်လည်းမဟုတ်ဘူး၊ ပရဟိတစိတ်နဲ့ သူ့အငေါ် မကင်းရာမကင်းကြောင်း ကျေးဇူးရှိတဲ့သူတွေမှန်သမျှ ဒီလိုပဲ ကူညီပေးနေတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတို့ပြောပြလို့ ပဝါ သိပြီးသားပါ"

"အေးလေ အဲဒါကိုများ ဘာတွေသိမ်ငယ်နေတာလဲ ဟိုရောက်ရင် ညည်းမှာ ရွယ်တူမိန်းကလေးအဖော်နှစ်ယောက် တန်းခနဲ တွေ့ရမှာ ကိုယ့်ဘဝ အနာဂတ်ကောင်းဖို့ပဲ၊ နောက်မှ ကျေးဇူးပြန်ဆပ်ချင်ဆပ် ဟုတ်ပြီလား"

သူမ ခေါင်းအညိတ်မှာ မျက်ရည်တစ်စက် လွင့်ခနဲ ကြွေကျသွား၏။

အဖေနဲ့အမေသာရှိလျှင် သူတစ်ပါးအရိပ်အောက်မှာ ဒီလိုမျိုး ခေါင်းတိုးခိုဝင်ရမှာမဟုတ်။

အိပ်တန်းပြန်ငှက်တို့က ညည်းညူသံသဲ့သဲ့ဖြင့်. . .။

■ ■ ■



## အခန်း (၇)

ကျောင်းဆောင်သစ် ရေစက်ချပွဲအပြီးမှာ ကြယ်တိုင်းရဲတို့ ပြန်ဖို့ ပြင်ဆင်နေကြသည်။ မြပဝါလည်း ခရီးဆောင်အိတ်တွေ ပြင်ဆင်ပြီးနေပေမယ့် ဒေါ်လေးတို့အနားက မခွာနိုင်သေးဘဲ ဖြစ်နေသည်။

"ဟိုမှာ လိမ်လိမ်မာမာ နေနော် ပဝါ၊ တစ်နှစ်တစ်ခါ စာမေးပွဲဖြေပြီးရင်တော့ ဒေါ်လေးတို့ဆီ အလည်လာပေါ့၊ သူဌေးက ကျောင်းပြီးဘွဲ့ရရင် ကုမ္ပဏီတစ်ခုမှာ အလုပ်သွင်းပေးမယ်လို့ အာမခံထားတာပဲ၊ ပဝါ ဘာမှ အားမငယ်နဲ့နော်"

"ဦးလေးတို့က သမီးကို မျက်နှာလွှဲခဲပစ် လွှတ်လိုက်တာမဟုတ်ဘူးနော်၊ မောင်ကြယ်တိုင်းရဲ စောင့်ရှောက်မှုအောက်မှာမို့ စိတ်ချတာပါ၊ မောင်ကြယ်တိုင်းရဲ တူမလေးဆီ ခဏခဏ သွားပြီး ဂရုစိုက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ၊ တူမလေးက အားငယ်တတ်တာ မဟုတ်ပေမယ့် သိမ်ငယ်မှုတော့ ရှိတယ်၊ သူ့ဘာသာ အလုပ်ရှာပြီး ကျောင်းတက်မှာစိုးလို့''

''အဲဒီအတွက် မပူပါနဲ့ ဦးသာခင်၊ ကျွန်တော် သူတို့ကို ပြည့်စုံအောင် ထားပြီး ပျော်အောင်လည်း နေနိုင်းမှာပါ၊ ကဲ ပဝါ မင်းဦးလေးနဲ့ အဒေါ်ကို ကန်တော့ပြီး သွားရအောင်''

''ဟုတ်ကဲ့''

ဒေါ်လေးတို့ကို ကန်တော့ပြီးချိန်မှာ မြပဝါ မျက်ရည်ကျမိပြန်သည်။ ဘာကြောင့်များ သူမဘဝက ချစ်တဲ့သူတွေနဲ့ ခွဲခွာနေရတာလဲ။

အဖေနဲ့အမေနဲ့ သေကွဲကွဲရသည်။

အခု ဦးလေး ဒေါ်လေးတို့နှင့်၊ ပြီးတော့ သူမ မွေးကတည်းက နေခဲ့ရသော ရပ်ရွာလေး။

လူဆိုတာ ရေကြည်ရာမြက်နုရာ၊ ပျော်ရာမနေ တော်ရာမှာ နေရတာ ဘဝရဲ့နိယာမတစ်ခုလား။

သူမကားပေါ်ရောက်ချိန်မှာ ဒေါ်လေးတို့မိသားစုက လက်လေးပြ၍ မျက်ရည်ဝဲနေကြသည်။

ကားလေး ဘီးလိမ့်ကာ ထွက်လာတော့ သူမလည်း ထိုနည်းတူ။

''ဦးသာခင်တို့လင်မယား မင်းအပေါ် အတော်သံယောဇဉ်ကြီးကြတာပဲ''





''ဆွေမျိုးသားချင်းနဲ့ ခွဲခွာရတာ ဘယ်စိတ်ကောင်းပါ့မလဲ''

''အင်း သွေးသားဆိုတာ ငြိတွယ်လွယ်တဲ့ ဖြတ်မရတဲ့ သံယောဇဉ်တွေပဲ၊ ကိုယ်တောင်မှ ကိုယ့်ညီလေးနဲ့ အကြာကြီး ခွဲမနေနိုင်ဘူး၊ ညီကလည်း ဒီအတိုင်းပဲလေ၊ ခရီးသွားမယ်ဆိုတာနဲ့ အမြန်ပြန်လာခိုင်းတော့တာပဲ၊ အိမ်မှာဆို ကိုယ် ဘယ်လောက်အလုပ်များများ သူ ဘယ်လောက် ဗိုက်ဆာနေနေ ထမင်းလက်ဆုံစားရမှ ကျေနပ်တာ၊ တစ်ခါတလေ သူ နေမကောင်းဖြစ်ရင် ကိုယ့်အခန်းထဲ လာအိပ်တတ်တာကွ''

ညီအကြောင်းပြောနေသော ကြယ်တိုင်းရဲ့ မျက်နှာက ပီတိများဖြင့် ကြည်နူးပြုံးပျော်လို့ပါ။ ညီ့အပေါ် ဘယ်လောက်တန်ဖိုးထား အရေးဘယူရှိတာ သူမ ခန့်မှန်းလို့ရနေပါသည်။

သူမလည်း သွေးသားရင်းချာ မောင်လေးတစ်ယောက်လောက် ရှိလျှင် ဒီအတိုင်းပဲနေပေလိမ့်မည်။

ကားမောင်းနေသော ဦးမောင်က ပြုံးစစနှင့် နောက်လှည့်ကြည့်လာပြီး

''ငါလည်း ငါ့မိန်းမကို တစ်ရက်ကနေ နှစ်ရက်ခွဲလာရရင် လွမ်းလာတယ်ကွ၊ ဆူသံပူသံလေး မကြားရလို့လား မသိဘူး''

''သေချာတာပေါ့၊ အဲဒီအသံ မကြားရရင် စားမဝင် အိပ်မပျော်ဘူးမဟုတ်လား''

''အဟဲ မကြားရတာ ကြာလို့လား မသိဘူး၊ နားဝင်ချိုသလိုလို



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ အနားကပ်အော်ရင်တော့ ဘီလူးဆိုင်းတီးသလို အောက်မေ့ရတယ်''

''တကယ်နော် အိမ်ရောက်ရင် ဒေါ်မှုံကို အဲဒီအတိုင်း ပြောလိုက်မယ်''

''ဟာ အဲ အဲဒီလို မလုပ်ပါနဲ့ကွာ၊ မင်းညီကိုလည်း ဒီအကြောင်း မပြောလိုက်ပါနဲ့၊ သူ ကတုံးကတိုက်လုပ်တာနဲ့ ပေါင်တွင်းကြောဆွဲလိမ်ခံရမလား၊ ဗိုက်ကြောဆွဲလိမ်ခံရမလား ဖြစ်သွားပါလိမ့်မယ်''

ဦးမောင် ကြောက်အားလန့်အား ဖြစ်သွားပုံကို မြပဝါ သဘောကျစွာ ပြုံးရယ်လေသည်။

''ဦးမောင်က မယားကြောက်ကြီးထင်တယ်''

''ပြောမနေနဲ့ သူတို့လင်မယားနဲ့ အမြဲရယ်နေရတာပဲ''

''ဦးမောင်နဲ့ကိုတိုင်းတို့က ဆွေမျိုးတွေလားဟင်''

''ဆွေမျိုးအရင်းအချာထက် သွေးနီးပါတယ်၊ ကိုယ်တို့မိဘတွေဆုံးတော့ မိသားစု အိမ်တော်ထိန်း ဖေဖေ့ရဲ့လူယုံတော်တွေဖြစ်တဲ့ ဦးမောင်တို့ကပဲ စောင့်ရှောက်ပေးခဲ့ကြတာ၊ ကိုယ်တို့ကလည်း မိဘသဖွယ် အားကိုးခဲ့ကြတယ်၊ အင်း ညီကတော့ ကလေးလို ဆိုးချင်တယ်၊ စချင်နောက်ချင်တယ်၊ အဲဒါလည်း ဦးမောင်တို့ လင်မယားက ချစ်လွန်းလို့ စိတ်မဆိုးကြပါဘူး၊ ညီ ကလေးဆန်တာကလည်း ချစ်စရာကောင်းတယ်လေ''

ဘာအကြောင်းပြောပြော ကြယ်တိုင်းရုံက ညီအကြောင်းက





ပါးစပ်ဖျားကမချ။

''ဦးမောင် ငှားထားတဲ့အိမ်လေးမှာ နေတဲ့ ရောဝတီတိုင်းက ကောင်မလေးတွေဆီ ဖုန်းဆက်ကြည့်ပါဦးလား၊ ပဝါကို ဝင်ပို့ရင် သူတို့ကိုပါ ဖြစ်နေဦးမယ်၊ သင်တန်းသွားနေတာတွေ ဘာတွေဖြစ်နေမှာစိုးလို့''

''ငါတို့ကားက ညနေမှ ရန်ကုန်ဝင်မှာ၊ သူတို့ သင်တန်းက မနက်ပိုင်းနဲ့ နေ့လယ်ပိုင်းပဲရှိတာ၊ အဆင်ပြေပါတယ်ကွ''

''အဲဒါဆိုလည်း ပြီးတာပဲ၊ ဩော် ပဝါလည်း ကျောင်းမတက်ခင် ကွန်ပျူတာသင်တန်း၊ စာရင်းကိုင်သင်တန်းလေး တက်ထားပါလား၊ ပဝါ ယူထားတဲ့မေဂျာအတွက် အထောက်အကူဖြစ်တာပေါ့''

''ကျောင်းတက်ဖို့ သိပ်မှမလိုတော့တာ၊ ပဝါ မတက်တော့ပါဘူး၊ ဒီလောက် ကူညီပေးနေတာပဲ ပဝါ ကျေးဇူးတင် အားနာနေပါပြီ''

''ပဝါရယ် အဲလိုစကားတွေ မပြောပါနဲ့၊ မတွေးပါနဲ့လို့ ပြောထားတယ်လေ၊ ဘဝကို သိမ်ငယ်တဲ့စိတ်နဲ့ မဖြတ်သန်းနဲ့၊ လူ့ဘဝဆိုတာ အလွယ်တကူ ရခဲ့တာမဟုတ်ပေမယ့် ပျက်စီးဖို့တော့ လွယ်ကူတယ်ကွ၊ ကိုယ့်ဘဝဆိုရင် ဖေဖေနဲ့မေမေက ကိုယ့်ကြောင့် အဖြစ်ဆိုးကြမ္မာဆိုးနဲ့ ဆုံးပါးသွားရတယ်လို့ တွေးပြီး ခုချိန်ထိ ယူကြုံးမရ ခံစားနေရတုန်းပဲ''

''ကိုတိုင်း''

ဦးမောင်က အစဖော်ပြီး ခံစားမနေစေချင်တာကြောင့် ကားမောင်းရင်းဖြင့် လှည့်ကာ ဟန့်တားသည်။ ကြယ်တိုင်းရုံက မြပဝါကို



www.burmeseclassic.com

www.burmeseclassic.com



အားပေးချင်စိတ်နှင့် ရပ်တန့်ပစ်လိုက်ဖို့ စိတ်မကူးပါ။ ကားပြတင်းက
တိုးဝင်လာသော လေတွေကို တစ်ဝကြီးရှိုက်ရှူသွင်းလိုက်ပြီး

"ကိုယ် ဆယ်တန်းအောင်စာရင်းတွေ ထွက်တဲ့နေ့မှာ အောင်
မှတ်ကောင်းကောင်းနဲ့ အောင်ခဲ့လို့ ဖေဖေတို့ကို ဘုရားလိုက်ပို့ဖို့ ဖွတ်
အတင်း ပူဆာခဲ့တယ်၊ သူငယ်ချင်းတွေစုဝေးပြီး အိမ်မှာညည်ခံပွဲလုပ်ပေ
မယ်လို့တောင် လက်မခံခဲ့ဘူး"

ပင့်သက်ရှိုက်သံကြောင့် ကြယ်တိုင်းရဲ့ကို မြပဝါ မျက်လွှာလေ
ပင့်ကြည့်လာသည်။ ကြယ်တိုင်းရဲ့ မျက်ဝန်းများက မျက်ရည်ရိပ်များဖြ
ရှိဝေလို့ပါ။

"လူတွေရဲ့စည်းပျက်ကမ်းပျက် အပျော်လွန်မှုကြောင့် ဖြစ်ရတာ
ဆိုပေမယ့် ကိုယ်သာ ခေါ်မသွားရင် ဖေဖေနဲ့မေမေ ဒီလိုဖြစ်မှာမဟုတ်
ဘူး"

"ကိုတိုင်းကတော့ ဘာမှမဖြစ်ဘူးပေါ့"

"ကိုယ်က ကံကောင်းတာလား၊ ကံဆိုးတာလား မသိဘူ
ထိခိုက်ဒဏ်ရာ နည်းနည်းပဲရပြီး စိတ်ထိခိုက်ခံစားရတာထက်စာ
သေတာကမှ ကောင်းဦးမယ်လို့ တွေးမိတယ်"

"မင်းကကွာ မင်းညီလေးကို မင်းစောင့်ရှောက်နေရတာ
ကောင်းတာပေါ့ကွ၊ စိတ်မကောင်းစရာတွေ မတွေးပါနဲ့ ကိုတိုင်းရာ"

"မတွေးချင်ပေမယ့် သေရာပါ ဒဏ်ရာတစ်ခုပဲ ဦးမောင်ရ





လူမမယ်အရွယ်လေးနဲ့ ညီလေး မိဘမဲ့ရတာ"

"မင်း တာဝန်ကျေနေသားပဲ၊ ဘယ်သူကရော မင်းကို အပြစ်
တင်နေလို့လဲ၊ လူဆိုတာ ဖြစ်ချိန်တိုင်ဖြစ်၊ ပျက်ချိန်တိုင်ပျက်ကွ၊ ကိုယ့်
ကိုယ်ကို အပြစ်ပုံချတာ အပေင်ပန်းဆုံးပဲ"

ဦးမောင်က ကြယ်တိုင်းရဲ့ စိတ်သက်သာအောင် တောက်
လျှောက်ဖြေသိမ့်လာခဲ့သည်။ ကြယ်တိုင်းရဲ့ ခံစားမှုတွေကို မြပဝါ စာနာ
နားလည်လိုက်၏။

ဒုက္ခဆိုတာ လူတစ်ဦးတစ်ယောက်ဆီမှာပဲ ရှိနေတာ မဟုတ်
ပါလား။ ကိုယ့်ရင်ထဲက အပူတောင် သက်တောင့်သက်သာ ဖြစ်လာသလို
လို . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ညနေစောင်းလောက်မှာ မြပဝါ နေရမည့်အိမ်လေးကို ရောက်
လာခဲ့ကြသည်။ အိမ်ရှေ့ရောက်လို့ ကားဟွန်းတီးလိုက်သည်နှင့် အိမ်ထဲက
ကောင်မလေးနှစ်ယောက် ပြေးထွက်လာ၏။ တစ်ယောက်က အသက်
အနည်းငယ် ကြီးသည့်ထင်ရပြီး တုတ်တုတ်ခဲခဲပုပု။

တစ်ယောက်ကတော့ မျက်လုံးပြူးပြူး၊ နှာခေါင်းကြီးကြီးနှ
မြပဝါနဲ့ သက်တူရွယ်တူလောက် ဖြစ်မည်။

"ဟိတ် အံမယ် ဘာတွေပြူးကြည့်နေကြတာလဲ ဒီမှာ ညည်း
အဖော်ရအောင် သူငယ်ချင်းတစ်ယောက် ခေါ်လာတယ်၊ သူ့အိတ်တွေ
ကူသယ်ကြဦး"

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"





"ဟဲ့ ကြည်ပြာ ငါတို့အတွက် သူငယ်ချင်းတဲ့ လာ"

နှစ်ယောက်သား တွန်းတွန်းထိုးထိုးနဲ့ ထွက်လာကြပြီး မြပဝါ
ခရီးဆောင်အိတ်တွေ ကူသယ်ကြသည်။

ကြယ်တိုင်းရဲက တည်ငြိမ်စွာပင် တစ်ထပ်တိုက်အိမ်လေးထဲ
သို့ဝင်ပြီး ဆက်တီခုံလေးမှာ ဝင်ထိုင်လိုက်သည်။ ကြည်ပြာနှင့်ပန်းအိ
က မဝံ့မရဲပါ။

"ကဲ ပဝါ ထိုင်လေ၊ မင်းတို့နှစ်ယောက်ရော ထိုင်ကြ၊ သူ့
နာမည်က မြပဝါတဲ့၊ မင်းတို့နဲ့အတူနေမှာ၊ မင်းတို့နဲ့ မေဂျာတူပဲဖြစ်လိမ့်
မယ်၊ ပဝါ သူတို့နှစ်ယောက်က ကြည်ပြာနဲ့ပန်းအိ၊ ကိုယ်က ရောဝတီ
တိုင်းဘက်မှာ ငါးမွေးမြူရေးလုပ်ငန်းလည်းလုပ်တော့ အဲဒီဘက်က ပညာသင်
ချင်တဲ့သူတွေကို ထောက်ပံ့ကူညီနေတာ၊ ကျောင်းမတက်ရခင် သူတို့
သင်ချင်တဲ့ သင်တန်းတွေလည်း သင်ခိုင်းတာပေါ့"

"ဟုတ်ကဲ့"

"အခု သူငယ်ချင်းတွေ ဖြစ်သွားပြီနော်၊ တိုင်တိုင်ပင်ပင် ချစ်ချစ်
ခင်ခင်နေကြ၊ လိုအပ်တာကိုပြော၊ အားမနာနဲ့ မီးဖိုချောင်ပစ္စည်းတွေရော
မနေ့ကကို ပို့ခိုင်းထားတာ ပြည့်စုံရဲ့လား"

"ဟုတ်ကဲ့ အားလုံးပြည့်စုံပါတယ်"

"အေး အေး ဩော် ပဝါ နောက်နေ့ ကိုယ်လိုအပ်တာလေးတွေ
ဝယ်ပေးဖို့ လာခေါ်မယ်နော်၊ မြို့ကိုရောက်ရင် မြို့မှာလို ဝတ်ရစားရ



www.burmeseclassic.com

နေရမှာပေါ့။ ကျောင်းတက်ဖို့ တအုပ်စာတမ်းတွေလည်း ကြည့်ပြာတို့က ဝယ်ပြီးပြီဆိုပေမယ့် ပဝါအတွက်က လိုလိမ့်ဦးမယ်၊ ဘာမှနောက်ဆံမတင်းရအောင် ကိုယ် အားလုံးစီစဉ်ပေးမှာပါ''

အဲဒီလောက်ထိ ဂရုမစိုက်လည်း ရပါတယ်ဟု ပဝါ မပြောဖြစ်ခဲ့တော့။ စေတနာကို အသိအမှတ်ပြု တုံ့ပြန်ခွင့်ရအောင်ပဲ ဆုတောင်းတော့မည်။

ကြယ်တိုင်းရဲ့ ပြန်ဖို့ထရပ်တော့ သူမရင်ထဲ ဘာမှန်းမသိဘဲ ဝမ်းနည်းလှိုက်မောလို့လာသည်။

ဒီနေရာမှာ ခွဲထားခဲ့တော့မှာလား။

'ကိုယ်ပြန်တော့မယ်၊ အားလုံး လိမ်လိမ်မာမာ နေကြ၊ ပဝါ ခရီးပမ်းလာတာ အနားယူလိုက်ဦးနော်''

နူးညံ့နွေးထွေးလွန်းသော အသံနှင့် ခေါင်းလေးပုတ်ကာ ပြောလိုက်ပုံက ခွဲထားခဲ့ရတော့မည်မို့ ကျေနပ်အောင် နှစ်သိမ့်လိုက်သလိုပင်။

ခေါင်းလေးကို အသာညိတ်ပြရင်း သူမ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ချက်ချင်းဆိုသလို ဝဲတက်လာသည်။ ချစ်သောသူတွေနှင့် ခွဲခွာလာခဲ့ရသော ဇာတ်အခံကြောင့် ငိုချင်ရက်လက်တို့ဆိုသလို ကြယ်တိုင်းရဲ့ကို ငြိတွယ်နေမိပါရောလား။

ဝမ်းနည်းခြင်းတွေနှင့် အစမပျိုးချင်ပါ။

■ ■ ■



## အခန်း (၉)

''ကောင်မလေး မျက်ရည်ဝဲနေတယ်ကွ၊ သနားပါတယ်''

အိမ်ပြန်လမ်း ကားပေါ်မှာ ဦးမောင်ပြောတော့ သူ့ရင်ထဲက သက်တစ်ရှိုက် ခုန်ထွက်လို့လာသည်။

''သူ့ဘဝလေးကလည်း ဝမ်းနည်းစရာပဲမဟုတ်လား၊ မိဘတွေလည်းမရှိ၊ ပညာရေးအတွက်လည်း သူများကို မှီခိုနေရတယ် မဟုတ်လား''

''အဲဒီအတွက် ဝမ်းနည်းတာသက်သက်၊ မင်းက ပြန်ထွက်လာတော့ ခွဲထားခဲ့သလိုဖြစ်ပြီး ဝမ်းနည်းသွားတာလည်း ဖြစ်နိုင်တယ်''

''ဟင်''

''ရွာမှာကတည်းက ကောင်မလေးနဲ့ယောက်နဲ့ အတူတူနေရတယ်ဆိုတာ သိထားလို့ မင်းအိမ်မှာမနေရဘူးဆိုတာလည်း သိပြီးသားနေ

www.burmeseclassic.com



မှာပါ၊ ဒါပေမဲ့ ရုတ်တရက်ကြီး ပြန်ချလာတော့ သူ့ကိုထားခဲ့ပြီဆိုတဲ့ အတွေးက''

''ကျွန်တော် ပြန်သွားလိုက်ရမလား ဦးမောင်''

''ဘာကွ''

ကြယ်တိုင်းရဲ့ အသံစိုးရိမ်တကြီးဖြစ်နေတာမို့ ဦးမောင်တောင် အံ့အားသင့်ပြီး ဘရိတ်အုပ်လိုက်မိမလို ဖြစ်သွားသည်။ ဒါပေမဲ့ ကား လေးကို မှန်မှန်ပင် ရှေ့ဆက်မောင်းခဲ့၏။

''မင်း ကလေးကလားဆန်သွားမှာပေါ့၊ ဘာအကြောင်းပြပြီး ပြန်သွားမှာလဲ''

''ပဝါကို နာကျင်တာမျိုးတွေ မခံစားစေချင်ဘူး''

''မင်း သံယောဇဉ်ကို ငါသိတယ်၊ ကြည်ပြာတို့ ပန်းအိတ်လို ရိုးသားတဲ့ခံစားမှုမျိုး မဟုတ်ဘူးဆိုတာကို မင်း မျက်လုံးတွေကြည့်လိုက် တာနဲ့ ရိပ်မိတယ်''

''အဲလိုကြီးလည်း မဟုတ်ပါဘူး ဦးမောင်ရာ၊ ကျွန်တော့်စိတ်က ရိုးသား''

''ဟကောင် မင်းက ရည်းစားတောင် မထားဘူးတဲ့ကောင် ငါက မိန်းမရပြီးလို့ ဝါရင့်နေပြီ၊ ငါ့ကို ဆင်ခြေပေးမလုပ်နဲ့၊ မင်း ပဝါကို စိတ်ဝင်စားတယ်ဆိုတော့ရော ဘယ်သူက အပြစ်ပြောမှာလဲ''

''ဦးမောင်ရာ ပဝါက ကျွန်တော့် ညီမလေးအရွယ်ရှိပါသေး





တယ်၊ ကျွန်တော့်ထက် ငါးနှစ် ခြောက်နှစ်လောက်တောင် ငယ်လိမ့်မယ်''

''ခြောက် ကြီးရင်မို ငယ်ရင်ချိုတဲ့၊ ယောကျ်ားပဋ္ဌင်းတက် မိန်းမ ပုခက်တွင်းတဲ့၊ အဲဒါမှ အသက်တွေကြီးတဲ့ထိ လိုက်ဖက်ညီတာပေါ့၊ စိတ်ကူးမလွဲနဲ့ ရင်ထဲရှိသလို ခံစား၊ အချစ်ရှိမှ လူ့ဘဝက နေပျော်တာ၊ စိတ်ကျန်းမာတာ၊ အရွယ်မလွန်ခင် အချစ်ကိုရှာထား၊ မြပဝါလေးက ရိုးသားပါတယ်''

ဦးမောင်က သူ့စိတ်ဒဏ်ရာတွေ သက်သာရာရစေချင်သည့် ဆန္ဒတွေနှင့် ဖွတ်အတင်းကို တိုက်တွန်းနေသည်။ ကြယ်တိုင်းရဲ့ ပြုံးချင်ချင် ပင်ဖြစ်ရ၏။

သူ့ရင်ထဲကို ဦးမောင် ဝင်ကြည့်သလိုပဲ မဟုတ်ပါလား။ တကယ်ပင် သူ့ရင်ထဲမှာ မြပဝါနှင့် ပတ်သက်သည့်အကြောင်းအရာတွေ ကပ်ငြိပါလာခဲ့သည်။ မျက်ရည်ရိပ်တွေ စွန်းထင်းနေသော မျက်ဝန်းကြည် လဲ့လဲ့လေးကို ကရုဏာသက်မိသလို ပြည့်စုံမှုမရှိသော သူမဘဝလေးကို လည်း သနားမိသည်။

အလုနဲ့ဘဝ မလိုက်ဖက်တာကိုလည်း ဖေးမချင်မိပြန်တော့ သူ့စိတ်တွေ ရိုးသားပါတယ်လို့ အာမခံလို့ ရမလား။

''တီ တီ''

ဦးမောင် ကားဟွန်းတီးလိုက်မှ အိမ်ရောက်ပြီဆိုတာ သတိထား မိသည်။ ကားလေး ပေါ်တီကိုအောက်ရပ်လိုက်သည်နှင့် အိမ်ထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



ညီရော ဒေါ်မွှံရော အူယားဖားယား ပြေးထွက်လာကြသည်။

''ကိုကို''

''ညီ''

ရက်တွေအကြာကြီး ဝေးကွာနေတာမဟုတ်ပေမယ့် ညီက အခွဲ ပိုကာ ရင်ချင်းအပ်၍ ပြေးဖက်သည်။ ပြီးတော့ ပါးကို ဘယ်ပြန်ညာပြန် နမ်း၏။ သူလည်း ညီ့ပါးလေးကို ချစ်မြတ်နိုးစွာ ပြန်နမ်းလိုက်သည်။

''အကြာကြီးပဲ ကိုကိုရာ''

''နှစ်ညအိပ်သုံးရက်လို့ ပြောသွားတာ ကြာသလား ညီရ''

''နေ့လယ်ကတည်းက ရောက်မယ်ထင်တာ ကိုကိုရ၊ အဲဒါ ကြောင့် ညီ ဘယ်မှမသွားဘဲ စောင့်နေတာ''

''လိမ္မာနေတာပေါ့လေ၊ ညီ ဘာလိုချင်လို့လဲ ကိုကို့ကို တည့် တည့်ပြောစမ်းကွာ''

''ဟို အဲ''

''ကဲ ပြောပါ''

ဆိုဖာခုံဆီ ပခုံးဖက်ကာ ခေါ်လာရင်းပြောတော့ ညီက သူ့ အနား တိုးခွေ့ဝင်ထိုင်ရင်း

''ကျောင်းတက်ရတော့မှာဆိုတော့ ကားအသစ်လဲပေးပါလား ကိုကို၊ ညီ စလွှန်းလေးက ဒိတ်အောက်နေပြီ''

''အိုကေ''





''အေး မင်းကတော့ ကြုပ်ကြုပ်အလိုလိုက်၊ သူက ကားပေါ်မှာ ကောင်မလေးအချောအလှတွေတင်ပြီး ပွေးတော့မှာ''

''ဩော် ဦးမောင်က အတို့အထောင်လုပ်တယ်ပေါ့၊ ဦးမောင် မရှိခင် အိမ်မှာဒေါ်မွှံ ဘာတွေသစ္စာဖောက်နေတယ်ဆိုတာ ကျွန်တော် မပြောပြတော့ဘူး''

''ဘာကွ''

ဦးမောင် လက်ထဲက ခရီးဆောင်အိတ်တွေ ကော်ဇောခင်းပေါ် ဘုတ်ခနဲ ပြုတ်ကျပြီး ဒေါ်မွှံဘက် ခပ်တင်းတင်း လှည့်၏။ ဘာအပြစ်မှ လုပ်မထားသော ဒေါ်မွှံက ပြူးတူးကြောင်တောင် ပြန်ကြည့်ပြီး

''တော်က ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း၊ ဘာပုံစံနဲ့ကြည့် နေတာလဲ''

''မင်း ငါ့ကွယ်ရာမှာ သစ္စာဖောက်နေတယ်ဆို''

''တော်က လမင်းစကား ယုံတယ်ပေါ့၊ ဒီကလေး ဒီလိုပဲ နောက် နေကျ''

''ကျွန်တာတွေ နောက်တတ်တာတော့ ငါလည်း သိတာပေါ့ကွ၊ သစ္စာမရှိဘူးဆိုတာတော့ သူက အတည်ပေါက်ပြောပုံမလား၊ ကဲ ပြော စမ်း၊ ဘယ်သူနဲ့လဲ''

''ရှင်နော် ကလေးတွေရှေ့မှာ ဘာပေါက်ကရတွေ မေးနေတာလဲ နာချင်ပြီထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



''အောင်မာ မင်းက နောက်မြင်လို့ ငါ့ကို ကြိမ်းမောင်းနေတာ ပေါ့လေ၊ ငါဆိုတဲ့ကောင်က အလုပ်ကိုသာ မျှဝေလုပ်မယ် အချစ်ကိုတော့ မျှဝေမပေးဘူးကွ သိလား''

''ကြည့် ပြောလိုက်ရင် စောက်ထိုး၊ မမြင်ကွယ်ရာသွားလာနေ တာပဲကောင်းတယ်၊ အဲလို မျက်နှာရှုးကိုကြည့်ကို မကြည့်ချင်တာ''

''ဘာကွ မင်းမမှုံ''

ဦးမောင် ဒေါသအမျက်ချောင်းချောင်းထွက်နေသည်။ လက်သီး လက်မောင်းတန်းတော့ ဒေါ်မှုံက ကျောကုန်းကို ဗုန်းခနဲ ဗုန်းခနဲ ထုပစ် ၏။

''ဟာ ဦးမောင် မခံနဲ့လေ၊ နွားနို့ပို့တဲ့ ကုလားက ရည်းစား စာပေးထားလို့ ဒေါ်မှုံ မာန်တက်နေတာ''

''ကုလား နို့ပို့တဲ့ကုလားနဲ့ ဟုတ်လား''

''တောက်လျှောက်မပြောနဲ့ ကျုပ် သည်းမခံဘူးနော်''

လမင်းရဲ့ အချောင့်ကောင်းမှုကြောင့် ဦးမောင်နှင့်ဒေါ်မှုံ တွန်း တွန်းထိုးထိုး အမောဆို့နေကြသည်။

ကြယ်တိုင်းရဲ့မှာ မနေသာတော့။

ညီအကြောင်းလည်း သိနေသားနှင့် ဒီလိုဖြစ်နေကြတာ ရယ် စရာလည်းကောင်းသည်။

''ကဲ တော်ကြပါတော့ ဦးမောင်နဲ့ ဒေါ်မှုံရာ၊ ညီက အဲလို





ကလိရမှ စားဝင်အိပ်ပျော်တာ သိရဲ့သားနဲ့၊ နောက်တော့လည်း ဘာမှ ဟုတ်တာမဟုတ်ဘူး''

''မင်း မသိဘဲ မပြောနဲ့ ကိုတိုင်း၊ ဒီကိစ္စက လမင်းပြောလို့ ရယ်မဟုတ်ဘူး။ ဟိုတစ်ခါ နွားနို့သည်ကုလားနဲ့ အိမ်ရှေ့မှာ စကားအကြာ ကြီး ပြောနေတာ ငါ တွေ့တယ်၊ အဲဒီအချိန်ကတည်းက ငါ မသင်္ကာ ဖြစ်နေတာ''

''ဘာ အဲဒါက နွားနို့ပို့ ရက်ပျက်လို့ နောက်အဲလိုမဖြစ်အောင် ပြောနေတာ၊ သူက သူ့ညီမလေး မင်္ဂလာဆောင်ရှိလို့ပါလို့ ရှင်းပြနေတာ အဲဒါ ဘာဖြစ်သွားလို့လဲ''

''ကြည့်စမ်း ဒီမိန်းမ မိသားစုအိမ်တွင်းရေးတွေပါ တိုင်ပင်နေ ကြပြီပေါ့လေ၊ ငါ့ကို တော့်မှတ်နေလား၊ အဲဒါမျိုး လာလုပ်လို့ မရဘူးကွ''

''အမယ်လေးဟယ် သူ့ငယ်ပြန်ပြီး သဝန်တိုပြနေတယ်၊ ဒင်း ကလေးပြဿနာစမိရင် မဆုံးတော့ဘူး၊ ခရီးက ပြန်လာခါစမို့ သည်းခံ နေတာ အဟုတ်မှတ်နေတယ်၊ လာခဲ့ နောက်ဖေးမီးဖိုချောင်ရောက်မှ ဒင်းနဲ့ငါနဲ့တွေ့မယ်''

''အား မိန်းမ မိန်းမ နာတယ်ကွ''

''ဟား ဟား ဟား''

ဦးမောင် နားရွက်ဆွဲခေါ်ခံရပြီမို့ လမင်းရဲ့ သဘောတွေကျကာ အားရပါးရ အော်ရယ်နေသည်။ ကလေးဆန်လွန်းသော ညီနှမလေးတို့



www.burmeseclassic.com

www.burmeseclassic.com



ချစ်စနိုးနှင့်မနာအောင် ခပ်ဖွဖွ ထုပြီး အပေါ်ထပ်အခန်းရှိရာ တက်လာခဲ့သည်။

အိပ်ရာပေါ်ပစ်လှဲလိုက်ချိန်မှာ စိတ်ရောကိုယ်ရော ပြေလျော့လန်းဆန်းသွား၏။

ဒါပေမဲ့ မျက်လုံးကိုမှိတ်လိုက်စဉ် မြပဝါ အပြုံးကို ဖျတ်ခနဲမြင်ယောင်ပြီး ခုန်ထလိုက်မိသည်။

ဒီကောင်မလေးရဲ့အရိပ်အရောင်တွေ အိမ်အထိတောင် ပါလာသည်ပဲ။

နုနုငယ်ငယ် ဖူးဖူးစင်စင်လေး။

အပြစ်ကင်းတာ သိသာစေသော မပွင့်တပွင့် အပြုံးလေးနှင့် အရာထင်ရှုံ သနပ်ခါးပါးကွက်လေး။

မနိမ့်မမြင့် အရပ်အမောင်းလေးနှင့် ဝင်းမွတ်မွတ်ညိုစိမ့်စိမ့် အသားအရေ။ နှုတ်ခမ်းလေးကတော့ နှင်းဆီဖူးလေးလို ရဲရဲနေပြီး မျက်ခုံး မျက်လုံးနှင့် နှာတံလေးကလည်း ဆွဲဆောင်မှုရှိ၏။

အရည်လဲ့နေသော မျက်ဝန်းများက ရင်ဘတ်တစ်နေရာမှာ နိုအောင်းနေကာ ဘယ်လိုမှ မေ့မရနိုင်တော့ဘဲ..။

■ ■ ■



## အခန်း (၁၀)

ကြယ်တိုင်းရဲ့ ပြန်သွားပြီးချိန်မှာ တစ်ထပ်တိုက်အိမ်လေးကို သူမ လှည့်ပတ်ကြည့်နေမိသည်။

တကျက်လို့ရသော ဝရန်တာတစ်ခု။ ညှိခန်းငယ်လေးနှင့် အိပ်ခန်းက တစ်ခန်းသာရှိသည်။ သုံးယောက်လုံး စုပြုံအိပ်ရမည်ထင်၏။ မီးဖိုခန်းလေးကလည်း သန့်ရှင်းသပ်ရပ်ကာ ချစ်စရာလေးပင်။

အိမ်ရှေ့မှာ မြက်ခင်းစိမ်းလေးနှင့် အဖြူရောင်ဒါန်းလေးတစ်ခုလည်း ရှိပြီး အလှပန်းအိုးလေးတွေလည်း အစီအရီ။

"ပဝါ ဘာတွေလိုက်ကြည့်နေတာလဲ"

"ဪ အိမ်လေးက ချစ်စရာကောင်းလို့ပါ၊ ကိုတိုင်းက မကြည် မြာတို့အတွက် ငှားပေးထားတာလားဟင်"

"ငှားပေးထားတာ မဟုတ်ဘူး၊ ကိုတိုင်းက သူ့ အပန်းဖြေဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်တဲ့ရပ်ကွက်မှာ ဝယ်ထားတာ၊ တို့တွေကို အစက အိမ်ငှားပေးဖို့ လုပ်သေးတယ်၊ နောက်တော့ မသင့်တော်ပါဘူးဆိုပြီး ဒီမှာထားလိုက်တာ၊ ဝယ်ထားတာတောင် သိပ်ကြာသေးပုံမပေါ်ဘူး"

"မိန်းမရရင် နေဖို့လားမှမသိတာဟာယ်၊ ဟဲ့ ကိုတိုင်းဆိုတဲ့ လူချောကြီးက ဘယ်လိုမိန်းမမျိုးနဲ့လက်ထပ်မလဲ မသိဘူးနော်"

"ငါနဲ့ ငါနဲ့"

မကြည်ပြာက သူ့ကိုယ်သူ လက်ညှိုးထိုးနေသည်မို့ ပန်းအိက လက်ကိုပုတ်ချပြီး

"မတန်မရာ ပြောတော့မယ်၊ ဘာငါနဲ့လဲ"

"အဲ အဲ ငါနဲ့ဆိုတာက ငါနဲ့တော့ဟုတ်ဘူးလို့"

ပြောင်စပ်စပ် မကြည်ပြာအပြောကြောင့် မြပဝါ ပေါ့ပါးစွာပင် ရယ်လိုက်မိသည်။ မကြည်ပြာနှင့် ပန်းအိကလည်း ပျော်တတ်နောက်တတ် ပေသားပဲ။

"မကြည်ပြာတို့ ဒီမှာ ရောက်နေတာ ကြာပြီလားဟင်"

"အင်း တစ်လလောက်ပဲ ရှိဦးမယ်ထင်တယ်၊ ကျောင်းမတက်ခင် သင်တန်းတက်ပါလားလို့ ပြောတာနဲ့ ကြိုရောက်နေတာ"

"ကိုတိုင်းက စားစရိတ်ပါ ထောက်ပံ့ထားတော့ သူကိုယ်တိုင် လာပို့တာလား"

ရံဖန်ရံခါ တွေ့ရနိုးနိုးနှင့် မျှော်လင့်စွာအမေးမှာ ပန်းအိ ခေါင်း





ခမ်းပြတာကြောင့် မသက်မသာပင် သက်ပြင်းချမိသွား၏။

"ဦးမောင် လာတယ်၊ ကုမ္ပဏီမန်နေဂျာ လာတယ်၊ အဲဒါက ဆန်ဆီဘာညာ အမာခံတွေ လာပို့တာပေါ့လေ၊ ကျောင်းစရိတ်နဲ့ အိမ်အသုံးစရိတ်တော့ ဘဏ်က လိုသလောက် ထုတ်သုံးခွင့် ပေးထားတယ်၊ ဘာမှလိုလေသေးမရှိပါဘူး"

"လိုတာကတော့ သူ့မျက်နှာလေးကိုမြင်ချင်တိုင်း မြင်ခွင့်မရတာပဲ"

"ကြည့် ရူးပြန်ပြီ"

"သြော် ရူးတာမဟုတ်ဘူး၊ ကျေးဇူးရှင်ကို မပြစ်မှားကောင်းလို့ မပြစ်မှားရပေမယ့် ဒီရင်ထဲမှာလေ တည်ကြည်ခန့်ညားလွန်းတဲ့သူ့ကို ထည့်ထားချင်တာ"

"အယ် ဟိုမှာ ကိုတိုင်းတော့"

"ဟင် ဘယ် ဘယ်မှာလဲ"

မကြည်ပြာ ကြောက်အားလန့်အားနှင့် ဆက်တီခုံပေါ်က ခုန်ချတော့ မြပဝါနှင့် ပန်းအိ ခွက်ထိုးခွက်လှန် သရော်ကာ ရယ်လိုက်မိကြပြန်သည်။

မကြည်ပြာ တော်တော်မျက်နှာပြောင်သည်။

"မကြည်ပြာရယ် အဲလောက်ကြောက်တတ်နေပြီး ဘာလို့ လျှောက်ပေါက်ကရပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကြောက်တာ မဟုတ်ပါဘူး၊ နတ္ထွားလူချောကြီးမို့ ချစ်တာ ဟင်း ဟင်း''

''ကဲပါ ပဝါ ဗိုက်ဆာနေရော့မယ်၊ ပဝါ ရေချိုးအနားယူဦး မလား၊ ထမင်းနူးလိုက်ရမလားဟင်၊ ထမင်းဟင်းက အလှည့်ကျ ချက် ရတာဆိုတော့ ဒီနေ့ တို့လက်ရာ ငါးပေါင်းဟင်းရှိတယ်''

''ပဝါ မစားချင်သေးပါဘူး၊ ပဝါ ဘယ်မှာနေရမှာလဲ၊ သန့်ရှင်း ရေးလုပ်ချင်လို့''

''သန့်ရှင်းရေးက အထူးလုပ်စရာ မလိုပါဘူး၊ တစ်ခန်းတည်း အတူနေရမှာလေ''

''အလှည့်ကျပဲပေါ့၊ နောက်နေ့ကစပြီး သန့်ရှင်းရေးရော ထမင်း ဟင်းချက်တာရော ပဝါ တစ်ယောက်တည်းလုပ်ပါမယ်''

''ဟယ် တကယ် ပဝါလေးက အလိုက်သိလိုက်တာကွယ်၊ တို့ တော့ မြင်မြင်ချင်း ပဝါကို အရမ်းချစ်သွားပြီ''

''နေပါဦး မကြည်ပြာက အခုမှ တက္ကသိုလ်တက်မှာဆိုပေမယ့် နည်းနည်းများ အသက်ကြီးနေလားလို့''

''ဒါလား၊ ဒါက ဒီလိုရှိတယ်၊ တို့က ကျူရှင်မတက်နိုင်လို့ ဆယ်တန်းမှာ သုံးလေးခါကျတာလေ၊ ဒီနှစ်မှအောင်လာလို့ တက္ကသိုလ် လာတက်တာ၊ ဒဲ အဲဒါကို ကျောင်းရောက်ရင် မဖွလိုက်ကြနဲ့နော်၊ က အရမ်းနုပျိုတော့ အများကမြင်ရင် မင်းတို့နဲ့ သက်တူရွယ်တူလို့





ထင်ကြမှာ သိတယ်မလား''

''စိတ်ချပါ့ပါဟယ် တကယ်''

မျက်စမျက်နှင့် ကော့ကလန်ပုံနေသော မကြည်ပြာကို ပန်းအိ အမြင်ကတ်နေသည်။ ဒီသုံးယောက်တည်းမှာ အသက်အကြီးဆုံးဆိုပေ မယ့် မကြည်ပြာက တော်တော်အထိန်းရခက်သည့်လူစားမျိုး။

ဒါပေမဲ့ သူ့လိုလူမျိုးရှိနေမှလည်း ပျော်စရာကောင်းမှာ။ သူမ အထုပ်တွေ အခန်းထဲကိုရွှေ့တော့ မကြည်ပြာတို့ ပစ္စည်းတွေလည်း များများစားစား အခန်းထဲမှာ မတွေ့ရပါ။

ခဏနေ ရေမိုးချိုးပြီးလို့ ထမင်းစားချိန်မှာလည်း မကြည်ပြာရဲ့ အရယ်အရွှန်း စနောက်မှုများကြောင့် မြပဝါ စိတ်သက်သာရ ပျော်ရွှင် နေမိသည်။

ဒါပေမဲ့ ညအိပ်ချိန် တိတ်ဆိတ်နေစဉ်မှာတော့ အကြင်နာကြီး သော ကြယ်တိုင်းရဲ့ရဲ့မျက်ဝန်းများနှင့် စကားသံလေးတွေကို ကြားယောင် မြင်ယောင်နေမိသည်။

ဘာကြောင့်များ နွေးထွေးနူးညံ့စွာ ဖြေသိမ့်ဖေးမတတ်လွန်း တာလဲ။

ဒီမှာ ဒီလိုထားသွားရုံနှင့် တာဝန်ကျေပြီလို့ ယူဆနေမှာလား။ သူမ ဘာကိုများ တောင့်တချင်နေမိတာလဲ မသိချေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မနက်စာကို ဖြစ်သလို ကပျာကယာစားကာ ကုမ္ပဏီကိစ္စအကြောင်းပြ၍ အိမ်ကစောစောထွက်လာခဲ့သည်။ ညီစားပြီးချိန်တောင် မစောင့်နိုင်တာမို့ ညီ စိတ်ကောက်ကာ ကျန်ခဲ့သည်။

မြပဝါ လိုအပ်တာတွေ ဝယ်ပေးဖို့ သူ့မှာတာဝန်ရှိနေသည်။ သူ့ရဲ့စိတ်ကိုပင် သူ နားမလည်ပါ။

ကြည်ပြာတို့ရောက်လာတုန်းက ဒီလိုစိတ်ခံစားမှုမျိုးဖြင့် အရေးတယူ မလုပ်မိခဲ့။ စိတ်စေတနာ အရင်းခံမှန်သော်လည်း တခြားလူကို တာဝန်ပေး၍ ဝတ္တရားကျေဖို့တစ်ခုပဲ သူ့အတွေးထဲမှာရှိသည်။

မိဘမဲ့ဘဝတူချင်းမို့ ကရုဏာပိုခဲ့မိသည်လား။ ဝင်းတံခါးက အဆင်သင့် ဖွင့်ထားသည်မို့ ကားဟွန်းနှစ်ချက်လောက်တီးပြီး တိုက်အိမ်လေးရှေ့ထိ မောင်းဝင်လာခဲ့သည်။





"ဟယ် ကို ကိုတိုင်း ရောက်လာပြီတော့၊ တို့သင်တန်းသွားမှာသိလို့ ကားနဲ့လာကြိုတာထင်တယ်၊ အမယ်လေး ရင်တွေခုန်လိုက်တာ"

"လုပ်ပြီ ဒေါ်ကြည်ပြာတို့ကတော့ မနေ့က ပဝါကို ကိုတိုင်းမှာသွားတာ မကြားဘူးလား။ လိုအပ်တာ ဝယ်ပေးဖို့ ပဝါကို လာခေါ်မယ်ဆိုတာ"

"မနာလိုစရာပဲဟယ် တို့ကိုတော့ အဲလို ဂရုတစိုက် မရှိခဲ့ပါဘူး၊ မျက်နှာလိုက်ရင်တော့ တို့ သဝန်တိုပစ်လိုက်မှာနော်"

"မကြည်ပြာနော် လျှောက်ပြောနေ၊ ဟိုက ဝင်လာပြီ"

"အမ် အမ် အဲ ဘာမှမဟုတ်ပါဘူး ဟဲ ဟဲ အလကားစတာ"

ပဝါ ခြိမ်းခြောက်လိုက်မှ မကြည်ပြာ ကော့ကလန်စပ်ဖြဲဖြဲဖြစ်သွားသည်။ ကြယ်တိုင်းရဲက တည်ငြိမ်သောအပြုံးနှင့် အားလုံးကိုခြုံငုံနှုတ်ဆက်သည်။

ပြီးမှ ဆက်တီခုံမှာ ဝင်ထိုင်ကာ

"ပဝါ ညက အိပ်လို့ရောပျော်ရဲ့လား၊ ခရီးကလည်းပမ်းလာ အိပ်ရာကလည်း အပြောင်းအလဲနဲ့"

"ဟုတ်ကဲ့ သူငယ်ချင်းတွေ စကားတွေပြောရင်းနဲ့ အိပ်ပျော်သွားတာ၊ ဘယ်လိုအိပ်ပျော်သွားမှန်းတောင် မသိဘူး"

"တစ်ယောက်နဲ့တစ်ယောက် ခင်ဖင်ရင်းနှီးသွားကြပြီပေါ့၊ ကိုယ်က အခုမှတွေ့ကြသိကြတာ အဆင်မှပြေပါ့မလားလို့ စိုးရိမ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက်တော့ မစိုးရိမ်ပါနဲ့ ကိုတိုင်းရယ်၊ ပဝါက အိမ်သန့်ရှင်းရေးအလုပ်တွေ၊ ထမင်းဟင်းချက်တဲ့အလုပ်အဘွ သူတစ်ယောက်တည်း လုပ်မယ်ပြောတာနဲ့ ကျွန်မတို့နှစ်ယောက်က တန်းခနဲကို ခင်သွားရော"

"ဘာ"

"အဲ အဲ သဘောပြောတာပါ၊ စိတ်ကြီးပဲ ကျ ကျွန်မတို့လည်း ဝိုင်းကူလုပ်မှာပါ"

ကြယ်တိုင်းရဲ့က အံ့ဩကာ ဘာဆိုသည့်အသံကျယ်သွားတော့ မကြည်ပြာ မျက်လုံးပေကလပ်ပေကလပ်နှင့် ကြောက်အားလန့်အား ပြန်ပြင်ပြောရသည်။

"စည်းလုံးညီညွတ်မှုရှိချင်ရင် ကိုယ်တူကိုယ်ထ တက်ညီလက်ညီ လုပ်ရမှာပေါ့ ပဝါရဲ့၊ ပဝါက အရှမ်းသိမ်ငယ်ပြီး တစ်ယောက်တည်းလုပ်တော့ စိတ်ဝမ်းလည်းကွဲမယ်၊ ပဝါလည်း ပင်ပန်းတာပေါ့"

"ဟို အဲလိုမဟုတ်ပါဘူး"

"ဟုတ်ဟုတ် မဟုတ်ဟုတ်ပါ၊ ကြည်ပြာနဲ့ပန်းအိလည်း ထိုင်ဦး၊ ကိုယ် စကားနည်းနည်းပြောချင်တယ်၊ ကိုယ်အခုပြောမယ့်စကားကိုလည်း တစ်မျိုးမထင်နဲ့ခနော်"

"ဟုတ်ကဲ့"

သင်တန်းသွားဖို့အိတ်တွေလွယ်ပြီးမှ ကြည်ပြာနှင့်ပန်းအိ ရိုကျိုး





စွာ ဝင်ထိုင်ကြသည်။ မြပဝါကတော့ ကြယ်တိုင်းရဲ့ ဘာပြောမလဲဆိုတာ စိတ်ဝင်စားနေသည်။

ပြီးတော့ ခုနက ကြယ်တိုင်းရဲ့ ပြောလိုက်သည့်စကားအတွက် ကြည်ပြာနှင့် ပန်းအိကို အားနာမိသလိုလို။

"မြပဝါက ကြည်ပြာနဲ့ပန်းအိလို မိဘတွေ မိသားစုမွေးချင်းမောင်နှမတွေ မရှိတော့ သူမ သိမ်ငယ်ရအောင် ပိုပြီးစောင့်ရှောက်ပေးကြပါ၊ ဒီလိုအရေးတယူမှာလို့ ငါတို့ကျ ဒီလို ဂရုစိုက်မှုမျိုး မရှိဘူးလို့လည်း မတွေးလိုက်ကြပါနဲ့"

"မ မတွေးပါဘူး၊ ကျွန်မတို့မှာ လုံးဝ အဲလိုစိတ်မျိုး မရှိပါဘူး"

"ကျေးဇူးတင်ပါတယ်၊ ကိုယ့်မှာလည်း မိဘတွေမရှိတော့ဘူးဆိုတော့ မြပဝါကို ပိုပြီး ကိုယ်ချင်းစာမိတယ်၊ အားကိုးမှီခိုစရာ မိဘတွေမရှိဘူးဆိုတဲ့ ခံစားချက်က အရှမ်းဆောက်တည်ရာမရ သိမ်ငယ်ရတယ်ဆိုတာ ကိုယ်တိုင် ခံစားခဲ့ရလို့ မြပဝါကို အမြဲတမ်း အားပေးချင်မိတယ်၊ ဒါ အရိုးသားဆုံးဝန်ခံတာပါ၊ ကြည်ပြာတို့ နားလည်ပေးနိုင်တယ် မဟုတ်လား"

"နားလည်ပါတယ်၊ နားလည်ပေးနိုင်ပါတယ်ရှင်"

မကြည်ပြာ ပျာယာခတ်ကာ ခေါင်းရော မျက်လုံးရော ညိတ်ပြနေသည်။ ကိုယ့်ကို ကူညီထောက်ပံ့နေသော သူဌေးတစ်ယောက်က အလေးအနက် တောင်းဆိုနေတာမို့ မျက်နှာပူအားနာနေမိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



မြပဝါကလည်း သူမအတွက် အဲလောက်ကြီး ပြောပေးနေတာ နေရထိုင်ရခက်စွာဖြင့်

"ပဝါအပေါ် အဲလောက် ဂရုမစိုက်လည်းရပါတယ်၊ ပဝါ မကြည်ပြာတို့နဲ့နေရတာ ပျော်ပါတယ်"

"အင်း ဟုတ်ပါပြီ အခု ကြည်ပြာတို့က သင်တန်းသွားဖို့ပြင်နေတာလား၊ ဒီနေ့တစ်ရက် မတက်ဘဲ ဈေးဝယ်လိုက်ခဲ့ကြလေ၊ အိမ်အတွက်ရော မင်းတို့အတွက်ရောလိုအပ်တာလေးတွေ ဝယ်ကြပေါ့"

"ရှင် အဲလိုလုပ်ရမလား၊ ဟယ် ပန်းအိ ငါတို့လည်း လိုက်ရမယ်တဲ့၊ လာ ငါတို့ နည်းနည်းလောက် ရှိုင်းရအောင်၊ ကိုတိုင်း ခဏလေး ပါနော်၊ ကျွန်မတို့ အလုပြင်လိုက်ဦးမယ်"

ကြည်ပြာက ပန်းအိလက်ကိုဆွဲ၍ နောက်ခန်းထဲဝင်သွားသည်။ ခမ်းသာပျော်ရွှင်ကာ ခုန်ပေါက်နေသော ကြည်ပြာတို့ကိုကြည့်၍ မြပဝါ စိတ်သက်သာရာ ရသွားသည်။

ကြယ်တိုင်းရံက သူမတစ်ယောက်တည်းသာ ခေါ်ထုတ်သွားလျှင် မကြည်ပြာတို့ကို အားနာစရာ ဆပ်ဖြစ်ရဦးမှာ။

"မင်းကရော အလုမပြင်တော့ဘူးလား"

"ဟင် မပြင်တော့ပါဘူး၊ မနက်စောအိပ်ရာထတော့ အိမ်သန့်ရှင်းရေးလုပ် ချက်ပြုတ်ပြီးတာနဲ့ ရေချိုးအဝတ်အစားလဲထားတာပဲ"

"မင်က လှပြီးသားပါ"





"ရှင်"

တိုးတိတ်စွာ လွှတ်ခနဲ ထွက်သွားမှုအပေါ် မြပဝါ နားမလည်တာမို့ ရှင်ခနဲ မျက်လွှာလေးပင့်ကြည့်လာ၏။ ကိုယ့်အမှားကိုယ် တာဝန်မယူရဲသလို ယောင်တောင်တောင်နှင့် ဟိုကြည့်ဒီကြည့် ရှူးချင်ယောင်ဆောင်လိုက်ရသည်။

သူက လူကြီးတစ်ယောက်၊ ထိန်းသိမ်းရမည့် ဝတ္တရားတွေလည်းရှိနေကာ၊ အခွင့်အရေးယူသလိုလည်း ဖြစ်မှာစိုးရိမ်သည်။

"ကိုတိုင်း ပဝါ သွားကြမယ်"

မကြည်ပြာတို့နှစ်ယောက် လန်းပြန်နေအောင် ဝတ်စားထွက်လာတော့ ကြယ်တိုင်းရံနှင့် မြပဝါ ပါးစပ်ပိတ်၍ ရယ်မိကြသေးသည်။ တကယ်ပင် ပေါ့ပေါ့ပါးပါး ပျော်ပျော်နေတတ်ကြသူတွေ ဖြစ်မည်။

မြပဝါအတွက် သူ့ရင်ထဲမှာ စိတ်ချမိသလိုတော့ ဖြစ်သွား၏။ ဒီမိန်းကလေးရဲ့ဘဝကို အပျော်တွေနဲ့ပဲ ဖြတ်သန်းစေချင်တာ သူ့စေတနာအမှန်ပါ။

သက်တမ်းတစ်လျှောက် ညီအတွက်သာ အချိန်တွေ ကုန်လာခဲ့ရင်း၊ မိန်းကလေးတစ်ယောက်အပေါ် ထူးထူးခြားခြား ခံစားမိတာ ဒါပထမဆုံးအကြိမ်။

အလိုအလျောက် ဝင်လာတာရယ်လို့ အခွင့်အရေးအယူရက်တာလည်း မင်းကို တန်ဖိုးထားမိနေလို့ပဲ ဖြစ်မှာပါ မြပဝါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ပဝါ ဒါလေးယူဟဲ့ ကျောက်စိမ်းရောင်လေးနဲ့ လိုက်တယ်"

"ဒီ အနီရဲရဲလေးလည်း လှတာပဲ၊ နင့်အသားအရေက ညိုစိမ့်စိမ့် ဝင်းဝင်းစိုစိုလေးဆိုတော့ ဘာအရောင်ဝတ်ဝတ် လိုက်ဖက်နေတာပါပဲဟယ်၊ ကိုတိုင်းက ဝယ်ပေးနေတာပဲ ယူသာယူ"

မကြည်ပြာရော ပန်းအိရောက အဝတ်အစားတွေ တစ်ထည်ပြီးတစ်ထည် သူမကိုယ်မှာ ကပ်ကြည့်လျှက် ယှဉ်နိုင်းနေကြသည်။ ကြယ်တိုင်းရုံကလည်း သူ့ဘာသာ ကောင်းနိုးရာရာ ရွေးချယ်ပေးနေတာ့ တစ်ပုံတစ်ပင်။

ရေမွှေးပုလင်း၊ အလှပြင်ပစ္စည်း၊ အသုံးအဆောင်တွေလည်း ပါသေးတာမို့ ထုထုပုပုကြီးပင် အားနာနေမိသည်။

"တော်ပြီ တော်ပြီ ကိုကိုင်း၊ ဒီလောက်များနေပြီကို ပဝါမလို





ချင်တော့ဘူး"

"တစ်ခါတည်း ထွက်လာလက်စနဲ့ လိုအပ်တာဝယ်မှာပေါ့ ပဝါရယ်၊ ကိုယ်ကခဏခဏလိုက်ပို့နိုင်မှာမဟုတ်ဘူး။ နောက်ပြီး ပဝါ ကျောင်းတက်ပြီဆိုရင်ရော ဒီလိုဈေးဝယ်ထွက်နေလို့ ဖြစ်မှာလား"

"ဘာဖြစ်ဖြစ် ဒီမှာပြည့်စုံရုံမကဘူး ပိုလျှံနေပါပြီ၊ ဒါမျိုးတွေ တစ်ခါမှ သုံးဖူးဝတ်ဖူးတာ မဟုတ်ဘူး၊ အလကားရလို့ မတရားယူနေသလို ဖြစ်နေပြီ"

"ဟိတ်ကောင်မလေး ဘာတွေလျှောက်တွေးနေပြန်တာလဲ မင်းကို ဘယ်သူက အလကားယူတယ်ဆိုပြီး အတင်းပြောနေလို့လဲ၊ ကဲ ဒီဆိုလည်း ဒါတွေကောင်တာမှာ သွားထားလိုက်၊ ပြီးမှငွေရှင်းမယ်၊ အပေါ်ထပ်မှာ ကော်ဖီသွားသောက်ရအောင်"

"ကိုတိုင်း ကုမ္ပဏီသွားရဦးမှာ မဟုတ်လား"

"ရတယ် မန်နေဂျာဆီ ဖုန်းဆက်ပြီးပြီ၊ မင်းတို့ကို အိမ်ပြန်လိုက်ပို့ပြီးမှ ကိုယ်သွားမှာ"

"လာပါ ပဝါရယ် ကိုတိုင်း သူ့အလုပ်သူသိပါတယ်၊ ငါတို့မှာ ခန်ကုန်သာရောက်တာ ဒီလို လည်ဖူးပတ်ဖူး စင်တာတွေ ရောက်ဖူးသေးတာမဟုတ်ဘူး၊ နင့်မျက်နှာနဲ့ ကိုတိုင်းလိုက်ပို့လို့မှ ရောက်ရသေးတယ်၊ နောက်ဆံတင်းမနေနဲ့ ကွ"

ကြယ်တိုင်းရုံရဲ့ လိုက်လျောမှုများကြောင့် မကြည်ပြာပင် သိပ်



www.burmeseclassic.com

www.burmeseclassic.com



အကြောက်အလန့် မရှိတော့ဘဲ ရင်းနှီးဖော်ရွေမှု ရှိလာသည်။ ကြယ်တိုင်းရံကလည်း အိုးတိုး အမ်းတမ်း အနေမခက်အောင် အရင်ကလို မျက်နှာကြီးကို တင်းမာပြီး ခပ်တည်တည် လုပ်မနေတော့ပါ။

လူငယ်တွေလိုပင် ပေါ့ပေါ့ပါးပါး ပြုံးရယ်၍ စိတ်ချမ်းသာနေသလိုရှိသည်။ ဘဝမှာ ဒီလိုမနေဖြစ်တာ ကြာခဲ့ပြီ။

"ကဲ စားချင်တာစား သောက်ချင်တာသောက် ဒီဆိုင်က ကော်ဖီ၊ အအေး၊ ရေခဲမုန့်နဲ့ ကိုးရီးယား အစားအစာလည်းရတယ်၊ မီနူးကြည့်လိုက်"

"ဟယ် အဲဒါဆို ပဲခေါက်ဆွဲ ပဲခေါက်ဆွဲစားမယ်"

"တို့ကတော့ အိုးပါးနဲ့ အတူတူစားနေကျ ရှိုးရှိုးလေးခေါက်ဆွဲပြုတ်"

"ရှူးပဲ့၊ ပဝါ ရေခဲမုန့်စားမယ်"

"ကိုယ့်ကို ဒိန်ချဉ်တစ်ခွက်ပေး ညီလေး"

အသီးသီးမှာပြီးကျချိန်မှာ ရင်းနှီးမှုတွေ အရှိန်တက်လာပြီး ပွင့်လင်းစွာပင် ရယ်လိုက်မိကြ၏။ ကြယ်တိုင်းရံမှာ ဘာအရှိန်အဝါမှ မရှိတော့သလိုနှင့် သူငယ်ချင်းလို့ သတ်မှတ်ပြီး နေလိုက်ကြသလားမသိ။

ကြောက်လန့်တာတွေ၊ ရှက်ရွံ့တာတွေ လုပ်မနေတော့ဘဲ မကြည်ပြာတို့နှစ်ယောက် အငမ်းမရ အားရပါးရ ဆွဲနေကြသည်။





ပလုပ်ပလောင်းစားသည့်မို့ မကြည်ပြာတို့ပါးစပ်တွေမှာ ပေချာလန်လို့ပါ။

မြပဝါက ကိုရီးယားတွေစားတာတောင် ရွံစရာကောင်းလှသည်မို့ မစားဘဲနေခဲ့တာ။

"ရေခဲမုန့်စားပြီး မင်းဗိုက်ပြည့်မှာလား ပဝါ၊ တစ်ခုခုမှာစားပါလား"

"အိမ်ကျ ထမင်းစားရမှာပဲဟာကို၊ ဘာလို့ ဗိုက်ပြည့်အောင်စားမှာလဲ မစားချင်ပါဘူး"

"ပဲများနေတာ ကိုတိုင်းရေ၊ အိမ်မှာဆို ပဝါက အစားပုပ်သလား မမေးနဲ့"

"ဘာပုပ်လို့လဲ၊ တစ်ပန်းကန်တောင် မနည်းကုန်အောင်စားရတာ အေးနော် သူများအကြောင်း မဟုတ်ကဟုတ်ကတွေပြောတယ်၊ ညကျရင် လက်ဖက်ထမင်းသုပ် မကျွေးတော့ဘူး"

"အယ် ဘွာဘွာ အဲလို မပြောတော့ဘူး။ စိတ်ဆိုးနဲ့နော်"

"လက်ဖက်ထမင်းသုပ် အဲဒါ ဘာပြောတာလဲ"

ကြယ်တိုင်းရံ စိတ်ဝင်တစားမေးတော့ မကြည်ပြာက တူနှစ်ချောင်းကို ပန်းကန်ပေါ်တင်ပြီး

"ညကလေ သန်းခေါင်ကျော်ဗိုက်ဆာတော့ ဟင်းကမရှိတော့ဘူး၊ အဲဒါ အိမ်မှာရှိတဲ့ လက်ဖက်ကို ပဝါက ထမင်းနဲ့သေချာနယ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သုပ်ကျွေးတာ အရမ်းစားလို့ကောင်းတာပဲ''

''ဟုတ်လား ပဝါ့လက်ရာဆိုတော့ ကိုယ်တောင် တစ်ခါလောက် စားကြည့်ချင်လာပြီ''

''ကိုတိုင်း စားချင်အိမ်လာခဲ့ပါ၊ ပဝါ သုပ်ကျွေးမယ်''

''အင်း ဆန်းဒေးကုမ္ပဏီပိတ်ရင် နေ့လယ်စာစားဖို့ ကိုယ် လာခဲ့မယ်လေ''

''ဟိုတယ်စာမဟုတ်လို့ မကဲ့ရဲ့ရဘူးနော်''

''ကဲ့ရဲ့စရာလား၊ ကိုယ်က ပဝါလက်ရာကို ရွာမှာကတည်းက စားဖူးထားလို့ ဘယ်လောက်ကောင်းတယ်ဆိုတာ သိပြီးသားပါ''

''ကိုတိုင်းက မြှောက်ပင့်ပြီး ညာစားနေတာပဲ၊ အဲလောက်လည်း မဟုတ်ဘဲနဲ့''

ရှက်ကိုးရှက်ကန်း မှုန့်ဲ့ဟန်လေးက သူ့ရင်ထဲထိသွားသည်။ ဘာကြောင့်များ နှလုံးသားတွေ တဆတ်ဆတ် ခုန်ရတာလဲ။

အချစ်ဆိုသောအရာကို ဆာလောင်တပ်မက်နေပါရောလား။ ဘယ်လောက်ထိတောင့်ခံနိုင်ပါ့မလဲ ဒီနှလုံးသားက. . .။

■ ■ ■

စိုးမိုးစာပေ

## အခန်း (၁၃)

''ဒီတစ်ခေါက် ကုန်တွေအခြေအနေ ဘယ်လိုလဲ ကိုသန့်ဇင်''

''ဂွတ်တယ် ဆရာ၊ အိတ်စ်ပို့ တိုက်ရိုက်ရတယ်၊ ပြည်တွင်းအတွက်ပါ အသန့်တွေရတော့ နာမည်ကောင်း ဂုဏ်သတင်းထွက်ပြီပေါ့၊ ဒီမြေသြဇာနဲ့ ဆက်လုပ်သွားရင် တောင်သူတွေလည်း ကိုယ့်ကိုကျေးဇူးတင်ကြမှာ ဆရာရဲ့''

''ဘတ်ဂျက်ပိတ်ရင် ညစာခံပွဲတစ်ခု စီစဉ်လိုက် ကိုသန့်ဇင်၊ ကိုယ့်အတွက်ချည်း အကျိုးထူးခံစားနေလို့ မရဘူး၊ သူတို့ကိုလည်း အကျိုးတူခံစားခွင့်ပေးလိုက်ပါ''

''ဟုတ်ကဲ့ ဆရာ''

ကိုသန့်ဇင် ရုံးခန်းထဲက ထွက်သွားချိန်မှာ သူ ကျေနပ်အားရစွာ ပြုံးလိုက်သည်။ လုပ်ငန်းတစ်ခုအောင်မြင်ဖို့ ကံကောင်းခြင်းတွေလည်း

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သည်ပဲ။ မျှတသောစိတ်၊ ကိုယ်ချင်းစာတတ်သောစိတ်တွေရှိမှလည်း ကံကောင်းခြင်းဆိုတာ ရောက်လာမှာ။

သူ ရုံးဆင်းလို့ အိမ်ပြန်ရောက်ချိန်ထိ သူ့မျက်နှာပေါ်က အပြုံးတွေ မပျောက်ကွယ်သေး။

"ဘာတွေကျေနပ်နေတာလဲ ကိုတိုင်း၊ မျက်နှာက ပြုံးရတာလား။ ရည်းစားရတာလား"

အမောပြေ သံပရာရည်တစ်ခွက် ယူလာရင်း ဦးမောင်မေးတော့ ဆိုဖာခုံကို နောက်မှီထိုင်ချလိုက်ရင်း

"မဟုတ်ပါဘူး ဦးမောင်ရာ၊ နိုင်ငံခြားက ကျွန်တော်တင်သွင်းလာတဲ့ မြေသြဇာက အောင်မြင်တယ်ဗျ။ တောင်သူတွေဆီ စမ်းသပ်ပြီး သုံးနိုင်းတာ အရင်းရှုံးချင်လည်းရှုံးပစေဆိုပြီး စွန့်စားခဲ့တာ မဟုတ်လား။ နိုင်ငံခြားငွေတောင် ပြန်ရမယ်ဆိုတော့ စွန့်စားရကျိုးနပ်တာပေါ့"

"အေး ခေတ်နဲ့စနစ်က ထွန်းကားတိုးတက်လာတာ၊ ခုခေတ်လုပ်ငန်းရှင်တွေအတွက် အားရစရာပါ၊ မင်းကြိုးစားသမျှ အောင်မြင်နေတာလည်း ဂုဏ်ယူစရာပေါ့၊ ဒါပေမဲ့ သို့အတွက်ဆိုတာချည်းပဲ လုပ်မနေနဲ့၊ လမင်း မိန်းမယူသွားရင် မင်းတစ်ယောက်တည်းကွေးမှာ"

"အချိန်တွေအများကြီးကျန်ပါသေးတယ်၊ ညီက အခုချက်ချင်းမိန်းမယူမှာမှ မဟုတ်ဘဲ၊ ညီ တကယ်လို့ မိန်းမယူသွားလည်း ကျွန်တော်က ဒီအိမ်ကြီးကိုရော လုပ်ငန်းတွေရော သူ့ကိုအကုန်ပေးလိုက်မှာ"





"မင်းက ဘုန်းကြီးကျောင်းသွားနေမှာလား"

"အဲလိုလည်း မဟုတ်ဘူးလေ၊ မြပဝါတို့ကိုထားတဲ့ အိမ်လေးက ကျွန်တော်အနားယူဖို့ ညီကို အသိမပေးဘဲ ဝယ်ထားတယ်ဆိုတာ ဦးမောင်သိနေတာပဲ၊ အေးအေးချမ်းချမ်း နေလို့ရနေတာပဲဗျာ"

"အေး မင်းပြောမှ သတိရတယ်၊ မြပဝါလေးရော နေရထိုင်ရ အဆင်ပြေရဲ့လား။ သူ့မိဘတွေကို သတိရပြီး စိတ်မကောင်းရော ဖြစ်နေသေးလား"

"ဟိုကောင်မလေးတွေက ပျော်တတ်ပါတယ်၊ ပဝါကို စိတ်ချမ်းသာအောင်ထားဖို့လည်း ကျွန်တော် ပြောထားတယ်"

"နေဦး ကြည့်ပြာတို့ရည်းရှိတုန်းက မျက်နှာလွှဲခဲပစ်ထားတာမျိုး မဟုတ်ပေမယ့် မင်း အဲဒီအိမ်ကို တစ်ခေါက်မှ မရောက်ဘူးနော်၊ အခု ဘယ်မှာတွေ့လို့ အဲဒီစကားပြောခဲ့တာလဲ"

"အဲ အဲဒါကလေ"

ဦးမောင် အတည်ပေါက်မေးခွန်းမှာ အငိုက်မိကာ ယောင်လည်လည်ဖြစ်သွား၏။ ဦးမောင်ကိုတော့ ရှုးချင်ယောင်ဆောင် မဖုံးကွယ်ချင်။

သူ့မျက်လုံးထဲက အမိပွါယ်တွေကို ဘာသာပြန်တတ်နေသော ဦးမောင်က

"မင်းကိုအပြစ်တင်လို့ မဟုတ်ပါဘူး။ လူဆိုတာ တစ်ခါတလေ ကိုယ့်စိတ်ကို အလိုလိုက်သင့်ရင် ဝေဒနာရတတ်တယ်၊ မိဘတွေမရှိတော့



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက်လည်း ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ရပ်တည်လို့ရနေတာပဲကွာ''

''ဦးမောင် ဘာကိုပြောချင်တာလဲ''

''မြပဝါနဲ့ပတ်သက်ပြီးတော့ပေါ့၊ အဆင့်အတန်းမတူလို့ အသက်အရွယ်ကွာလို့ ကန့်ကွက်မယ့်သူ တားဆီးမယ့်သူ ရှိလို့လား၊ မိုက်ရူးရဲဆန်အောင် မြှောက်ပေးနေတာမဟုတ်ဘူး။ ဆုံးဖြတ်ချက်ချရဲအောင် တိုက်တွန်းနေတာ၊ သူ့ဦးလေးနဲ့အဒေါ်ကလည်း မင်းလိုလူမျိုးနဲ့ဆိုရင် သဘောတူလွန်းလို့ ဖတ်ဖတ်တောင် မောနေဦးမယ်''

''အခွင့်အရေးသမားလို့ ထင်သွားရင် တစ်သက်လုံး ထိန်းသိမ်းလာခဲ့တဲ့ ဂုဏ်သိက္ခာတွေ ရေစုန်မျောပြီပေါ့ဗျာ၊ ပြီးတော့ ကိုယ်က ဖွင့်ပြောမိပြီး ကျေးဇူးရှိလို့ စိတ်မပါဘဲ လိုက်လျောလိုက်ရတဲ့အဖြစ်မျိုးဆိုရင် ပဝါ ရင်နာရမှာ''

ကြယ်တိုင်းရဲ့ စကားကြောင့် ဦးမောင် နှာခေါင်းရှုံ့သွားပြီး ကြယ်တိုင်းရဲ့အတွက် ချထားသော သံပရာရည်ကို ငွပ်ခနဲ မော့သောက်ချသည်။

''စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်ပြီး စစ်မရောက်ခင်က မြားကုန်တဲ့ အားလျော့တဲ့စကားတွေပြောတာ အံ့ဩပါရဲ့ကွာ၊ လက်တည့်စမ်းနိုင်းနေတာ မဟုတ်ဘူး။ သူ့ရဲ့အတွင်းစိတ်ကို မင်း ဘယ်လိုလုပ်သိမှာလဲ၊ ရင်ထဲက ခံစားချက်ကိုရော မင်း နှိုက်ထုတ်ကြည့်ပြီးပြီလား၊ သူ့မျက်လုံးတွေ ဂရုစိုက်ကြည့်မိတာ မင်းကို စိတ်ဝင်စားမှုရှိတာ သိသာပါ





တယ်''

''ဟင်''

သူ မသိတာကို ဦးမောင် သိနေသည်ဆိုတော့ သူကပဲ ထုံအ န်းလို့လား။ အချစ်ကို အကျွမ်းတဝင်မရှိခဲ့ဘူးသောသူက ဒေါ်မှုံအရင် ည်းစားတွေထားခဲ့ဖူးသော ဦးမောင်လို မိန်းကလေးတွေအထာ သဘော ပေါက်မလွယ်တာတော့ အမှန်ပင်။

ဦးမောင်က အင်္ကျီကော်လံစကို ဟန်ပါပါ မတင်ပြီး

''မိန်းကလေးတွေက ယောကျ်ားတွေကို စိတ်ဝင်စားရွေးချယ်တဲ့ အဓိကအကြောင်းနှစ်ချက်ရှိတယ်''

''ဘာတွေလဲ''

''ပိုက်ဆံချမ်းသာရမယ်၊ ရုပ်ချောရမယ်''

''ယောကျ်ားတွေကရော ဘာကိုကြည့်ပြီး ရွေးချယ်တာလဲ''

''ယောကျ်ားတွေက လှတာမလှတာထက် ကြင်နာပြီး အပြုံစုယုယကောင်းတဲ့မိန်းမဆိုရင် တစ်သက်လုံး နွားလိုရုန်းကန်ရမှာ ဝန် လေးတော့ဘူး၊ နွားပြာကြီးအောက် သွားမရှိတော့သလိုပေါ့ကွာ၊ မောင် ဆို ပွဲသိမ်း''

''ဟား ဟား''

ကြယ်တိုင်းရဲ့ လှောင်ရယ်လိုက်မိတော့ ဦးမောင်မျက်နှာ တင်း သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာရယ်တာလဲ"

"ဦးမောင်ပေးတဲ့ဥပမာက အဝေးကြီးရှာစရာမလိုတဲ့ နီးနီးလေး ကြည့်တာတောင် လွဲနေပြီဥစ္စာ"

"ဘာလဲကွ"

"ဟုတ်တယ်လေ၊ ဒေါ်မှုံက ဦးမောင်ကို ဘာကြည့်ကြိုက်တာလဲ ဦးမောင်က ရုပ်လည်းဆိုး၊ ပိုက်ဆံလည်းမရှိ၊ အဲ ဦးမောင် ဖိန့်ဖိန့်တုန် အောင်ချစ်ကြောက်ရိုသေရတဲ့ ဒေါ်မှုံကရော ဘယ်မှာအပြုစုကောင်းပြီး ကြင်နာတတ်လို့လဲ၊ သိမ်သိမ်မွေ့မွေ့ ယုယဖို့ဆိုတာ ဝေးရော"

"မင်းမသိလို့ပါကွာ၊ သူ ပြုစုယုယတတ်တာ ငါအသိဆုံး"

"ဘာ"

"မင်း ဒါတွေနားမလည်ပါဘူး၊ ငါ့မိန်းမကို ငါ ဘာလို့ချစ် ကြောက်ရိုသေပြီး သည်းညည်းခံနေသလဲဆိုတော့"

"တော် တော်ပါဗျာနော်၊ မနိုင်လို့ သည်းခံတယ်၊ ကြောက်လို့ အရှုံးပေးတယ်၊ ယောကျ်ားပီပီ ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်ပေါ့ ပြီးတာပဲ"

ကြယ်တိုင်းရဲ့စကားကို ဦးမောင် မခံချိမခံသာဖြစ်ကာ မျက်နှာ ကြီး နီမြန်းသွားသည်။ အူမြူးနေသော ကြယ်တိုင်းရဲ့က တမင်သက်သက် စနောက်နေတာ ဦးမောင် မသိ။

"ငါက မင်းကိုအားပေးနေတာ၊ မင်းက ငါ့ကိုရှုတ်ချနေတယ်ပေ ဟုတ်လား၊ ပြောလိုက်ရ မကောင်းရှိတော့မယ်"





"ဟား ဟား အလကားစတာပါ ဦးမောင်ရယ်၊ ဦးမောင် အချစ်ကျွမ်းကျေလို့ ဒေါ်မှုံကြီးက မခွာနိုင်ဖြစ်နေတာ ကျွန်တော် သဘော ပေါက်ပါတယ်"

"ဘာတွေ သဘောပေါက်နေတာလဲ ကိုတိုင်း၊ ရောက်ကတည်း က သူ့ ဦးမောင်နဲ့စကားတွေ ဖောင်ဖွဲ့နေလိုက်တာ ညစာစားဖို့ ရေမိုး ချိုး အနားမယူတော့ဘူးလား"

ဒေါ်မှုံ ဧည့်ခန်းတွင်းဝင်လာပြီး ပြောမှ ကြယ်တိုင်းရဲ့ ကိုယ်ကြီး မတ်မတ်ပြင်ထိုင်လိုက်ရင်း သံပရာရည်ခွက်ကိုကြည့်မိသည်။

"ဟာ ကြည့်ပါဦး ဒေါ်မှုံရယ်၊ ကျွန်တော့်အတွက် ယူလာတဲ့ သံပရာရည် ဘယ်ချိန်က စကားတပြောပြော ကောက်သောက်လိုက်တယ် မသိဘူး၊ ဒေါ်မှုံ ယောကျ်ား အရမ်းလွန်တာပဲ၊ ကြည့်လည်းပြောပါဦးဗျာ"

"မင်းက လမင်းလိုမှ ခြေသွက်လက်သွက် မရှိ တွန့်ဆုတ်နေ တာကိုး ကိုတိုင်းရယ်၊ နောက်ကောက်ကျပြီပေါ့"

"အဲဒါပြောတာကွ ကိုယ်က ချင့်ချိန်စဉ်းစားတွေဝေနေတဲ့အချိန် မှာ သူများက အသာလေးကောက်စားသွားလိမ့်မယ်နော်၊ ဆုံးဖြတ်ချက် ချပြီးပြီဆိုတာနဲ့ တစ်ခါတည်း အကောင်အထည်ဖော်၊ အဲဒါမှ အခုလုပ် လိုက်တဲ့လုပ်ငန်းတစ်ခုလို အောင်မြင်မှုအသီးအပွင့်ကို ပီတိနဲ့ခံစားရမှာ"

"ဘာလုပ်ငန်းတိုးချဲ့ဖို့ တိုင်ပင်နေကြတာလဲ"

"မင်းမသိပါဘူး အသာနေ၊ ငါနဲ့ကိုတိုင်းရဲ့လျှို့ဝှက်ကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင် အတည်ပေါက်စကားကို ဒေါ်မို့ မျက်စောင်းထိုး၍ မကျေမချမ်းဖြစ်သွား၏။

ဒါပေမဲ့ ဘာစကားမှတော့ ဆက်မပြောတော့ပါ။ တကယ် လုပ်ငန်းကိစ္စတစ်ခုခုဟု အောက်မေ့သွားဟန်တူသည်။

ကြယ်တိုင်းရုံတစ်ယောက် အချစ်နဲ့ပတ်သက်ရာ ပတ်သက် ကြောင်း ဖြစ်နေနိုင်သည်ဟု သံသယမရှိလို့ဘဲဖြစ်မှာပါ။

တကယ်လည်း ဟိုအရင်က သူ ဒီလိုမျိုး တစ်သီးတစ်သန့် နေခဲ့တာမှ . . ။

■ ■ ■



## အခန်း (၁၄)

"အရင်က နယ်ကောလိပ်မှာပဲ တက်ရမယ်ထင်တာ၊ အခုလို ရန်ကုန်တက္ကသိုလ် တက်ရလိမ့်မယ်လို့ စိတ်ကူးကို မယဉ်ဖူးဘူး"

"ရင်တွေခုန် စိတ်တွေလှုပ်ရှားနေတယ်ပေါ့လေ"

"ဟင် ကျောင်းတက်တာပဲ ရင်ခုန်စရာလား၊ နည်းနည်းပါးပါး အထူးအဆန်း ခံစားမိတာလောက်ပါပဲ"

မောင်မယ်သဲလွင် ကြို့ဆိုပွဲတက် ခြေဦးမလှည့်ဘဲ ကင်န်တင်း ဘက်ကို ရောက်လာခဲ့ကြသည်။ ကျောင်းစတက်သည့်နေ့မို့ ထမင်းဘူး တစ်ယောက်မှ ယူမလာခဲ့ကြ။

ကျောင်းမှာ အချိန်ပြည့်နေရမှာ မဟုတ်တာမို့ တခြားကျောင်း သား ကျောင်းသူတွေလည်း သူမတို့လိုပင် ထမင်းဘူးတွေ ပါမလာဘဲ ကင်န်တင်းမှာ စုဝေးရောက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မေရှာတွေ မတူလည်း ဒီအချိန်မျိုးမှာတော့ ဒီလိုနေရာမျိုးမှာ စုရုံး ရောက်ရှိနေကြသည်။

"ကင်န်တင်းက ဆိုင်တွေအကုန်လုံး လူပြည့်နေတယ်၊ ငါတို့ ဘယ်သွားကြမလဲ"

"ပြန်ကြမယ်ဟာ ဒီလောက်လူတွေများနေတာ ခေါင်းနောက်တယ်"

"ဟဲ့ အိမ်မှာ အမြဲနေနေရတာ၊ ကျောင်းကအခုမှ စတက်တာလေ၊ ဘာမှမဟုတ်တောင် အုတ်ခုံမှာထိုင်ပြီး အလန်းလေးတွေ ရှိုးရအောင်ပါ၊ မျက် မျက်စိအစာကျွေးတာပေါ့"

"အံမယ်လေး မိန်မလူပျိုသိုးကတစ်မျိုး၊ ငမ်းကြောကထချင်သေးတယ်၊ အသက်ကြီးမှ တဏှာသိုလ်ရောက်လာပေလို့သာပဲ"

"အမ် သူများ သားသမီးကို အဲလိုမှိုချိုး မျှစ်ချိုး ပဒတ်ချိုး မပြောပါနဲ့နော်၊ တို့ကိုအသည်းလေးတွေလည်း ပြန်ငေးကြည့်သွားကြတာ မမြင်ဘူးလား၊ တစ်ကျောင်းလုံးရဲ့ အလှဘုရင်မ ဆုပေးချင်နေကြတာ ဖြစ်မယ်"

"ကွင်းပေါ့လေ လဲသေလိုက်၊ မြေကြီးနဲ့မျက်နှာနဲ့ ပွတ်တိုက်ပြီး သာသေလိုက်"

"ငါ့ကိုနောက်ဘဝရောက်အောင်လုပ်နေတာပေါ့လေ၊ နာခေါင်းကြီး မျက်လုံးပြူး ဘီးလူးချွေးမက"





"ကဲ တော်ကြပါတော့၊ ခွေးနဲ့ကြောင်ကျနေတာပဲ၊ အမြဲရန်ဖြစ်နေကြတာပဲ၊ အဲလိုဆို ကိုတိုင်းကို တိုင်မှာနော်"

"အံမယ် မယ် မယ်"

ကြယ်တိုင်းရဲ့ နာမည်ထည့်ပြောမိသော မြပဝါကို မကြည်ပြာ လက်ညှိုးတထိုးထိုး ခေါင်းတညိတ်ညိတ်လုပ်ကာ

"ဒီနာမည်က ကျောင်းအထိတောင် ပါလာပါလား၊ ပဝါ မရိုးတော့ဘူးနော်"

"အား မကြည်ပြာကလည်း ဘာမရိုးတာလဲ၊ မကြည်ပြာ ကြောက်အောင် ခြောက်နေတဲ့ဥစ္စာ"

"တို့က မကြောက်တော့ဘူး ကိုတိုင်းနဲ့ သူငယ်ချင်းဖြစ်သွားပြီ၊ မင်းဘာမှ လာရှိုးမနေနဲ့၊ ဒီမှာအတည်မဟုတ်တောင် စိတ်ကူးယဉ်ကြည့်စမ်းပါ၊ တို့ကိုတိုင်းက အရာရာ ပြည့်စုံတဲ့ရွှေမင်းသားလေး၊ ချောလိုက်တာလည်း နတ်သားလေးတမျှ ပစ္စည်းဥစ္စာဆိုလည်း ပုံအပ်အားကိုးချင်စရာပါ"

"အဲဒါကြောင့်ကို ကင်းကင်းရှင်းရှင်း နေတတ်ထိုင်တတ်အောင် ကြိုးစားရမှာ"

"ဘယ်လို"

မကြည်ပြာက နားမလည်သလို မျက်တောင်တဖျပ်ဖျပ် ခတ်ကာမေးသည်။ မြပဝါက နီးစပ်ရာ သစ်ပင်ရိပ်မှာ ထိုင်ချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ပဝါတို့က သူ့အထောက်ပံ့နဲ့ ပညာသင်ရတာကို လွန်လှပါပြီ မှီခိုအားကိုးချင်တာကို ချုပ်ခြိုက်စားတယ်၊ မတန်မရာမှန်းတယ်၊ ပိုင်းလုံး လုပ်တယ်လို့ ယူဆသွားရင် မာနတစ်ခုပဲချမ်းသာတဲ့ ပဝါတို့ ကိုယ်ကျင့် တရားနဲ့ ဂုဏ်သိက္ခာ ဘယ်မြောင်းထဲ လိုက်ကောက်မှာလဲ မကြည်ပြာ"

"အေး အဲဒါက ပဝါပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ တမင် သက်သက် မပတ်သက်အောင်ရှောင်နေတာမျိုးတော့ မဖြစ်သင့်ဘူးထင် တယ်၊ မြားနတ်မောင်ရေးတဲ့ ဖူးစာဆိုရင် အဲဒါတွေ ထည့်တွက်စရ လိုလို့လား၊ လူဖန်တီးတဲ့ ကံကြမ္မာကို တို့လည်း ဝါသနာမပါပါဘူး ဟ ဟဲ့ ရရင်တော့ ယူချင်သား"

မကြည်ပြာ တော်တော်မျက်နှာပြောင်သည်။ ထိုအချိန်မှာ တ နေရာကို လှမ်းကြည့်လိုက်သော ပန်းအိက ခပ်သုတ်သုတ် ပြေးထွ သည်။ ခဏနေတော့ ပြန်ပြေးလာ၏။

"ဟဲ့ မပြောမဆို ဘယ်ထွက်သွားတာလဲ'

"ရှာက သူငယ်ချင်းနဲ့ မောင်ဝမ်းကွဲပါ၊ သူတို့နဲ့က မေဂျာမ လို့ ကျောင်းလည်းမတူဘူး၊ ဒါပေမဲ့ မောင်မယ်သစ်လွင် ကြိုဆိုပွဲလ ကြည့်တာတဲ့၊ သီးချင်းလည်းဆိုကြသေးတယ်ဆိုလားပဲ"

"အဲဒါများ အငမ်းမရပြေးလိုက်နေသေးတယ်၊ ငါတို့ကတေ ရည်းစားတွေလို့များ လားလို့"

"အေးလေ ရည်းစားမဟုတ်လို့ မောင်တွေဆိုလည်း အဆ





လေးကြည့်လို့ရအောင် ငါတို့နဲ့ပါ မိတ်ဆက်ပေးတာမဟုတ်ဘူး"

"မကြည်ပြာကိုကြောက်လို့ မိတ်ဆက်မပေးရဲပါဘူး၊ ဘယ်ဟာ မှ အလွတ်မပေးတဲ့သူဆိုတော့ လန့်နေတာ"

"အမလေး ပြောလိုက်ချင်ဘူး ငါ့ကိုများ နာဘူးကျနေတာပဲ၊ ငါတို့က အဲလိုတောသားတွေ မမှန်းဘူး၊ ကိုတိုင်းဆိုတော်သေး"

"လုပ်ပြီ မကြည်ပြာကတော့တကယ်၊ ကဲပါ ဘာမှလည်းမဟုတ် ဘဲနဲ့ အချိန်တွေကုန်နေပြီ အိမ်ပြန်ကြရအောင်"

ဒီတစ်ခါ မြပဝါရဲ့ လောဆော်မှုကို ဘယ်သူမှ မငြင်းဆန်တော့၊ ဗိုက်ဆာနေသော်လည်း မြပဝါက သူများထောက်ပံ့မှုနှင့် ကျောင်းတတ် နေရသည်မို့ အခွင့်အရေးယူကာ အလွဲသုံးစားမလုပ်သင့်ဟု တရားချထား၏။

ကိုယ့်ဗိုက်ကို တင်းတိမ်အောင် ကြိုးစားနိုင်မှ သူများသဒ္ဓါ လိမ့်မည်တဲ့။

ဟင်း မြပဝါ ရောက်လာမှာပဲ။

■ ■ ■



www.burmeseclassic.com

## အခန်း (၁၅)

''ရောက်လာကြပြီလား''

''ဟင် ကိုတိုင်း ရောက်နေတယ်''

''အင်း မင်းတို့ကျောင်းတက်ရမှန်း သိပေမယ့် ဟိုနေ့က အဲကွန်း ပျက်နေတယ်ပြောလို့ ပြင်တဲ့ဆရာခေါ်ပြီး အသစ်လာတပ်တာ၊ ရေခဲ သေတ္တာထဲမှာ စားစရာတွေလည်း ထည့်ထားတယ်၊ ညဘက်ဆာရင်လည်း စားလို့ရတာပေါ့''

ကိုတိုင်းက သူ့မှာလည်း ရှိနေသော သော့ပိုနှင့် အိမ်ကိုရောက်ပြီး ပြင်စရာရှိတာတွေ လာပြင်နေတာ ဖြစ်မည်။ စားစရာတွေလည်း ပါလာ သည်ဆိုတော့ မကြည်ပြာတို့ အူမြူးသွား၏။

''အမလေး ကျေးဇူးတင်လိုက်တာ ကိုတိုင်းရယ်၊ ကျွန်မတို့ မှာလေ ကျောင်းစတက်တယ်ဆိုပြီး ထမင်းချိုင့်ကလည်းပါမသွား၊ ကမ်း





တင်းထိုင်ချင်တာလည်း မရွှေပဝါက သူများထောက်ပံ့မှုနဲ့ ကျောင်းတက်နေ ရတာ ပိုက်ဆံကို အပိုသုံးလို့ မဖြစ်ဘူး။ ချွေတာရမယ်ဆိုတာနဲ့ ဗိုက်အဆာ ခံလာရတာ''

''ဟာ ပဝါ ဘာလို့ အဲလိုပြောရတာလဲ၊ မင်းတို့ကို ပြည့်စုံအောင် ထောက်ပံ့ပေးထားတာ ဘာလို့ချွေတာရမှာလဲ၊ မင်းတို့ကို ကျောင်းစရိတ် တင်မဟုတ်ဘူး အစစအရာရာ ကိုယ်တာဝန်ယူထားတာပါ၊ ကိုယ်က ကရုဏာဖောင်ဒေးရှင်းဆိုပြီး ကျောင်းစရိတ်တောင် မလောက်မငထောက် ပံ့နေတာ မဟုတ်ဘူးနော်၊ ကိုယ်တတ်နိုင်သမျှ နိုင်တဲ့ဝန်ကိုထမ်းတာ''

ကြယ်တိုင်းရဲ့ ရှူးရှူးရှားရှား ဒေါသဖြစ်သွားဟန်တူသည်။ စေတနာကို စော်ကားတာလို့ ယူဆသွားလေသလား။

''ပဝါ တောင်းပန်ပါတယ်၊ ပဝါက ကိုတိုင်းအကုန်အကျတွေ များမှာကို အားနာလို့ ချွေတာချင်တာပါ''

''ကိုယ်မင်းတို့ကို ထောက်ပံ့နိုင်တာ မင်းတို့ဦးလေးတွေ မိဘတွေ ဆီက အကျိုးအမြတ်ရလို့ပါ၊ အဲလိုတွေ ဆက်စပ်မှုတွေသာ မရှိရင် မင်းတို့နဲ့ ဘာပတ်သက်စရာ လိုသလဲ၊ မင်းတို့အားနာတယ်လို့ပြောတာ ကိုယ့်စေတနာကို အသိအမှတ် မပြုတာဘဲ''

ကိုတိုင်း တကယ်နာကျင်ခံစားနေဟန်ရှိတော့ မြပဝါ စိတ်မ ကောင်း ဖြစ်သွားရသည်။ ကိုယ်က သူ့အတွက်ပြောတာ။

သူမ စေတနာကိုရော ဘာလို့ နားမလည်ရတာလဲ။

www.burmeseclassic.com



နည်းနည်းတော့ ရင်ထဲမှာ တင်းခနဲ ဖြစ်သွားတာအမှန်။

မကြည်ပြာတို့က ဒါကို သဘောပေါက်ကာ၊ ဟိုဘက်ဒီဘက် အားနာနေသည့် မျက်နှာမျိုးနှင့်

"ဟို ကိုတိုင်းရယ်၊ ပဝါက ကိုတိုင်းအတွက် တွေးပေးတာပါ စိတ်မဆိုးပါနဲ့နော်"

"စိတ်ဆိုးတာမဟုတ်ပါဘူး စိတ်မကောင်းဖြစ်တာပါ၊ ကိုယ့်အတွက် တွေးပေးတဲ့သူရဲ့ စေတနာကိုလည်း နားလည်တယ်၊ ဒါပေမဲ့ သူအဲဒီလို လုပ်နေတာ သိမ်ငယ်မှုကြောင့်လို့ ထင်တယ်၊ သူများရဲ့ ထောက်ပံ့မှုကြောင့်ဆိုတဲ့ စိတ်ဖိစီးမှုကြီးရှိနေတာ ကိုယ်မကြိုက်ဘူး"

"အင်း ကိုတိုင်းဘက်က ပြောတာလည်း ဟုတ်နေတာပဲ၊ ပဝါ ကိုတိုင်း နင့်စေတနာကို နားလည်တယ်တဲ့၊ နင်လည်း စိတ်မကောင်း မဖြစ်နဲ့ ဘာမဟုတ်တဲ့ ပြဿနာလေးနဲ့ဟယ်"

မကြည်ပြာ နှစ်သိမ့်မှ ပဝါ ဝမ်းနည်းကာ မျက်ရည်တွေ ဝဲတက်လာသည်။ သူများကို မှီခိုနေရသည့် အားနည်းချက်ရှိသော နှလုံးသားက ကြယ်တိုင်းရဲ့ လေသံမာမာတို့ကို ခံနိုင်ရည်မရှိပါ။

"ဟယ် ပဝါ မျက်ရည်တွေကျနေတယ်"

ပန်းအိရဲ့ အထိတ်တလန့်အသံကြောင့် ကြယ်တိုင်းရဲ့ပင် မျက်လုံး မျက်ဆံပြူးသွားသည်။ ချာခနဲ မြပဝါဘက်လှည့်မိကာ

"ပ ပဝါ ဘာဖြစ်လို့လဲ၊ ကိုယ်ပြောတာကို စိတ်မကောင်းဖြစ်





သွားတာလား ပဝါ၊ ကိုယ်က အားငယ်တာတွေ သိမ်ငယ်တာတွေ မဖြစ်စေချင်တဲ့ ကရုဏာနဲ့ ဟို"

"ပဝါ ကိုတိုင်း စေတနာကို နားလည်ပါတယ်၊ ပဝါတို့ဘက်ကလည်း သဒ္ဓါမပျက်အောင် ဆင်ခြင်ချင်တဲ့သဘော"

"ဟုတ်ပြီ ကိုယ်သဘောပေါက်တယ်၊ အဲဒီလို အခွင့်အရေးကို ယူလို မယူတတ်တာကိုလည်း လေးစားတယ်၊ ဒါပေမဲ့ ပဝါတို့ကလည်း ကိုယ့်စေတနာကို နားလည်တယ်ဆိုရင် အရမ်းကြီး ဆင်ခြင်စရာမလိုဘူး ဟုတ်ပြီနော်၊ အားနာလို့ဆိုတဲ့စကားကိုလည်း မပြောမိအောင်ကြိုးစားပါ၊ င်းတို့ကို ထောက်ပံ့နေရလို့ ကိုယ့်ဘက်မှာ ဆုတ်ယုတ်သွားတာ ဘာမှ ရှိဘူး"

"ကဲ ကဲ မိသားစုလို ရင်းနှီးနေပြီဟာကို၊ တစ်ယောက်နဲ့တစ်ယောက် မပြီးနိုင်မစီးနိုင် ရှင်းပြမနေကြပါနဲ့တော့၊ ဗိုက်ဆာလာပါတယ် ဆိုမှ သွေးအေးတိုက်ပွဲမှာ သံတမန် ဝင်လုပ်နေရတယ်"

မကြည်ပြာ စကားကြောင့် မျက်ရည်တွေကြားက မြပဝါပြုံးချင်ချင် ဖြစ်သွားရသည်။ ကြယ်တိုင်းရဲ့က မြပဝါ မျက်နှာလေးကို ရှုရှုနစ်နစ် ကြည့်ရင်း ဣန္ဒြေပျက်လောက်အောင် စိုးရိမ်ကြီးလျက် ရှိသည်။

ပန်းအိက အခြေအနေကို ရိပ်စားမိလျက် မကြည်ပြာကို မျက်စပ် လက်ကုတ်ပြီး နောက်ခန်းထဲခေါ်သွားသည်။

"ပဝါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကိုယ့်ကို သူစိမ်းတစ်ယောက်လို မတွေးပါနဲ့၊ ပဝါက ပညာရေး တစ်ခုကိုပဲ အာရုံစိုက်ပါ၊ ပဝါရဲ့စိတ်ကို ကိုယ်နားလည်နေလို့ ငြိုငြင်မှာ လည်း မစိုးရိမ်ပါနဲ့၊ ကိုယ်ရှာဖွေသမျှတွေက ဒါနကုသိုလ်ပြုဖို့နဲ့ ညီ့အတွက် ချည်းပါပဲ"

"ဟုတ်ကဲ့"

"ကိုယ်လောဘတစ်ခုနဲ့ အလုပ်လုပ်နေတာလည်း မဟုတ်ဘူး၊ လုပ်ရင်းနဲ့ အောင်မြင်လာတာ၊ အဲဒီအပေါ်မှာ ကိုယ် သာယာတပ်မက် တာမျိုးလည်း မရှိဘူး၊ အဲဒါကြောင့်လည်း ကိုယ့်ကို အကျိုးပြုနေတဲ့ မိသားစုတွေအပေါ်မှာ စေတနာအမှန်နဲ့ ပြန်သိတတ်နေတာပဲ ကို ကုသိုလ် လည်းရ ဝမ်းလည်ဝ"

ပဝါပြုံးစိစိဖြစ်နေတော့ ကြယ်တိုင်းရဲ့ စကားတစ်ဝက်တပျက် နှင့် မျက်မောင်ကုတ်သွား၏။

"ဘာပြုံးတာလဲ ကိုယ်ပြောတာက"

"အများကြီး ရှင်းပြနေစရာမှ မလိုတာ ပဝါ ကိုတိုင်းစိတ်ကို သိပါတယ်၊ အဲလိုစိတ်ရှိနေတာကို လေးလည်းလေးစားတယ်"

"ပြီးတော့ရော"

"အခုလို ဂရုစိုက်ပေးတာ ကျေးဇူးလည်းတင်တယ်"

"ပြီးတော့ရော"





"ကိုတိုင်းကလည်း"

မှုန့်နှံ့နှံ့ ချစ်စနိုးဟန်လေးကို မင်တာက်ငေးမောစွာ မြတ်နိုးသွား မိ၏။ ရင်ခုန်သံတွေ တဒိတ်ဒိတ်နဲ့ပါ။

"ကဲ စားတော်ပွဲတည်လို့ ရပါပြီ၊ ကိုတိုင်းရော တစ်ခါတည်း စားသွားပါလား၊ ကျွန်မတို့အိမ်မှာ ဟင်းတော့ မကောင်းဘူး"

"အင်း ကောင်းသားပဲ၊ လက်ဆုံစားဖူးတယ် ရှိတာပေါ့"

အရေးကောင်း ဒိန်းဒေါင်းဖျက်။ မကြည်ပြာ့ ထမင်းစားလာခေါ် ဘာမို့ ထမင်းဟားခန်းထဲ ရောက်သွားရသည်။

ထမင်းစားဝိုင်းမှာ ဟင်းအမယ်သုံးမျိုးသာ တွေ့သည်။

"ကိုတိုင်း ငရုပ်သီးရော စားနိုင်လား၊ ငါးငပိချက်ချက်ထား တာ၊ သီးစုံချဉ်ဟင်းရယ်၊ ခရမ်းသီးတို့ရယ်ပဲရှိတယ်"

သူ့အိမ်က ဟင်းတွေနှင့် ကွာခြားလွန်းတာကြောင့် စိတ်မ ကောင်းဖြစ်သွားရသည်။ အိမ်မှာဆို အသားငါး သုံးမျိုးလောက်နှင့် ဟင်း နှစ်ခွက် ရှစ်ခွက်လောက် အနည်းဆုံးပါသည်။

ဒါတောင် ညီက ချေးများတတ်သေးတာပါ။

"ကိုယ့်ကို ဟိုတစ်ခါတုန်းကလို လက်ဖက်ထမင်းသုပ် ကျွေးပါ လား အရမ်းစားလို့ကောင်းတာပဲ၊ ဟို ဒီဟင်းတွေ မစားနိုင်လို့ မဟုတ် ဘူး ပဝါလက်ရာကို စွဲနေလို့"

"အမလေး ကိုတိုင်းက လက်ဖက်ထမင်းသုပ်ဆိုလည်း ပဝါရေ



www.burmeseclassic.com

www.burmeseclassic.com



နှင့်လက်ရာလေး သုပ်သာကျွေးလိုက်တော့၊ ငါတို့ကတော့ မဖအောင့်နိုင်
တော့ဘူး''

''အင်း ရပါတယ် ပဝါ မစားသေးပါဘူး၊ ကိုတိုင်းခဏနော်''

မကြည်ပြာတို့က ဟန်မဆောင်နိုင်အောင် ထမင်းဝိုင်း ထိုင်ပေ
မယ့် ပဝါက လက်ဖက်ထမင်းသုပ်ဖို့ ပြင်နေသည်။

''ကိုယ်ဘာလုပ်ပေးရဦးမလဲ ပဝါ၊ ကြာနေရင် ပဝါ ဗိုက်ဆာ
နေမှာပေါ့''

''ရပါတယ်''

''ရပါတယ်မလုပ်နဲ့ ဟိုကလုပ်ပေးချင်နေတာကို လုပ်ခိုင်းလိုက်
စမ်းပါ''

မကြည်ပြာက ထမင်းစားရင်း အပင့်အတွန်းလေး လုပ်
ပဝါက လက်ထဲမှာ ကိုင်ထားသော ကြက်သွန်ဖြူအသေးလေး နှစ်လုံး
ကိုတိုင်းလက်ထဲထည့်လိုက်သည်။

''ရော့ အဲလောက်လုပ်ချင်နေရင် ကြက်သွန်ဖြူအခွံနွာ''

''ဒါပြီးရင်''

''ကဲပါ အဲဒါပဲခွာပါ၊ ကျန်တာ ပဝါဘာသာလုပ်ပါ့မယ်''

မြပဝါ ထမင်းအနည်းငယ်ကို ပန်းကန်ထဲထည့်သည်။ အဲဒီထဲ
လက်ဖက် ပဲကြော် ကြက်သွန်ကြော်နှင့် နှမ်းလှော်သင့်တင့်အောင်ထည့်
သည်။ ခရမ်းချဉ်သီးတစ်လုံး ရေပ်သီးစိမ်းသုံးတောင့်လောက်ပါ ညှပ်ထည့်





ပြီး နံနံပင်လည်းထည့်၏။ သံပရာသီးနှစ်စိပ်ညှစ်ကာ ကြယ်တိုင်းရဲ့ သင်
ခွေးထားသော ကြက်သွန်ဖြူလေးတွေကို ပါးပါးလေးလှီးထည့်ပြီးသည်နှင့်
ဆီသား အချိုမှုံ့ထည့်၍ သမအောင် နယ်လိုက်ချိန်မှာ လက်ဖက်ထမင်း
သုပ်က စားချင်စဖွယ် မွှေးလာသည်။

ပြီးမှ ပန်းကန်ပြားလှလှလေးထဲ ပုံပုံလေးဖြစ်အောင် ပြောင်း
ထည့်ပြီး အပေါ်ယံက ပုစွန်ခြောက်လေးငါးကောင် တင်လိုက်၏။ ပန်းကန်
ပေါ် ဇွန်းပါတင်ပေးပြီးမှ

''စားလို့ရပြီ ကိုတိုင်း၊ အပေါ့အငံ သင့်ရဲ့လား မြည်းကြည့်ပါဦး''

''ကိုယ်ကြည့်နေတာ ငံပြာရည်ထည့်တာ မတွေ့ဘူးနော်''

''ငံပြာရည်ထည့်ရင် လက်ဖျက်အနံ့အရသာ ပျက်သွားမှာပေါ့
ကိုတိုင်းက ကြိုက်လို့လား''

''မဟုတ်ပါဘူး ပဝါသုပ်ကျွေးသလို စားမှာပါ၊ ကိုယ်က ငံပြာ
ရည်ထည့်သုပ်ရတယ် မှတ်လို့''

''လက်ဖက်အရသာနဲ့ စားချင်ရင် ငံပြာရည်မထည့်တာ
ကောင်းတယ်၊ ငံပြာရည်နဲ့ လက်ဖက်က လိုက်ဖက်မှုမရှိတာ''

''ဟုတ်ပါပြီ ဒါဆိုစားပြီနော်''

ကြယ်တိုင်းရဲ့ အရသာတွေ့ကာ အားမနာတမ်း စားပစ်လိုက်
သည်။ မြပဝါသာ သူ့ရဲ့ အိမ်ရှင်မလေးဖြစ်လျှင် ဘယ်လောက်များ
ကောင်းမည်လဲ။ ချီးခြိမ်းချွေတာမှုလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မှုလည်း ထိန်းသိမ်းတတ်သည်။

တစ်အိမ်လုံး သန့်ရှင်းတောက်ပြောင်နေကာ စည်းကမ်းတကျ နေတတ်သော သူမမှာ ဘာအပြစ်မှ ထောက်ပြစရာမရှိ။

မိန်းမကောင်း မိန်းမမြတ်စာရင်းဝင်သော ဒီမိန်းမလှလေး သူမြတ်နိုးပြီးရင်း မြတ်နိုးနေရသည်။

အကြောင်းအရာတိုက်ဆိုင်သည့် နေ့မှာတော့ သူဖွင့်ပြော ဆုံးဖြတ်လိုက်သည်။

သူ့ရဲ့ အိမ်ထောင်ဖက်ဖြစ်ဖို့ ပကာသနတွေ မလိုပါ။

အချစ်တစ်ခုသာပဲ ...။

■ ■ ■



## အခန်း (၁၆)

လမင်းရဲ့ ကျောင်းသွားကျောင်းပြန် ကားအသစ်လေးနှင့် မော်ကြားလို့နေသည်။ ကြယ်တိုင်းရဲ့ အလိုလိုက်ဖြည့်ဆည်းမှုတွေဖြင့် သူငယ်ချင်းတွေကြားမှာ မျက်နှာပွင့် ထည်ဝါလို့နေသည်။

"မင်းအစ်ကိုလောက် ဖြည့်ဆည်းနိုင်တဲ့သူ ဒီကမ္ဘာပေါ်မှာ မရှိလောက်ဘူးကွ၊ ငါတို့မှာ မိဘတွေရှိတာတောင် ဒီလောက် ပြည့်စုံအောင်ထားပေးတာမဟုတ်ဘူး။ တပူပူတဂျီဂျီလုပ်တာတောင် ကားဝယ်မပေးလို့ မင်းကားကို ကပ်စီးနေရတာ"

"ငါ့အဖေဆိုလည်း သဘော်လိုက်ရင်းနဲ့ ကားတစ်စင်းတော့ ဘင်ပေးလိုက်ပါရဲ့ ကျောင်းယူသွားဖို့မဟုတ်ဘူး အိမ်မှာ မိသားစု အတူတူ သုံးဖို့တဲ့လေ၊ ရွာမှာမနေဘဲ ရန်ကုန်အိမ်ပြောင်းအောင် ပူဆာတော့လည်း မင်းတို့ ပညာသင်တဲ့အချိန် အိမ်ဆောင်ငှားနေ၊ ငါတို့ကတော့ မပြောင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးတဲ့ မပြည့်စုံတဲ့ ဆွေမျိုးသားချင်းတွေကို အနီးကပ် မထောက်ပံ့ရမှာစိုးလို့ နေမှာပေါ့၊ သားသမီး လိုအင်ဆန္ဒ ဘယ်တော့မှမဖြည့်ဘူး။ မင်းအစ်ကိုလောက် မကောင်းပါဘူးကွာ''

ကိုကိုကောင်းတာကို ချီးမွမ်းချင်တာနှင့် သက်ဦးနှင့်နိုင်မင်းသူတို့ မိသားစုအကြောင်းတွေပါ ပြောပြကြသည်။

နိုင်မင်းနှင့်က တက္ကသိုလ်စတက်သည့်နေ့မှ သက်ဦးက မိတ်ဆက်ပေးလို့ ခင်မင်ခဲ့ကြခြင်းပင်။

''ငါတို့ ရန်ကုန်မပြောင်းခင် ရွာမှာ ခင်ခဲ့ကြတဲ့ သူငယ်ချင်းကွရှိးသားတယ် ပွင့်လင်းတယ် ခင်ဖို့ကောင်းပါတယ်''

သက်ဦးပြောသလိုပင် နိုင်မင်းက ပျော်ပျော်နေတတ်ကာ ခင်ဖို့ကောင်းပါသည်။ ဒါကြောင့်မို့ လမင်းရဲ့မှာ သူငယ်ချင်းနှစ်ယောက် ရှိလာခဲ့ပြီး ကျောင်းတက်ရတာ ပျော်လာခဲ့သည်။

ကောင်မလေးတွေ ရှုံ့ပြီဆိုလည်း သုံးယောက်အတိုင်အဖောက်ညီကာ တတွဲတွဲ။

''အရက်သေစာ မသောက်ကြနဲ့၊ မူးယစ်ဆေးဝါး မသုံးစွဲကြနဲ့ တခြားအပျော်အပါးကတော့ ယောကျ်ားလေးတိုင်း မကင်းဘူးဆိုတာ နားလည်တယ် ဒါပေမဲ့ အလွန်အကျွံ မဖြစ်ကြစေနဲ့''

ကိုကိုက ထိုသို့ဆုံးမသွန်သင်၍ သူတို့သုံးယောက်လုံး သုံးလို့အဆင်ပြေအောင်ဆိုပြီး ငွေကြေးကို လုံလောက်အောင် ပေးခဲ့သည်။





ဒါကြောင့်လည်း ဒီကောင်နှစ်ယောက်က ကိုကို့ကို ပိုပြီးခင်နေခဲ့ကြတာ။

''ဒေါ်မွှံ ကိုကို မရောက်သေးဘူးလား''

ကျောင်းကအပြန် သူငယ်ချင်းတွေနှင့် ကော်ဖီဆိုင်မှာထိုင်ပြီးမှ ပြန်လာတတ်ပေမယ့် ညစာထမင်းစားချိန် အမီတော့ ရောက်အောင်လာခဲ့သည်။ အရင်ဆို ကိုကိုက အချိန်စောရောက်နေတတ်ပေမယ့် အခုတလော ကိုကို အိမ်ပြန်နောက်ကျနေတတ်သည်။

ဒါကြောင့်မို့ ကိုကို့ကို မမြင်လို့မေးမိတာ။ ဒေါ်မွှံက အပေါ်ထပ်မေးငေါ့ပြပြီး

''မင်းအစ်ကို ရေချိုးနေတယ်၊ ထမင်းတော့ မစားတော့ဘူးတဲ့''

''ဟင် ကိုကိုကဘာလို့ မစားတာလဲ နေမကောင်းလို့လား''

''မဟုတ်ပါဘူး ညနေခံပွဲ တစ်ခုရှိလို့ အပြင်က စားလာတာနေမှာပေါ့၊ လမင်းတစ်ယောက်တည်း တစ်ခါတလေ စားလိုက်ပါကွယ်၊ ထမင်းပွဲ ပြင်လိုက်မယ်နော်''

''အား မပြင်နဲ့ဦး ကိုကို့ကို သွားခေါ်ဦးမယ်''

''ဪ ဒီကလေးနှယ်''

ဒေါ်မွှံပြောလည်း လမင်းရဲ့ ကိုကို့အခန်းရှိရာ ပြေးတက်လာခဲ့သည်။ ညီအစ်ကိုချင်းမို့ အခန်းတံခါးခေါက်ရိုး ထုံးစံမရှိ။ ဒီအတိုင်းအခန်းတံခါး တွန်းဖွင့်ဝင်လာခဲ့တော့၊ ရေချိုးပြီးစ ကိုကို့က အံ့အားသင့်သွားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ညီ ပြန်ရောက်ပြီလား၊ ကိုကိုတောင် အခုပဲ ဆင်းလာတော့မ
လို့"

"ကိုကိုက ထမင်းမစားတော့ဘူးဆို"

"ညီ စားတဲ့အနား လာထိုင်မှာပါကွ၊ ကိုကိုဗိုက်ပြည့်နေလို့"

"အား မရဘူးဗျာ၊ ကိုကိုလည်း တူတူစားရမှာပဲ"

"ကဲ ဟုတ်ပါပြီညီရယ်၊ ကိုကိုစားနိုင်သလောက် စားမှာပေ့
ညီစိတ်မကောက်နဲ့နော် လာ သွားရအောင်"

ညီ ပန်းကိုဖက်၍ ခေါ်လာခဲ့သည်။ ဒေါ်မှုံက မျက်စောင်းရှယ်၍

"အစ်ကိုကလည်း ညီခေါ်တော့ တန်းခနဲလိုက်လာတယ်၊ ညီက
လည်း အစ်ကိုမစားရင် မစားဘူးဆိုလို့ ထမင်းပွဲတောင် အပြင်မခိုင်းဘူး
ကဲ အခု ပြင်ရတော့မှာလား ပြောကြပါဦး"

"ပြင်ရမှာပေ့၊ ဒေါ်မှုံရ အစဉ်အလာပျက်လို့ ဘယ်ရမလဲ၊ အပြ
မှာစားလည်း ညီနဲ့အိမ်မှာ ပြန်မစားလို့မရဘူး၊ ညီတောင်မှ သူငယ်ချ
တွေနဲ့ ကော်ဖီသောက်လာတာတောင် ကိုကိုနဲ့ ထမင်းတူတူစားဖို့တော
ဝတ္တရားမပျက်ဘူး"

"အေးပါ မိန်းမရရင်ရော ဒီအချိုးမျိုးလားဆိုတာ စောင့်ကြည့်
ရသေးတာပေါ့"

ဒေါ်မှုံက ချစ်စနိုးနှင့် ခနိုးခနဲ့ပြောသည်။ ဦးမောင်က ဘေး
မှာ လက်ဆေးပြီး ထမင်းဝိုင်းထိုင်ကာ





"အဲလို အကဲပိုတတ်တဲ့ကောင်းတွေ မိန်းမရရင် အစ်ကိုကို
လှည့်ကြည့်မှာတောင် မဟုတ်ဘူး"

"ဟာ၊ ဦးမောင်ရာ စောင့်ကြည့်စမ်းပါ ကျွန်တော့်ကို ငယ်ငယ်
တည်းက ပြုစုစောင့်ရှောက်လာခဲ့တဲ့ ကိုကိုက ကျွန်တော့်ဘဝအတွက်
နံပါတ်တစ်ပဲ၊ ချစ်သူရည်းစားက ကိုကို့နောက်က"

"အံ့မယ် ချစ်သူရည်းစားကြောင်းတွေ ဘာတွေပြောလို့ပါလား
တက္ကသိုလ် ပထမနှစ်မှာပဲ ထားနေပြီလားကွ"

"မှူးလို့ရှူစရာ မရှိသေးပါဘူးကိုကိုရာ၊ ကျွန်တော်က တကယ်
ရင်ထဲက ချစ်မိတဲ့သူကိုပဲ အတည်တွဲပြီး လက်ထပ်မှာ"

"စီနီယာတော့ ကျော်လို့မရဘူးနော်"

"ဟာ ကိုကို့မှာ ချစ်သူရှိနေပြီလား"

"ကြိုးစားကြည့်မလို့ စဉ်းစားတုန်းပါ"

"ဟာ တကယ်"

လမင်းရဲ့ အံ့သြတကြီး ဖြစ်သွားသလို ဦးမောင်က မျက်ခုံး
ပင့်၍ပြုံးသည်။ ဒေါ်မှုံက ထမင်းပွဲပြင်ပြီးပြီမို့ ဝင်ထိုင်ကာ

"သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမှာထက်တောင် လွန်နေပါပြီ
ရှာရင်တော့ အိမ်ထောင်မှု နိုင်နင်းမယ့်သူကိုရွေးနော်၊ ငါ့လည်း အကူ
အညီလေး ဘာလေးရအောင်လို့"

"အဲဒါတော့ စိတ်ချ မမှုံ ကိုတိုင်းလိုလူမျိုးက အလိမ္မာအိမ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဖနီးမယားကောင်းမျိုးပဲ ရမှာပေါ့"

"ဘယ်သူဆိုတာ တော်က သိနေလို့လား"

"အဲ အဲဒါ"

"အား ဦးမောင်ရာ မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိ၊ နွတ်ခမ်းနာနဲ့ တည့်ပုံ့မလား မေးခံနေရပါဦးမယ် နောက်သေချာမှပဲ ကောင်းပါတယ်"

ကြယ်တိုင်းရဲ့ ဝင်ဟန့်တားမှ ဦးမောင် ပါးစပ်ပိတ်သွားသည်။

ကိုယ့်တက်က တစ်ဖက်သတ်သေချာနေရုံနှင့် ဒီကိစ္စက တရားဝင် ဖွင့်ပြောလို့မှ မရတာ။

ညီက မကျေမနပ် ဖြစ်သွားပေမယ့် အရယ်အပြုံးမပျက်ဘဲ

"ကိုကို ဒိုးလျှိုလုပ်လည်း တစ်နေ့တော့ သိရမှာပါ၊ ကျွန်တော်က မရီးရတော့မှာကို ပျော်တယ် ကိုကို၊ ကျွန်တော်ဆိုးနွဲ့ဖို့ တစ်ယောက်တိုးတော့မှာ မဟုတ်လား"

"အေးပါ မင်းကတော့ ဒီအကွက်ပဲစောင့်နေ၊ အေး ကိုကို ဘယ်လို မိန်းကလေးကို ရွေးချယ်ရမယ်ဆိုတာကို ကိုကိုသိတယ်၊ စီးပွားတွက်တွက်တာ မဟုတ်ဘူး၊ ကိုယ်ချစ်မြတ်နိုးတဲ့သူလည်း ဖြစ်ရမှာပေါ့၊ ညီ့အတွက်လည်း ကိုကို ရင်မမောချင်ဘူး၊ အဓိကက ငွေကြေးပြဿနာ မဟုတ်ဘူး၊ ဆင်းရဲချမ်းသာ တန်းညီစရာမလိုဘူး၊ ကိုယ်ကျင့်တရားကောင်းဖို့နဲ့ ဂုဏ်သိက္ခာရှိတဲ့ မိန်းကလေးမျိုးမှ ချစ်သူတော်ဖို့ စဉ်းစား





ဟုတ်ပြီလား ညီ"

"စိတ်ချပါကိုကိုရာ ခုခေတ် ယောကျာ်းလေးတွေရဲ့ မျက်လုံးက ဘယ်လို မိန်းကလေးကို ရွေးချယ်ရမယ်ဆိုတာ တပ်အပ်သိပြီးသားပါ၊ ကိုကို စိတ်မပူနဲ့သိလား၊ ဦးနှောက်နဲ့နှလုံးသား တစ်ထပ်တည်းကျတဲ့ မိန်းကလေးကိုပဲ ညီလက်ထပ်မှာ"

"အေးပါကွာအေးပါ ငါ့ညီတော်ပြီးသားဆိုတာ ကိုကိုသိပါတယ် ကဲ စကားတွေရပ် ထမင်းစားရအောင် ဟင်းတွေအေးကုန်မယ်"

သူက လောဆော်ကာ တိုက်တွန်းလိုက်ပေမယ့် တကယ်တမ်းက ထမင်းအနည်းငယ်တောင်ကုန်အောင် မစားနိုင်ပေ။

ဟင်းကောင်းတစ်ခွက်မှ မပါသော မြပဝါတို့ ထမင်းဝိုင်းကို မြင်မြင်ယောင်ပြီး စိတ်မကောင်းဖြစ်မိသလို၊ မြပဝါသုပ်ကျွေးလိုက်သော လက်ဖက်ထမင်းသုပ်ကြောင့် ရင်တွေလည်း ပြည့်နေခဲ့သည်။

ဒါပေမဲ့ ညီကျေနပ်အောင် ညီစိတ်မကောက်အောင် ဟန်ဆောင်ကာ မရမက ဖျစ်ညှစ်၍ စားပြရမည်။

သူ့ဘဝမှာ ညီကအဓိကပါ။

ညီအတွက်ဆို အရာရာ ဦးစားပေးပြီးသားမို့ သူ့ဘာတွေပဲ ဖြစ်နေနေ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဘာဖြစ်နေနေဆိုတဲ့ စကားတော့ မပြောနဲ့ပါ၊ ကိုတိုင်းစိတ်ဝင်စားနေတာ ငါတို့အားလုံးသိတယ်၊ နင်က ဒါကိုပိုပြီး ခံစားမိမှာပါ"

"ခံစားမိတော့ရော ကိုယ်ကဘာလုပ်ရမှာလဲ၊ သူဖွင့်ပြောလာရင်တောင် ငြင်းမယ်ဆိုတာ ကြိုစိတ်ကူးပြီးသား"

"ဘာ"

မကြည်ပြာ အော်လိုက်တာမို့ မြပဝါတုန်တက်သွားရသည်။ ကျောင်းအားရက်တိုင်း ဒီကိစ္စကို တိုက်တွန်းနေတာမကြိုက်။

ကြယ်တိုင်းရဲ့ဘက်က အချိန်အားရင်အားသလို ရောက်ရောက်လာတတ်ပြီး ဂရုစိုက်နေတာကို အနေခက်နေတာ။ ကိုယ့်ရင်ထဲမှာ ဘာတွေ မတန်မရာမမှန်းဖို့ ကိုယ့်ကိုယ်ကို သတိပေးနေရတာ ဘယ်လောက်များ ပင်ပန်းလိုက်သလဲ။





ကိုတိုင်းရဲ့ ချစ်ရည်ရွှန်းလဲ့နေသည့် မျက်ဝန်းတွေ ရင်ဆိုင်ရတိုင်း မသိချင်ဟန်ဆောင် ရှောင်လွှဲတတ်ဖို့ ကြိုးစားနေမိတာလည်း အလေ့အကျင့်လိုပင် ဖြစ်နေခဲ့သည်။

ဒါကြောင့်လည်း ကိုတိုင်း ဖွင့်ပြောဖို့ ခက်နေတာနေမှာ။

အခု အတိအကျပြောချလိုက်တော့ မကြည်ပြာ အံ့အားသင့်ကာ ဒေါသလည်း ဖြစ်သွားဟန်တူသည်။

လက်ဖက်ခွက်ကို တခြားဘက်ရွှေ့ပစ်လိုက်ပြီး

"နင်ဘာတွေ စိတ်ကူးနေတာလဲ ပဝါ၊ ငါတို့လိုလူမျိုးတွေအတွက် အားကိုးမရှာသင့်ဘူးလား၊ သွားမပါရန်နေ ကားပါရင်တောင် ခွန့်စားရမယ့် ဘဝအနေအထားမျိုးတွေပါ၊ ကိုတိုင်းက အသက်ဘယ်လောက်ပိုပြီး ကြီးနေလို့လဲ၊ ရုပ်ရည်ကရော ကိုယ်နဲ့မလိုက်ဖက်ဘူးထင်နေလို့လား"

"အဲလိုတွေ မဟုတ်ပါဘူး မကြည်ပြာရယ်"

"မဟုတ်ဘူးဆိုလည်း ရလာအောင် မြောင်းပေးသင့်ရင် ပေးရမှာပေါ့၊ အခုက ဟိုကသည်းသည်းလှုပ်နေတာတောင် နင်အတည့်ပေါက်ရှောင်ရှောင်နေတာ ငါတို့မသိဘူး အောက်မေ့နေလား"

"ဘာကြောင့်လို့ ရှင်းပြနေရဦးမှာလား မကြည်ပြာရယ်"

"ဟင့်အင်း ရှင်းမပြနဲ့ ဘာကြောင့်ဆိုတာ ငါတို့သဘောပေါက်တယ်၊ သိတယ်၊ နင့်ရင်ထဲမှာ ဘယ်အတိုင်းအတာထိ ကိုတိုင်းကို ခံစားနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာလည်း နားလည်တယ်၊ အဲဒါကြောင့် ဟန်ဆောင်နေတာကို မကြိုက်တာ၊ ဘာဖြစ်လဲ စိတ်ဝင်စားရင် ဝင်စားတယ်၊ လက်သင့်ခံချင်ရင်ခံချင်တယ် ဘွင်းဘွင်းပေါ့''

ကြောက်စရာကြီးပါလားလို့ တိုးတိတ်စွာ အသံထွက်သွားမိရင်း ပခုံးတွန့်မိ၏။

''အေး ငါပြောတာကို နင်မလှောင်နဲ့ ကိုတိုင်းဘက်ကသာ အလေးအနက်မရှိဘူးဆိုရင် ငါတို့တိုက်တွန်းဖြစ်မှာ မဟုတ်ပါဘူး။ ဒီမယ် ပဝါ ငါ့ကိုသာ စိတ်ဝင်စားစမ်းကြည့်ပါ ဒီလိုဥစ္စာပေါ ရုပ်ချောလူမျိုးကို တစ်ခါတည်း ဖမ်းဥထားလိုက်မှာ''

''ယုံပါတယ် မကြည်ပြာ အစွမ်းအစကို ဒီလိုရှိတယ် မကြည်ပြာရဲ့''

''ဆိုစမ်းပါဦး ဆင်ခြေဆင်လက် ဆင်နားရွက်လေး''

''ဟော့ အဲဒီဆင်နားရွက်လေးသုပ်ပြီးရင် တို့ကိုတစ်ပွဲလောက်''

ဈေးကပြန်လာသော ပန်းအိကာ နားစွန်နားဖျားကြားပြီး အစားငမ်း၏။ မကြည်ပြာက ပန်းအိလက်ထဲက ဈေးခြင်းတောင်းဆွဲချပြီး

''ထိုင်စမ်းပါဦး။ ကျောင်းပိတ်ရက် ဘယ်အချိန်မှချက်စားစားရပါတယ်၊ ဒီမှာ ပဝါကို နိဗ္ဗာန်ရောက်ကြောင်း တရားဟောနေတာ''

''တရားရပြီး တောခိုသွားလို့ သူပုန်ဆိုပြီး အဖမ်းခံနေရဦးမယ် ထိုင်နေတာအကောင်းသား ထသွားမှအကျိုးမှန်းသိရင် မကြည်ပြာ





တာဝန်ယူမှာလား''

''ပြောလိုက်စမ်းပါဟယ် သူလိုအပျိုဟိုင်းကြီးဖြစ်မှာ ကြောက်လို့ထင်တယ်၊ လူကို ဟောက်စားမြှောက်စား တိုက်တွန်းနေတယ်''

''အံမယ် သူကပြောနေတယ်၊ နောက်မှကောင်းမှန်းသိလို့ မကြည်ပြာတို့ကို မေ့သွားမှာ မြင်ယောင်သေး''

''ပဝါ ဗီးသီးသည်မဗျိုင်း မဟုတ်ပါဘူး။ ပဝါ ဘာတပ်မက်မှုမှ မရှိလို့ ဣန္ဒြေမပျက်တာပေါ့''

''အလကားစတာပါဟယ်၊ ကိုတိုင်းကလည်း အဲဒါတွေ နားလည်လို့ နင့်ကို တန်ဖိုးထားနေတာဖြစ်မယ်၊ ဒီမယ် ငါပြောမယ် ပဝါ ကိုတိုင်းဖွင့်ပြောလာရင် ငြင်းမယ်လို့ စိတ်ကူးထားတာ မေ့ပစ်လိုက်တော့၊ နင့်ဘက်က မချစ်ဘူးဆိုရင်တော့ တစ်မျိုးပေါ့ဟယ်၊ ဖို နည်းနည်းလောက် ပိစိကွေးလေးလောက် နင့်ရင်ထဲရှိတာ ဝန်ခံကြည့်ပါလား''

''အား ဘာတွေ ဝန်ခံခိုင်းနေတာလဲ မသိဘူး သွား''

ပဝါ ရှက်ရမ်းရမ်းကာ မကြည်ပြာကို တွန်းထိုး၍ အိမ်ရှေ့ထွက်လာခဲ့သည်။ မနက်စောက ရေလောင်းထားသော ပန်းပင်လေးတွေက လန်းဆန်းပွင့်လန်းနေသည်။

ပန်းကို မြတ်နိုးတတ်သော မိန်းကလေးသဘာဝဆိုပေမယ့် သူမက ပန်းကိုချစ်ရုံပဲချစ်တတ်ပြီး မပန်တတ်ပေ။

ဒါန်းလေးကို လွှဲကာထိုင်နေဆဲ ဝင်းတံခါးကနေ ကိုတိုင်းကား



www.burmeseclassic.com

www.burmeseclassic.com



လေး ဝင်လာတာမြင်တော့ သူမရင်တွေ ဖျပ်ဖျပ်ခုန်သွားသည်။

အပြင်ပန်းမှာ ဣန္ဒြေရပေမယ့် ရင်တွင်းကလီစာတွေကတော့ တိုးတိုးသဲ့သဲ့ ဗရမ်းဗတာ ဖြစ်နေတတ်၏။

"ပဝါ"

ကြွယ်တိုင်းရဲ့က ကားပေါ်က ဆင်းလာပြီး အနားမရောက်ခင် ကပင် မြတ်နိုးစွာခေါ်၏။ သူမက အသံဖြင့် ပြန်မထူးဖြစ်ဘဲ အပြုံးနှင့်သာ တုံ့ပြန်လိုက်သည်။

"အိမ်ရှေ့မှာ ထွက်ထိုင်နေတယ် ဘာဖြစ်လို့လဲ"

ဒါန်းလေးတစ်ဖက်ခြမ်းမှာ ဝင်ထိုင်ရင်းမေးတော့ မကြည်ပြာ တို့ ကိုတိုင်းနဲ့ စနောက်တိုက်တွန်းနေလို့ပါဟု ပြောမထွက်။

ဒီနေ့သူမတို့က ကျောင်းပိတ်သလို ကိုတိုင်းလည်း ကုမ္ပဏီပိတ် ရက်ဖြစ်နေတာမို့ ကိုတိုင်းရောက်လာမည်ဆိုတာ ကြိုသိနေပြီး သူ ကိုယ်တိုင်လည်း မျှော်နေမိတာပါ။

"ရွှေစွန်ညိုကြီး ဘာကိုလိုလို့ဝဲတယ်ဆိုတာ သိသာနေသား နင်အရမ်းမူမနေနဲ့ ပဝါ၊ ရေလာအောင်မြောင်းပေးတဲ့ မိန်းကလေးတွေ လောက် ဈေးမပေါ်ရင်တော်ပြီပေါ့၊ မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ အထာထိတော့ ဈေးမကိုင်ပါနဲ့၊ ကိုတိုင်းက ဟော့ဟော့ရမ်းရမ်း လူငယ် လေးမဟုတ်တော့ သူ့ဘက်ကလည်း သိက္ခာတွေနဲ့ ထိန်းချုပ်နေရတာ ပင်ပန်းပါတယ်"





မကြည်ပြာတို့က အဘက်ဘက်ကကို တိုက်တွန်းအားပေးနေကြ တာပါ။ စေတနာနှင့်ဆိုတာ သိပေမယ့် ကွာခြားလွန်းသည့် အခြင့်အတန်း ကြောင့် သူမဘယ်လိုမှ မဝံ့ရဲချေ။

"ပဝါ ကိုယ်မေးနေတာ မဖြေဘဲ ဘာတွေငိုင်နေတာလဲ"

"ဟို ဘာ ဘာမှမဟုတ်ပါဘူး ကိုတိုင်းရဲ့ မကြည်ပြာတို့ကလေ"

"အင်း ဘာဖြစ်လဲ"

"အဲ ဟင်း ဟင်းချက်ရဦးမှာ၊ ပဝါမေ့ပြီးထိုင်နေတာ"

မြပဝါ ကသုတ်ကရက်ပင် ပြေးထွက်လာခဲ့သည်။ အိမ်ရှေ့ထွက် ကြည့်နေသော မကြည်ပြာက မျက်စိတပစ်ပစ်။

"ကိုတိုင်း ဘာပြောလိုက်လို့ ပဝါပြေးလာတာလဲ"

နောက်ကပါလာသော ကြွယ်တိုင်းရဲ့ကို မကြည်ပြာက လက် …တ်မေးသည်။ ကြွယ်တိုင်းရဲ့က နောက်ဖေးခန်းထဲ မြပဝါ ရောက် …သွားတာမြင်မှ

"အဲဒါ ကိုယ်ကမေးချင်နေတာ သူတစ်ယောက်တည်း အပြင် …ထွက်ထိုင်နေတာမြင်လို့ ဘာဖြစ်လို့လဲမေးမိတာ၊ မကြည်ပြာက ဘာ …လား ပြောမလိုလိုနဲ့ ဘာကိုရှက်ပြီး ထွက်ပြေးမှန်းလည်း မသိဘူး၊ …ပါဦး ဘာကြောင့်ဆိုတာ ကြည်ပြာတော့ သိနေမှာပေါ့"

"သြော် ဒါလား"

"အော်ဒါ မဟုတ်ဘူး ဝန်ဆောင်မှုအနေနဲ့ ကိုယ်တိုင်ပြောပြ"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တိုင်းရံက ရင်းနှီးမှုရှိအောင် စနောက်လိုက်ေ
မကြည်ပြာ ရဲရဲတင်းတင်း ပြုံးဖြီးသွားသည်။

''အသေးစိတ်ပြောပြရရင်တော့ ကျွန်မတို့က ကိုတိုင်း
စနောက် အားပေးနေတာ''

''ကိုယ်နဲ့''

''အင်းလေ ကိုတိုင်းက နင့်ကို စိတ်ဝင်စားနေတာ နင်လည်
ကြိုက်ရဲ့သားနဲ့ မှုမနေနဲ့ ကလန်ကြီး တစ်ခွဲသားလုပ်မနေနဲ့''

''အင်း''

''အဆင့်အတန်း မတူတာတွေ အသက်ကွာတာတွေ တွေးမ
နဲ့ ကိုတိုင်းဘက်က မိဘတွေဆုံးပါးလို့ တားဆီးကန့်ကွက်မယ့်သူလည်
မရှိဘူး၊ နင့်ဦးလေးတွေ အဒေါ်တွေလည်း ကိုတိုင်းလို လူမျိုးနဲ့ဆို သဘော
တူလွန်းလို့ ဖင်တယမ်းယမ်းတောင် ဖြစ်နေဦးမယ်လို့ အဲ အဲဘယ်ရော
ပြီး ဘာတွေပြောမိမှန်းတောင် မသိတော့ဘူး ငရဲတွေကြီးတော့မှာ

မကြည်ပြာပြောသမျှ ကြယ်တိုင်းရဲ မျက်လုံးအပြူးသား ပါး
အဟောင်းသားနှင့် သဘောတွေကျနေသည်။ ဒီလောက် ထဲထဲဝင်
ထိုးထွင်းသိနေပါလျက် သူ ဘာကြောင့် နှုတ်ဆွံ့အနေတော့မလဲ၊ သူ့ဘ
က သတ္တိကြောင်တာမျိုး မဟုတ်ပေမယ့် စိုးရွံ့မှုတွေ ရှိခဲ့တာ
ဝန်ခံရမည်။

ကိုယ့်ထောက်ပံ့မှုနှင့် ပညာသင်နေရသည့် သူမအပေါ် အ





ရေးယူသည်လို့ အထင်မခံချင်လို့ပါ။

အခုတော့ မကြည်ပြာကောင်းမှုနှင့် မြပဝါ အတွင်းစိတ်လေးကို
လိုက်ရသည်။ သူ့ရင်ထဲက ခံစားချက်တွေကိုလည်း မကြည်ပြာက
သာသာ အသိပေးထားဟန်တူ၏။

ဒီထက်မကပါဘူးလို့ ဖွင့်ပြောလိုက်လျှင် . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

ကိုယ့်ကိုယ်ကို ကြိမ်းမောင်းအားပေးနေခဲ့ပေမယ့် တကယ့်လက်တွေ့မှာ နေ့လယ်စာစားပြီးချိန်ထိ ဖွင့်ဟပြောဖို့ တွန့်ဆုတ်တွေဝေနေဆဲပင်။

ဒီနေ့မှ မြပဝါလည်း သူ့ရှေ့မှာ အနေရခက်နေသလို ရှေ့ထွက်သွားလိုက် နောက်ဝင်သွားလိုက် ဣန္ဒြေမရပေ။ မကြည်ပြာ အိမ်ရှေ့ခန်းဘက် လက်ဖက်သုပ်ပန်းကန်လေးနှင့် ထွက်လာပြီး

"ကိုတိုင်း ကျွန်မတို့ အပြင်ခဏသွားချင်လို့ ဒီလက်ဖက်သုပ်လေးစားပြီး ပဝါကို အဖော်လုပ်ပေးပါနော်"

"ဟာ မကြည်ပြာ ဘယ် ဘယ်သွားမလို့လဲ"

ကြယ်တိုင်းရဲ့ ဘာမှမမေးခင် မြပဝါ ပျာပျာသလဲ ဖြစ်လေသည်။ ပန်းအိကု မကြည်ပြာ လက်မောင်းကို တွဲချိတ်ထားပြီး





"ရွာက လူကြုံရှိလို့ အမေတို့အတွက် စာသွားပေးမလို့ပါ။ ဒီမှာ လိမ်လိမ်မာမာနေတယ်၊ ဦးကြယ်တိုင်းရဲ့ကလည်း ကိုယ်ဖိရင်ဖိ စောင့်ရှောက်တယ်၊ ရည်းစားလည်းမရလို့ တစ်ယောက်မှ မထားပါဘူး ဆိုတဲ့အကြောင်း အမေတို့စိတ်ချရအောင် ရေးပေးလိုက်တာပါ သွားမယ်နော်"

"ဟဲ့ ဟဲ့ ညောာ်"

မြပဝါ ဟန့်တားချိန်တောင် မရလိုက်တော့။ တမင်သက်သက် ရှောင်ထွက်သွားသည်ဆိုတာ အသိသာကြီး။

ပြုံးစိစိဖြစ်နေသော ကြယ်တိုင်းရဲ့မျက်နှာကို မော့မကြည့်ရဲတော့ဘဲ၊ လက်ဖက်သုပ်ပန်းကန်ကို တဆတ်ဆတ် ရွှန်းနှင့်ခပ်စားပစ်လိုက်သည်။

"အဲဒါကြည်ပြာက ကိုယ့်ဖို့ထားခဲ့တာနော်"

"ဟင်"

ကြယ်တိုင်းရဲ့ အနေမခက်အောင် စနောက်လိုက်တော့ လက်ဖက်သုပ်ပန်းကန်ကို မြပဝါ ဆောင့်ခနဲ ပြန်ချလိုက်သည်။

"အလကားစတာပါ၊ ပဝါစားချင်စားလေ"

"ဟင့်အင်း မစားတော့ဘူး"

"ပဝါ"

"..."



www.burmeseclassic.com

www.burmeseclassic.com



ပဝါက သူ့ရဲ့ လိုက်မောတိုးသဲ့နေသော ခေါ်သံကို မကြားလိုက်တာလား၊ မကြားချင်ယောင် ဆောင်နေတာပဲလားမသိ။ ခေါင်းလေးငုံ့လျှိုးကာ လက်ဖက်ပန်းကန်ကို ဇွန်းလေးနှင့် တတောက်တောက်ခေါက်နေသည်။ သူက ထိုလက်ကလေးကို အရဲတိုးကာ ဆုပ်ကိုင်လိုက်တော့ ပဝါမျက်လုံးလေး ပြူးခနဲဖြစ်ကာ မျက်လွှာပင့်ကြည့်လာ၏။

"ပဝါ"

"ရှင် ဟင်"

ရှင်နဲ့ ဟင်က မပီမသ တစ်ဆက်တည်း။ သူ အားမလိုအားမရဖြစ်ကာ အသက်ကို ဝဝရှူသွင်းလိုက်သည်။

သူ့ရဲ့လေပူငွေ့များက အင်အားပြင်းကာ သူမ နဖူးဆံစပ်က ဆံနွယ်ခလေးတွေကို လွင့်ခနဲ ဖြစ်သွားစေ၏။

"ကိုယ် အရမ်းကြီး ထိန်းချုပ်မထားချင်တော့ဘူး ပဝါရယ် ကိုယ်မင်းကိုချစ်တယ်"

"ဟင်"

တွန့်ခနဲဖြစ်သွားသော သူမလက်ကို သူလွှတ်မပေးမိ။

"ကိုယ်အကြာကြီး ထိန်းချုပ်ခဲ့တာ အခွင့်အရေးယူသလို ဖြစ်မှာစိုးလို့ပါ၊ အခုရော ပဝါအဲလိုထင်လားဟင်"

"မ မထင်ပါဘူး"

"ကိုယ့်အချစ်ကိုရော လက်ခံလား"





"အင်း ဟင့်အင်းဟို"

"ဘာလဲကွာ လက်ခံသလိုအင်းလုပ်ပြီးမှ ဘာက ဟင့်အင်းလဲ၊ ကိုယ်က အပျော်ကြီးပြီး အလေးအနက်မထားမှာစိုးလို့လား"

မြပဝါ ခေါင်းခါပြီး သူမလက်ကလေးကို မသိမသာ သူ့လက်ထဲကနေရုန်းထွက်၏။

"ကိုတိုင်းက လူကြီးလူကောင်း အဆင့်အတန်းရှိတဲ့ သူတစ်ယောက်ဆိုတာ ပဝါ သိပါတယ်၊ ဒီလိုကိစ္စမျိုးကို ပေါ့ပေါ့တန်တန် မဆုံးဖြတ်ဘူးဆိုတာလည်း ပဝါ ယုံကြည်တယ်၊ ပစ္စည်းဥစ္စာ ဂုဏ်ဓနကလည်း ခန်းကလေးတိုင်း မက်မောလက်ခံနိုင်အောင်လည်း စုံနေတာပဲ"

"ဒါဆိုဘာက ဟင့်အင်းလဲ၊ အသက်အရွယ်ကြောင့်လား ပဝါ"

"လူပျိုကြီးစာရင်းတောင် မဝင်သေးဘဲနဲ့ ကိုတိုင်းက လုပ်ငန်းကြီးတစ်ခုကို အရွယ်နဲ့မမျှ တာဝန်ယူအုပ်ချုပ်နေရလို့ ရင့်ကျက်တည်ငြိမ်နေတာပါ၊ မှီခိုအားကိုးလို့ အသင့်တော်ဆုံးပါ"

"ဒါဆို"

"အရာရာပြည့်စုံတဲ့သူမို့ အလွယ်တကူ လက်ခံပေးလိုက်တာမျိုး မဖြစ်ချင်ဘူး ကိုတိုင်း၊ စဉ်းစားပါရစေလို့ ကြိုးရှည်ရှည်နဲ့ လှန်ထားသလို မျိုး မသင့်တော်ဘူးဆိုတာ ပဝါနားလည်ပါတယ်၊ ပဝါတို့ဘဝက နုံချာပါတယ်၊ အရာရာအဘက်ဘက်က ချို့တဲ့ပါတယ်၊ အဲဒါကြောင့် ကိုတိုင်းဘက်ကပဲ အချိန်ယူ စဉ်းစားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပဝါ"

ဒီကောင်မလေး ဒီလောက်ထိ ကိုယ့်ဘက်ကိုပဲ တွေးပေးလ

မည်ဟု မထင်မိပေ။ သိမ်ငယ်မှုတွေက အင်အားမဲ့စေတာလား။

"ပဝါကို ကိုယ်အရမ်းမြတ်နိုးထားမိနေတာပါ၊ ကိုယ့်ဘက်

ဒီထက်ပိုကြီး စဉ်းစားတွေဝေစရာ အကြောင်းမရှိပါဘူး ပဝါ၊ မင်းဘက်

ပညာရေးကို ဦးစားပေးချင်တယ်ဆိုရင် လက်ထပ်ဖို့ အချိန်

ကိုယ်စောင့်နိုင်ပါတယ်၊ ဒါပေမဲ့ ချစ်တယ်ဆိုတဲ့ အဖြေတစ်ခုတော့ ကို

ရထားချင်တယ်"

သူ့ဘက်က အတိအကျတောင်းဆိုမှုမှာ မြပဝါ ရင်ခုန်စိတ်လှု

ရှားသွားသည်။

အကြင်နာမျက်ဝန်းများမှာ အချစ်ရဲ့ ပြယုဂ်များဖြင့် ရွှန်းစို

ရီနေသည်မို့ ဒီရင်ကဘယ်လိုလုပ် ခံနိုင်ရည်ရှိပါ့မလဲ။

"ပဝါပြောလေ၊ ကိုယ့်ကိုချစ်သလားလို့"

"ကိုတိုင်း"

"ကိုယ့်ကို ရှက်အောင်မလုပ်နဲ့ကွာ၊ မငြင်းဆန်ဘူးလို့ အ

တွက်ထားတာမျိုးတော့ မဟုတ်ပါဘူး။ ပဝါပွင့်ပွင့်လင်းလင်း ရင်ထဲရှိသ

ပဲဖြေပါ"

"ပဝါ ငြင်းရင်ရော"

"နာနာကျင်ကျင် ခံစားရမယ်ထင်တယ်၊ အချစ်ဆိုတာ





နဲ့မှ ခံစားဖူးလာတာမို့လို့ပါ၊ ကိုယ်ဘယ်မိန်းကလေးကိုမှ မင်းလိုမျိုး

မချစ်ဘူးခဲ့တာ"

"ကိုတိုင်းမှအပြောကောင်း"

"ဩော် တကယ်၊ မယုံရင်ကိုယ်ဘယ်လို သက်သေပြရမလဲ"

"အဟင်း ကိုတိုင်းကလည်း ပဝါယုံပါတယ်ဆို"

"အလို ယုံနေရုံနဲ့မပြီးဘူးလေကွာ ချစ်တယ်လို့ပြော"

အချစ်နှင့် ပတ်သက်လျှင် နုပျိုကလေးဆန်သွားတတ်သလား

မသိ။ ကိုတိုက်ဆိုးနွဲ့ကာ မရမက တောင်းနေမိသည်။

ပဝါက ဆက်တီခုံလက်တန်းပေါ် လက်တင်ပြီးမေးလေးထောက်

၍ သူ့ကို နှာခေါင်းရှုံ့ကာ ပြုံးပြုံးလေး မော့ကြည့်၏။

"ဘယ်လိုလုပ် ကလေးစိတ်ပေါက်သွားတာလဲ၊ ပဝါထက်တောင်

ငယ်သွားသလိုပဲ"

သူ ဟက်ခနဲရယ်မိကာ သူမပန်းလေးကို ပွေ့ဖက်ပစ်လိုက်သည်။

သူမကပြုံးနေရင်းမှ လွန့်လွန့်လေးရုန်းရင်း

"မကြည့်ပြာတို့ ပြန်လာလို့ မြင်သွားရင် မကောင်းဘူး"

"အလိုက်တသိနဲ့တောင် ရှောင်ထွက်သွားသေးတာ တော်တော်နဲ့

ပြန်လာသေးမှာ မဟုတ်ပါဘူး"

"ဟွန်းနော် ပဝါအသာတကြည် ငြိမ်နေလို့ အဖြေပေးလိုက်ပြီ

လို့တော့ အပိုင်မတွက်လိုက်နဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



''ဟောဗျာ ဘာဖြစ်လို့လဲ''

''ချစ်တယ်လို့ပြောပြီးမှ လက်ထပ်ဖို့ဖြစ်မလာရင် အရှမ်းနာကျင်ခံစားရမှာ၊ ပဝါက ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူတစ်ယောက်တည်း ဖြစ်ချင်တယ်၊ ပဝါစည်းစိမ်ဥစ္စာတွေ မမက်ပါဘူး၊ ချစ်တဲ့သူနဲ့အတူနေပြီး ဘဝဆင်းရဲလည်း ရင်ဆိုင်ရဲမယ်ထင်တယ်''

''ပဝါ မင်းဘာတွေစိုးရိမ်နေတာလဲ၊ ကိုယ်မင်းကို မြတ်မြတ်နိုးနိုး လက်ထပ်တောင်းရမ်းယူမှာပါ''

''ဒါဆို ဦးလေးနဲ့အဒေါ်ဆီမှာ ပဝါ ကျောင်းပြီးတဲ့အချိန် တင့်တောင်းတင့်တယ် လက်ထပ်ယူမှာလား''

''ဟင် ကျောင်းပြီးမှလား အချိန်တွေအဝေးကြီးလိုသေးတာ ပဝါရယ် ကိုယ်အဘိုးအရွယ်ရောက်မှ ကလေးချီရတော့မှာလား''

''ပိုပြီ အခုစာသင်နှစ် တစ်နှစ်တောင်ပြီးတော့မယ်၊ ဒီလောက်တောင် မစောင့်နိုင်ဘူးလား''

''အဲလောက်တော့ မစောင့်နိုင်ဘူး ပဝါရယ် ကျောင်းပိတ်လို့ ပဝါပြန်ရင် ရွာကိုကိုယ်လိုက်ပြီး ပဝါဦးလေးတွေဆီမှာ တရားဝင်ခွင့်တောင်းမယ် နောက်နှစ်ပြန်ရင်လက်ထပ်မယ်''

''ဟင် ပဝါက ကျောင်းပြီးအောင်မတက်ရတော့ဘူးလား''

''လက်ထပ်ပြီးတက်လို့ရတာပဲ အဲဒါမှကိုယ်လည်း စိတ်ချလက်ချ အလုပ်လုပ်နိုင်မှာ ပဝါက အရှမ်းလှတယ်လေ ကိုယ်စိတ်မချဘူး''





''ဖြစ်ရပြန်ပြီ''

''ဩော် တကယ်''

သူမနောက်ထပ် ဆင်ခြေမတက်ဖြစ်တော့ပါ။ ဒါဟာ ကြယ်တိုင်းခဲ့ စိမ်မှုများကို နှလုံးသားဖြင့် နာခံလိုက်တာဖြစ်ကြောင်း သက်ရောက်နိုင်သလားဆိုတာတော့ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"သေချာတာပေါ့ ကိုကို့မှာ ရည်းစားရှိနေပြီဆိုတာ အခုတလော အိမ်ပြန်နောက်ကျတယ်၊ ကုမ္ပဏီပိတ်ရက်မှာလည်း အိမ်မကပ်ဘူး မျက်နှာကလည်း အရင်ကလို အလုပ်ပင်ပန်းတယ် မထင်ရဘူး အ[ ]တက်တက်ကြွကြွ လန်းလန်းဆန်းဆန်းနဲ့"

"ကျိန်းသေလို့လားကွာ၊ မင်းအစ်ကိုက မင်းစိတ်တစ်ခုတည်းနဲ့ တစ်သက်လုံး လူပျိုလုပ်တော့မယ်ထင်တာ"

"ဟ ငါ့ကိုကိုသေရင် ငှက်ပျောတုံးဖက်သေအောင် နိမိတ်ဖတ်စမ်းပါနဲ့၊ ငါ့ကိုကိုက မိန်းမမယူရအောင် အိုနာကျိုးကန်းအရုပ်ဆိုးလို့လား"

"မင်းက ဘယ်လိုမိန်းကလေးနဲ့ဖြစ်ဖြစ် သဘောတူတယ်ပေါ့"

"အင်း ဟင့်အင်း"





လမင်းရဲ့ ခေါင်းညိတ်မလိုလုပ်ပြီးမှ ကပျာကယာခေါင်းခါသည်။ စားမလည်နိုင်ဖြစ်သွားသော နိုင်မင်းနှင့် သက်ဦးကနှာခေါင်းရှုံ့သည်။

"မင်းကဘာလဲ"

"ဘယ်မိန်းမနဲ့မဆို သဘောတူဖို့ဆိုတာက ချွင်းချက်တော့ရှိတော့ပေါ့၊ ကျန်တဲ့အရာတွေထက် ငါနဲ့ကိုကို့ကို ခွဲခွာမယ့် မိန်းမမျိုးလားဆိုတာက အရေးကြီးတယ်"

"ဘာ"

"ငါလက်ထပ်မယ့် မိန်းမကလည်း ကိုကိုနဲ့ငါ့ကိုခွဲခွာမယ့် မိန်းမမျိုးမဖြစ်ရဘူး၊ ကိုကိုက ငါ့အပေါ် အဖေတစ်ယောက်လိုမျိုးထိပြုစုစောင့်ရှောက်မှုမျိုး ရှိခဲ့တယ်၊ ပြည့်စုံအောင် ပံ့ပိုးချစ်နိုင်ခဲ့တယ်"

"အဲဒါကို ဘယ်လိုရွေးချယ်မှာလဲ၊ မိန်းမတွေစိတ်က ခန့်မှန်းရခက်တယ်၊ မင်းအစ်ကိုရဲ့ မိန်းမမင်းရဲ့ မရီးဖြစ်လာမယ့်သူက မရခင်က ဘုတ်သလိုလိုနဲ့ ပြီးမှ မင်းအစ်ကိုကို အပိုင်ကိုင်သွားရင်"

"ဟင့်အင်း အဲလိုမဖြစ်ရဘူး၊ ကိုကို့ကို အခုကတည်းက သေချာမေးမယ်၊ အချိုးမပြေလောက်ရင် စာရင်းဖြတ်လို့ ကိုကို့ကို တောင်းဆိုမယ်"

"ဟ အဲလိုတော့ အနိုင်မကျင့်နဲ့လေကွာ ဘယ်လိုမိန်းမ ဖြစ်ဖြစ်သူချစ်ရင် ယူပစေပေါ့၊ မင်းအပေါ် ဒီအသက်အရွယ်ထိ ကောင်းပေးလာတာနဲ့တင် တန်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



လမင်းရုံက လက်ခံချင်ပုံမပေါ်။ ရှေ့မှာရှိနေသော အအေးခွက်ကို ငွပ်ခနဲမော့သောက်ပြီး ခေါင်းယမ်းသည်။

"ကိုကို့ကျေးဇူးတွေကို နားလည်တယ်၊ အဲဒါကြောင့်လည်း သွေးနွဲ့မယ့် သူစိမ်းတစ်ယောက်ကို လက်မခံနိုင်တာ၊ ဒါပေမဲ့ သိပ်တော့ မဆိုးရိမ်ပါဘူး။ ကိုကိုက ငါ့ထက်တောင် ဒီကိစ္စကို အလေးအနက်တွေးပြီးမှ ဆုံးဖြတ်မှာပါ"

"အေး အဲဒါတော့ ဟုတ်တယ်ကွ၊ မင်းအစ်ကိုက မင်းချစ်တာထက်တောင်မင်းကို ပိုချစ်နိုင်သေးတာပဲ"

"ပေါ့ပျက်ပျက် မိန်းမတစ်ယောက်ကို အလွယ်တကူ ချစ်မိသွားပြီး မရွေးချယ်မှာလည်း အသေအချာပဲ"

"ငွတ်ဒ် မင်းတို့ပြောတာမှန်တယ်၊ ကိုကိုက ငါ့ထက်ဦးနှောက်ရှိတယ် အတွေးအခေါ်ရင့်ကျက်တယ်"

"အေး အဲဒါထားပါကွာ၊ အခုစာမေးပွဲဖြေပြီးရင် ဆရာကန်တော့ပွဲလုပ်မယ် ပြောတယ်၊ ပျော်ပွဲရွှင်ပွဲ ညှိနှိုင်းခံပွဲလေးပါ ဖြစ်မြောက်အောင် ပါမောက္ခချုပ်က အစည်းအဝေးခေါ်ထားတယ်တဲ့၊ ဒီကောင်နိုင်မင်းက ရှာပြန်မယ် ပြောနေတယ်၊ နည်းနည်းပါးပါး ကြည့်ပြောဦးလမင်း။ လူမစုံရင် ပျော်စရာမကောင်းဘူး"

သက်ဦး တပ်ကူတောင်းတော့ လမင်းရဲ့ မျက်နှာမာန်ရှိသွား၏။ သူဆုံးဖြတ်လျှင် ဘယ်သူမှမနာခံဘဲ နေမှာမဟုတ်။





"မင်းပြန်ချင်တယ်ဆို ပွဲပြီးမှပြန်လေ၊ ဘာလဲ မင်းကသစ္စာဖောက်ချင်လို့လား"

"မဟုတ်ပါဘူး၊ အမေတို့က မျှော်နေမှာစိုးလို့ပါ"

"ဖုန်းကြိုဆက်ထားပေါ့ကွာ၊ အပြန်ကျရင် ငါလက်ဆောင်အအများကြီး ဝယ်ပေးလိုက်ပါ့မယ် အေးဆေး"

"အေးပါ"

လမင်းရဲ့ပခုံး ဖိဆုပ်ကာ ပြောလိုက်သည်နှင့် နိုင်မင်း စောဒကမတက်တော့။ ကျေကျေနပ်နပ်ပင် ခေါင်းညိတ်ပြရင်း

"လမင်း မင်းဖုန်းကခါတ်ပုံရိုက်လို့ရတယ် မဟုတ်လား၊ အမေတို့ကိုပြချင်လို့ အဲဒီနေ့ပွဲကျရင် အမှတ်တရဓါတ်ပုံ ရိုက်ပေးစမ်းပါကွာ သိလား၊ အမေတို့က အဲဒါမှယုံမှာကွ"

"အေးပါ အဲဒါလည်း ငါ့တာဝန်ထား တစ်ခါတည်းကူးပြီး ပေးလိုက်မယ်"

ပြောသမျှဖြစ်အောင် လုပ်ပေးတတ်တာ သိနေပြီးသားမို့ နိုင်မင်း ပျော်သွားလေသည်။ သူ့အတွက်က ဘာမှခက်ခဲတာမျိုး မဟုတ်ပါ။

ကိုကိုရှိလျှင် အရာရာပြည့်စုံပြီးသား။ ခေါင်းတိုးခွေ့ပူစရာစရာပင်မလို။

ဖြည့်ဆည်းမည့်သူက အဆင်သင့်မို့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဪ ညီမှသဘောပါ၊ ဘာအတွက် ဘယ်လောက်ပဲသုံးသုံး ကိုကိုက ဘာပြောမှာလဲ၊ ဟော့ဟော့ရမ်းရမ်း သောက်စားမူးယစ်နေတဲ့ သူငယ်ချင်းတွေ မဟုတ်တာဘဲ ကိုကိုက ကျေးဇူးတင်နေပါပြီ လူငယ်တွေမို့ ပျော်ပျော်နေတတ်တာကို ကိုကိုနားလည်တယ်"

"ဟား ဒါကြောင့်မို့ ကိုကို့ကို ချစ်တာ"

လမင်းရုံက ကြယ်တိုင်းရုံပါးကို ရွှတ်ခနဲနမ်းသည်။ အမြဲတမ်း ကိုယ့်ကိုနမ်းပြီးတိုင်း သူ့ကိုပြန်နမ်းမှကြိုက်သော ညီငယ်လေးကို ကြယ်တိုင်းရုံ မြတ်နိုးစွာပင် ပြန်နမ်းလိုက်သည်။ ဒီအရွယ်ထိ ခရီးသွားလို့ ခွဲရမည့်အချိန်တိုင်း ခရီးကပြန်လာလို့ ပြန်တွေ့ရသည့်အချိန်တိုင်း တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ကြီးစွာ အပြန်အလှန်နမ်းဖို့ ဝတ္တရား မပျက်ကြပါ။





တချို့က ဒီအရွယ်ကြီးတွေထိ ယောကျ်ားကြီးတွေဖြစ်ပြီး နမ်းကြတာကို အရူးအပေါဟု ထင်ကြပေလိမ့်မည်။

သူတို့ညီအစ်ကိုအတွက်တော့ တန်ဖိုးကြီးသည့် သံယောဇဉ် ပြယုဂ်လေးပါ။

မိဘတွေရှိနေလျှင်လည်း ထိုအပြုအမူမျိုးဖြင့် နွေးထွေးစွာ ဆက်ဆံလိမ့်မည် မဟုတ်လား။

"ကိုကိုတစ်ခုတော့မှာမယ်ညီ စာမေးပွဲဖြေဖို့ ရက်ကနီးတော့ စာကိုတော့ အာရုံစိုက်ပါ၊ အပျော်ဘက်စိတ်ရောက်ပြီး ပညာရေး နှောင့်နှေးတာမျိုးတော့ မဖြစ်စေချင်ဘူး"

"လမင်းရုံပါကိုကိုရာ၊ တစ်နှစ်တစ်တန်း မအောင်ခဲ့ဘူးဆိုတာ ရှိလို့လား"

"ကိုကို ဖြစ်စေချင်တဲ့ ဆရာဝန်တော့ အမှတ်မမီခဲ့ဘူး မဟုတ်လား၊ ကိုကိုကလေ ဆရာဝန်ဖြစ်ဖို့ အရမ်းကိုရူးသွပ်ခဲ့တာ၊ မိဘတွေက စီးပွားရေးနဲ့ ပတ်သက်တဲ့ဘာသာရပ်လောက်ပဲ မျှော်ကိုးပေမယ့် ကိုကို အကြိတ်အနယ် ကြိုးစားခဲ့တယ်"

"အမှတ်မီရဲ့နဲ့ ဖေဖေတို့ အက်ဆီးဒင့်ဖြစ်သွားလို့ ကျွန်တော့်ကို စောင့်ရှောက်ရမှာ၊ လုပ်ငန်းတွေကို ဦးဆောင်ရမှာဆိုပြီး သာမန်ဘွဲ့တစ်ခုပဲ ယူခဲ့ရတာမဟုတ်လားကိုကို၊ ကိုကို့အတွက် ညီစိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ညီအပြစ်မှမဟုတ်တာ ညီက ဘာကို စိတ်မကောင်းဖြစ်ရမှာ
ညီအတွက် ဒီလိုလုပ်ပေးနိုင်တာကိုပဲ ကိုကိုကျေနပ်တယ်၊ ညီကို ဒီ
ပြည့်စုံအောင် မထားနိုင်ဘူး၊၊ လုပ်ငန်းတွေမအောင်မြင်ခဲ့ဘူးဆိုရင် ကို
တစ်သက်လုံး နာကျင်ခံစားပြီး ဖြေနိုင်မှာ မဟုတ်ဘူး''

လမင်းရုံက ပေါ့ပေါ့ပါးပါး ပြုံးရယ်ကာ ကြယ်တိုင်းရဲ့ အိပ်
ခုတင်ပေါ် ပစ်လှဲချလိုက်သည်။ ဘေးစောင်းထိုင်လျက်ရှိသော ကြယ်တိုင်း
ရဲ့ကိုလည်း ခေါင်းအုံးပေါ် ဆွဲလှဲလိုက်၏။

''ကျွန်တော်ကတော့ ညတိုင်းတွေးမိတယ် ဖေဖေမေမေတို့ရှိ
တောင် ကျွန်တော်ဒီလောက် ဂရုစိုက်ခံပြီး ပြည့်စုံကြွယ်ဝစွာနဲ့ ကြီးပြ
လာပါ့မလားလို့''

''ညီရယ် ဖေဖေမေမေတို့က ကိုကို့ထက် ညီ့ကိုပိုပြီး ချစ်နိုင်
မှာပေါ့''

''ကိုကို''

''အင်း ပြောညီ''

''ကိုကို မိန်းမယူရင် ညီကို ခွဲသွားမှာလား''

''ဟင့်အင်း၊ ဘာလို့ခွဲရမှာလဲကွ၊ ဒီညီအစ်ကိုနှစ်ယောက်ပဲ ရှိ
အတူတူနေမှာပေ့ါ၊ ညီကရော ကိုကို့ကို ခွဲမှာလား''

''မခွဲပါဘူး ဘာလို့ခွဲရမှာလဲ၊ ကိုကို့နဲ့တစ်အိမ်တည်း မနေနိုင်
မိန်းမဆို လက်ထပ်ဖို့ စိတ်မကူးဘူး''

မိုးမိုးစာပေ



''ဟား ကိုကိုပျော်သွားပြီညီရယ်၊ ညီ့မှာအဲလိုစိတ်ကူးရှိနေသလို
ကိုကိုလက်ထပ်မယ့် မိန်းကလေးကလည်း ကိုကိုတို့ ညီအစ်ကို နှစ်ယောက်
ကို ခွဲမယ့်သူ မဟုတ်ဘူးဆိုတာ ကိုကိုကတိပေးတယ်''

''ကိုကို့ချစ်သူက ဘယ်လိုမိန်းလေးမျိုးလဲဟင် ညီနဲ့ မိတ်ဆက်
ပေးပါလား''

ကြည်နူးရိပ်ထင်နေသော အပြုံးတို့ဖြင့် ကြယ်တိုင်းရဲ့ လှဲနေရာမှ
ထထိုင်လိုက်သည်။ လမင်းရုံက ကြယ်တိုင်းရဲ့ပေါင်ပေါ် ပက်လက်လှန်
အိပ်၍ ကြယ်တိုင်းရဲ့ပြောလာမည့် စကားကို စိတ်ဝင်တစား နားစွင့်နေ
သည်။

''ပြောလေ ကိုကို''

''အင်း ဘယ်လိုမိန်းကလေးလဲဆိုတော့ ရိုးသားတယ် နူးညံ့သိမ်
မွေ့တယ်၊ အရမ်းလှတယ် ချစ်စရာကောင်းတယ်''

''ကိုကိုရွေးချယ်ထားတဲ့ သူက အဲလိုမိန်းကလေးပဲ ဖြစ်ရမယ်
ဆိုတာ ညီ ကြိုသိတာပေ့ါ''

''တစ်နေ့နေ့တော့ ညီနဲ့ မိတ်ဆက်ပေးမှာပါ၊ အခုသူက
ကျောင်းတက်နေတုန်းဆိုတော့ စာမေးပွဲလည်း နီးနေတာနဲ့ မအားလပ်
ဘူး။ သူက ချို့တဲ့တယ်ကွ''

''ချို့တဲ့တာက ပြဿနာမဟုတ်ပါဘူး ကိုကိုရာ၊ ညီတို့က ပြည့်စုံ
ကြွယ်ဝနေတာပဲ၊ အဓိကက ညီနဲ့ကိုကို့ကို ခွဲမယ့်မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ရင် ပြီးတာပဲ''

''သူက မိဘတွေမရှိတော့ဘူး၊ မေတ္တာငတ်နေတဲ့သူဆိုတော့ ဒီလို ပဋိပက္ခမျိုးတွေ သူလည်းလိုချင်မှာ မဟုတ်ပါဘူး၊ ကဲ ညီ ညဥ့်နက် နေပြီ စကားပြောကောင်းနေတာနဲ့ စာလည်းမကျက်လိုက်ရဘူး မဟုတ် လား''

''ဟုတ် မနက်စောစော ထကျက်လိုက်ရင် အိုကေပါ၊ ကိုကို့ ဆေးနဲ့နွားနို့ ယူပေးမယ်နော်''

ညီက လှစ်ခနဲ ခုန်ထထွက်သွားသည်။ ဒီလိုပဲ ဒေါ်မှုံလုပ်ပေး သည့် နွားနို့နှင့်ဆေးကို နေ့စဉ်နေ့တိုင်း ကိုယ်တိုင်ယူပေးပြီး တိုက်တတ် တာပါ။ ဒါလေးတွေနဲ့ပဲ သူ့ဘဝမှာ ကြည်နူးကျေနပ်နေရတာပါ။ ဘာဖြ ဖြစ် ညီက သူ့အတွက်တော့ တန်ဖိုးကြီးရတနာလေးမို့ . . .။

■ ■ ■



အခန်း (၂၁)

အချိန်နာရီ စက္ကန့်ဆိုတာ ဒီအတိုင်းရပ်တန့်မနေ။ ရာသီစက် ဝန်းရွေ့လျားသည့်အတိုင်း နေ့ရက်တွေ ကုန်ဆုံးကာ မြပဝါတို့ စာမေးပွဲ ကြီး ဖြေပြီးသွားခဲ့သည်။

စာမေးပွဲဖြေရမည့် ရက်အတွင်းမှာ ကြယ်တိုင်းရဲ နေ့စဉ်နေ့တိုင်း ရောက်လာပြီး အစားအသောက် ဆေးဝါးအစ လိုလေသေးမရှိ ဖြည့်ဆည်း ပံ့ပိုးခဲ့သည်။ အားပေးစကားများပြောလျက် အနီးကပ်လည်း စောင့်ရှောက် မှုရှိခဲ့၏။

''စာမေးပွဲတွေ တစ်နှစ်ပြီးတစ်နှစ် မြန်မြန်ဖြေပြီးစေချင်တယ်၊ ပဝါနဲ့လက်ထပ်ဖို့ အချိန်စောင့်နေရတာ ရင်မောတယ်ကွာ၊ ရှယ်တူကောင် လေးနဲ့ ချစ်ကြိုက်သွားပြီး ကိုယ့်ကို ထားခဲ့မှာလည်း ရင်ပူတယ်၊ ပဝါက လည်း ချစ်တယ်လို့ပွင့်ပွင့်လင်းလင်း အဖြေပေးသေးတာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တိုင်းရဲ့က စိုးရိမ်ပူပန်မှုများဖြင့် တကျိကျိလုပ်ခဲ့ပေမယ့် သူမဘက်က ထိန်းချုပ်မှုများဖြင့် စိတ်အားတင်းနေခဲ့ရသည်။ ဒါဟာ သူ့ဘက်က ပြည့်စုံကြွယ်ဝနေပြီး သူ့မဘဝက သူ့ရဲ့ထောက်ပံ့မှုတွေနှင့် ပညာသင်နေရသည့် နုံချာသော အခြေအနေကြောင့်ပါ။

ရှေ့ဘုံပေါ် အဆင်သင့် စံရမှာမို့ အလွယ်လက်ခံတာမျိုး မဖြစ်ချင်။ မိမိအချစ်ကို ကြယ်တိုင်းရဲ့ သိနေမှာဖြစ်သလို တန်ဖိုးလည်းထားစေချင်၏။

"ဟဲ ပဝါ ဟိုမှာကိုတိုင်းလာကြိုနေတယ်၊ စာမေးပွဲနောက်ဆုံးရက် ကျောင်းကိုလာကြိုမယ်ဆိုတာ ကတိတည်သားပဲ နင်တို့အေးအေးဆေးဆေး စကားပြောဖို့ တစ်နေရာသွားကြမယ်မဟုတ်လား ငါတို့အလိုက်သိပါတယ် လစ်ပြီနော်"

"လာလာ မကြည်ပြာ ကျွန်မသူငယ်ချင်းတွေ အတန်းဘက်သွားရအောင် ရှာပြန်မယ်ဆို အတူတူပြန်ရအောင် သွားပြောရမယ်"

"ဟဲ့ နေကြပါဦး"

မြပဝါ ဟန့်တားမှုကို ဂရုမစိုက်တော့ဘဲ မကြည်ပြာလက်ကိုဆွဲကာ ပန်းအိထွက်လာခဲ့သည်။ ကျောင်းဝင်းအထွက်က စားသောက်ဆိုင်မှာပင် နိုင်မင်းတို့နှင့် သွားဆုံ၏။

"ဟဲ့တ် ပန်းအိ နင်တို့ဘယ်သွားမလို့လဲ"

"ဟယ် နိုင်မင်း နင့်ကို လိုက်ရှာနေတာ၊ ရွာဘယ်နေ့ပြန်မှာ





လဲ အတူတူပြန်ရအောင်လေ"

"အေး အဲဒါပြောမယ်၊ ငါ့သူငယ်ချင်းနဲ့လည်း မိတ်ဆက်ပေးယ်ဆိုင်ထဲလာ တစ်ခုခုလည်းသောက်ဦးပေါ့"

"အဲဒီ အစီအစဉ်တော့ ကောင်းတယ်၊ ငါတို့ဗိုက်ဆာနေတာဟ"

ပန်းအိတို့က အစားအသောက်နှင့်ဆို ဘယ်သူ့မျက်နှာမှ ကြည့်ပြီး အားမနာတတ်။ နိုင်မင်းနောက်လိုက်သွားစဉ်မှာ သက်ဦးအပြင် နောက်တစ်ယောက်ပါ ရှိနေသည်။

"ဟာ ယောက်ဖ မင်းညီမနဲ့ ဘယ်မှာတွေ့လာတာလဲ"

"ခွေးကောင်လုပ်ပြီ"

ပန်းအိက နိုင်မင်းညီမ ဝမ်းကွဲမို့ သက်ဦးကစနောက်လိုက်ခြင်းပင်။ အရင်က သက်ဦးလည်း တစ်ရွာတည်းသားချင်းပါ။ နောက်မှ သူတို့တွေရန်ကုန်ပြောင်းရာ ပါသွားခဲ့ပြီး ပန်းအိတို့နှင့် ဝေးကွာသွားတာ။

ငယ်စဉ်တည်းက ပန်းအိကို သက်ဦးစိတ်ဝင်စားချင်ချင်။

"ဟဲ့ သက်ဦး နင်ရော ရွာအလည်မလိုက်ဘူးလား"

"နင်ခေါ်ရင်လိုက်မှာပေါ့၊ ဒီကောင်က နင်နဲ့တွေ့ရအောင် လိုက်ခဲ့ဆိုတာတောင် ပြောမရဘူး။ တွန့်တိုလိုက်တာလွန်ရော၊ နမအရင်းသာဆို ဘယ်လိုနေမလဲ မသိဘူး"

"ဟိတ်ကောင် စကားမများနဲ့ ပါးစပ်ပိတ် လမင်းနဲ့ မိတ်ဆက်ပေးမလို့ ခေါ်လာတာ၊ လမင်း ဒါ ငါ့ညီမဝမ်းကွဲ ရန်ကုန်မှာကျောင်းတက်



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ ပန်းအိတ်တဲ့၊ သူကမကြည်ပြာ တစ်နယ်တည်းသားချင်းမေ
ရှာပဲ မတွေ့တာ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် နိုင်မင်းတို့ခေါ်သလို
လမင်းပဲခေါ်ပေါ့"

"ဟုတ်ကဲ့ မကြည်ပြာတို့ကလည်း ဒီလိုရုပ်ချောတဲ့ ကောင်လေး
နဲ့ သိကျွမ်းရတာ အရမ်းပဲ ဝမ်းသာပါတယ်ကွယ်၊ နောက်လည်း လမ်း
တွေ့ရင်ခေါ်၊ မုန့်တွေဘာတွေကျွေးချင်လည်း ပြောသာပြော ဘာမှအား
မနာနဲ့"

မကြည်ပြာစကားကြောင့် အားလုံးရယ်မိကြ၏။ လမင်းရုံက
ခင်စရာကောင်းသော မကြည်ပြာတို့ကို စားချင်တာစားဟု ဒကာခံသည်

"ဟဲ့ နင်ဘယ်နေ့ ပြန်မှာလဲ ပြောဦးလေ နိုင်မင်း"

"အေး ငါလည်း စာမေးပွဲဖြေပြီး တန်းပြန်ဖို့ လုပ်နေတာပဲ
ဒီကောင်တွေ ဆရာကန်တော့ပွဲပြီးမှ ပြန်ဆိုလို့ အမေတို့ဆီ ဖုန်းဆက်ထား
တယ်၊ နင်ရော ဆရာကန်တော့ပွဲပြီးအောင် မနေဘူးလား"

"အေး ဟုတ်သား၊ အဲဒါပြီးအောင် နေရမှာပေါ့၊ ဒီလိုလုပ်မယ်
လေ၊ ဆရာကန်တော့ပွဲပြီးမှ နိုင်မင်းနဲ့ ပြန်လာမယ်လို့ အမေတို့ကို
ပြောလိုက်မယ်၊ ဒါနဲ့နင်တို့မေဂျာက ဖျော်ဖြေပွဲတွေပါတယ်ဆို"

"ပါတယ် ဒါပေမဲ့ ငါတို့က မလုပ်ဖြစ်ပါဘူး၊ ရုံပုံငွေရှာ
အဖွဲ့ကလေ၊ ပွဲမစခင်ကပြီးပြီပေါ့၊ ဒါပေမဲ့ အစားအသောက်ဧည့်ခံ





ဘက်မှာလည်း တာဝန်ယူထားတယ်၊ နင်တို့ကရော"

"မပြောနဲ့တော့ မကြည်ပြာက အပျိုတော်ကမှာ"

"အပျိုတော် ဟား ဟား"

နိုင်မင်းက ခွက်ထိုးခွက်လှန်ရယ်ချလိုက်၍ သက်ဦးနှင့် လမင်းရုံ
လည်း လိုက်ရယ်ကြသည်။ မကြည်ပြာမျက်နှာက ရှက်သလို မျက်နှာရဲသွား
လျက်

"ဒါရယ်စရာလားဟယ်၊ အဲဒီနေ့မှ တို့ကိုကြည့်ပြီး ငိုမသွားနဲ့
နော် အဲဒါအတည်ပြောတာ"

"အယ် မကြည်ပြာ ပြောရဲတယ်တော့၊ သူစိမ်းကောင်လေး
ရှေ့မှာ"

"ပြောပါစေ ပျော်စရာကောင်းတာပေါ့၊ အဲဒီနေ့ကျရင် သေချာ
ဆုံကြမယ်လေ ကျွန်တော်က ခင်တတ်ပါတယ်"

လမင်းရုံရဲ့ ဖော်ရွေမှုကြောင့် မကြည်ပြာမျက်နှာ ပြုံးဖြီကာ
ကျေနပ်မှုရ အပျော်လွန်လျက်ရှိသည်။ လမင်းရုံမျက်နှာကို မေးထောက်
ကြည့်လိုက်၊ ရေတည့်တည့်ကနေ မျက်လုံးပြူးကြီးနှင့် ငေးလိုက်လုပ်နေ
တာမို့ ပန်းအိလက်ကုတ် သတိပေးနေရတာ အမော။

လမင်းရုံက ဖြူဖြူသွယ်သွယ်လေးနှင့် ဆံပင်ကလည်း အိမိုကေ
လေးနှင့်မို့ ကိုးရိုးယားမင်းသားလေးကို ချောလှကြည့်ကောင်းလွန်းသည်။
ငွေကြေးချမ်းသာအဆင့်အတန်းရှိသော အသိုက်အဝန်းကဆိုတာ မြင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် သီသာထင်ရှားစေ၏။

ထိုသို့သော လူငယ်လေးက ကြယ်တိုင်းရဲ့ အချစ်ဆုံးညီငယ်လေးဆိုတာတော့ မကြည်ပြာတို့ လုံးဝမသိ။

■ ■ ■



## အခန်း (၂၂)

"ပဝ့်ဦးလေးနဲ့အဒေါ်ကို သိအောင်ပြောဖို့တော့ ကိုယ့်တာဝန်ထားပါ၊ အခု ပဝါ ပြန်သွားရင်ဘာမှ မပြောနှင့်နဲ့၊ ကိုယ်က အိတ်(စ်)ပို့တိုနဲ့ နိုင်ငံခြားကိုသွားပြီး လုပ်ငန်းရှင် အစည်းအဝေးတက်ရမယ်၊ ဒီလကုန်အမီသွားရမှာဆိုတော့ ပဝါ ပြန်သွားပြီး တစ်ပတ်လောက်ကြာရင် ပြန်ရောက်မှာပါ"

"ကိုကိုက လိုက်လာပြီး တစ်ခါတည်း စေ့စပ်မလို့လား"

"အင်းပေါ့ ပဝါတို့ မိန်းကလေးတွေချည်းနေတဲ့ အိမ်မှာ ဒီတိုင်းချည်း ဝင်ထွက်နေတာ ပတ်ဝန်းကျင်နဲ့ မသင့်တော်ပါဘူး။ ပဝါကို တရားဝင်စောင့်ရှောက်ခွင့်ရချင်တယ်၊ မြတ်နိုးယုယချင်တယ်၊ သိက္ခာရှိရှိ ကရားဝင် ပုံပိုးထောက်ပံ့ချင်တယ်"

"ကိုတိုင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တိုင်းရဲ့ မေတ္တာစေတနာကို မြပဝါ တန်ဖိုးထား လေးစားသွားမိသည်။ အရာရာ ဂရုစိုက်ကြင်နာတတ်တာ ကြယ်တိုင်းရဲ့ ပင်ကိုယ်စရိုက် ဖြစ်ဟန်တူ၏။

နားလည်မှုတွေဖြင့် ဖေးမအားပေးနိုင်လွန်းသော ရင်ခွင်ကျယ်က နွေးထွေးလွန်းသည်။

"ပဝါကို ကိုယ်ချစ်တယ်၊ တန်ဖိုးထားပြီး မြတ်မြတ်နိုးနိုးချစ်တာပါ၊ အဲဒါကြောင့်မို့ ပဝါအုပ်ထိန်းသူတွေဆီမှာ တင့်တောင်းတင့်တယ် တောင်းရမ်းလက်ထပ် ယူချင်တယ်၊ အခုပဝါ ကျောင်းမပြီးသေးတော့ အသိပေးစေ့စပ်ထားတာ ပဝါအတွက် ဂုဏ်သိက္ခာ ရှိသွားတာပေါ့ကွာနော် ပဝါလေး သဘောတူတယ် မဟုတ်လား"

"ပဝါကို ခုလိုတန်ဖိုးထားပေးတာ ကျေးဇူးတင်ပါတယ်၊ ဦးလေးနဲ့ဒေါ်လေးလည်း ကျေနပ်ဝမ်းသာနေကြမှာပါ၊ ပဝါကိုယ်တိုင် ဒီလို ဒီအကြောင်း ဖွင့်ပြောဖို့က"

"ကိုယ်နားလည်တယ်၊ ပညာသင်သွားရင် ရည်းစားရှာလာတယ်လို့ အပြစ်တင်ခံရမှာစိုးလို့ မဟုတ်လား"

"ပဝါ မပြောရမ်းတာ ဒေါ်လေးတို့ သိပြီးသားပါ၊ သာမန်ယောက်ျားလေးတစ်ယောက်နဲ့ ရည်းစားဖြစ်ရင်တောင် ဖွင့်ပြောတိုင်ပင်ဝံ့မယ်ထင်တယ်၊ အခုက ကိုတိုင်းလိုလူမျိုးနဲ့"

"ဟား ဟား ကိုတိုင်းလည်းလူတစ်ယောက်ပဲကွ ကြီးစား





ရှန်းကန်မှုအတိုင်း အတာနဲ့ ပြည့်စုံလာရတယ် ဆိုပေမယ့် မိန်းကလေးတစ်ယောက်ကို အရိုးသားဆုံး ချစ်ခွင့်ပန်ရတာပါပဲ၊ အာဏာနဲ့ သိမ်းပိုက်လို့မရဘူး၊ ဥစ္စာဓနနဲ့ ဖိနှိပ်ချုပ်ကိုင်လို့မရပါဘူး၊ ပဝါကလည်း အဲဒါမျိုးတွေနဲ့ ခြောက်လှန့်ခံမယ့်မိန်းကလေး မဟုတ်ဘူးမဟုတ်လား"

မြပဝါ သွက်လက်စွာပင် ခေါင်းညိတ်ပြ၏။

"အဲဒါ သေချာတယ်၊ နွမ်းပါးတယ်၊ ဆင်းရဲတယ်၊ ချို့တဲ့တယ် ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ အချစ်နဲ့ပတ်သက်ရင်တော့ အမိန့်ပေးမခံချင်ဘူး၊ အခု ကိုတိုင်းကို တကယ်ချစ်လို့ လက်ခံတာပါ၊ ကိုတိုင်းပိုင်ဆိုင်မှုတွေကို မက်မောလို့ မဟုတ်ဘူး"

"ကိုယ် ယုံပါတယ်၊ ဒါကြောင့်လည်း ကိုယ် တန်ဖိုးထားမိတာ"

ပြောရင်းနှင့် ကြယ်တိုင်းရဲက မြပဝါ မျက်နှာလေးကို သူ့ဘက်ဆွဲလှည့်၍ မေးဖျားလေးကို ကိုင်ထား၏။ မျက်ဝန်းများက ညို့ရီလျက် အသက်ရှူသံများလည်း ပြင်းနေသည်။

အတွေ့အကြုံမရှိသော နှလုံးသားတွေက တဆတ်ဆတ် ခုန်လို့ပါ။

"ကိုတိုင်း"

"ဟင်"

"ပဝါ အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်"

"ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်စုံချမ်းသာပြီး အဆင့်အတန်းဂုဏ်ဒြပ်ရှိတဲ့ ကိုတိုင်းလို လူမျိုးနဲ့ ချစ်သူတော်ခွင့်ရတာ"

"အကြောင်းရေစက်တွေရှိလို့ ဒီလို ဆုံဆည်းရတာပေါ့၊ ပ ရယ် လူတိုင်းတော့ ကံကြမ္မာမကောင်းနိုင်ဘူး၊ ကိုယ်က မင်းကိုပဲ မြတ်နိုး တာ"

"ကိုတိုင်းမှာ မိဘတွေမရှိတော့ဘူးဆိုပေမယ့် ကိုတိုင်း သိပ်ချစ် တဲ့ ညီလေးက သဘောမတူဘူးဆိုရင်ရော"

"အဲဒီကိစ္စမျိုး ရှိမလာနိုင်ပါဘူး၊ ကိုယ်တို့ညီအစ်ကိုနှစ်ယောက် လုံးက ရွေးချယ်လိုက်တဲ့ မိန်းကလေးတွေကို ချမ်းသာရမယ်၊ ပညာတတ် ရမယ်၊ အသိုက်အဝန်းကောင်းရမယ်လို့ သတ်မှတ်ထားတာမဟုတ်ဘူး၊ ကိုယ်တို့ညီအစ်ကိုနှစ်ယောက် ပိုင်ဆိုင်တဲ့ အိမ်ကြီးမှာ အတူတူ ပျော်ပျော် ရွှင်ရွှင်နေပြီး သွေးခွဲမယ့်မိန်းကလေးမဟုတ်ရင် ပြီးတာပဲ၊ ဒါပဲ အရေး ကြီးတာ"

"ကိုတိုင်းက ပဝါကို အဲဒီလို မိန်းကလေးမဟုတ်ဘူးဆိုတာ သိလို့ ရွေးချယ်ခဲ့တာလား။ ပဝါမှာ မှီခိုအားကိုးတွယ်ကပ်နေစရာလည်း မရှိဘူး၊ ဟိုမှာဒီမှာ နေရမယ်လို့ အတိုက်အခံလုပ်မယ့် မိဘတွေလည်း မရှိဘူးဆိုတော့"

"ဟင့်အင်း ပဝါ"

မြပဝါကို စကားအဆုံးသတ်ခွင့်မပေးပါ။ ဝိုရဲ့အိတ္တွေးနေသော





နှုတ်ခမ်းလေးကို ဖျတ်ခနဲ နမ်းကာ ဟန့်တားလိုက်ပြီး

"ဒီအကြောင်းပြချက်တွေက အပေါ်ယံပါ၊ ပဝါကို ကိုယ် တကယ်ချစ်မြတ်နိုးလို့ လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့တာ၊ ကိုယ့်ဘက်မှာ မင်းဆီက ဘာမှများများစားစား မလိုချင်ပါဘူး၊ ကိုယ့်ညီလေးကို ကိုယ့်လို ပဲ ချစ်ပေးရင် ကိုယ် ကျေနပ်ပါပြီ"

တောင်းဆိုမှုက လိုက်လျောရမှာ မခဲယဉ်းလှသော်လည်း သူ့ ညီလေးအပေါ် အလေးအနက်ရှိလွန်းတာတော့ ရင်မှာအောင့်မျက်သွား သလိုပင်။ အမိန့်ပေးသလိုချည်း မဟုတ်ပေမယ့် ဒီအတိုင်းဖြစ်စေချင် တာ သိသာနေတာပဲ မဟုတ်ပါလား။

တကယ်ဆို သူမမှာ သွေးသားရင်းချာ အစ်ကိုတွေ မောင်တွေ မရှိဘာမို့ သံယောဇဉ်တွေ မေတ္တာတွေကို မက်မောပါသည်။ ကိုယ့်ဘက်က လည်း နွေးထွေးသည့်မေတ္တာတွေပေးမည်။

ရင်ခွင်မှာ နွဲ့နွဲ့လေး မှီလိုက်ရင်း ကိုတိုင်းဆီက သူမလိုချင်တာ လည်း ဒါတွေပါပဲ. . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

''ဟင့်အင်း ငါ မလိုက်ချင်ဘူး၊ နင်တို့ဘာသာ သွားကြ''

''ဟဲ့ ဆရာကန်တော့ပွဲကြောင့် နင် ရွာမပြန်ဖြစ်သေးတာ မ
ဟုတ်ဘူးလား''

''မဟုတ်ဘူး ကိုတိုင်းကို လေယာဉ်ကွင်းလိုက်ပို့ချင်လို့''

''အမလေး ဟိုက မဖြစ်မနေလိုက်ပို့နိုင်းလို့လား''

''မဟုတ်ပါဘူး ကိုတိုင်းက လုပ်ငန်းရှင်အဖွဲ့နဲ့ လေယာဉ်
စင်းလုံးငှားသွားကြမှာ၊ ဘယ်အချိန်ထွက်ဖြစ်မယ်ဆိုတာ မသေချာသေ
လို့ ငါ့ကို လိုက်မပို့နဲ့လို့တော့ ပြောပါတယ်''

''ဒါများဟာယ် အကဲပိုနေလိုက်တာ၊ ငါတို့ကလည်း သီးသ
အပျော်အပါးအတွက်သွားတာ မဟုတ်ပါဘူး၊ ကျောင်းကိစ္စပါဟဲ့၊ ဆ





ဆရာမတွေကို ကန်တော့ရမယ့်ဥစ္စာ၊ ပြီးတော့ အကအဖွဲ့မှာ မကြည်ပြာ
က ပါသေးတယ်၊ သူငယ်ချင်းချင်းတောင် လိုက်အားမပေးနိုင်တော့ဘူး
လား''

''သူ့ကိုတိုင်းကပဲ အရေးကြီးနေတာ၊ ငါ့ကို လူရာမသွင်းချင်
သို့နေမှာပေါ့၊ နေစမ်းပါစေဟယ်၊ သူငယ်ချင်းစာရင်းက ဖျက်လိုက်မယ်''

မကြည်ပြာက မိတ်ကပ်လိမ်းနေလျက်က စိတ်ဆိုးစိတ်ကောက်
သွားဟန်ဖြင့် နှုတ်ခမ်းစူနေ၏။ ပန်းအိက မကြည်ပြာဆံပင်ကို ထုံးဖွဲ့
ပေးနေရင်းက ထော်စိစိနှုတ်ခမ်းကိုမဲ့ရွဲ့ကာ

''အစကတော့ အဖြေမပေးသေးဘူးလိုလိုနဲ့ အထာကိုင်နေပြီး
အခုကျတော့လည်း အဖြစ်သည်းနေလိုက်တာ''

''နင်တို့ကလည်းဟယ်၊ အဖြေမပေးသေးဘူးဆိုတာကလည်း
ကိုတိုင်းကို မချစ်လို့မှမဟုတ်တာ၊ ကိုယ့်ဘက်က ချို့တဲ့မှုတွေများလို့
လွယ်တယ်ထင်သွားမှာစိုးရိမ်တာ''

''အခုရော ဘာထူးလဲ၊ ကျောင်းဖွင့်လို့ ပြန်လာမှ အဖြေပေး
မယ်ဆိုပြီး ညှင်းဆဲထားလိုက်ပါဦးလား၊ အပြောကြီး မိန်းမတွေက ပိုပြီး
ပျော့ညံ့တတ်တယ်ဆိုတာ ဒါမျိုးပေါ့''

''ကိုတိုင်းကို သနားလို့ပါဟယ်၊ သူက ရွာကိုလိုက်လာပြီး စေ့စပ်
ဖို့တောင် အစီအစဉ်ဆွဲပြီးနေပြီ''

''ဘာ စေ့စပ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



မကြည်ပြာရော ပန်းအိရော လုပ်လက်စတွေ ရပ်တန့်ပြီး မြပဝ
ဘက် စိတ်ဝင်တစား ချာခနဲ လှည့်လိုက်ကြ၏။

"အဲဒါ ဘယ်ချိန်တုန်းက ပြောတာလဲ"

"စာမေးပွဲနောက်ဆုံးနေ့က"

"နင်တို့ ကန်ပေါင်မှာချိန်းတွေ့ကြတာပေါ့"

"အဲဒီနေ့က ကိုတိုင်း လာခေါ်တာလေ၊ နင်တို့လည်းသိသားနဲ့
နိုင်ငံခြားမှာတစ်ပတ်လောက်ပဲ ကြာမှာ၊ သူ လိုက်လာခဲ့မယ်တဲ့၊ ကျောင်း
တွေပြန်ဖွင့်ရင် တရားဝင်စောင့်ရှောက်ခွင့်ရချင်လို့ ဒေါ်လေးတို့ဆီမှာ
ခွင့်တောင်းပြီး စေ့စပ်မှာ"

"အမလေး သူများသားသမီးတွေများ ကောင်းစားနေလိုက်ကြ
တာ၊ ငါတို့များကျတော့လည်း မူးလို့ရူးရအောင် သီသီလေးတောင် လာ
မကပ်ကြဘူး၊ ပဝါရယ် နင့်ကို မကြည်ပြာ တကယ်အားကျတယ် သိလား
မိန်းကလေးဘဝဆိုတာ အဲလို အကျိုးပေးကောင်းမှ လူဖြစ်ရကျိုးနပ်တာ
သိလား"

မကြည်ပြာ ပြောနေတာ အားရပါးရ။ မြပဝါမှာလည်း အချ
စိတ်တို့ကြောင့် မျက်နှာလေးတစ်ခုလုံး အပျော်ရိပ် ကြည်နူးရိပ်တို့ ရှ
တိုက်ပြေးနေသည်။

"ဒေါ်လေးတို့သိရင်လည်း ပဝါအတွက် အဲလိုပဲ ပျော်နေကြမှာ
ကိုတိုင်းက အရာရာပြည့်စုံသလို ကြင်နာတတ်တယ်၊ ဖေးမနားလည်





နိုတယ်၊ ရပ်ရွာကိုလည်း ကူညီထောက်ပံ့အကျိုးပြုနေတဲ့သူဆိုတော့
ဒေါ်လေးတို့လည်း မျက်နှာပွင့်တာပေါ့၊ ကျေးဇူးခံကျေးဇူးစားရှိတဲ့သူ
ဖြစ်နေတာကြောင့်လည်း ကိုတိုင်းဆန္ဒဆိုရင် ပယ်ရှားဝံ့မှာမဟုတ်ဘူး"

"ပဝါတို့ကတော့ တကယ်ကို ကံကောင်းတာပဲဟေ့၊ ဒါနဲ့ နင့်
အဒေါ်တွေ သဘောတူမှာပဲဥစ္စာ၊ တစ်ခါတည်း လက်ထပ်လိုက်တော့
ဘာဖြစ်မှာလဲ"

"ကိုတိုင်းက လက်ထပ်ချင်တယ်၊ အိမ်ထောင်ကျပြီး ကျောင်း
ဘက်လည်းရတာပဲတဲ့၊ ငါက ဘွဲ့ရမှ လက်ထပ်မယ်လို့ပြောလိုက်တယ်"

"အဲဒါမကောင်းဘူး၊ စေ့စပ်ထားရုံလေးက အကြောင်းအမျိုး
မျိုးကြောင့် အလွယ်ပျက်နိုင်တယ်၊ လက်ထပ်ထားတာ အခိုင်မာဆုံးပဲ၊
နင် စိတ်ကူးမလွဲနဲ့ ပဝါ၊ မိန်းကလေးဘဝကတစ်ချက်လေးမှ အမှားခံလို့
ရဘူး၊ ယောကျ်ားလေးကတန်ဖိုးထားခံရတုန်း လက်ထပ်တာ အကောင်း
ဆုံးပဲ"

"ကိုတိုင်းက လူကြီးလူကောင်း ဂုဏ်သိက္ခာရှိတဲ့သူမို့ အပြောင်း
အလဲမမြန်ဘူးပဲထား၊ ကံတရားနဲ့ဖူးစာက အပြောင်းအလဲရှိတယ်၊ နင်
အတွေးမမှားနဲ့ ပဝါ၊ ကိုတိုင်းနဲ့အမြန်ဆုံး လက်ထပ်ဖြစ်အောင် လက်ထပ်"

မကြည်ပြာနှင့်ပန်းအိ တိုက်တွန်းစကားတွေ နားထောင်ပြီး
မြပဝါ တွေတွေလေးဖြစ်သွားသည်။ သူမလည်း ကိုတိုင်းကိုချစ်နေတာ၊
ကိုတိုင်းကလည်း သူမကို တန်ဖိုးထားပြီး လက်ထပ်ချင်သည်။ ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



တို့ကလည်း သဘောမတူစရာအကြောင်းမရှိ။ ဘာလိုသေးလို့လဲ။

"ကိုတိုင်း ရွာကိုလိုက်လာမှ အခြေအနေကြည့်လို့ပဲဟာ၊ စေ့စ
ရုံမဟုတ်ဘဲ လက်ထပ်ဖို့အထိ ဖြစ်သွားလည်း ငါ ခေါင်းညိတ်သင့်ရ
ညိတ်လိုက်တော့မယ်"

"အေး အဲဒီလို လုပ်စမ်းပါ၊ ငါတို့က နင့်ဘဝကောင်းစားမယ
အရေး မစားရအညှော်ခံ တိုက်တွန်းနေတာပါ"

"အံမယ် အဲလိုတော့ ဘယ်ရမလဲ၊ ငါတို့သူငယ်ချင်းတွေက
ရှယ်လုပ်မပေးလို့ကတော့ ခဲမိုးရွာပစ်လိုက်မယ်"

"ရွှေကြိုးတား ရွှေကြိုးတား"

"ဩော် မုန့်ဆီကြော်က ဘယ်မှာနေမှန်းမသိ၊ နှုတ်ခမ်းနာ
တည့်ပုံမလား ဖြစ်နေပြီ၊ ကိုတိုင်းနဲ့ လက်ထပ်ပြီးလည်း မကြည်ပြာတို့
လုံးဝမမေ့ဘူး၊ ကျောင်းလည်း ဆက်တက်ဦးမှာဆိုတော့ မကြည်ပြာတို့
အမြဲတွေ့နေရဦးမှာဥစ္စာ"

"ဟဲ့ ရွာမှာမင်္ဂလာဆောင်လည်း ကိုတိုင်းက ရန်ကုန်မှာ
မိတ်ဆွေတွေရှိလို့ ညည်ခံပွဲကြီးကြီးကျယ်ကျယ် လုပ်လောက်တယ် သိလာ
ငါတို့ကို ဖိတ်ဖို့မမေ့နဲ့နော်"

"ငါ ငါက သတို့သမီးအရံလုပ်မယ်၊ အဲဒါမှ သတို့သားအ
လေးနဲ့ ဖူးစာဆုံပြီးစွံမှာ"

"မျက်စိ မျက်စိ"





ရေပက်မဝင်အောင် တစ်ယောက်တစ်ပေါက် စနောက်နေကြ
ဘာမို့ ဆရာကန်တော့ပွဲသွားဖို့ မေ့လျော့နေကြသည်။

နောက်မှ မကြည်ပြာက မိတ်ကပ်လိမ်းထားသောမျက်နှာကို
န်ထဲမှာ ဘွားခနဲ ကြည့်မိသွားပြီး

"ဟယ် လုပ် လုပ်ကြပါဦး၊ အချိန်နောက်ကျတော့မယ် ထင်
တယ်၊ ငါ့မင်းသမီးအဝတ်အစား ဘယ်ရောက်သွားလဲ"

"ဒီမှာ ဒီမှာ မြန်မြန်ဝတ်"

"ပဝါ နင်မလိုက်လို့ မရဘူး၊ အဝတ်အစား မြန်မြန်လဲ"

"မလိုက်လို့ကတော့ နင်မင်္ဂလာဆောင်ရင် မလာဘူး"

"ကဲပါ လိုက်ပါမယ်၊ ရှုပ်ယှက်ကိုခတ်နေတာပဲ၊ မျက်စိကို
နောက်တယ်"

မကြည်ပြာ အပျိုတော် အဝတ်အစားကို ကူဝတ်ပေးပြီး စကား
တွေလည်း မနားတမ်းပြောကာ ရယ်ရသေးသည်။ မကြည်ပြာက အပျို
တော်အဝတ်အစားက ဘယ်လိုမှ မလိုက်ဘူက်၊ ဒါကို ယောကျ်ားကလည်း
သူချင်နေသေးတော့ . . ။

ရယ်ရတာလည်း ဖတ်ဖတ်မော။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

အစီအစဉ် အစမှာပင် မကြည်ပြာ အပျိုတော်ယိမ်းကတော့ ကပေါက်တိကပေါက်ချာ ဟာသလုပ်နေသလို ဖြစ်နေတာမို့ ဆရာ ဆရာမတွေရော ကျောင်းသားကျောင်းသူတွေရော အုန်းအုန်းထအောင် ရယ်ကြသည်။

"မကြည်ပြာ တကယ် အရက်မရှိဘာနော်၊ တကယ် မျက်နှာ ပြောင်တယ်"

"သူ့ကြောင့် ပိုစည်သွားတာ၊ ဆရာ ဆရာမတွေ ရယ်တာ ပါးစပ်တောင် မစေ့တော့ဘူး ကြည့်ပါလား"

တအားယ်ကို ဆရာ ဆရာမတွေ သဘောကျနေတာဖြစ်သည် နောက်ထပ် ဖျော်ဖြေညှိခံမည့်သူတွေကလည်း ရှိသေးတာမို့ မကြည်ပြာ ကို မြန်မြန်ပြီးအောင် ကဖို့ အချက်ပြရသည်။ ဒါပေမဲ့ မကြည်ပြာ





သူမတို့အချက်ပြတာကို မြင်ဟန်မတူ။

အရပ်ကပုတော့ ကန်တော့ပွဲကြီး မနိုင်မနင်းမ,ကာ ကနေတာမို့ မျက်နှာကွယ်ထားသလို ဖြစ်နေ၏။

"ငါတော့ မကြည်ပြာကို မစောင့်နိုင်တော့ဘူး၊ ဗိုက်ဆာနေပြီ၊ အစားအသောက် ညှိခံတဲ့ဘက်သွားစားရအောင်"

"အိမ်ပြန်ရောက်မှ စားပါလားဟယ်၊ သွားမနေပါနဲ့တော့"

"အမလေး မကြည်ပြာကို စောင့်ရဦးမှာနဲ့ ဗိုက်က ခံနိုင်ရည် ရှိတော့ဘူး၊ လာပါ အစားအသောက်တွေ ညှိခံတဲ့ဘက်မှာ ငါ့သူငယ် ချင်းနဲ့ငါ့မောင်ရှိပါတယ်"

ပန်းအိက ခွဲရှုန်းခေါ်သည်။ မလိုက်ချင်လို့လည်းမရ။ တွန့်ဆုတ် ရာ ယက်ကန်ယက်ကန် ပါသွားရရင်း မကြည်ပြာကိုလည်း နောက်ဆံ တင်းမိသေး၏။

"ဟာ ပန်းအိ လာ လာ၊ နင်တို့ကို မျှော်နေတာ၊ မကြည်ပြာ ရော မပြီးသေးဘူးလား"

"မပြီးသေးပါဘူးဟယ်၊ သူ့ကိုမစောင့်နိုင်လို့ ထွက်လာတာ၊ နောက်မှ သူလိုက်လာလိမ့်မယ်"

"အေး အတော်ပဲ ငါတို့လည်း ညှိခံနေရတာနဲ့ ဘာမှမစား သေးဘူး၊ ဒီမှာ မုန့်ပွဲတွေပြင်ထားတယ်၊ ခဏထိုင်စောင့်နော်၊ နိုင်မင်း ကို သွားခေါ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သက်ဦး ထွက်သွားသည်နှင့် ပန်းအိတို့ မုန့်ပွဲပြင်ထားသည့်ဝိုင်းမှာ ဝင်ထိုင်လိုက်ကြသည်။ ရွှေတောင်ခေါက်ဆွဲနှံ့လေးက မွှေးနေတော့ ပန်းအိတို့ ကျွန်မဆည်နိုင်။

"ဟဲ့ ကောင်းမယ့်ပုံလေးနော်၊ ငါကတော့ အဝဆွဲမှာ"

"သိပ်ငတ်ကြီးကျမနေနဲ့၊ ယောကျ်ားလေးတွေ ညည်းခံနေတာရှက်စရာကြီး။ ပြီးတော့ ကိုယ့်မေဂျာကလူတွေလည်း မဟုတ်ဘဲနဲ့"

"ဘာဖြစ်လဲ၊ ငါတို့လည်း အလှူငွေထည့်ထားရတာပဲ"

ပန်းအိက မြပဝါအတွက်ပါ ဟင်းရည်ထည့်ပေးပြီး ခေါင်းမဖော်တမ်းစားသည်။ မြပဝါကတော့ ကျွန်ရရပါ။

ထိုအချိန်မှာ သူမတို့ဝိုင်းကို ယောကျ်ားလေး သုံးယောက်ဝင်ထိုင်လိုက်၍ မြပဝါ မျက်လုံးလေးပြူး၍ ဖွန်းပင်လွှတ်ကျသွားရသည်။

"ဩော် ဟဲ့ ပဝါ ငါ့သူငယ်ချင်း သက်ဦးတဲ့၊ ဒီဘက်ကငါ့မောင်ဝမ်းကွဲ နိုင်မင်း၊ သူက လမင်း"

"ဩော် အင်း"

"နင်တို့ရော စားတော့မလို့လား စားလေ"

ပန်းအိတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ယောကျ်ားလေးတွေနှင့်တစ်ဝိုင်းတည်း ဘယ်လိုလုပ်စားမလဲ။

လမင်းဆိုသောတစ်ယောက်က မိန်းကလေးကို မမြင်ဘူးသည့်မျက်လုံးအရွဲသားနှင့် သူမကိုငေးနေသည်။





သူမ ခေါင်းကြီးအတင်းငုံ့ကာ တို့ကနန်းဆိတ်ကနန်းမျှသာစားနေလိုက်၏။

"ပန်းအိ နင်က ငါတို့နာမည်တော့ မိတ်ဆက်ပေးတယ် နင်သူငယ်ချင်းနာမည်ပြောဦးလေဟာ"

"ဩော် အေးဟဲ့ မေ့နေတာ၊ ငါ့သူငယ်ချင်း အချောအလှလေးရဲ့နာမည်က မြပဝါတဲ့ နာမည်လည်းလှတယ်နော်"

နိုင်မင်း ကောင်းမှုကြောင့် နာမည်လေးကိုပါ သိလိုက်ရသည့်အတွက် လမင်းရဲ့ ကျေးဇူးတင်သွားသည်။ မရိုးမယဉ် အဝတ်အစားများဖြင့် ကျောင်းသူတွေအများကြီးရဲ့ကြားမှာ မြပဝါအလှက ထင်ရှားပေါ်လွင်ကျွန်ကြီးလှသည်။

သူများတွေလို မိတ်ကပ်တွေပြာနေတာမဟုတ်ဘဲ သနပ်ခါးမှုန်ဖွေးဖွေးလေးဖြင့် နုဖတ်သန့်စင်နေသော မျက်နှာဖူးဖူးလေးက ရင်ကိုအေးမြစေ၏။

နှုတ်ခမ်းနီဆိုးထားခြင်းမရှိပေမယ့် နှုတ်ခမ်းလေးက ရဲရဲအိထွေးနေကာ မျက်ဝန်းကြည်ကြည်လေးတွေက အရည်လဲ့ တောက်ပလွန်းသည်။

ပြေပြစ်သော ခန္ဓာကိုယ် ကောက်ကြောင်းလေးက သူ့ရင်တစ်ခုလုံးကို ဆွဲသိမ်းညှို့ငယ်သွားနိုင်၏။ မိန်းမတစ်ယောက်ရဲ့ အလှတရားကိုစေ့စေ့မကြည့်ဘူးပေမယ့် မြပဝါရဲ့ ကျွန်ကြီးမှုကိုတော့ မျက်လုံးထဲကဖျောက်ဖျက်မပစ်ချင်။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ကြည့်ပါဦး ငါ့ကိုတောင် မစောင့်နိုင်ဘဲ ပွဲတော်တည်နေကြပါလား။ နင်တို့တွေ သူငယ်ချင်းကောင်း မပီသဘူး၊ အရမ်းစိတ်ဆိုးတယ်သိလား"

မကြည်ပြာ အပျိုတော်ဝတ်စုံကြီးဝတ်လျက် အော်ကြီးဟစ်ကျယ်နှင့် ဝင်လာပြီး စားပွဲဝိုင်းမှာ ဆောင့်အောင့်ထိုင်သည်။ လမင်းရုံတို့မှာ ပျာပျာသလဲပင် နေရာချဲ့ပေးရသည်။

"မကြည်ပြာလက်က ဘာဖြစ်နေတာလဲ"

လက်က မြှောက်မြှောက်ကားကားကြီးဖြစ်နေလို့ ပန်းအိက မနေနိုင်စွာမေးတော့ မကြည်ပြာ ဟီးခနဲအော်ငိုလိုက်တော့မလိုနှင့် မျက်နှာကြီးရှုံ့မဲ့သွားသည်။

"မပြောချင်တော့ပါဘူး။ ငါ့အရပ်ကပုလို့ လိုက်ဖက်တဲ့ ကန်တော့ပွဲသေးသေးလေးပဲ လုပ်ခိုင်းတာကို ယုတ်မာပြီး ကန်တော့ပွဲအကြီးကြီးလုပ်လာကြတယ်လေ အဲဒါကြီးကို မနိုင်မနင်းကြီးမပြီး ကနေရမှတော့ ဒီလက်တွေက ဒီလိုမဖြစ်ဘဲ နေပါတော့မလား၊ မိမွေးတိုင်း ဖမွေးတိုင်းတောင် ဖြစ်ပါတော့မလားမသိဘူး အီး"

မကြည်ပြာ ပြောလိုက်မှ ၎င်းအားထက်ရယ်အားသန်။

မုန့်ပွဲကို တစ်ဖွန်းချင်း ခပ်စားနေတာတောင် လက်ကြီးက ကိုးရိုးကားယား။

"ကဲ စိတ်မကောင်းမဖြစ်ပါနဲ့ မုန့်စားပြီးရင် ကျွန်တော် ဓါတ်ပုံ





ရိုက်ပေးမယ်၊ အားလုံးအမှတ်တရ ဖြစ်သွားတာပေါ့"

"ဟယ် တကယ် လမင်းလေးဓါတ်ပုံရိုက်ပေးမယ်၊ အံမယ်လေးပျော်လိုက်တာ၊ လမင်းလေးအရမ်း အလိုက်သိတတ်တာပဲဟယ်၊ စားမယ် မြန်မြန်စားမယ်"

မကြည်ပြာလုပ်ပုံနှင့် ဓါတ်ပုံရိုက်ဖို့ အခြေအနေက ဖန်တီးပေးသည်။ စားသောက်ပြီးသည်နှင့် ကျောင်းဝင်းထဲက ဓါတ်ပုံရိုက်လို့ အကောင်းဆုံးနေရာတွေဘက် ရောက်လာခဲ့ကြသည်။

မကြည်ပြာ ပို့စ်ပေးနေတာလည်း တကယ့်ဟာသ။ သက်ဦးကလည်း ပန်းအိနှင့် ဓါတ်ပုံတွဲရိုက်ချင်လို့ ခပ်ကဲကဲ။

နိုင်မင်းက နှမပေးရမှာကို တွန့်တိုစွာနှင့် ဆွဲလားလွဲလား။ တကယ်ကို အုန်းအုန်းထအောင် ပျော်စရာကောင်းသည်။

"ပဝါလည်းရိုက်ပါ အကောင်းဆုံးအလှဆုံးဖြစ်အောင် ကျွန်တော်ရိုက်ပေးမယ်"

"ဟင့်အင်း မရိုက်ချင်ဘူး ဝါသနာမပါဘူး"

"ရိုက်လိုက်ပါဟယ် နင်ကလည်း ဒီလောက်ပျော်စရာကောင်းနေတာကို ပြုံးပြုံးလေးနေ၊ မျက်နှာကြီးရှုံ့မဲ့နေရင် အိုစာသွားဦးမယ်"

ရှောင်လို့တိမ်းလို့လည်းမရ။ သူမ ဘယ်လိုနေနေ လမင်းဆိုသောလူက အမိအရ ဓါတ်ပုံရိုက်သည်။

"ဓါတ်ပုံတွေ ဘယ်နေ့ရမှာလဲ၊ ငါတို့က ရွာပြန်ရမှာ မြန်မြန်ရ



www.burmeseclassic.com

www.burmeseclassic.com



မှဖြစ်မှာနော်''

''မကြည်ပြာ အိမ်ကတော့ အပျိုတော်ဝတ်စုံကြီးနဲ့ ရိုက်ထားတဲ့ ဓါတ်ပုံတွေကြည့်ပြီး ငါ့သမီးလေး ရန်ကုန်မှာကျောင်းသွားတက်တာ မဟုတ်ဘဲ နတ်ကတော်လုပ်စားနေတာလို့ ထင်တော့မှာပဲ''

မြပဝါ ဝင်ပြောလိုက်တာကြောင့် အားလုံး တဟားဟားတဝါးဝါး ရယ်လိုက်ကြပြန်သည်။ မကြည်ပြာက ရှက်ရွံ့ဟန်ပင်မရှိဘဲ

''ဘာဖြစ်လဲ စားပေါက်ချောင်မလားလို့ နတ်ကတော်လုပ်တာ ပါလို့ ပြောလိုက်မှာပေါ့၊ အဆင်လေးတွေ တွေ့ရင် ရေစင်အုပ်ပြီး ဖမ်းဥ ထားလို့ရတယ်''

''ဟွန်း ပြောလိုက်ရင်တော့ ဖမ်းဥထားလိုက်မယ်ဆိုတာချည်း ပဲ၊ ဘယ်နှစ်ဥရော အကောင်ပေါက်ပြီလဲ''

''ဟဲ ဟဲ အဲဒါတော့''

လမင်းကို မျက်လုံးရွဲကြီးနှင့်ကြည့်ကာ တဟဲဟဲ မျိုချတော့မလို ရယ်နေတာမို့ လမင်းရဲ့ ကြက်သီးတဖြန်းဖြန်းထကာ ပခုံးတွန့်၍ ကြောက်ရွံ့သလိုလုပ်သည်။

စနောက်ရင်း ရယ်မောရင်းဖြင့် လမင်းရဲ့ ဓါတ်ပုံဘယ်နှစ်ပုံ ရိုက်နေမှန်းပင်မသိ။

''ဟဲ့ ဓါတ်ပုံက အခုသွားကူးရင် ခုရတယ်မဟုတ်လား ဆိုင်သွားကူးရအောင် အဲဒါမှ မနက်ဖြန် ရွာပြန်လို့ရမှာ''





''ဆိုင်မှာကူးရင် ပိုက်ဆံတွေ အများကြီးကုန်မှာပေါ့၊ ကျွန်တော့် အိမ်မှာ ဓါတ်ပုံကူးစက် စီဒီကူးစက်တွေရှိတယ် မနက်ဖြန်ကျရင် ကျွန်တော်ကူးလာပြီး ပို့ပါ့မယ် ဘယ်ကိုလာပို့ရမလဲ ပြောလေ''

''ကွန်ပျူတာနဲ့ကူးရင် ချက်ချင်းရနိုင်တာကို ဘာလုပ်မှာလဲ မနက်ဖြန်''

''နင်ကလည်းဟယ် တစ်ရက်နဲ့တော့ ဘာမှမထူးပါဘူး၊ ဒီလို လုပ်လေ လမင်း မနက်ဖြန် နိုင်မင်းတို့အဆောင်နားက ကော်ဖီဆိုင်ကို ကျွန်မတို့လာခဲ့မယ်၊ လူလူလေးကူးနော် မလှရင်ဓါတ်ပုံဖိုး မပေးတော့ဘူး''

''ကျွန်တော်ကလည်း ယူဖို့စိတ်ကူးမရှိပါဘူးဗျာ၊ ဒီလိုပျော်စရာ ကောင်းတဲ့ သူငယ်ချင်းတွေနဲ့ ခင်မင်ခွင့်ရတာ ကျေးဇူးတောင်တင်နေ တာပါ''

''ဟိတ်ကောင် အဲဒါတော့ ပိုလွန်းပြီ လမင်း၊ မင်းကအားလုံးကို ကျေးဇူးတင်တာလိုလိုနဲ့ ရောချနေတာပဲ၊ မင်းမျက်လုံးတွေက တစ်နေရာ တည်းပဲ ဦးတည်နေတာ ငါတို့သိတယ်နော်''

''အာ မင်းတို့ကလည်း''

လမင်းရဲ့ ရှက်ကိုးရှက်နန်းဖြစ်သွားတာ မဟုတ်ပါ။ ခေါင်းကြီးငုံ့၍ မျက်နှာလေးနီမြန်းသွားသော မြပဝါကို အားနာသွားမိတာကြောင့် ဖြစ်သည်။ သူ့မျက်လုံးထဲမှာ မြပဝါဘယ်လိုနေနေ အရမ်းလှကာ ဆွဲဆောင် မှုရှိသည်ဟုပဲ ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးတွေ နှာတံလေးတွေ မေးဖျားလေးနှင့် လည်တိုင်ကြော့ကြော့လေးကအစ တစ်ခုချင်းစီ ငေးမောမင်တက်ရင်း ပိုင်ဆိုင်လို စိတ်တွေလည်း ပြင်းထန်လာ၏။

အချစ်ဆိုတာ ထိုမှအစပြုသည်လား။

ဘဝမှာ တစ်ခါမှ မကြုံဘူးသော ရင်ခုန်သံများ သက်ဝင်လှုပ်ရှားကာ . . . ။

■ ■ ■



## အခန်း (၂၅)

''အဲဒီ လမင်းဆိုတဲ့လူရဲ့ မျက်လုံးတွေ မကြိုက်ပါဘူး၊ အငမ်းမရနဲ့ မိန်းကလေး မမြင်ဖူးဘူးလား မသိဘူး။ ရွံစရာကြီး''

''ဟဲ့ မိန်းကလေး မမြင်ဘူးလို့ဆိုရင် ငါတို့ကိုလည်း ကြည့်မှာပေါ့၊ အခုက နင့်ကိုကြွေသွားတာ သိသာထင်ရှားနေတယ်နော်၊ ပဝါတို့ နှင်းပွင့်နေလိုက်တာ မနာလိုချင်တော့ဘူး''

လက်ဖက်သုပ် ပန်းကန်ဆွဲထွက်လာသော မကြည်ပြာက ရှုံ့ရှုံ့မဲ့မဲ့ အဝတ်အစားတွေအိတ်ထဲထည့်နေသော ပန်းအိကလည်း အနားလာထိုင်ကာ

''ယောကျ်ားလေးတွေမျက်လုံးက အမှောင်ဖုံးနေတယ် ထင်တယ်၊ ငါတို့ကိုကျော်ပြီး ပဝါကိုပဲ မြင်ကြတယ်''

''အဲဒါတော့မပြောနဲ့၊ သက်ဦးက နင့်နားတကပ်ကပ်လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ ဘောက်တဲ့ဆို ခွါချလို့ကိုရမှာ မဟုတ်ဘူး''

''သက်ဦးလား နိုင်မင်းကြောင့် ငါ့ကိုရည်းစားစကားကို မပြော ရဲဘူး။ ရွာမှာကတည်းက မျက်နှာပြောင်လွန်းလို့ ငါလည်းကြည့်မရဘူး''

''အပိုတွေ ခါတ်ပုံရိုက်တုန်းက သက်ဦး ပန်းဖက်တာ ဘာလို့ ငြိမ်ခံနေလဲ''

''အံမယ် ဘယ်ချိန်တုန်းက ဖက်လို့လဲ ငါတောင်မသိလိုက်ဘူး''

''အေး ဟုတ်လားမဟုတ်လား ခါတ်ပုံထွက်လာမှကြည့်''

''ပဝါ မလိုက်ဘူးနော်၊ ခါတ်ပုံယူရင်နင်တို့ဘာသာ သွားယူကြ ငါက ဒေါ်လေးတို့အတွက် လက်ဆောင်သွားဝယ်မှာ''

လမင်းနှင့်မျက်နှာချင်း မဆိုင်ချင်တော့တာမို့ ရှောင်တိမ်းလိုက် ပေမယ့် မကြည်ပြာက မြပဝါ ပေါင်ကို ဖျတ်ခနဲရိုက်ကာ

''သစ္စာမဖေါက်နဲ့ ခါတ်ပုံသွားယူတာလည်း အတူတူသွားမယ် ဈေးဝယ်လည်းအတူပေ့ါ၊ ငါတို့လည်း ဝယ်စရာရှိသေးတဲ့ဟာကို''

''အေးလေ ဟုတ်သားပဲ ပဝါကလည်း သူငယ်ချင်းသုံးယောက် သွားရမယ့်လမ်းကို တကွဲတပြားစီ ဖြစ်စရာလား၊ ခါတ်ပုံယူပြီးအပြန် ဈေးဝယ်လိုက်ရင် ဖြစ်တာပဲ''

''လမင်းမျက်လုံးတွေ မရိုးသားဘူးဟ၊ ကိုယ့်အပေါ်မရိုးသာ မှန်းသိတဲ့ ယောကျ်ားလေးရှိတဲ့နေရာ မသွားချင်ပါဘူး''

''အံမယ်လေး မိန်းမ ကိုယ်ကရိုးသားရင်ပြီးပြီပေ့ါ တမင်တကာ





ကြီး ရှောင်တိမ်းနေစရာမလိုပါဘူး''

''ကိုတိုင်းကို သစ္စာဖောက်သလိုမျိုး မဖြစ်ချင်လို့ပါ''

''မုဒွေါ''

ရင်ဘတ်ဖိကာ မကြည်ပြာမျက်နှာ စပ်ဖြဲဖြဲ။ ပန်းအိကလည်း မျက်ခုံးပင့်ကာ

''တော်လေးဝဝင်တဲ့ မိန်းမမြတ်ဘွဲ့ထူးလိုချင်ရအောင် နင်နဲ့ ကိုတိုင်းက လက်မထပ်ရသေးပါဘူးဟဲ့၊ ထိန်းသိမ်းရမယ့် ဝတ္တရားက အိမ်ထောင်ကျပြီးမှပါ တကတည်း အဖြစ်သည်းနေလိုက်တာ''

''ရှူး ကိုတိုင်းအကြောင်း ပြောမနေနဲ့၊ ဟိုမှာ ဦးမောင်လာနေ သယ်''

ဦးမောင်က ကားကိုခြံဝင်းအပြင်မှာ ရပ်ထားခဲ့ပြီး လက်ထဲမှာ အထုတ်တွေဆွဲ၍ အိမ်ထဲဝင်လာသည်။

''ဦးမောင်လက်ထဲက ဘာတွေလဲ၊ အိမ်မှာဘာပစ္စည်းမှ မလို ဘာဘူးလေ၊ သဘက်ခါဆို ရွာပြန်ကြတော့မှာ''

''အေး ပြန်တော့မှာမို့ ကိုတိုင်းက လက်ဆောင်တွေဝယ်ပေးဖို့ သူနိုင်ငံခြားမသွားခင်မှာခဲ့တာ''

''ဟုတ်လား အံမယ်လေး ကိုတိုင်းတို့ သိတတ်ပုံများတော့ ပါကြောင့် ဆင်ဖြူတော်မှီပြီး ကြံစုတ်ရတော့မှာပဲ''

''မကြည်ပြာ လူကြီးရှေ့မှာ ဘာတွေပြောနေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



မြပဝါ အနေခက်စွာ မကြည်ပြာကျောပြင်ကို လှမ်းထုသည်

ဦးမောင်က သဘောပေါက်ကာ တဟဲဟဲ

''ကြည်ပြာပြောတာ မှန်နေတာပဲ ဘာရှက်စရာလိုလဲ၊ ဒီမှ လည်း ကြည်ပြာနဲ့ ပန်းအိအတွက်က တစ်ထုပ်စီ၊ ပဝါအတွက်က တ ထုပ်၊ ပဝါဒေါ်လေးတွေအတွက် တစ်ထုပ်တဲ့၊ အဝတ်အစားတွေလည် ပါတယ် ဝတ်ကြည့်ကြဦး၊ ဒြော် ပဝါ့ကို ကိုတိုင်း မှာခဲ့သေးတယ် နိုင်ငံခြားက ပြန်ရောက်တာနဲ့ ရွာကိုလိုက်လာခဲ့မယ်တဲ့ ပဝါ ဦးလေး အဒေါ်ကို နားဖောက်ဖို့ ထင်ပါတယ် မင်္ဂလာသတင်းပေါ့''

''ဟုတ် ဟုတ်ကဲ့''

ဦးမောင်ပြန်သွားသည့်တိုင်အောင် မြပဝါ မျက်နှာလေး နီမြ ရှက်သွေးဖြာလျက်ပါ။ မကြည်ပြာက ပဝါမျက်နှာကို ငုံ့ကြည့်ပြီး

''မြပဝါတို့တော့ အိုရချည်သေးရဲ့ ကလေးတွဲလောင်းနဲ့ ကျေ တက်မှာ မြင်ယောင်သေးတယ်''

''မကြည်ပြာနော်''

''ရှက်မနေပါနဲ့ ပဝါရယ် နင်အရမ်းကံကောင်းပါတယ်၊ ကို ချစ်တဲ့သူက ပြည့်စုံချမ်းသာတဲ့ လူတစ်ယောက်လည်းဖြစ်တယ်၊ ကို အပေါ်လည်းကြင်နာတယ်၊ ကိုတိုင်းက အသက်အရမ်းကြီးတာလည် မဟုတ်တဲ့ လူကြီးလူကောင်း ပီသတာနင့်အတွက် ဘယ်လောက်တော ဂုဏ်ရှိလိုက်လဲ''





''ပဝါ နင်ကလည်း မိန်းမပီသတယ်၊ နူးညံ့သိမ်မွေ့တယ်၊ အိမ်ထောင် ထိန်းသိမ်းတတ်တယ်၊ နင်တို့အိမ်ထောင်ရေးက သာယာမှာ ပါ မိန်းကလေးဘဝ ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျဖို့ လွယ်တာမဟုတ်ဘူး ဟ၊ နင်အရမ်းအကျိုးပေးကောင်းတယ်၊ ငါတို့တကယ်အားကျမိတယ် သိလား''

မကြည်ပြာနှင့်ပန်းအိ လေးလေးနက်နက်ပြောနေမှ ကိုတိုင်းကို ဆောင် လွမ်းလွမ်းဆွတ်ဆွတ်.သတိရအောက်မေ့မိသည်။ ခဏတာလေး ဆေးရတာတောင် ရင်မှာ နင့်နင့်သီးသီး ခံစားရပါလား။ ဝေးကွာဖို့ဆိုတာ တွေးရဲလောက်အောင် မြတ်မြတ်နိုးနိုး ချစ်နေမိပြီ ကိုတိုင်းရေ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဒါကို စကားလုပ်ပြောနေရလား။ သူတို့ခါတ်ပုံယူပြီး ပြန်မှာ ပေါ့၊ ညည့်ခံကျွေးမွေးဖို့ ရုပ်ရှင်ပြဖို့ မလိုပါဘူး ငါက ရွာပြန်လက်ဆောင် သွားဝယ်ရဦးမှာ"

"ငါလည်း ပန်းအိုးကို လက်ဆောင်ဝယ်ပေးလိုက်ချင်လို့ ... လိုက်မယ် နိုင်မင်း၊ ဘာဝယ်ပေးရမလဲ ဝိုင်းကူစဉ်းစားပေးဦး၊ မင်း ... ညီမဘာကြိုက်တယ်ဆိုတာ မင်းကပိုသိမှာ"

နိုင်မင်း မျက်မှောင်ကုတ်ကြည့်ကာ သက်ပြင်းကို ခပ်တိုးတိုး ဆဲရေးသည်။ လမင်းရုံက မြပဝါဓါတ်ပုံလေးကို ကြည့်မဝစွာ မြတ်မြတ် နိုး ရှိလွန်း၏။

"မင်းတို့ကိစ္စတွေက ငါ့ဆန္ဒလောက် အရေးမကြီးပါဘူးကွ ... မြပဝါဓါတ်ပုံလေးတွေ ကူးရင်းနဲ့ ငါ့ရင်ဘတ်ထဲမှာ သေချာတာ တစ် ...





နိုတယ်"

"ဘာလဲ"

"မြပဝါကို ငါအရမ်းချစ်မိသွားတယ် ဆိုတာပဲ"

"ဟ. တစ်ခါပဲ ဆုံဖူးသေးတာနော်"

"တစ်ခါဆို ဆိုသလောက်ရင်ထဲမှာ ထိတယ်ကွာ၊ ဒီလိုခံစားမှု မျိုး တစ်ခါမှကို မခံစားဘူးတာ"

"ပိုင်ရှင် ရှိပြီးသားဆိုရင်"

"နောင်ဘဝထိ စောင့်စရာမလိုပါဘူး၊ ငါ့မှာ ကြယ်တိုင်းရဲ့ ဆိုတဲ့ ဂုဏ်တံတိုင်းကြီး ရှိနေတာပဲ ကိုကို့ကို အတင်းပူဆာပြီး လက်ထပ် ပေးခိုင်းမယ်"

"မြပဝါက ငွေနဲ့ဝယ်လို့ရတဲ့အရုပ်တစ်ရုပ်မှ မဟုတ်တာကွ၊ သူ့မှာရည်စားသနား၊ ဒါမှမဟုတ် လက်ထပ်ရမယ့် ရည်ရွယ်ထားသူ ရှိမရှိ"

"အိမ်ထောင်သည်မဟုတ်ဘူးဆိုတာ သိရင်ကျန်တာတွေက အသေးအဖွဲ့ပါ၊ မင်းတို့ကို အကူအညီတောင်းနေတာ မဟုတ်ဘူး အရမ်း ကြီး မဝေဖန်နဲ့၊ ငယ်ငယ်တည်းက ငါဖြစ်ချင်တာဆိုရင် ကိုကိုမလိုက် လျောဘူးတာမရှိဘူး"

လက်ထဲက ဓါတ်ပုံတွေကို စိတ်လိုက်မာန်ပါ ပစ်ချလိုက်၍ အောက်ဖိနပ်လေးတွေတောင် ဘောင်ဘင်ခတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ စက္ကူအိတ်လေးထဲကို ဓါတ်ပုံလေးတွေ ပြန်ထည့်ပြီး လမင်းရဲ့ထရစ်၏။

"ဘယ်လဲ"

"မြပဝါတို့ ဘယ်မှာနေတာလဲ စုံစမ်းပြီး သွားပေးမလို့"

"ဒီကိုလာမယ်လို့ ချိန်းပြီးပြီပဲ မင်း မကြောင်စမ်းပါနဲ့"

"ငါ့ကို အားမပေးရင် မင်းတို့နဲ့သူငယ်ချင်း မလုပ်ချင်ဘူး"

"ကလေးဆန်လိုက်တာကွာ ငါတို့က အားမပေးတာမဟုတ်ပါဘူး ဖြစ်နိုင်သလားတွေးပေးတာပါ၊ ဘာဖြစ်ဖြစ်တိုးမှာပဲဆိုရင် ငါတို့ မတိုက်တွန်းနိုင်စရာ အကြောင်းမရှိပါဘူး"

"တကယ်လား"

တစ်ခါတစ်ရံ ဖွတ်တရွတ် ကလေးဆန်တတ်သော လမင်းရဲ့ အလိုက်သင့်ပင် ခေါင်းညိတ်ပြကြရသည်။ မိန်းကလေးတစ်ယောက် အပေါ် အသည်းအသန်မဖြစ်ဘူးတာမို့ မြပဝါအပေါ် တကယ်အလေးအနက် ခံစားနေတာကိုလည်း ယုံကြည်သွားကြ၏။

"သူလည်း ပြန်မှာဆိုတော့ နယ်ကဖြစ်မယ်၊ ဟိုမှာချစ်သူရှိ စား။ ဒါမှမဟုတ် မိဘသဘောတူတဲ့သူ ဘာညာရှိလို့ လက်ထပ်လိုက်ပြီး ကျောင်းပြန်မတက်တော့ဘူးဆိုရင် မင်းတော့ငွမ်းပြီနော်"

"ဒီနေ့ ဓါတ်ပုံလာယူရင် နည်းနည်းပါးပါး တီးခေါက်ကြည့်ရ ရတာပဲ၊ အခြေအနေမဟန်ရင် ဖမ်းအုပ်ဖို့နည်းလမ်းရှာရမယ်"





"ဒသဘောရှိတော့မလုပ်နဲ့၊ လေးတော်မတင်နိုင်ဘဲ အပိုင်လိုချင်ခြင်း မတရားမှုတွေဖြစ်ကုန်မယ်နော်၊ သူ့မှာ ပရိယာယ်ကြွယ်ဝဖို့ တန်ခိုးတွေရှိတယ်၊ မင်းက မင်းအစ်ကိုရဲ့ အရှိန်အဝါပဲရှိတာ"

"ပြောမနေပါနဲ့ သက်ဦးရာ၊ သူ့အစ်ကိုက ဘယ်လိုအခက်အခဲ အတိုက်အခိုက်တွေရှိရှိ ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ပါ၊ အစ်ကို အားကိုးနဲ့ မိုက်လုံးကြီးမယ့်ကောင်"

"အေး မင်းတို့နှစ်ကောင် ငါကောင်းစားတာကို မနာလိုဖြစ်နေကြတယ်ဟုတ်လား၊ မသဒ္ဓါအောင်လုပ်နေကြတယ်၊ ကျောင်းပြန်တက်ရင် တွေ့မယ်"

"ဟား ဘွာဘွာ အဲလိုတော့ မကျိုးစားပါနဲ့ ငါတို့လည်း မင်းအား ကိုးနဲ့ ကောင်းစားနေတာပါ၊ ဟား ပြောတုန်းဆိုတုန်း ငါ့အသည်းလေး နဲ့ မြပဝါတို့လာနေကြပြီ"

"ဟင်"

သက်ဦးစကားကြောင့် လမင်းရဲ့ လည်လေးလိမ်ကာ အပေါက်ဝ ကို မျက်လုံးရောက်သွား၏။

"လှလိုက်တာ"

နုတ်က လွှတ်ခနဲထွက်သွားသည်အထိ မြပဝါက ဆွဲညှို့နိုင်လွန်း သည်။ ပန်းနုရောင် အပျော့သားဝမ်းဆက်လေးက သူမအသားအရေ နှင့် လိုက်ဖက်ပြီး ကျောလယ်နီးပါး ရှည်သည့်ဆံနွယ်များက ခေါင်းလျှော်



www.burmeseclassic.com

www.burmeseclassic.com



ပြီးစမို့ ရှန်ပူရနံ့သင်းလျက် ပျော့ပျော့နွဲ့နွဲ့။

"ထိုင်လေ မြပဝါ"

ဆန္ဒရှိသည့် ဦးတည်မိသူကိုသာ ပဋိသန္ဓာရစကားဆိုမိသည် ကိုယ်စီဝင်ထိုင်လိုက်ချိန်မှာ မြပဝါက လမင်းရံ့အနားက ထိုင်ခုံမှာ ထိုင် ဖြစ်လာသည်။

ဆံနွယ်တွေကို ရင်ဘတ်ရှေ့မှာ သိမ်းဆည်း ပွေ့ပိုက်ထားရင် မျက်နှာလေးက သုန်မှုန်အေးစက်လျက်ရှိသည်။

"ဘာစားမလဲ ဘာသောက်မလဲ ဆန္ဒရှိတာ မှာကြပါ"

လောကွတ်ပြုမိပေမယ့် မြပဝါ ဘာသံမှထွက်မလာ။

ပန်းအိနှင့် မကြည်ပြာကသာ ဟိုဟာဒီဟာ သွက်သွက်ခါအော မှာပြီး မြပဝါကိုလည်း ဂရုမစိုက်မိကြ။

"ခါတ်ပုံလေးတွေ အရမ်းလှတယ် သိလား။ သုံးယောက်ထဲ မြပဝါ အလှဆုံးပဲ"

"အမ်"

မကြည်ပြာ လည်နင်သွားသလို အမ်ခနဲဖြစ်သွား၏။ ပန်း က စားသောက်ရင်းနှင့် လမင်းရံ့လက်ထဲက ဓါတ်ပုံအိတ်ကို ဆွဲလုသည်

"ပြစမ်းပါ ငါတို့က ပဝါလောက်မလှရင် ဓါတ်ပုံတွေ ဆွဲဆု ပစ်မယ်"

"ဟုတ်တယ်၊ ထောက်ခံတယ်၊ မျက်နှာလိုက်ပြီး ပဝါကို





လှအောင်ရိုက်ပေးလို့ကတော့ အတွေ့ပဲ"

"နဂိုရှိမှ နကိုင်းထွက်မှာပေါ့ဗျာ၊ ပဝါက ခင်ဗျားတို့ထက်လှလို့ ယှဉ်မရတာပေါ့၊ ကျွန်တော်က အပိုလုပ်ပြီး မျက်နှာလိုက်စရာ မလိုပါ ဘူး၊ အရှိကိုအရှိအတိုင်းပဲ"

"အမလေး ပြောင်ပြောင်တင်းတင်းကို ရှူ့ချနေတော့တာ ပါလား။ ပဝါရေ နင်တော့မလွယ်ဘူး"

မြပဝါက နောက်ပြောင်တာကို မကြိုက်သလို မကြည်ပြာကို မျက်စောင်းရွယ်ပြီး သူမဓါတ်ပုံလေးတွေကို ယူကြည့်လိုက်သည်။ သူပြော သလိုပင် လှတော့လှသားဟု အတွေးရောက်ရင်း ဓါတ်ပုံပညာရှင်လို့ ချီးကျူးရမလိုပင် ဖြစ်သွား၏။

ဒါပေမဲ့ ယောက်ျားလေးတစ်ယောက်ကို ပရောပရီအထာပေး တာမျိုးမဖြစ်ချင်ပါ။ မပြုံးမရယ် တည်တင်းတင်းလေးနှင့်ပဲ တုန့်ပြန်ပြီး ဓါတ်ပုံလေးတွေကို သူမစလင်းဘက်ခ်အိတ်ထဲ ထည့်လိုက်သည်။

လမင်းရံ့က သူမဘာလုပ်လုပ် မျက်လုံးမလွှဲတမ်း ငေးကြည့်နေ ပြီး

"ပဝါက မာနကြီးပုံရတယ်နော်၊ အဲလိုကြီး တည်တင်းနေတော့ ဘယ်လိုလုပ် ရည်းစားရတော့မှာလဲ"

"အဲဒါတော့ လမင်းလွဲသွားပြီ၊ သူ့မှာ သူ့ကို သိပ်ချစ်တဲ့သူ၊ သူကလည်း အရမ်းကိုချစ်တဲ့ ချစ်သူရှိပါတယ်ရှင်၊ ကျောင်းပြီးရင် လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဖို့တောင် ကတိတွေပေးပြီးကြပြီ''

''ဗျာ''

''မဗျာနဲ့ အဲဒါကြောင့် သူချစ်သူကို သစ္စာမဖေါက်မိအောင် ဘယ်လိုယောကျ်ားလေးဖြစ်ဖြစ် အရောဝင်တာကို လက်မခံဘူး''

မကြည်ပြာ စကားကို နားထောင်ပြီး သက်ဦးတို့က လမင်းရဲ့ ကို မှတ်ပြီလားဟု ကဲ့ရဲ့ချင်ဟန်ရှိသည်။ မျက်နှာတစ်ခုလုံး ပူထူရှိန်းဖိန်း သွားကာ ရင်ထဲမှာ နင့်ခနဲခံစားလိုက်ရ၏။ ဘာတတ်နိုင်မှာလဲဟု အလျှော့ ပေးဖို့တော့ စိတ်ကူးမရှိဘူး။ လက်မထပ်ရသေးလျှင် သူ့ဘက်က ကြိုးစား ဖို့အခွင့်အရေးတွေ အများကြီးရှိသေးသည်။

''ဟို မြပဝါတို့က ဘယ်မှာနေတာလဲ ကားနဲ့ပြန်ရမှာလား သင်္ဘောနဲ့ ပြန်ရမှာလား''

''ပဲခူးတိုင်း ကန်သာရွာမှာပါ ကားနဲ့သွားလို့ရပါတယ်''

ဒါကိုတော့ သူမရိုးရိုးသားသားပဲ ပြန်ဖြေလိုက်တာပါ။ လမင်း ဆိုသည့်လူနဲ့ မျက်နှာအပြောင်းအလဲကိုတောင် သတိမထားမိ။

''ပဝါက မိဘတွေမရှိတော့ဘူးလေ အဒေါ်လင်မယားဆီမှာ ခိုကပ်နေရတာ ပညာရေးကိုတောင်မှ''

မကြည်ပြာ စကားဆက်လို့မရအောင် မြပဝါ ခပ်နာနာလေး လိမ်ဆွဲ၍ ဟန့်တားလိုက်သည်။ မသက်ဆိုင်သော သူစိမ်းတစ်ယောက်ကို သူမ ကိုယ်ရေးကိုယ်တာတွေ ဘာမှရှင်းမပြစေချင်။





နောက်ထပ်ဆုံစရာအကြောင်းလည်း မရှိတာမို့ လိုမှမလိုအပ်တဲ့။

''ဓါတ်ပုံတွေရပြီ ပြန်ရအောင် မကြည်ပြာ၊ မနက်ဖြန်ပြန်ဖို့ ပစ္စည်းတွေ ဝယ်ဦးမယ်ဆို ပဝါလည်း ဝယ်စရာရှိသေးတယ်''

''အေးပါ နေပါဦးဟဲ့ ဒီမှာစားလို့တောင် မပြီးသေးဘူး။ သဒ္ဓါလို့ ကျွေး သေဆေးတောင်စားရတယ်တဲ့၊ နောက်တစ်ခါဆုံဖို့က လွယ်တာ မဟုတ်ဘူး အခုများများစားထားမှ''

''မဆုံဖို့ စကားတော့မပြောပါနဲ့၊ ကျွန်တော်တို့ မြန်မြန်ပြန်ဆုံ ရမှာပါ နော်ပဝါ''

မြပဝါ မဖြေ။ မိန်းကလေးတစ်ယောက်ကို ဒီလိုမျိုးဖွတ်တိုး အရောဝင်ချင်တာကို မကြိုက်။

ချစ်သူရှိပါတယ်လို့ ပြောပြီးမှတော့ မျက်လုံးအကြည့်တွေ စကားလုံးတွေ စည်းထားဖို့ကောင်းသည်။

အခုတော့ ဘာတွေသေချာနေမှန်းမသိသော လမင်းရဲ့မျက်ဝန်း များက သူမအပေါ် စိုးမိုးသိမ်းပိုက်ဖို့ အဆင့်သင့်ဖြစ်နေသူလို ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

သူမ ပြန်ရောက်လာတော့ ဦးလေးနှင့်ဒေါ်လေ စိတ်ချမ်းသာကာ ပျော်နေကြသည်။ ကိုတိုင်းက ဦးလေးနှင့်ဒေါ်လေးအတွက်တင် မဟုတ်ဘဲ ကလေးတွေအတွက်ပါ လက်ဆောင်တွေ ဝယ်ပေးလိုက်သည်မို့ ကလေးတွေလည်း ပျော်နေကြတာပါပဲ။

''မောင်ကြွယ်တိုင်းရဲ့ ဝယ်ပေးလိုက်တာဆိုတော့ အံ့ဩစရာပဲကွယ်၊ အရင် သူကိုယ်တိုင် လာရင်တောင် ဒါမျိုးတွေတော့ ဝယ်မပေးတတ်ဘူး။ တစ်ရွာလုံးက သူနဲ့မကင်းရာ မကင်းကြောင်းတွေ ဖြစ်နေတာမို့ လို့ မျက်နှာလိုက်တယ် အပြောခံရမှာစိုးတယ် ထင်ပါတယ်''

''သူဒီလိုတွေးတာလည်း မှန်တာပဲကွဲ၊ မောင်ကြွယ်တိုင်းရဲ့က သမာသမတ်ကျတဲ့ လူတစ်ယောက်ပါ၊ တွေးခေါ်မြော်မြင်တတ်တယ် မျှတတယ်၊ လူမှန်းမခံဘူး''





''ဟိုမှာရော ပဝါလေးအပေါ် ဂရုစိုက်စောင့်ရှောက်မှုရှိတယ် မဟုတ်လား ပဝါ''

''ဟုတ်ကဲ့ ဟိုရွာကို ကိုတိုင်းလိုက်လာဦးမယ်လို့ ပြောပါတယ်''

''ဘာကိစ္စလဲကွဲ့၊ ရွာမှာချေးငွေချပေးတဲ့ ကိစ္စတွေလည်း ဟိုတလောကပဲ သူ့မန်နေဂျာ လာသွားတယ်၊ စိုက်ပျိုးဖို့အတွက် မြေဩဇာတွေလည်း အဆင်သင့်ပါ၊ သူလာမယ်ဆို ကြိုတင်ပြီး အကြောင်းကြားတတ်ပါတယ်''

''တော်ကလည်း ပဝါလေးနဲ့ လိုက်တာလည်း ကြိုတင် အကြောင်း ကြားတာပဲပေါ့၊ ဘာကိစ္စဆိုတာ ပဝါကို ပြောလိုက်မှာပေါ့ ဟုတ်လား ပဝါ''

''ရှင်''

မြပဝါ ပြောမထွက်ပါ။ အပြစ်မတင်ဘူးဆိုတာ သိနေပေမယ့် အရိုသေတန်သလို ဖြစ်မှာစိုး၍ နှုတ်ကမရဲချေ။

အထုတ်တွေ အိမ်ပေါ်ဆွဲတင်ကာ ရှောင်ထွက်လာခဲ့မိရင်း ကိုတိုင်းရောက်လာခဲ့စဉ်က အချိန်တစ်ခုကို ပြန်စဉ်းစားမိ၏။ သိမ်ငယ်မှုတွေနှင့်နိုကိုးဖို့ ကိုတိုင်းနောက်ကို လိုက်ခဲ့ရသည်ပဲ။ ခုတစ်ခါတော့ ပြည့်စုံကြွယ်ဝသော ကိုတိုင်းရဲ့ ဇနီးလောင်းလေးအဖြစ် အနေဝင့်ထည် ကြွားဝါခွင့်ရတော့မည်။

ကိုတိုင်း ဘယ်အချိန်လာမှာလဲ၊ ဘယ်နေ့လာမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်နေလျှင် နိုင်ငံခြားက ပြန်ရောက်မည့်တဲ့ သူမ ရန်ကုန်မှာ ရှိနေစဉ်တည်းက ရေတွက်လျှင် လေးရက်မျှရှိပြီ။ ဒါဆို နောက်သုံးရက်လောက်နေလျှင် မြန်မာပြည်ကို ကိုတိုင်း ပြန်ရောက်တော့ မည်ပေါ့။

လိုအကြောင်းတွေးလိုက်တော့ ရင်ခုန်နှုန်းတွေတောင် မြန်လာသည်။ ဒေါ်လေးတို့နှင့် အဆင်ပြေလို့ ကိုတိုင်းက တစ်ခါတည်း လက်ထပ်ချင်သည်ပြောလည်း သူမ လက်ခံဖို့စဉ်းစားထားရမည်။ သူမမှ ကိုတိုင်းကို မခွဲနိုင်တော့ဘဲ။

အချစ်ဆိုတာ ငြိတွယ်လွယ်ခြင်းလား။

ဖြတ်ရခက်သည့် နှောင်ကြိုးတွေလား။ ကိုတိုင်း ချည်နှောင်ထားမည်ဆိုလျှင် သူမ ဘယ်တော့မှ ရုန်းမထွက်တော့ပါ။

■ ■ ■



အခန်း (၂၈)

"ကိုတိုင်း ဒီနေ့ ပြန်ရောက်မယ်တဲ့၊ မင်းအစ်ကိုကို သွားကြိုဦးမှာလား လမင်း"

"ကိုကို ညက ဖုန်းဆက်တယ်၊ လေယာဉ်ကွင်းက ဆင်းတာနဲ့ ညှော်သည်တွေကို နေ့လယ်စာလိုက်ကျွေးပြီးမှာမို့ လာမကြိုနဲ့တော့တဲ့၊ ကျွန်တော်က ကိုကို့ကို တွေ့ချင်လှပါပြီဆိုမှ"

"အောင်မလေးတော် ဟိုက တစ်ပတ်လောက်နေရမယ့်ဟာကို ငါးရက်လောက်နဲ့ ပြန်လာတာကို သည်းသည်းလှုပ်နေလိုက်တာ၊ အဲလို မခွဲနိုင်ဖြစ်နေလည်း နောက်တစ်ခါသွားရင် ကော်နဲ့ကပ်ထားသလိုသာ လိုက်သွားပေတော့"

ဒေါ်မှူ့ ဘုမသိဘမသိ ရမ်းသမ်းတုတ်နေတော့ လမင်းရဲ့ ရယ်ချင်ပက်ကျိ ဖြစ်သွားရသည်။ သူ့စိတ်ကူးက တစ်မျိုး။

ဝိုး မိုး စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဒေါ်မှုံက ဘာမှမသိဘဲ လျှောက်ပြောနေတယ်၊ ကျွန်တော် ဒီတစ်ခါ ကိုကို့ကို မျှော်တာ အကြောင်းရှိလို့ဗျ''

''ဟယ်တော် ဘာအကြောင်းမို့လဲ၊ ထူးထူးခြားခြား''

''မိန်းမတောင်းခိုင်းမလို့''

''ဗွေ့ဒွေါ ရည်းစားရှိတယ်လို့လည်း မကြားမိပေါင်၊ မင်းအစ်ကိုမှာလည်း ချစ်သူရှိတယ်၊ ရှေ့ကားတော့ ကျော်မတက်နဲ့ဦးနော်''

''အဲဒါတော့ အာမမခံနိုင်ဘူး၊ ကျော်တက်ရမယ့်အခြေအနေမျိုးဖြစ်နေတယ်၊ ကိုကို ပြန်လာရင် ဖွတ်အတင်း အပူကပ်ကြည့်ရတော့မှာ''

လမင်းရဲ့ စကားကြောင့် ဦးမောင်နှင့်ဒေါ်မှုံ စိတ်ဝင်တစားမျက်ခုံးပင့်သွားကြသည်။ လမင်းရဲ့ဆီက ဒီလိုစကားမျိုး တစ်ခါမှ မကြားဘူး။ သူငယ်ချင်းတွေနှင့်ပျော်သလို လွတ်လွတ်လပ်လပ် နေတတ်ပေမယ့် မိန်းကလေးကိစ္စတော့ ရှုပ်ရှုပ်ယှက်ယှက် မရှိပေ။

''ပြောပြစမ်းပါဦးကွ၊ ငါ့တူကြီးက ဘယ်လိုမိန်းကလေးနဲ့ ပတ်သက်နေလို့လဲ''

''ပြောမှာပေါ့၊ ကိုကို့ကိုပြောပြီးရင် ဦးမောင်တို့ကိုလည်း ပြောပြမယ်၊ ကျွန်တော့်ကောင်မလေးက သိမ်သိမ်မွေ့မွေ့လေးနဲ့ အရမ်းချော တယ်၊ မိဘတွေ မရှိတော့ဘူး၊ ဦးလေးနဲ့အဒေါ်နဲ့နေတာတဲ့၊ ကျွန်တော်နဲ့ လက်ထပ်ပြီးရင် ဒီအိမ်မှာ လိုက်နေတော့ ကိုကိုနဲ့လည်း မခွဲရတော့ဘူး





ပေါ့၊ မိဘတွေရှိနေရင် ဟိုအိမ်နေမယ်၊ ဒီအိမ်နေမယ် ရှုပ်နေဦးမှာ၊ ဘယ်လိုလဲ ကျွန်တော် ရွေးချယ်တာ မှန်တယ်မဟုတ်လား''

''မှန်ပါတယ်ဗျာ မှန်ပါတယ်၊ ကိုတိုင်းကလည်း မင်းဘာလုပ်လုပ် ကောင်းတယ်ပဲ ပြောမှာပါ၊ သူ့ရှေ့က ကျော်တက်တက် ခွတက်တက် ကျေနပ်နေမယ့်သူဆိုတော့ မင်းရဲ့မင်္ဂလာပွဲကို အရင်လုပ်ပေးဆိုလည်း လုပ်ပေးမှာပါ၊ ဒါပေမဲ့ မင်းကို ဒီလို မိန်းကလေးရှိနေတာ ဦးမောင်တို့လိုပဲ အံ့သြနေမှာကွ''

''ကဲ ကဲ ကိုတိုင်း ပြန်လာမယ့်နေ့ မင်္ဂလာသတင်းနဲ့ ကြိုရမှာပေါ့၊ ကိုမောင် ဒီနေ့သန့်ရှင်းရေးလုပ်ရမှာ ကျုပ်ကို ဝိုင်းကူဦး၊ ညနေ စားဖို့လည်း ပြင်ဆင်ရမယ်''

''မင်းကကွာ မင်းတစ်ယောက်တည်း လုပ်ရင်လည်း ဖြစ်ရဲ့သားနဲ့''

''ဘာ''

''ဘာ ဘာမှမဟုတ်ပါဘူး မိန်းမကလည်း ဒေါသကြီးပဲ၊ ဟင်း ဟင်း မင်းငြိုငြင်အောင် မနေတတ်မှန်းသိရဲ့သားနဲ့''

''သွားပါ ဟွန်း''

ဦးမောင်တို့လင်မယား ကျီစယ်နေမှုကို အရင်လို အတွဲအဝေါင် နောက်ချင်စိတ် မရှိတော့။ မြပဝါ ဓာတ်ပုံလေးတွေနှင့် မခွဲမခွာ နေလိုခြင်းကြောင့် အပေါ်ထပ် အိပ်ခန်းထဲကို အပြေးတက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ခါတ်ပုံတွေကို သူ အခွင့်မရှိ ကူးယူထားခဲ့တာ။

သူမလေးသိလျှင် သူ့ကို အပြစ်ပြောမှာ သေချာသည်။ သူမ
သူမချစ်သူအပေါ်မှာပဲ သစ္စာရှိချင်တာတဲ့။ မိန်းမပီပီသသ သူမလို သိမ်မွေ့
ချောမောလှသော မိန်းကလေးကို သူမ ချစ်သူက ဘယ်လောက်မှာ
တန်ဖိုးထားပြီး ချစ်မြတ်နိုးလိုက်မလဲ။ သူတောင်မှ တစ်ကြိမ်တစ်
လောက် တွေ့ဖူးရုံနှင့် ရင်ထဲစွဲငြိသွားခဲ့သေးတာ။

ပိုင်ဆိုင်လိုစိတ်တွေနှင့် စိတ်ကူးယဉ်ကာ ညစဉ်ညတိုင်း အိပ်မ
တွေတောင် မက်သည်။ ထိုဆန္ဒတွေဖြင့် ရူးသွပ်မသွားအောင် ကိုကို
အားကိုးရတော့မည်ပဲ။

သူဖြစ်ချင်သမျှတွေကို ဖြည့်ဆည်းလိုက်လျှော ဦးစားပေးခဲ့သည်
ကိုကိုက ခုကိစ္စမှာလည်း မဖြစ်မနေ တောင်းရမ်းလက်ထပ်ပေးမှာ

"သားငယ်ရေ လမင်း၊ မင်းကိုကို ပြန်ရောက်နေပြီကွဲ့"

"ဗျာ ဟုတ်ကဲ့ ဟုတ်ကဲ့"

မြပဝါ ခါတ်ပုံလေးတွေကို ရင်ဘတ်ပေါ်တင်ကာ သူ အိပ်ပျော်
သွားခဲ့လေသလား။

နာရီကြည့်လိုက်တော့ နေ့လယ်တစ်နာရီ။ ညသည်တွေ
နေ့လယ်စာလိုက်ကျွေးပြီးမှ ကိုကို ပြန်ရောက်လာတာ ဖြစ်မည်ပေ

"ကိုကို"

"ညီ"





ခါတ်ပုံလေးတွေကို ခါးကြားမှာ ဖွက်ကာ ကိုကို့ကို ပြေးဖက်ကာ
နမ်းလိုက်သည်။ ကိုကိုကလည်း နွေးထွေးလွှမ်းမောမှုများဖြင့် ပြန်နမ်း၏။

"ကိုကို တစ်ပတ်လောက် ကြာမှာဆို"

"ဪ အင်း တွေ့ဆုံဆွေးနွေးပွဲက နောက်လထဲမှာ ပြောင်း
သွားလို့ကွ၊ ကိုကို နောက်လထဲမှာ တစ်ခေါက်ထပ်သွားရမယ်"

"အဲဒါဆိုရင် ညီ့ကို မိန်းမအရင်တောင်းပေး ကိုကို"

"ဟား ညီက တယ်ဟုတ်ပါလား၊ ခုနက ဦးမောင်တို့ ပြောပေ
မယ့် ကိုကိုက မယုံတူးဖြစ်နေတာကွ၊ ဘယ်သူ့ကို လိုက်တောင်းပေးရမှာ
လဲ ပြောစမ်းပါဦး"

"ထမင်းစားရင်းနဲ့ ပြောမယ် ကိုကို ညီ ထမင်းမစားရသေးဘူး"

"ခုနက ထမင်းစားဖို့ လာခေါ်ပါသေးတယ်တော်၊ အိပ်နေတယ်
ထင်လို့ ပြန်ဆင်းလာတာပါ၊ ကိုတိုင်းရော ထပ်စားဦးမလား သား"

"အင်း ညသည်တွေနဲ့တော့ စားပြီးခဲ့ပြီ၊ ဒါပေမဲ့ ညီနဲ့လက်ဆုံ
မစားရတာကြာတော့ နည်းနည်းပါးပါး ဝင်စားလိုက်ပါ့မယ်"

"ဒါဆို ထမင်းပွဲသွားပြင်ရအောင် ကိုမောင်"

"အေး အေးပါကွ"

ဒေါ်မှူ လေသံမာမာနှင့် ခေါ်လိုက်တော့ ဦးမောင် ခပ်ကုတ်ကုတ်
လိုက်သွားသည်။ လမင်းရဲက ကြယ်တိုင်းရဲ လက်ကိုဆွဲကာ ဆိုဖာခုံမှာ
ထိုင်နိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



''ဒေါ်မှုံတို့ ထမင်းပွဲပြင်နေတုန်း ကိုကို့ကို ညီပြစရာရှိတယ်''

''ဟုတ်ပါပြီဗျာ ညီ့ကိုကြည့်ရတာ အရမ်းကို တက်ကြွနေတယ် ညီ့ကောင်မလေးကို အရမ်းကို ချစ်သလားကွ''

''နှုတ်နဲ့တိုင်းတာပြလို့မရအောင်ကို ချစ်တယ် ကိုကို၊ ရင်ဘတ် ကြီးနဲ့ ခံစားပြီး ချစ်မိလို့ ကိုကို့ကို အကူအညီတောင်းချင်တာ''

''ဘယ်လိုကွ''

''သူ့မှာ ချစ်သူရှိတယ်တဲ့''

''ဟင်''

''ချစ်သူရှိတယ်ပြောတာ လက်ထပ်ရသေးတာမှမဟုတ်တာ ကိုကိုရယ်၊ လက်ထပ်တဲ့သူနဲ့ ချစ်တဲ့သူဆိုတာ တစ်ထပ်တည်းကျချင် ကျတာပဲ၊ ကိုကို တောင်းရမ်းလက်ထပ်ပေးရင် အဆင်ပြေမှာပါ''

''ဘာလို့လဲ''

''သူက ကိုကို့တောက်ပုံမှ ကျေးဇူးမကင်းတဲ့ ကန်သာရွာက''

''ဘာ''

''မိဘတွေ မရှိတော့ဘူး၊ ဦးလေးနဲ့ဒေါ်လေးကို မှီခိုနေရတာ သူ့ကိုလက်ထပ်ပြီး ဒီအိမ်ကြီးမှာ အတူတူနေရင် ကိုကိုနဲ့လည်း ခွဲစ မလိုတော့ဘူးပေါ့၊ သူ့မှာ မိဘတွေ မရှိတော့တာ၊ ညီတို့အတွက်တော အဆင်ပြေတာပဲ မဟုတ်လား''

ညီ့စကားတွေထဲမှာ တိုက်ဆိုင်မှုတွေပါနေသည်မို့ ရင်မှာ ထိ





ထိတ်လန့်လန့်။

ကန်သာရွာ မိဘတွေ မရှိတော့ဘူး။

ဒါလေးနှင့်တော့ သူ ထိတ်လန့်တုန်လှုပ်စရာမလိုဘူးထင်သည်။

''ညီချစ်နေတဲ့ ကောင်မလေးရဲ့နာမည်က ဘာတဲ့လဲ''

''မြပဝါ''

''ဘာ ဘာပြောတယ် ညီ''

သူ့သွေးတွေ ပူပြင်းလောင်မြိုက်စွာ ပြောင်းပြန်စီးဆင်းကုန်ပြီ ထင်၏။ ညီက ခါးကြားထဲက ဓာတ်ပုံလေးတွေ ဆွဲယူပြီး သူ့လက်ထဲကို ထည့်သည်။

သူ မကြည့်ရဲ။ မကိုင်ရဲ။ နာမည်ပါတိုက်ဆိုင်နေခြင်းအတွက် သူ ဟန်မဆောင်နိုင်လောက်အောင်ပင် ထိန်းသိမ်းမှုမဲ့လာသည်။

''ကြည့်ကြည့်ပါ ကိုကို၊ မြပဝါ ဘယ်လောက်လှတယ်ဆိုတာ မြင်ရင် ကိုကို ချက်ချင်း လက်ထပ်ပေးချင်စိတ်ပေါက်လာလိမ့်မယ်''

''ဟင့်အင်း''

ငြင်းလိုက်ချင်ပေမယ့် နှုတ်ဖျားက ဘာစကားသံမှ ထွက်မလာ။ ညီက ဓာတ်ပုံလေးတွေကို သူ့မျက်နှာရှေ့ ဖွတ်တိုးပေးပြီး

''သူနဲ့ နှစ်ခါပဲဆုံရသေးတယ်၊ သူငယ်ချင်းတွေက မိတ်ဆက် ပေးတာ၊ မြပဝါရဲ့သူငယ်ချင်း ပန်းအိက ညီ့သူငယ်ချင်း နိုင်မင်းရဲ့နှမ ဝမ်းကွဲလေ၊ ဆရာကန်တော့ပွဲမှာဆုံတာ၊ ဓာတ်ပုံရိုက်ပေးရင်း မြပဝါ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံလေးတွေ ညီ ယူထားတာ၊ မြပဝါမှာ ချစ်သူရှိတယ်ပြောတော့ ညီ့ရင်တွေ နင့်နေအောင် ခံစားလိုက်ရတယ်၊ သူ့ချစ်သူကို သစ္စာဖောက်မိမှာစိုးလို့ ဘယ်ယောကျ်ားနဲ့မှ အရောတဝင် မနေဘူးတဲ့''

မြပဝါရဲ့သစ္စာရှိမှုကို သိလိုက်ရတော့ သူ့ရင်တွေ လှုပ်ခတ်ကြည်နူးသွားသည်။ ဒါပေမဲ့ ညီက နှစ်နှစ်ကာကာ ချစ်နေသည်။ သူ ဘယ်လိုလုပ်ရမလဲ။ ဘာပြောရမလဲ။

မြပဝါချစ်သူက ကိုကိုပါလို့လား။

ဟင့်အင်း အာစေးထည့်ခံထားရသူလို နှုတ်က ဘယ်လိုမှ ဖွင့်အံထွက်မလာ။ ရင်တွေမွန်းကျပ်လျက် မျက်ရည်တွေ စိမ့်ထွက်မလာအောင် ထိန်းချုပ်နေရတာလည်း ပင်ပန်းလှသည်။

''ကိုကို မြပဝါ ဓာတ်ပုံကြည့်ပြီး ညီ့ကို ဘာမှလည်းမပြောဘူး''

''ဟင်''

မြပဝါ ဓာတ်ပုံကို သူ ကြည့်နေမိသလား။ အမြင်အာရုံတွေဝေဝါး အသိအာရုံတွေ ကိုယ်နဲ့မကပ်တာမို့ လက်ရှိအခြေအနေကိုတောင် မေ့လျော့နေမိသည်။

သူ့လက်တွေ တဆတ်ဆတ်တုန်ယင်နေသည်မို့ ဓာတ်ပုံလေးတွေကို စားပွဲပေါ် ချထားလိုက်ရသည်။ ညီက သူ့မျက်နှာကို သတိမထားမိဘဲ သူ ပြန်ချလိုက်သည့် မြပဝါ ဓာတ်ပုံလေးတွေကို ကောက်ယူကြည့်ကာ





''ညီ သူ့ကိုအရမ်းချစ်တယ် ကိုကို၊ သူ့ကိုလက်ထပ်ပိုင်ဆိုင်ချင်တယ်၊ ကန္တာရှာတစ်ခုလုံးက ကိုကို့ကျေးဇူးနဲ့မကင်းဘူးမဟုတ်လား။ မြပဝါနဲ့လက်ထပ်နိုင်အောင် ကြိုးစားပေးပါနော် ကိုကို၊ သူက ကျောင်းပြီးရင် သူ့ချစ်သူနဲ့ လက်ထပ်ဖို့ ကတိပေးပြီးပြီတဲ့၊ ညီ သူ့ကို အဆုံးရှုံးမခံနိုင်ဘူး''

''ညီရယ် သူများချစ်ခြင်းကို ခွဲလို့ ဘယ်ကောင်းမှာလဲ၊ ပြီးတော့ ဇာတ်ခုနဲ့ အနိုင်ကျင့်သလို ဖြစ်သွားရင်''

ညီ ဆတ်ခနဲ ခေါင်းခါလိုက်တာမို့ သူ့စကားတွေ တိုးလို့တန်းလန်း ပြတ်တောက်သွားရသည်။ ညီက ဘာပြောပြော နားဝင်တော့မည်မထင်။

''ညီ့အတွက် ဘာမဆို လိုက်လျောနိုင်တယ်၊ အသက်ကိုတောင်ပေးဝံ့တယ်ဆို၊ မြပဝါက ညီ့တစ်ဘဝလုံးနဲ့ သက်ဆိုင်နေပြီ၊ ကိုကို ကြိုတင်ပြီး ငြင်းမထားဘဲ ညီ့ကို တရားမချဘဲ မြပဝါ အုပ်ထိန်းသူတွေနဲ့ အရင်ဆုံး ဆွေးနွေးကြည့်ပေးပါလား၊ သူတို့လက်မခံဘူးဆိုမှ''

''ညီ''

''လက်မခံဘူးဆိုရင်တောင် ညီ နောက်ဆုတ်ဖို့ စိတ်ကူးမရှိဘူး ကိုကို၊ မြပဝါ အချစ်ကိုရဖို့ တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ ညီ ကြိုးစားမှာပဲ၊ အချစ်စိတ်ပြင်းထန်လာရင် အမှောင်ဖုံးသွားတတ်တယ်လို့ ကိုကို ပြောဖူးတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက"

"ဒီကိစ္စအတွက် ကိုကို လုပ်မပေးနိုင်ဘူးလား၊ ကိုကို့ဆီက တခြားအရာတွေ ညီ ဘာမှမတောင်းဆိုတော့ပါဘူး၊ မြပဝါကိုသာ လက်ထပ်ခွင့်ရမယ်ဆိုရင် ညီ သေပျော်ပါပြီ"

သူ့ ဘာထပ်ပြောရဦးမှာလဲ။ ဗိုလ်ကျိုက်ကျပ်ဆို့နေသော ရင်ဘတ်ကြီးတစ်ခုလုံး အောင့်မျက်လာပြီမို့ ဘယ်လိုမှ အသက်ရှူလို့ မရတော့။

မျှော်လင့်နေသော ညီ့မျက်ဝန်းများကို မရှောင်လွှဲရက်။ မြပဝါ မျက်နှာလေးကို မြင်ယောင်ပြန်တော့ အသည်းနှလုံးတွေ ဆုတ်ချေဖိနှင်းခံရသလို နာကျင်စူးရှနေသည်။

"အမလေး ညီအစ်ကိုနှစ်ယောက် ဘာတွေများ စကားကောင်းနေလို့ ထမင်းစားဖို့ ဝင်မလာကြတာလဲ၊ ထမင်းဟင်းတွေတောင် အေးကုန်တော့မယ် မြန်မြန်လာကြ"

ဒေါ်မွှံရဲ့အသံစာစာလေးကြောင့် အသက်ရှူချောင်သွားသလို ရှိသော်လည်း ထမင်းကို သူ ဟန်ဆောင်၍ပင် မျိုချလို့မရ။ ညီ့အတွက် တစ်ခုခုပြောသင့်မှန်းသိပေမယ့် ထမင်းဝိုင်းက အရင်ဆုံး ထလာဖြစ်သည်။

ဒီရင်မှာ မချိတာ ညီ မသိစေချင်လို့ပါ။

ခံစားရသမျှ ပွင့်အံထုတ်လို့လည်း မရ။

ဘယ်ဝဋ်ကြွေးကြောင့်လဲ။ စိတ်ဖြေရာရဖို့ ထွက်ပေါက်တစ်ခုတော့ ရှိမှဖြစ်မည်။ ဒါဟာ ဘာလဲဆိုလျှင်. . ။

■ ■ ■



## အခန်း (၂၉)

"ဟာ ကိုတိုင်း မင်းအရက်တွေသောက်နေတယ်၊ ဘာဖြစ်လို့လဲ၊ ဘာတွေစိတ်ညစ်စရာရှိလို့လဲ ကိုတိုင်း၊ ဒီအရက်တွေက မင်းနဲ့ ဘယ်လိုမှ မတည့်တာ"

ပြောရင်းနှင့် စကားကို အဆုံးမသတ်နိုင်ဘဲ ဦးမောင်က ကြယ်တိုင်းရဲ့ လက်ထဲက အရက်ခွက်ကို ဆွဲလုသည်။ ကြယ်တိုင်းရဲ့က လက်ထဲမှာ အရက်ခွက်မရှိတော့သည်နှင့် ပုလင်းလိုက်ကောက်မော့ပစ်လိုက်သည်။

"ကိုတိုင်း"

"ကျွန်တော့်ကို ဒီအတိုင်း လွှတ်ထားပေးပါ ဦးမောင်ရယ်၊ ကျွန်တော် တစ်ယောက်တည်း နေချင်သလို ခဏလောက်နေပါရစေ"

"ဟင် တစ်ယောက်တည်း ကိုတိုင်း၊ မင်း မင်း ငိုနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင် လန့်ဖျပ်ကာ ကြယ်တိုင်းရဲ့အနားမှာ ဖြုန်းခနဲ ဝင်ထိုင်ချလိုက်သည်။ ကြယ်တိုင်းရဲ့ ဘာအတွက် ဒီလောက်တောင် ထိနိုက်ခံစားနေတာလဲ။

ညနေစ်နာရီကျော် ခြံထဲကို တစ်ခေါက်လှည့်စစ်ဆေးကြည့်ရင်း တိုက်အပေါ်ထပ် ဘုရာခန်းနှင့်ကပ်လျက် စာကြည့်ခန်းက မီးလင်းနေလို့ တက်ကြည့်မိတာ။

တကယ်တော့ ကိုတိုင်းကို ဒီပုံစံမျိုးနှင့် တွေ့ရမည် မထင်မိ။ ကြယ်တိုင်းရဲ့ အိပ်ခန်းက လမင်းရဲ့အခန်းနှင့် ကပ်လျက်မို့ စာကြည့်ခန်းကို ရောက်နေရသည့်အကြောင်းအရင်းဟာ လမင်းရဲ့ မသိစေချင်လို့များလား။

"ကိုတိုင်း မင်းဘာတွေခံစားနေရတာလဲ၊ ဦးမောင်ကို ရင်ဖွင့်ပါလား။ လုံးဝမတည့်တဲ့ အရက်တွေသောက်နေကတည်းက ဆိုးဆိုးဝါးဝါး တစ်ခုခုဖြစ်နေလို့မဟုတ်လား"

"ညီက လက်ထပ်ချင်တယ်တဲ့"

"အေးလေ မင်းရောက်လာတုန်းက လမင်းပြောတယ်၊ အဲ့ဒီ အချိန်ကတည်းက မင်းမျက်နှာမကောင်းဖြစ်နေတာကို ဦးမောင်တို့ လင်မယားနှစ်ယောက်လုံး သတိထားမိတယ်၊ လမင်းလေး လက်ထပ်သွားလည်း သူ ယူမယ့်မိန်းကလေးက မိဘမရှိတဲ့သူမို့ အိမ်ပါလာမှာသေချာနေတာပဲ၊ မင်းချစ်တဲ့ညီလေးနဲ့ ခွဲရမှာမှ မဟုတ်တာ၊ ဘာလို့ ဝမ်းနည်း





နေတာလဲကွာ"

"ညီ လက်ထပ်ချင်တဲ့ မိန်းကလေးက ဘယ်သူလဲ သိလား ဦးမောင်"

"အဲဒါတော့ သူ မပြောသေးဘူးကွ၊ မင်းကို အရင်ပြောမယ်လို့ ပြောတယ်၊ မင်းသိပြီးပြီလား ဘယ်သူတဲ့လဲ"

"မြပဝါ"

"ဘာ မြ မြပဝါ သေချာရဲ့လား ကိုတိုင်း"

ကြယ်တိုင်းရဲ့ ဝိုးတိုးဝါးတားနှင့် ပြောနေသလားဟု မယုံနိုင်စွာ ဦးမောင် သေချာအောင် ပြန်မေး၏။ ကြယ်တိုင်းရဲက အရက်ခွက်ကို ကောက်မော့ပြီး တစ်ဆက်တည်း ခေါင်းညိတ်သည်။

"ဓာတ်ပုံပါ ပြတယ်၊ မဟုတ်ပါစေနဲ့လို့ ဆုတောင်းဖို့တောင် အချိန်မရပါဘူး ဦးမောင်ရယ်"

"မြပဝါက ငါးရဲ့နှစ်ကောင် ဖမ်းတာလား၊ လမင်းကို မင်းရဲ့ ညီမှန်းမသိဘဲ မြပဝါက ပတ်သက်လိုက်တာလား"

"ဟင့်အင်း ပဝါ မသိဘူး၊ ပဝါမှာ ချစ်သူရှိမှန်းသာ ညီက သိတာ၊ ဒါပေမဲ့ ကျွန်တော်ဆိုတာကိုတော့ ညီ မသိဘူး"

"ဒါဆိုလည်း မင်းက လမင်းကို အမှန်အတိုင်း ပြောပြသင့်တာပေါ့၊ မင်းမှာချစ်သူရှိနေပြီဆိုတာ လမင်း သိနေပြီးသားပဲ"

"ကျွန်တော် ပြောမထွက်ဘူး ဦးမောင်"



www.burmeseclassic.com

www.burmeseclassic.com



"လမင်းကိုချစ်တာတော့ ချစ်တာပေါ့ကွာ၊ လမင်း ရှုံးသွပ်နေတယ်ဆိုတာလည်း မြပဝါက မင်းရဲ့ချစ်သူမှန်းမသိလို့ ဖြစ်ပါလိမ့်မယ်ဒါ ထိန်ချန်ရမယ့်ကိစ္စမဟုတ်ဘူးနော်၊ မင်းပြောရမှာခက်နေရင် ဦးမောင်ပြောလိုက်မယ် ကိုတိုင်း"

"မဖြစ်ဘူး"

ကြယ်တိုင်းရဲ့ ကပျာကယာ ဟန့်တားလိုက်တာမို့ ဦးမောင်နားမလည်နိုင်ဖြစ်သွားသည်။ တကယ်ဆို ဒီကိစ္စက မဟုတ်မဟပ် လိမ်ညာနေတာလည်း မဟုတ်။

သိသွားလျှင် လမင်းရဲ့ကရော ဇွတ်တိုးမိုက်မှာမဟုတ်ပါဘဲ

"ကျွန်တော် နိုင်ငံခြားကို ဘာသွားလုပ်တယ်လို့ ထင်လဲ"

"ဩော် မင်းပဲ အိတ်(စ်)စပို့ကိစ္စအတွက် ဟိုက လုပ်ငန်းရှင်တွေနဲ့ ဆွေးနွေးတိုင်ပင် ညှိနှိုင်းဖို့ သွားတာဆို"

"အဲဒါက အဓိက မဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့မိသားစု ဆရာဝန်က ကျွန်တော့်ရောဂါအခြေအနေကို ပြန်ပြီး ဆေးစစ်ခိုင်းတာ"

"ဟင် အသည်းအထူးကု ဆရာဝန်ကြီး ဦးကျော်မင်းကလား"

"ကျွန်တော် ဆေးဖြတ်ထားတာ ကြာပြီ၊ မြပဝါနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်တော့မှ ဆေးစစ်သင့်တယ်ဆိုပြီး ဒေါက်တာနဲ့သွားတွေ့တာခြောက်လတစ်ကြိမ် ဆေးစစ်ခိုင်းထားတာကို မေ့မေ့လျော့လျော့ နေခဲ့မိတာ ကျွန်တော် မှားတာပဲ"





"ဘာ ဘာတဲ့လဲ"

"ကင်ဆာဆဲလ်တွေကို ထိန်းချုပ်လို့ မရတော့ဘူး၊ သက်သာတယ်ဆိုပြီး ဆေးဖြတ်လိုက်လို့ ပိုဆိုးလာတာတဲ့"

"ကိုတိုင်းရာ မင်း"

ဦးမောင် မချိတင်ကဲဖြစ်ကာ အံကြိတ်မျက်ရည်ကျသည်။ ဟိုအရင်ကတည်းက အသည်းနဲ့ပတ်သက်ပြီး ရောဂါဝေဒနာရှိတာ ဦးမောင်သိသည်။ အသည်းကင်ဆာဟု အမည်မတပ်သေးတာမို့ စိုးရိမ်ကြီးမှုတွေတော့ မရှိခဲ့။

လမင်းမသိအောင် ဟန်ဆောင်ကောင်းခဲ့တာမို့ သေချာဂရုမစိုက်မိခဲ့တာ ဖြစ်မည်။

"ကိုတိုင်း နိုင်ငံခြားသွားပြီး ဆေးကုလို့ရနေတာပဲ၊ စိတ်လျှော့ပြီး အရက်တွေသောက် ထင်ရာမလုပ်နဲ့၊ ဘာရောဂါမဆို ငွေရှိရင် ကုလို့ရနေတာပဲ"

"နောက်ဆုံးအဆင့်ပါ၊ သေမင်းကို အံမတုချင်ဘူး၊ ညီ့အတွက်ပဲ လုပ်ပေးနိုင်သလောက် လုပ်ပေးခဲ့ချင်တယ်"

"ကိုယ့်အသက်ကို မနမြောတဲ့စကားတွေတော့ မပြောပါနဲ့ကွာ၊ မင်းရဲ့ညီလေးကို တကယ်ချစ်တယ်ဆိုရင် မင်းရှင်သန်အောင် ကြိုးစားရမှာ၊ ဒီကိစ္စကို လမင်းကို မပြောလို့တော့မဖြစ်ဘူး ကိုတိုင်း"

"ညီ စိတ်မချမ်းသာမှာ သိနေရဲ့နဲ့ ကျွန်တော် ဘယ်လိုလု



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောရက်မှာလဲ၊ အဲလိုပဲ ဦးမောင်လည်းမပြောရဘူး''

''ကိုတိုင်း''

''ကျွန်တော်နဲ့လက်ထပ်ရင် မြပဝါလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်မှာ၊ ညီနဲ့လက်ထပ်ရင်တော့ စည်းစိမ်ဥစ္စာအပြည့်နဲ့ တစ်သက်လုံး စိတ်ချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေရမှာပါ''

''ဘာလို့သူများတွေအတွက်ချည်း တွေးနေတာလဲ မင်းဘယ်လို အသက်ရှင်အောင် ကြိုးစားမယ်ဆိုတာပဲ စဉ်းစားပါ''

ကြယ်တိုင်းရဲ့ ခုံလည်ထိုင်ခုံမှာ ကျောကပ်သွားလျက် မျက်ဝန်းအိမ်က မျက်ရည်တွေအလိမ့်လိုက် ကျဆင်းလာသည်။

''ကျွန်တော်မှာ ဖြစ်ချင်တဲ့ဆန္ဒတွေရှိနေလည်း ကြာကြာဖြစ်ခွင့် မရှိပါဘူး၊ အဲဒီအတွက် ဖြစ်ချင်တဲ့ဆန္ဒတွေရှိနေလည်း ကြာကြာဖြစ်ခွင့် မရှိပါဘူး၊ အဲဒီအတွက် ကိုယ့်ကိုယ်ကို အသက်ရှင်ဖို့ ဝေဒနာတွေသက်သာရဖို့ မကြိုးစားချင်တော့ဘူး၊ အခုကျွန်တော် ဖြစ်စေချင်တာတွေကိုသာ ဦးမောင်လိုက်လျောပေးပါ''

''ပြောပါ မင်းအတွက်ဆို ဦးမောင် ဘာမဆိုလုပ်ပေးရလုပ်ပေး အဆင်သင့်ပဲကိုတိုင်း''

''ကျွန်တော့် ရောဂါအခြေအနေကို ညီကိုလည်းပြောမပြနဲ့ မြပဝါလည်း မသိစေချင်ဘူး၊ ပြီးတော့ ညီနဲ့မြပဝါကို လက်ထပ်ပေးလိုက်မယ်ဦးမောင်''





''မြပဝါက သက်မဲ့မဟုတ်ဘူး၊ ညီဆန္ဒကိုလိုက်လျောပြီး မြပဝါနဲ့ လက်ထပ်ပေးမယ်ဆိုရင် မြပဝါမင်းကို အရမ်းစိတ်နာသွားမှာ ကိုတိုင်း''

''ကျွန်တော့်ကို စိတ်နာပြီး မုန်းသွားမှာကိုကြောက်နေရင် ဒီလိုလုပ်ဖို့ ကျွန်တော်ဘယ်လိုလုပ် ဆုံးဖြတ်မှာလဲ သေရမယ့်လူက ခံစားရမှာကို တုန်လှုပ်နေလို့ ဖြစ်ပါ့မလား ဦးမောင်၊ မြပဝါဘဝလေးကို လှပစေချင်တယ်၊ ညီဆန္ဒကိုလည်း ဖြည့်ဆည်းချင်တယ်''

ဦးမောင်ဘာမှ စောဒကတက်ဖို့အင်အားမရှိတော့ပါ။ စိမ့်ထွက်လာနိုင်သည့် မျက်ရည်တွေကို အပြင်ထွက်မလာနိုင်အောင် အံကြိတ်တင်းခံနေရသည်။

ကြယ်တိုင်းရဲ့က ပင့်သက်မောတွေ ရှိုက်ထုတ်ပြီး မျက်ရည်တွေကို ကြမ်းတမ်းစွာ ပွတ်သပ်သိမ်းဆည်းသည်။

''မြပဝါနောက်ကို ကျွန်တော်လိုက်သွားမယ်၊ သူ့အဒေါ်နဲ့ ဦးလေးဆီမှာ ညီနဲ့မင်္ဂလာကိစ္စ တိုင်ပင်မယ်''

''မမြန်လွန်းဘူးလား လမင်းဆန္ဒကို လိုက်လျောမယ်ဆိုရင်တောင် ကျောင်းပြီးမှ''

''ကျွန်တော့်အတွက် အချိန်တွေအများကြီး မကျန်တော့ဘူး ဦးမောင်၊ ညီနဲ့ပဝါဘဝလေး အေးချမ်းပျော်ရွှင်နေတာကို စောင့်ကြည့်ပြီးမှ နောက်ဆံမတင်းဘဲ ကျွန်တော်သွားချင်တယ်''

''ကိုတိုင်းရာ''



www.burmeseclassic.com

www.burmeseclassic.com



"ညီကိုလည်း ကျွန်တော်ချစ်တယ်၊ ပဝါကိုလည်းချစ်တယ်။ သူတို့နှစ်ယောက်အတွက် ကျွန်တော်ဘာတွေပဲ ပေးဆပ်ရပေးဆပ်ရ ကျွန်တော်ကျေနပ်ပါတယ်၊ အရေးကြီးတာက ကျွန်တော်နဲ့မြပဝါရဲ့ ပတ်သက်မှုကို ကြည်ပြာတို့ကတစ်ဆင့် ညီသိမသွားဖို့ဘဲ အဲဒီကိစ္စ ဦးမောင်တာဝန်ယူပေးပါ"

စကားတွေအဆုံးသတ်ပြီးချိန်မှာ ကြယ်တိုင်းရဲ့ အရက်ဖန်ခွက်ကို ကောက်မော့ပြန်၏။ ရင်ထဲမှာ လောင်မြိုက်ပူဆင်းသွားတာက လွှဲ၍ ဝေဒနာတို့ ပေါ့ပါးသက်သာမသွား။

သက်သာပါစေလို့လည်း ဆုမတောင်းချင်ပါ။

ဝဋ်ရှိသရွေ့ပေါ့ . . . ။

■ ■ ■



## အခန်း (၃၀)

နေ့ရှိသရွေ့ ကိုတိုင်းကိုလွမ်းရင်း မျှော်တော်ယောင် လုပ်နေရတာ ပင်ပန်းလှ၏။ အရမ်းကြီး လက်ချိုးရေတွက်စရာတော့ မလိုပါ။ တစ်ပတ်ရှိလျှင် လိုက်လာမည်ဟု ကတိပေးထားသည်ပဲ။ ကိုတိုင်းလိုက်လာဖြစ်အောင် လိုက်လာမှာပါ။

"တူမလေး ပြန်လာတာ ဟိုမှာရည်းစားသနာတွေများ ရလာခဲ့လားမသိပါဘူး။ တစ်နေရာသွားပြီးငေးလိုက်၊ တစ်ယောက်တည်း ပြုံးလိုက်နဲ့ စိတ်ချမ်းသာနေလို ပျော်နေသလိုပါပဲ"

ဦးလေးကို ဒေါ်လေးပြောပြနေတာကြားသည်။ မသိသလိုဟန်ဆောင်၍ ဆင်ခြင်ဖို့လည်း သတိမရပါ။

ကိုတိုင်းရောက်လာလျှင် ဘာကြောင့်ဆိုတာ ဒေါ်လေးတို့သချာသိသွားမှာပဲ။ ဒေါ်လေးတို့ အံ့ဩသွားနိုင်ပေမယ့် ကိုတိုင်းလို ပြည့်စုံချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာ လုပ်ငန်းပိုင်ရှင် သူဌေးတစ်ယောက်ကို သဘောမတူဘူးလို့ ကန့်ကွက်
မှာမဟုတ်ပေ။

စေ့စပ်ရုံတင်မဟုတ်ဘဲ တစ်ခါတည်းသာ လက်ထပ်ဖြစ်ပါက
မကြည်ပြာတို့လည်း အံ့ဩဝမ်းသာနေပေလိမ့်မည်။

''ဟင် ကားသံ''

အိမ်ရှေ့က ကားသံသဲ့သဲ့ကြောင့် သူမရင်တွေတအားလှုပ်ရှာ
ဖျတ်ဖျတ်ခါသွားသည်။ ကိုတိုင်းက ကတိတည်းစွာ တစ်ပတ်ပြည့်သော
နေ့မှာပင် သူမဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။

ဒါပေမဲ့ လွမ်းပင်လွမ်းသော်ငြားလည်း မြုန်းဒိုင်းကြီး ကိုတိုင်း
ထွက်မတွေ့ရဲ။ ဒေါ်လေးနှင့်ဦးဖလေးကို မျက်နှာပူသည်။ ကိုတိုင်းလူကြ
လူကောင်းပီသစွာပြောဆိုပြီးမှ သူမအလိုက်သင့်လေး ခေါင်းညိတ်လိုက်
တာ အဆင်ပြေမည်ထင်၏။

''ဟာ ကိုတိုင်းလာကွာ၊ ပဝါက လာမယ်ဆိုတာ ပြောပေမယ့်
ရွာမှာအကြောင်းကိစ္စလည်းမရှိတော့ မယုံဘူး ဖြစ်နေတာ''

''ပဝါနဲ့ လက်ဆောင်တွေပေးလိုက်တာ ကျေးဇူးတင်ပါတယ်
သူဌေးရယ်၊ ပဝါကိုစောင့်ရှောက်ခိုင်းရတာတောင် အားနာနေတာ အ
လာတာကရော ဘာအကြောင်းကိစ္စရှိလို့လဲ သူဌေး လိုအပ်တာရှိရင် ပြော
ပါနော်''

ကျိုးနွံလွန်း ဖော်ရွေလွန်းသော ဒေါ်လေးတို့ရှေ့မှာ ဝင်ထိုင်





ကိုတိုင်းအနေခက် အားနာနေပုံရသည်။ မျက်နှာတစ်ခုလုံး နီမြန်းပျက်
ယွင်းလျက် ခရီးပန်းလာလို့လားမသိဘဲ မျက်နှာလေးလည်း ချောင်ကျ
နွမ်းနယ်နေသည်။

သူမ ရင်တွေလည်း ကိုတိုင်းဘယ်လို မျက်နှာပူပူနှင့် ပြောထွက်
မလဲဆိုသည့်အတွေးတွေ စိုးမိုးကာ ရင်တွေ တလှပ်လှပ်ပါ။

''ကျွ ကျွန်တော် ဒေါ်မယ်အုံတို့ကိုပြောစရာရှိလို့ လာခဲ့တာပါ''

''ပြောပါသူဌေးရယ်၊ ဘာကိစ္စဖြစ်ဖြစ်ပါ၊ ဒီတစ်ခေါက် ဦးမောင်
ပါမလာလို့ တစ်ယောက်တည်း ကားမောင်းလာခဲ့ရလို့လား သူဌေး ကြည့်
ရတာ ပင်ပန်းနွမ်းနယ်နေသလိုပဲ''

''ဟုတ်ကဲ့ ဟို ကျွန်တော်''

ဟိုမှာပြောတုန်းက သူတာဝန်ထားပါဟု မိုးလားကဲလား ဟစ်
ကျွေးခဲ့သော ကိုတိုင်းက၊ အခုတော့ သတ္တိကြောင်ကာ အထစ်ထစ်
အငေါ့ငေါ့နှင့် ချွေးတွေတောင် စို့နေရှာသည်။

ကိုတိုင်းကို သနားကရုဏာဖြစ်မိပြီး အနားကိုသွားကာ အား
ပေးရမလားဟုပင် တွေးမိ၏။ ဒါပေမဲ့လည်း ရှက်ရွံ့ရင်ခုန်နေသည်မို့
အကွယ်လေးမှာပင် ရင်ဘတ်ကိုဖိကာ နားစွင့်နေရသည်။

''ပြောပါ ကိုတိုင်း၊ ဒီလူနဲ့ဒီလူဘာတွေများ အားနာစရာရှိလို့လဲ၊
ကိုတိုင်းဘာပဲဖြစ်ချင်ဖြစ်ချင် ကိုတိုင်းလိုအပ်တာ လုပ်ပေးရမယ့် တာဝန်
ဝတ္တရားတွေရှိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဟို ကျွန်တော့် ညီလေးနဲ့မြပဝါကို လက်ထပ်ပေး
ချင်လို့ပါ၊ အဲ အဲဒါ ဦးသာခင်တို့ သဘောတူပေးပါလို့"

"ကိုတိုင်း"

သူမနှုတ်ဖျားက လွှတ်ခနဲ အကျယ်ကြီး အော်လိုက်မိတော့
မတတ် ထိတ်လန့်တုန်လှုပ်သွားရသည်။ ဘာတွေပြောတာလဲ။

ကိုတိုင်း ဘာတွေပြောနေတာလဲ။

သူမနဲ့ချစ်သူတွေဖြစ်ပြီး လက်ထပ်ဖို့လိုက်လာတာ မဟုတ်ဘူး
လား။ ညီလေးနဲ့လက်ထပ်ပေးဖို့ဆိုတာ ဘာကိုပြောတာလဲ၊ ညီလေးဆိုတာ
ကရော ဘယ်သူလဲ။

သူမ တစ်ခါမှ မမြင်ဘူးပါပဲ။

"သူဌေးရယ် တကယ်အဟုတ်ပြောတာလား။ တကယ်ကို ပဝါ
လေးကို သူဌေးညီနဲ့ သဘောတူနေတာလားဟင်"

"ဟုတ် ဟုတ်ကဲ့"

"ဘာပြောမှာလဲလို့ စိုးရိမ်လိုက်ရတာ ကိုတိုင်းရယ်၊ ဦးတို့တူ
လေးကို သူဌေးရဲ့ ညီနဲ့သဘောတူတာ အရမ်းကိုဝမ်းသာပါတယ်
တူမလေးအတွက် ဦးတို့စိတ်အေးရတာပေါ့၊ မယ်အုံ အဲဒါကြောင့် ပြော
တာပေါ့ဟ ပဝါလေးက ကံတော်ရုပ်ပါလို့ အခုသူဌေးကတော် ဖြစ်တော့
မယ်၊ ဘယ်လောက်ဂုဏ်ရှိလိုက်လဲ"

"ဟုတ်ပါ့တော် တူမလေးအတွက် စိတ်အေးရပြီး သူဌေးသ





ဘ အဲလိုကမ်းလှမ်းမယ်လို့ ဘယ်ထင်ပါ့မလဲ၊ ဘယ်လိုများ စိတ်ကူးရသွား
တာလဲ သူဌေးရယ်၊ ယုံတောင်မယုံနိုင်ဘူး"

"ကျွန်တော့်ညီလေးက မြပဝါကို မေတ္တာရှိနေလို့ပါ၊ မြပဝါက
သည်း သိမ်မွေ့နူးညံ့ မိန်းကလေးပီသတဲ့သူပဲ၊ ကျွန်တော်သဘောမတူ
ရောမရှိပါဘူး။ လမင်းရုံက ကျွန်တော့်ညီလေးပဲ၊ သူတို့ကျောင်းမှာ တွေ့
ကြတာ"

မဟုတ်ဘူး ကျောင်းမှာတွေ့ကြပေမယ့် ချစ်သူတွေမဟုတ်ပါဘူး၊
တစ်ခါနှစ်ခါပဲဆုံတာ၊ လူချင်းတောင်မရင်းနှီးသေးပါဘူး၊ သူ့ကိုစိတ်ဝင်စား
တဲ့အရိပ်အရောင်လည်း မပြခဲ့ပါဘူး၊ ပဝါကိုတိုင်းအပေါ် သစ္စာမဲ့တဲ့
သုပ်ရပ်မျိုးလုပ်ဖို့ စိတ်ကူးကို မရှိခဲ့တာပါ။

အသံထွက်မလာပေမယ့် ရင်ထဲမှာ စကားလုံးတွေပဲ့တင်ထပ်
နေသည်။ ဘာတွေမှားလို့လဲ၊ သူမဘာတွေမှားလို့လဲ။

မထင်မှတ်တာတွေ၊ မရည်ရွယ်ခဲ့တာတွေ။

ကိုတိုင်းဘာလို့ ဒီလိုဆုံးဖြတ်လိုက်တာလဲ။

သူမကို ကိုတိုင်းချစ်ခဲ့တာ မဟုတ်ဘူးလား။ သူမက ကိုတိုင်းရဲ့
ချစ်သူမဟုတ်ဘူးလား။

ပြောင်းလဲသွားတာ ကံဇာတ်ဆရာကြောင့် မဖြစ်နိုင်။ မရိုးသား
တဲ့ လမင်းရုံ မျက်လုံးတွေကို သတိထားမိခဲ့သည်။

ဒါပေမဲ့ လမင်းရုံက ကြယ်တိုင်းရဲ့ညီဖြစ်နေလိမ့်မည်ဟု မထင်မိ၊



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တိုင်းရဲ့ သူညီကို ဘယ်လောက်ချစ်တယ်ဆိုတာ သူမသိသင့်သလောက် သိထားသည်။

ချစ်သူတစ်ယောက်လုံးကို စွန့်လွှတ်လောက်အောင်ထိ ပေးဆပ်ဖို့လိုလို့လား။

တစ်ထောင့်ငါးရာ အချစ်က ငါးရာနှစ်ဆယ့်ရှစ်မေတ္တာလောက် မလေးနက်ဘူးပေါ့။ သူညီလောက်တောင် သူမအပေါ်တန်ဖိုးမထားခဲ့ဘူးပေါ့။

"တောက်"

ပြင်းထန်စွာ တက်ခေါက်မိလိုက်တာကြောင့်၊ ထိန်းသိမ်းမှုကာ မျက်ရည်စက်တို့ သွန်ကျလာသည်။ သူမ ဘာအတွက် အသုံးချလိုက်ရတာလဲ။

သူညီကို ဘယ်လောက်ပဲချစ်ချစ် တခြားနည်းနဲ့ ပေးဆပ်လို့ရဘူးလား။

ကိုတိုင်းလက်ထပ်ဖို့ ရည်ရွယ်ထားသည့် မိန်းကလေးကို ညီအတွက် တောင်းရမ်းပေးဖို့ ပြောထွက်ရဲတာ အံ့သြဖို့ကောင်းသည်။ ကြယ်တိုင်းရဲ့ ရှင်ဟာ ပဝါအချစ်နဲ့ မထိုက်တန်တဲ့သူပဲ။ စိတ်ကူကိုယ်ကမချစ်ခဲ့ကြဘူး ဆိုရင်တောင် ဖြေသာသေး၏။ ခုတော့ နာကြည်းမုန်းမလုံလောက်သော ကြယ်တိုင်းရဲ့ကို သူမ ရွံရှာစက်ဆုတ်မုန်းတီးစွာ ...

■ ■ ■



## အခန်း (၃၁)

"ဟုတ်တယ် ကိုယ်ကအဲဒီစကားလုံးနဲ့ပဲ ထိုက်တန်တဲ့သူပါ၊ နာကြည်းပါ မုန်းပါ မေ့ပါ၊ ဒါပေမဲ့ ဝေဒနာတွေ ထုတ်ပိုးသိမ်းဆည်းပြီး ကြာရှည်မခံစားပါနဲ့ ပဝါ၊ ကိုယ့်ကိုနားလည်ပေးပါ"

"နားလည်ပေးပါ၊ ဘာကိုနားလည်ပေးရမှာလဲ၊ အယူခံဝင်ခွင့်မရှိ ထုချေလျှောက်လဲခွင့်မရှိ၊ သေစေလို့ အမိန့်ပေးခံရတဲ့သူက ဘာကိုနားလည်ပေးရဦးမှာလဲ"

"ပဝါ"

"ရှင် ပဝါနှလုံးသားကို အသေသတ်နေတာလေ၊ ရှင် ပဝါဘဝကို ဆုတ်ဖြဲဖျက်စီးနေတာ၊ ရှင့်အပေါ် ပဝါ သစ္စာမမဲ့ခဲ့ဘူး၊ ရှင့်ညီအပါအဝင် ဘယ်ယောကျ်ားကိုမှ ပဝါ မြူဆွယ်ခဲ့ဘူး မက်လုံးမပေးခဲ့ဘူး"

"ညီဆီက ပဝါပြောတဲ့ အမှန်တရားတွေကို ကိုယ်တိုင်ကြားခဲ့ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့များလို့ ရင်နာစွာနှင့် ခနဲ့လိုက်ချင်ပေမယ့် မျှော်လင့်ချက် တစ်စုံတစ်ရာကို ဖမ်းဆုပ်မထားချင်တော့။ ရင်မှာ ဒဏ်ရာက သွေးစိမ်း ရှင်ရှင် ပန်းထွက်နေသည်။

အကြင်နာ တစ်စွန်းတစ်စကို ဟိုအရင်ကလို မတောင်းတချင်

"ဒါဆိုတာကြောင့်လဲလို့ ပဝါမမေးချင်တော့ပါဘူး။ ရှင်က အချ ကို ဝေသန္တရာလုပ်ပြီး လှူနိုင်ပေမယ့် ပဝါအချစ်က လှူဖွယ်ပစ္စည်း မဟုတ်ဘူး ကိုတိုင်း"

"ကိုယ်သိပါတယ် ကိုယ်နားလည်ပါတယ် ပဝါရယ်၊ ပဝါဘယ် လောက်ထိခိုက် ခံစားသွားရမယ်ဆိုတာ ကိုယ်ရင်နဲ့ရင်းပြီး စာနာ ပါတယ်၊ ကိုယ့်ရင်တွေလည်း အရမ်းကို နာကျင်နေရပါတယ်"

စာနာကြည့်ဖို့ နှလုံးသားတွေ ဆွဲထုတ်ခံရပြီးမှတော့ ကြယ်တိုင်း ရဲ့ တုန်ယင်လှိုက်မောနေသော အသံကို ကြားနာချင်စိတ်မရှိတော့ လေအဝှေ့မှာ ဆံနွယ်တွေကို တစ်ခါတည်း ခါသိမ်းပစ်လိုက်၏။

လယ်ကွင်းတွေထဲက ညှင်းသွဲ့စွာ ဖြတ်တိုက်လာသော လေ အေးအေးက နှစ်ယောက်လုံးရဲ့ ရင်အပူကို အေးမြနိုင်စွမ်းမှ မရှိတော့ဘဲ

"ရှင့်ပါးစပ်က ထွက်လာတဲ့ မုသားတွေကို ပဝါ မယုံတော့ဘူး ကိုတိုင်း၊ အစိမ်းလတ်လတ် အသည်းခွဲခံလိုက်ရတဲ့ နှလုံးသားက လက် နိုင်စွမ်းလည်း မရှိတော့ပါဘူး၊ ရှင့်ညီနဲ့ လက်ထပ်ပေးဖို့ ဒေါ်လေးတို့ ရက်ရွေးတိုင်ပင်ပြီးပြီ မဟုတ်လား၊ မြပဝါက ရှင့်အထောက်အပံ့နဲ့ ပညာ





သင်ခဲ့ရတဲ့သူပဲ နှလုံးသားကို နင်းချေရုံမကဘူး၊ ဘဝတစ်ခုလုံး ကိုလည်း လိုသလို အသုံးချတော့မယ်ပေါ့"

"မ မဟုတ်ပါဘူး မြပဝါ၊ မင်းကို ကိုယ်တကယ် တန်ဖိုးထားခဲ့ တာ၊ မင်းဘဝလေး မြင့်မားကောင်းစား ပျော်ရွှင်စေချင်တာ ကိုယ့်ရဲ့ စေတနာ အမှန်ပါ"

"ကိုတိုင်း တော်ကောက်ရင်လည်း မိဖုရားဖြစ်မှာပဲဥစ္စာ စွန့်ပစ် လိုက်ရတဲ့အကြောင်းအရင်းက ကိုတိုင်းနဲ့မတန်လို့ မဟုတ်လား"

"မြပဝါ"

နားလည်အောင် သူဘယ်လိုရှင်းပြရမလဲ။ ဆန္ဒအမှန်တွေ ဖွင့်မပြောသာသည့်ဘဝမှာ အပြစ်တင်တာတွေ ခံနေရတာလည်း ရင်မှာ မချိပါ။

မြပဝါ ပေါက်ကွဲခွင့်ရှိတာပဲဟု နားလည်ပေးလိုက်ရတာလည်း ထပ်တူနာကျင်ရပြန်၏။

မျက်ရည်တွေနှင့် စိုလူးနေသော မျက်နှာလေးက ပျော့ပျောင်း နူးညံ့မှုတွေ မရှိတော့ဘဲ အစိမ်းသက်သက် ကြေကွဲရုံတင်မဟုတ်ဘဲ နာကြည်းမုန်းတီးနေပြီး ဆိုတာသူသဘောပေါက်သည်။

ယိမ်းနွဲ့နေသော ရွှေဝါရောင်တောက်နေသည့် စပါးခင်းကြီးကို ကြည့်ကာ လေငွေ့ပူပူတွေ ရှိုက်ထုတ်ပစ်လိုက်၏။

သူမရင်ထဲ ခံစားနေရသမျှ ပြောချင်သလောက် ပြောပါစေ



www.burmeseclassic.com

"ဒေါ်လေးတို့က ပဝါဘဝလေး ပြည့်စုံသွားပြီး မြင့်မားသွားပြီ ဆိုပြီး ဝမ်းသာနေကြတယ်၊ လက်ထပ်ဖို့ တိုက်တွန်းနေတယ်၊ ပဝါက ရော ပဝါချစ်သူက ကိုတိုင်းပါ၊ ကိုတိုင်းနဲ့ပဲ လက်ထပ်ပါရစေလို့ ဘယ်လို သက်သေတွေနဲ့ တောင်းဆိုရမလဲ၊ ပဝါချစ်သူ ကိုတိုင်းကိုယ်တိုင်က ပဝါနဲ့ချစ်ခဲ့တာကို ဝန်မခံဘဲ မျက်နှာပြောင်ပြောင်နဲ့ ညီဖြစ်တဲ့သူနဲ့ လက်ထပ်ပေးဖို့တောင်း ဆိုနေတာပဲ"

"ပဝါပြောချင်တာတွေ ပြောပါတော့ ပဝါရယ်၊ ကိုယ့်ဘက်က ဒီကိစ္စဒီလိုဆုံးဖြတ်လိုက်တာ ညီ့ကိုချစ်တဲ့စိတ်၊ ညီ့ဆန္ဒကိုလိုက်လျော ချင်တဲ့စိတ် တစ်ခုတည်းကြောင့် မဟုတ်ဘူးဆိုတာပဲ ပြောနိုင်ပါတော့တယ် ပဝါအတွက်ပါတွေးပြီး"

"တော်ပါတော့ မပြောပါနဲ့တော့ ကိုတိုင်း ကောင်းစားစေချင်လို့ ပါဆိုတဲ့ စေတနာစကားတွေနဲ့ အသေမသတ်ပါနဲ့တော့၊ မြပဝါဆိုတဲ့ မိန်းမက စည်းစိမ်ဥစ္စာတွေမက်ပြီး ကိုတိုင်းအချစ်ကို လက်ခံခဲ့တာမဟုတ် ပါဘူး၊ နိမ့်ကျတဲ့ဘဝကနေ အမြင့်ကို မျှော်မှန်းပြီး မြူဆွယ်ပိုင်းလုံး လုပ်ခဲ့တာလည်း မဟုတ်ပါဘူး၊ ကြယ်တိုင်းရဲ့ကို ရိုးရိုးသားသား ချစ်ခဲ့တာ ကြင်နာတတ်တဲ့ စာနာတတ်တဲ့စိတ်လေးကို လေးစားပြီး အားကိုးခဲ့မိ တာပါ"

"အဲဒါတွေကို ညီ ပေးပါလိမ့်မယ်၊ ညီက ပဝါကိုသိပ်ချစ်နေတာ ပါ၊ ကိုတိုင်းအချစ်တွေထက် မလျော့တဲ့ မြတ်နိုးကြင်နာမှုတွေနဲ့ ပဝါကို စိတ်ချမ်းသာအောင် ပျော်အောင်ပေးဆပ်ပါလိမ့်မယ်"





"ဟင်း ဟင်း ဟင်း"

မြပဝါ မျက်ရည်တွေ စိုလူးနေလျက်က နှုတ်ခမ်းလေး တဆတ်ဆတ်တုန်ကာ ညှင်းသွဲ့သွဲ့ရယ်သည်။ မျက်ရည်ရိပ်တို့ကြောင့် မျက်ပန်းအိမ်က တလက်လက် စူးရှတောက်ပနေ၏။ ရယ်စရာမပါဘဲ ဘာကို လှောင်ပြောင်သရော်လိုက်တာများလဲ။

"မြပဝါ လိုချင်တာ လမင်းရဲ့ဆီကမှ မဟုတ်ဘဲ၊ အင်း အခုမှ တော့ ကြယ်တိုင်းရဲ့ဆီကလည်း မလိုချင်တော့ပါဘူး"

"ပဝါ"

"ဟိုအရင် ဆင်းရဲနွံချာတုန်းကလည်း ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရှိခဲ့ဘူး၊ အခုလည်း ကိုယ့်နှလုံးသားကို ကိုယ့်ဘာသာ စီမံလို့မရဘူး။ ကြယ်တိုင်းရဲ့ဆိုတဲ့လူက ဥစ္စာဓနတွေ ကျေးဇူးတရားတွေနဲ့ ခြယ်လှယ်လိုက်ပြီပဲ၊ ရှင့်ဆန္ဒတွေကို ထပ်ပြီးဖြည့်ဆည်းပေးမယ် ကိုတိုင်း။ လမင်းရဲ့နဲ့ စေ့စပ်ရဲတင်လုပ်မနေနဲ့၊ အမြန်ဆုံးလက်ထပ်ပေးဖို့ပဲ စီစဉ်လိုက်ပါ"

"မြ မြပဝါ"

"နာတာရှည်ရောဂါနဲ့ မြပဝါ အကြာကြီးအလောင်ကျွမ်း မခံနိုင်ဘူး၊ ကိုယ်ခံစားရတာနဲ့ အညီအမျှ ရှင့်ကို တန်ပြန်ခံစားရအောင် ထိုးစစ်ဆင်မယ် ကိုတိုင်း၊ ရှင် ခံစားနိုင်မယ်ဆို လုပ်လိုက်ပါ"

"မြပဝါရယ်"

www.burmeseclassic.com



သူ့ရဲ့တနင့်တပိုး ညည်းညူမှုကို မြပဝါ မကြားတော့ပါ။ ဆံနွယ်လေးတွေ လေအလျှင်နှင့် အရှိန်းဆန်ဆန် လွင့်ပါးအောင် နေရာကတစ်ဟုန်ထိုး ပြေးထွက်သွားခဲ့သည်။

အခုမှမျက်ရည်တွေကို လွတ်လပ်စွာ သွန်ချပစ်လိုက်၏။

ဝဋ်ကြွေးတွေကျေပါစေလို့ ဆုမတောင်းချင်။

နောင်ဘဝတွေ ရှိသေးရင်လည်း ပေးဆပ်ချင်ပါသေးတယ် မြပဝါရယ် . . . ။

■ ■ ■



## အခန်း (၃၂)

အမြန်ဆုံးစီစဉ်လိုက်သည်ဆိုသော်လည်း လမင်းရဲနှင့်မြပဝါတို့ရဲ့မင်္ဂလာပွဲလေးက ကြယ်တိုင်းရဲ့အရှိန်အဝါကြောင့် ခမ်းနားထည်ဝါ တင့်တောင်းတင့်တယ် ပြီးဆုံးသွားခဲ့သည်။

"မင်္ဂလာပွဲကို ရွာမှာပဲ အကျဉ်းချုံးလုပ်ပါ၊ ရန်ကုန်မှာအကြီးအကျယ် ကျင်းပတာတွေဘာတွေ မလိုချင်ဘူး။ အချစ်မပါတဲ့ ဒီလက်ထပ်ပွဲကို လူသိရှင်ကြား ကြော်ငြာပြီး ကောင်းချီးသြဘာပေးတာ လက်မခံချင်ဘူး။ ရှင့်ညီလည်း သူ့ကိုမချစ်တာ သိစေရမယ်၊ ရှင်လည်း ပဝါနှလုံးသားကို ခြယ်လှယ်တဲ့အပြစ်ဒဏ်ခံရမယ်၊ မြပဝါဆိုတာ ပုံသွင်းထုဆစ်လို့မရတဲ့ အရုပ်ကလေးမဟုတ်ဘူးဆိုတာ ရှင်တို့ နားလည်ထား"

ကိုးနံစာတိုက်ခြင်းတစ်မျိုးဖြင့် သူမ သိသိသာသာပင် စိန်ခေါ်ခဲ့သည်။ ဦးလေးနှင့်အဒေါ်ရှေ့မှာ ဣန္ဒြေမပျက် နေခဲ့သလို ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးခြင်းတွေကိုလည်း မမြင်စေခဲ့ရ။

တစ်ပတ်ဆယ်ရက်အတွင်းမှာပင် လမင်းရံနှင့်ဦးမောင် ရောက်လာပြီး မင်္ဂလာပွဲကို ဖြစ်အောင်လုပ်ခဲ့သည်။ လိုချင်တာရသွားသောပျော်ရွှင်မှုများဖြင့် လမင်းရံက သူမကို အရိပ်တကြည့်ကြည့်။

တစ်ရွာလုံးက သူမကို ကံအကောင်းဆုံးလူဟု ချီးမွမ်းအားကျကြသော်လည်း သူမကတော့ အပြင်းထန်ဆုံးပေါက်ကွဲဖို့ စိတ်ပြင်နေခဲ့သည်။

"ဟိုရောက်ရင် လင်ယောက်ျားကို မယားဝတ္တရားနဲ့အညီ ပြုစုရမယ်နော်-သမီး၊ စိတ်ကူးတောင် မယဉ်ဘူးတဲ့ ဒီလိုလူမျိုးနဲ့ လက်ထပ်ရတာကိုလည်း ဂုဏ်မမောက်နဲ့၊ ကိုတိုင်းကိုလည်း ကိုယ့်အစ်ကိုကြီးအဖအရာထားပြီး လေးလေးစားစားဆက်ဆံ၊ ဒီနေရာကိုရောက်သွားလို့ ဘယ်သူနဲ့မှ မတူမတန်ဘူးဆိုပြီးလည်း မာနမကြီးနဲ့၊ ကံတရားကြောင့်မြင့်တဲ့နေရာရောက်သွားရင် စိတ်ဓာတ်အဆင့်အတန်းမြင့်အောင်လည်းကြိုးစားရတယ် သမီး"

ဒေါ်လေးတို့ ဆုံးမသွန်သင်သည့်စကားကို သေချာလိုက်နာဖို့မဟုတ်ပေမယ့် သူမ ငြိမ်သက်၍ နားထောင်နေခဲ့သည်။ ထိုအရာတွေနှင့် ဆန့်ကျင်စွာ နေတော့မည်ဆိုတာ ဒေါ်လေးတို့ မသိကြ။

သူမသိအောင်လုပ်ရမှာက ကြယ်တိုင်းရံနှင့်လမင်းရံ။

"ကိုကို ပင်ပန်းရင် ညီ ကားတစ်လှည့်မောင်းမယ်လေ၊ ကိုကိုနားလိုက်ပါလား"





"ရပါတယ်ကွာ၊ ဦးမောင်နဲ့ တစ်လှည့်စီမောင်းနေတာပဲ၊ ညီတို့သာနောက်မှာ အေးအေးဆေးဆေး အိပ်ပြီးလိုက်ခဲ့ကြပါ၊ မင်္ဂလာပွဲမှာ ဧည့်ခံခဲ့ရတာနဲ့ ပင်ပန်းနေကြမှာပေါ့"

အချစ်ကိုတောင် လှူဒါန်းနိုင်တဲ့ ဝေသန္တရာကြီးက ပိုပင်ပန်းမှာပေါ့လို့ သူမ ခနဲ့ကာရွဲ့ကာ ပြောပစ်လိုက်ချင်သည်။ ဒါပေမဲ့ ဒီလိုပုံစံမျိုးနှင့်ပေါက်ကွဲလို့မဖြစ်။ အရမ်းကို ချစ်လှပါသည်ဆိုသော ညီအစ်ကိုနှစ်ယောက်ကို သူစိမ်းပြင်ပြင်ဖြစ်အောင် သွေးခွဲနိုင်မှ သူမနိုင်မှာ။ နူးညံ့သိမ်မွေ့သော မြပဝါ ဘယ်လောက် အဆိပ်ပြင်းသလဲ သိရတော့မှာပေါ့။

ဒီလိုနှင့်ညနေစောင်းအချိန်လောက်မှာ သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတွေ သိုလှောင်ထားသော စံအိမ်ကြီးကို ရောက်လာကြသည်။ သူမမှာ ဘာပစ္စည်းမှ များများစားစား မပါ။ လက်ဆွဲအိတ်တစ်လုံးကို ကောက်လွယ်လိုက်တော့ လမင်းရံက ပျာပျာသလဲ ဆွဲယူလိုက်ပြီး

"ထားလိုက် မြပဝါ၊ ပစ္စည်းတွေကို ဦးမောင်နဲ့ဒေါ်မှုံ သယ်လာလိမ့်မယ်၊ လာ မြပဝါ"

ကြယ်တိုင်းရံရှေ့မှာပင် လမင်းရံက သူမပခုံးလေးကို ဖွဖွဖေ့ဖက်ခေါ်၏။ မသိမသာပင် လမင်းရံလက်ကို သူမ ဖယ်ချပစ်လိုက်သည်။

ခမ်းနားထည်ဝါလှသော အိမ်ကြီးကို သူမတစ်ချက်မျှ မက်မောစိတ်နှင့် မကြည့်မိ။ ဣန္ဒြေရစွာ လှမ်းဝင်လာရင်း မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



အတတ်နိုင်ဆုံး တင်းမာထားလိုက်သည်။

"ဟာ ဦးမောင် ဒေါ်မှုံ ကျွန်တော့်ပစ္စည်းတွေ အပေါ်ထပ်သယ်မသွားနဲ့၊ ကျွန်တော် အောက်ထပ်မှာ ပြောင်းနေမှာ"

ကြယ်တိုင်းရဲ့ အလန့်တကြားအော်သံကြောင့် ဦးမောင်တို့လင်မယားလှေကားတစ်ဝက်လောက်ကနေ ပြန်ဆင်းလာကြသည်။ လမင်းက ကြယ်တိုင်းရဲ့လက်ကို သွားဆွဲပြီး

"ဘာဖြစ်လို့လဲ ကိုကို၊ အရင်လိုပဲ အပေါ်ထပ်မှာ နေပါလား"

"ညီတို့ လွတ်လွတ်လပ်လပ်နေလို့ရအောင်လို့ပါ၊ ကိုကိုလည်းအောက်မှာ လွတ်လွတ်လပ်လပ် အဆင်ပြေပါတယ်"

မြပဝါရဲ့မဲ့ပြုံးကို ကျန်သည့်လူတွေ မမြင်လိုက်ပေမယ့် ကြယ်တိုင်းရဲ့ သတိထားမိပေလိမ့်မည်။ လိပ်ပြာမလုံရမည့်က သူမမှမဟုတ်တဲ့မျက်နှာချင်းမဆိုင်ရဲတာလား။

ချစ်သူတစ်ယောက် တစ်ပါးသူရင်ခွင်မှာ ခိုဝင်တာကို မကြည့်တာလား။ ဘာပဲဖြစ်ဖြစ် မြပဝါက စင်ပေါ်ကပါ။ ဘာမှမသိသော လမင်းက

"ကိုကိုက ဘယ်လိုမျက်နှာပူနေတာလဲ၊ နမလင်နေ မောင်ငယ်ကျိန်းရအောင် ပြပဝါက ကိုကို့ညီမမှမဟုတ်တာ"

"ကဲပါ ညီရယ်၊ အဲဒါတွေ မပြောပါနဲ့၊ အခု ညီတို့အိမ်ထောင်ဦးမှာ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ ကိုကို့ကိုပြော၊ နိုင်ငံခြားကို ဟန်းနီးမွန်း





ထွက်ချင်လား၊ ပေလီ ချောင်းသာ ငွေဆောင် ဘယ်ကိုသွားချင်လဲ၊ ကိုကို စီစဉ်ပေးမယ်၊ ကျောင်းမတက်ရခင် သွားချင်တဲ့နေရာသွားကြ"

"ဟာ တကယ်လား ကိုကို၊ ဒါဆို ပဝါကို ဦးစားပေးရမှာပေါ့၊ ပဝါ ဘယ်သွားချင်လဲဟင်"

"ဘယ်မှမသွားချင်ဘူး"

"ဟင်"

စိမ်းဆတ်ဆတ်နှင့် မာန်ပါသွားသော မြပဝါ စကားကြောင့် လမင်းရဲ့ အံ့ဩသွားဟန်တူ၏။ မြပဝါက ဂရုမစိုက်ပါ။

သိသိသာသာပင် မဲ့ပစ်လိုက်ပြီး

"စိတ်ပါလို့ လက်ထပ်ခဲ့တာမှ မဟုတ်တာ၊ အပျော်ခရီးထွက်ပြီး ဘာလုပ်ရမှာလဲ၊ လမင်းရဲ့ နင် မှတ်ထား၊ နင်နဲ့ငါက ချစ်သူဘဝကနေ အိမ်ထောင်ရက်သားကျခဲ့တာမဟုတ်ဘူး၊ ပိုင်ဆိုင်မှုတွေများတဲ့ နင်တို့က မြပဝါ ဘဝကို ဥစ္စာနေတွေ ပကာသနတွေနဲ့ သိမ်းပိုက်ခဲ့တာ၊ အေးစိမ်းသက်သက် ဒီအိမ်ကို ရောက်လာရတဲ့အတွက် ငါ့ဆန္ဒမပါဘဲ ဘယ်သူမှ စီမံပေးတာမျိုး ဝေဖန်တာမျိုး မလုပ်ပါနဲ့"

"မြပဝါ"

"ငါ ပင်ပန်းလာတယ်၊ နားချင်ပြီ၊ ဘယ်အခန်းမှာနေရမှာလဲ၊ နင်တို့မိသားစုကြားမှာ မျက်စိသူငယ် နားသူငယ်ကြောင်တောင်ရပ်နေရအောင် မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သြော် မြပဝါ၊ ဒေါ်မှုံ လိုက်ပို့ပါ့မယ်ကွယ် လာပါ၊ မြပဝါ မှက်လာဦးအခန်းကို ဒေါ်မှုံ ပြင်ပြီးပါပြီ"

ဒေါ်မှုံက ပြဿနာတွေမဖြစ်အောင် အလိုက်တသိပင် မြပ လက်ကိုဆွဲ၍ အပေါ်ထပ်ကို ခေါ်သွားသည်။ ဆိုဖာခုံမှာ ထိုင်ချ သက်ပြင်းပူတွေ မှုတ်ထုတ်လိုက်ပေမယ့် ရင်မှာ ပေါ့ပါးမသွား။ မျက် ငယ်လေးနှင့် ခုချိန်ထိ မြပဝါ ဆက်ဆံမှုကို အံ့ဩနေသေးသောညီ သနားမိရပြန်သည်။

"ညီ"

"ကိုကို"

"ဘာတွေ ခံစားလိုက်ရလဲ"

"နားမလည်နိုင်ဘူး၊ အရင်က မြပဝါကို အဲလို ပြင်းထန် မိန်းကလေး မဖြစ်နိုင်ဘူးလို့ ထင်တာ"

"ဒီမှာ ညီ၊ ကိုကို ပြောမယ်၊ နားထောင် မြပဝါ ပြောသွားတ မမှားဘူးလေ ညီရဲ့၊ ညီတို့စိတ်တူကိုယ်တူ ချစ်သူတွေဘဝရောက်ပြီး လက်ထပ်ခဲ့ကြတာ မဟုတ်ဘူးလေ၊ သူ့မှာ ချစ်သူရှိတယ်လို့ သိထား တောင် ညီက အဆုံးရှုံးမခံခဲ့တာ၊ အဲဒါကို ကိုကိုကလည်း ကျေးဇူး ထောက်ထားခိုင်းပြီး ညီ့အတွက် မဖြစ်မနေ စည်းရုံးခဲ့တာ၊ ကိုကို့ကို ညီ့ကိုရော သူ ဘယ်ကျေနပ်ပါ့မလဲ၊ ပစ္စည်းဥစ္စာတွေနဲ့ အနိုင်ကျင့်သ ဖြစ်ခဲ့တာပဲ ညီရယ်"





"ဒါပေမဲ့"

"ကိုကိုတို့ အချိန်တစ်ခုထိ စောင့်ရမယ် ညီ၊ စိတ်ရှည်ရှည်နဲ့ ညီက နားလည်ပေးလိုက်ပါ၊ ဒါမှလည်း ညီ့ကို သူ ယုံကြည်လာမယ်၊ အားကိုးရင်းနဲ့ သံယောဇဉ်တွေဖြစ်လာမယ်၊ မိန်းမတစ်ယောက်ကို သိမ်း သွင်းချင်ရင် ကိုယ့်ဘက်က အလျှော့ပေးလိုက်လျှော့နိုင်မှဖြစ်မယ်၊ ကိုကို ပြောတာ ညီ သဘောပေါက်လား"

လမင်းရဲ့ ခေါင်းညိတ်ပြီး ကြယ်တိုင်းရဲ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်သည်။

"ညီ နားလည်ပါတယ်၊ သဘောပေါက်ပါတယ်၊ ကျေးဇူးလည်း တင်ပါတယ် ကိုကို၊ သူ့ကို ပိုင်ဆိုင်ရမှတော့ သူ့အချစ်ကိုရဖို့ ညီ ကြိုးစားနိုင်မှာပါ၊ ညီ မြပဝါကိုချစ်တယ်၊ အခုလိုပြောပေးတာ မြပဝါနဲ့ လက်ထပ်နိုင်အောင် စီစဉ်ပေးတာတွေအတွက် ကိုကို့ကျေးဇူးကို ညီ လုံးဝမမေ့ဘူး သိလား၊ ညီ ပဝါကို သွားချော့လိုက်ဦးမယ်"

သူ့ပါးကို ရွှတ်ခနဲနမ်း၍ ကလေးငယ်တစ်ယောက်လိုပင် ခုန် ပေါက်၍ ညီအပေါ်ထပ် ပြေးတက်သွားသည်။

သူ သက်ပြင်းတွေချရင်း ရစ်ဝိုင်းပြည့်လျှံလာသော မျက်ရည် တွေကို လူမသိအောင် ပွတ်သပ်သုတ်ပစ်လိုက်၏။

"ကိုတိုင်း"

အောက်ထပ်အခန်းထဲ အိတ်တွေသွင်းပြီး ပြန်ထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်က သူ့ပခုံးပုတ်ကာခေါ်တော့ သူ ဆတ်ခနဲပင် တုန်သွားသည်။

"ဒီအခြေအနေမျိုး နေ့တိုင်း ရင်ဆိုင်ရရင် မင်း ခံနိုင်ရည်ရှိမှာ လား ကိုတိုင်း"

"ကျွန်တော်"

"လမင်းကိုရော ဘယ်ချိန်ထိ ဖုံးကွယ်ထားနိုင်မှာလဲ၊ မြပဝါ အရင်ကလို မဟုတ်ဘူးဆိုတာလည်း သူ့ဘက်က ခံစားရတဲ့အတိုင်းအတာ နဲ့ဆိုရင် ဒီလိုပေါက်ကွဲတာမျိုးတော့ ရှိနိုင်တာပဲ"

"မြပဝါကို ကျွန်တော် အပြစ်မတင်ပါဘူး၊ ညီကိုချစ်လို့ ကျွန် တော် ဒီလို ဆုံးဖြတ်လိုက်တာလို့ သူ ထင်နေတယ်၊ တကယ်တော့ သူ့ကိုလည်း ချစ်လို့ဆိုတာ"

"အဲဒါ သူသိအောင် ပြောပြမှဖြစ်မှာလေ၊ ဘယ်သူမှမသိအောင် ဖုံးကွယ်နေသရွေ့ မင်းပိုပြီး ခံစားရမှာ ကိုတိုင်း"

"သူတို့နှစ်ယောက်ကို ကျွန်တော့်ကြောင့် မနာကျင်စေချင်ဘူး သူတို့အတွက် အကောင်းဆုံးတွေ လုပ်ပေးရင်းနဲ့ ကျွန်တော်တစ်ယောက် တည်း ခံစားပါမယ်"

"ကိုတိုင်းရာ"

မချိတင်ကဲ ရေရွတ်ရင်း ဦးမောင် မျက်ရည်ဝဲ၏။ ဒီလောက် စိတ်ရင်းစေတနာကောင်းသော ကိုတိုင်းမှာမှ ဘာလို့ ဒီရောဂါကြီးဖြစ် တာလဲ။ လမင်းရုံနှင့် မြပဝါတို့နှစ်ယောက် ကိုတိုင်းရဲ့မေတ္တာတွေ





အလိုလို သိနားလည်ပြီး တုံ့ပြန်တတ်လျှင် ဘယ်လောက်ကောင်း မလဲ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"အဲဒါ မကောင်းဘူး ပဝါ၊ ဘာလို့ ဒီအိမ်ကြီးမှာ မနေချင်ရတာ
လဲ၊ ကိုကိုတစ်ယောက်တည်း ဘယ်လိုယားခဲ့ရမှာလဲ၊ ဒီအိမ်ကြီးမှာ ကိုယ်
တို့ညီအစ်ကိုနှစ်ယောက် ငယ်ငယ်တည်းက အတူတူနေခဲ့ကြတာ"

"အဲဒါဆို ဘာလို့ မိန်းမယူနေသေးလဲ၊ နှင့်အစ်ကိုနဲ့နှစ်ယော
တည်းပဲနေပါလား"

"ဒါကတော့"

"ဒါကသော့ မလုပ်နဲ့၊ လူပျိုလူလွတ်တစ်ယောက်ရှိတဲ့အိမ်မှာ
သူစိမ်းမိန်းကလေးတစ်ယောက်နေရင် ဘာဖြစ်သွားမလဲ"

"ပဝါ"

ခေါင်းကိုတွင်တွင်ရမ်းရင်း လမင်းရဲ့ အထိတ်တလန့်ပင် ဟ
တားလိုက်မိသည်။ မြပဝါမှာ ဘယ်လိုအတွေးဆိုးတွေရှိနေတာလဲ။





"မင်းက ကိုယ့်ရဲ့မိန်းမဖြစ်နေတဲ့အတွက် ကိုကိုက မင်းရဲ့ခဲအို
သေ၊ ဘာလို့ မင်းက သူစိမ်းမိန်းကလေးဖြစ်ရမှာလဲ၊ တစ်အိမ်တည်း
အတူနေလို့ မဖြစ်ဘူးဆိုတာ ကိုကို့ဂုဏ်သိက္ခာကို ထိခိုက်ပါတယ်၊ အဲလို
တွေ မပြောပါနဲ့ ပဝါရယ်"

"မပြောလို့တော့ မဖြစ်ဘူး လမင်းရဲ့၊ အမြဲတမ်း ဖောက်လွဲ
ဖောက်ပြန် ဖြစ်နေတဲ့လူရဲ့စိတ်ကို ဘယ်လို ဂုဏ်သိက္ခာမျိုးနဲ့မှ တားဆီး
လို့ မရဘူး၊ ငါက အိုနာကျိုးကန်း ရုပ်ဆိုးအကျည်းတန်နေတဲ့ မိန်းမ
မဟုတ်တဲ့အတွက် တစ်မိုးအောက်မှာ အတူနေရတဲ့ နှင့်အစ်ကိုက မရိုး
သားတဲ့အပြုအမူမျိုးနဲ့ မဆက်ဆံဘူးလို့ နင် အာမခံသလား"

"အာမခံတယ် ငါ့အစ်ကိုရဲ့ဂုဏ်သိက္ခာ အကျင့်သီလကို ငါ
ယုံတယ်၊ မင်းမှာ အဲလိုအတွေးမျိုးရှိနေတာကိုက မကောင်းဘူး မြပဝါ"

"ငါ့ကို သဟောက်သဟမ်း လာမလုပ်နဲ့ လမင်းရဲ့ ယောကျ်ား
တွေရဲ့ မျက်လုံးအောက်မှာ ဘယ်မိန်းကလေးဘဝမှ လုံခြုံမှုမရှိဘူး၊
အေး နင်က နင့်အစ်ကိုကို အဲလောက် ယုံကြည်မှုရှိတယ်ဆိုရင် ဒီအိမ်
မှာနေကြည့်ရသေးတာပေ့ါ၊ ဒါပေမဲ့ ငါ့ဘက်က ဒီတစ်ခုကို လိုက်လျော
ရရင် နင့်ဘက်က သုံးလေးခုလောက် လိုက်လျောမှဖြစ်မယ်နော်"

"ပြော ပြောပါ ပဝါ၊ ကိုကိုနဲ့မခွဲရဘူးဆိုရင် ကျန်တာတွေ
ဘာဖြစ်ဖြစ် ငါ လိုက်လျောနိုင်ပါတယ်"

မဲပြုံးတစ်ခုနှင့် အိပ်ရာခုတင်စွန်းလေးမှာ တင်ပလ္လင်ခွေထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တင်းမာသွားသလိုရှိသော လမင်းရဲ့မျက်နှာက ကြယ်တိုင်းရုံ
ခွဲမနေရတော့ဘူးဆို၍ ချက်ချင်းဆိုသလို ပျော့ပျောင်းနူးညံ့သွားကာ မြ
အနားမှာ ဝင်ထိုင်သည်။

မြပဝါက ဖြူနုန်းခနဲ ထရပ်လိုက်ပြီး

"လက်ထပ်ပြီးပြီဆိုပြီး ခုတင်တစ်ခုတည်း အိပ်ရမယ့် ဖ
မယားတစ်ယောက်လို့ မသတ်မှတ်လိုက်နဲ့ ဦးလမင်းရဲ့"

"ဟင်"

"အချစ်နဲ့တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးမဟုတ်တဲ့အတွ
အချိန့်အတိုင်းအတာတစ်ခုထိ နင် သည်းခံရလိမ့်မယ်၊ နင့်ရဲ့ဇနီးမယ
တစ်ယောက်ဖြစ်ဖို့ ငါ့ကိုယ်ငါ ယုံကြည်မှုမရှိသေးဘူးပေါ့"

"အချစ်ကို အကြောင်းပြုပြီး အဲလောက်ထိ အနေစိမ်းမယ်ဆိုရင်
ဘာလို့ ငါ့ကို လက်ထပ်နေသေးလဲ မြပဝါ"

"ဘာ ငါက နင့်ကို လက်ထပ်ချင်လို့ လက်ထပ်ခဲ့တာ
ထင်နေ တာလား၊ နင့်ရဲ့မဆင်မခြင် မထိန်းသိမ်းတတ်
ချစ်သူရှိပါတယ်လို့ ပြောခဲ့တာတော
စည်းမရှိတဲ့နင့်ရဲ့တောင်းဆိုမှုတွေကြောင့် နင့်အစ်ကို အဓမ္မ စီစဉ်လိုက်
မင်္ဂလာပွဲပဲ၊ အေး တစ်ခုတော့ရှိတယ်၊ ကျေးဇူးတရား တွေ
ထောက်ထားပြီး တူမလေး ကောင်းစားမှာကို မျှော်ရှင်ကြည်နူး
ငါ့အဒေါ်တွေရဲ့ တိုက်တွန်းမှုလည်းပါတာပေါ့လေ"





"ငါ ဖြစ်စေချင်တာက အဲဒီလောက်ထိ ဖွတ်တရွတ် မဆန့်ပါဘူး မြပဝါ၊ စေ့စပ်ရုံကမ်းလှမ်းပြီး ကျောင်းမှာပြန်ဆုံမယ့် နင့်ဆီက အချစ်ကို အချိန်ယူပြီး ကြိုးစားချင်တာပါ"

လမင်းရဲ့ရဲ့ပျာပျာသလဲ ဖြေရှင်းမှုကို မြပဝါ ဆံနွယ်တွေ ဆတ်ခနဲခါ၍ စူးစိမ်းနေအောင်လည်း ပြန်ကြည့်၍

"ဘာထူးလို့လဲ လမင်းရဲ့ အဲဒီလို အချိန်ယူကြိုးစားတော့ရော ချစ်သူရှိနေတဲ့ငါက မိုက်မိုက်မဲမဲ နင့်ကိုပြန်ချစ်လာမှာလား၊ အဲလိုဆိုရင်ရော နင့်ဘက်က နောက်ဆုတ်မှာမို့လား၊ နင့်အလိုဆန္ဒတွေ ဖြည့်ဆည်းချင်နေတဲ့ နင့်အစ်ကိုက ကျေးဇူးတရားဆိုတာကို အသုံးချပြီး ဒီလို မင်္ဂလာပွဲဖြစ်အောင် အမိန့်နဲ့ကြိုးကိုင်ဦးမှာပဲလေ၊ အချိန်နောက်ကျတာနဲ့ စောတာနဲ့ ကွာဟချက်ထဲမှာ ငါ့ကိုယ်ငါ အဆုံးစီရင်တာမျိုးဖြစ်မှာစိုးလို့"

"မြပဝါ"

"ဟင်း ဟင်း ငါ့ကိုယ်ငါ သတ်ဖို့သတ္တိမရှိပါဘူး"

သူများကိုသတ်ဖို့တော့ အားမွေးနေတယ်ဟု မျက်နှာချင်းဆိုင် တည့်တည့်ကြည့်ကာ ပြောလိုက်ချင်ပေမယ့် ခနီးခနဲ့ မဲ့ပြုံးနှင့်ပင် တုံ့ပြန်လိုက်သည်။

"နင်နဲ့ငါ ဒီအကြောင်းတွေ မဆွေးနွေးချင်ဘူး၊ လက်ထပ်လိုက်ခြင်းရဲ့ အကျိုးဆက်မှာ နောင်တရတာမျိုးနဲ့ အဆုံးမသတ်ချင်ဘူး၊ ဒါပေမဲ့ ငါ စိတ်တိုင်းကျနေလို့မရတဲ့ အခြေအနေမျိုးဆိုရင် အချိန်မရွေး ကွာရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ အသင့်ပြင်ထားပါ"

"ဟာ ဘာပြောတယ် မြပဝါ၊ မင်း"

"လက်ထပ်လိုက်တယ်ဆိုပေမယ့် တစ်သက်လုံးပေါင်းသင်းဖို့က နင့်အပေါ်မှာမူတည်တယ်၊ ငါ့ဘက်က မကျေနပ်ချက်တွေကို အပြန်အလှန် တင်းမာနေမယ်ဆိုရင်"

"နား နားလည်ပြီ၊ ငါ နားလည်ပါပြီ၊ မင်းဖြစ်ချင်တာတွေ ငါ လိုက်လျောမှာပါ၊ ကွဲကွာဖို့စကားတွေတော့ မပြောပါနဲ့၊ မင်းကို ချစ်လွန်းလို့ ကိုကို့ကို ဖွတ်အတင်းပူဆာခဲ့တာပါ၊ ငါတို့ အဆင်မပြေဖြစ်ရင် ကိုကိုလည်း စိတ်ဆင်းရဲမယ်၊ ငါလည်း စိတ်ပင်ပန်းရမှာ၊ ကိုကိုကလည်း မင်းကိုသည်းခံနားလည်ပေးလိုက်ပါလို့ ပြောထားပါတယ်"

"ဟုတ်လား၊ နင့်အစ်ကိုက အဲလို မှာထားတာလား၊ သဘောကောင်းသားပဲနော်၊ ဒါဆို ပဝါအတွက် ကားတစ်စီးလောက် ဝယ်ခိုင်းပေးပါလား"

"ဟင် နင်နဲ့ငါက လင်မယားလေ၊ ငါ့ကားကိုစီးပေါ့၊ မင်းက ကားတစ်စီးသပ်သပ် ဘာလုပ်မှာလဲ"

"နင့်ကားကိုပဲ အမြဲတမ်းလိုက်စီးနေရမှာလား၊ ငါ့ဘာသာ ကားမောင်းသင်ပြီး သွားချင်တဲ့နေရာသွားမှာပေါ့၊ သူဌေးသား လုပ်ငန်းရှင် တစ်ယောက်ရဲ့ညီကို ယူထားတာတောင် ကားတစ်စီးကိုယ်ပိုင်မောင်းဖို့ အခွင့်အရေး မရှိဘူးလား၊ ရတယ်နော် ခြေထောက်နဲ့သွားလည်း ဘယ်





နေရာမဆို ရောက်နေမှာပဲ"

"ဟို ကိုကို့ကို ပြောပေးပါမယ်၊ မကျေမနပ် အရွဲ့မတိုက်ပါနဲ့ ပဝါရယ်"

စိတ်ပင်ပန်း၊ ထိခိုက်သွားသော လမင်းရဲ့ကိုကြည့်ကာ သူမ တစ်ဖက်လှည့်ကာ ပြုံးလိုက်သည်။ ထိုအပြုံးမှာ အဆိပ်ရည်တွေ စိုလူးလို့ . . ။

ဒါ အစပဲရှိသေးတယ် လမင်းရဲ့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ထိုကားကိစ္စကို နောက်ရက် နေ့လယ်စာစားချိန်မှာ ကြယ်တိုင်းရဲ့ကို လမင်းရဲ တောင်းဆိုသည်။ မြပဝါအတွက် သွားရေးလာရေး အဆင်ပြေစေချင်လို့ သူ့အနေနှင့် ပြောပေးသည့်သဘော။ ကြယ်တိုင်းရဲ့က ခေါင်းငုံ့စားနေလျက်မှ လမင်းရဲကိုသာ မျက်လွှာပင့်ကြည့်ပြီး

''ကျောင်းပြန်တက်တဲ့အချိန်ကျရင် အဆင်ပြေအောင် ကိုကို စီစဉ်ထားပါတယ်၊ ညီနဲ့ကျောင်းချင်းမတူတော့ ကားတစ်စီးစီသွားလို့ရအောင်ဆိုပြီး''

''ဘယ်သူက ကျောင်းတက်မယ်ပြောလို့လဲ''

''ဟင်''

''ပဝါ''





ကြယ်တိုင်းရဲ့ရော လမင်းရဲ့ရော မြပဝါစကားကို နားမလည်နိုင်ဖြစ်သွားသလို ဦးမောင်တို့လင်မယားလည်း အံ့အားသင့်သွားကြသည်။ မြပဝါက ဟင်းခွက်နှိုက်နေဆဲလက်ကို ပြန်ရုတ်လိုက်ကာ

''အချိန်မတိုင်မီ အိမ်ထောင်ကျသွားတဲ့ မိန်းကလေးက ပညာတတ် ဘွဲ့ရတော့ရော ဘာလုပ်ရမှာလဲ ပညာမတတ်လည်း လုပ်ကိုင်ကျွေးမယ့်ယောကျ်ားရှိနေတာပဲ''

''မဟုတ်တူးလေ မြပဝါ၊ ကိုယ်က ညီမလေးနဲ့ညီကို ပညာရေးဆုံးခန်းတိုင်အောင်သင်ပြီး ဘွဲ့ရစေချင်တယ်၊ ဒါမှ ညီမလေးတို့နှစ်ယောက်လုံး ကုမ္ပဏီကြီးကို ဦးဆောင်နိုင်မှာပေါ့''

''ကိုတိုင်းက ပဝါကို နိုင်းစားဖို့ ကြိုတင်စီစဉ်ထားတာလား၊ မှတ်ထား မြပဝါက ကိုတိုင်း သေသွားတောင် လမင်းရဲလုပ်ကိုင်ကျွေးတာကို ဖိမ်နဲ့သုံးဖြုန်းမှာ''

ပြောပြီး ဆောင့်ခနဲ ထထွက်သွားလိုက်သည့်အတွက် အားလုံးမင်တက်ကာ ကျန်ခဲ့သည်။ လမင်းရဲက မျက်စိပျက်မျက်နှာပျက်။

အစ်ကိုဖြစ်သူကို မျက်နှာပူအားနာသလိုဖြင့် ထမင်းဆက်မစားနိုင်။

''ညီ ဘာကိုစိတ်ထိခိုက်သွားတာလဲ၊ သူ့ဘက်က သူ ခံစားရတာနဲ့အမျှ တိုက်ခိုက်လာနိုင်တယ်လို့ ကိုကို ပြောထားတယ်လေ''

''ညီ့ကို တိုက်ခိုက်တာ ခံနိုင်ပါတယ်၊ ကိုကို့ကို သေစကားပြော



www.burmeseclassic.com

တာကြီးက''

''ညီရယ် သူ ပြောသလို ဖြစ်လာမှာမှမဟုတ်တာ၊ မြပဝါက စိတ်ရင်းကောင်းပါတယ်၊ သူ့ပါးစပ်ဖျားက ပြောနေတာတွေက ရင်ထဲက ပါလို့ မဟုတ်ဘူးဆိုတာ လက်ခံထားရင် ညီ စိတ်သက်သာပါတယ်၊ သူ့ကို သွားပြောလိုက် ညီ၊ ကိုကိုက ကားချက်ချင်းဝယ်ပေးမယ်လို့''

''ဟုတ်ကဲ့ ကိုကို''

ညီ ထွက်သွားသောအခါ သူလည်း ထမင်းစားခြင်းကို ရပ်တန့်၍ ရေတစ်ခွက် မော့သောက်လိုက်သည်။

''ကိုတိုင်း''

''ကျွန်တော့်ကို ဘာမှမပြောပါနဲ့၊ ဒီလိုကိစ္စတွေက အချိန်ကြာလာတာနဲ့အမျှ ရိုးအီသွားမှာပါ၊ အတူတူနေကြရင်း ညီ့အပေါ် မြပဝါ သံယောဇဉ် တွယ်လာရင် အလိုလို ပြီးဆုံးသွားမယ့်အနာတရတွေပါ၊ ညီ ခံနိုင်ရည်ရှိပြီး မြပဝါကို လက်ထပ်လိုက်ရတာ နောင်တမရရင် ကျွန်တော် ကျေနပ်ပြီ''

လေးကန်သော ခြေလှမ်းများဖြင့် ကြယ်တိုင်းရဲ ထွက်သွားသော အခါ ဒေါ်မှုံက ဦးမောင်ဘက်ကိုလှည့်ကာ

''လမင်းနဲ့မြပဝါ လက်ထပ်တာ တစ်ခုခု မှားယွင်းနေသလား ကိုမောင်၊ ကောင်မလေးက နူးညံ့သိမ်မွေ့သလိုလိုနဲ့ ကိုတိုင်းအပေါ် ဆက်ဆံတာ ရိုင်းလိုက်တာတော်၊ လင်ယောကျ်ားဖြစ်တဲ့ လမင်းရဲ့လေး





အပေါ်လည်း မခန့်လေးစား မထီမဲ့မြင်နိုင်လိုက်တာ၊ ရုပ်ကလေးနဲ့အကျင့် မလိုက်ဖက်တာများ''

''မင်းမသိတာတွေ ရှိသေးလို့ပါ မမှုံရာ၊ မြပဝါက အရင်က ဒီလို မိန်းကလေး မဟုတ်ပါဘူး၊ အရမ်းကို သိမ်ငယ်မှုတွေနဲ့ သိတတ် နားလည်သိမ်မွေ့တဲ့သူပါ''

''ဟင် တော်က မြပဝါအကြောင်း ဘယ်လိုလုပ် သိတာလဲ၊ မင်္ဂလာဆောင်ကို လိုက်သွားရုံလေးနဲ့ လူတစ်ယောက်အတွင်းစိတ် ခန့်မှန်းနိုင်မှာလား''

''ကိုတိုင်းက သူ့မှာချစ်သူရှိနေပြီလို့ ဖွင့်ပြောခဲ့တာ မင်း မှတ်မိလား''

''အင်းလေ လမင်းထက်အရင် လက်ထပ်မယ်ထင်နေတာ''

''အေး အခု လမင်းလက်ထပ်လိုက်တဲ့ မြပဝါက ကိုတိုင်းရဲ့ ချစ်သူပဲ''

''ဘာ ကိုမောင်၊ တော် ဘာပြောလိုက်တာလဲ''

ဒေါ်မှုံ မကြားလိုက်တာမဟုတ်ဘဲ မရှင်းလို့ အထိတ်တလန့် ပြန်မေးလိုက်ခြင်းပင်။ နားထဲရောက်လာသော စကားကို မယုံမရဲဖြစ်သွားလို့ပါ။

ဦးမောင်က စားချင်စိတ်မရှိတော့ဟန်ဖြင့် ထမင်းပန်းကန်တွေတွေ တို့းရွှေ့လိုက်ပြီး

www.burmeseclassic.com



"မြပဝါ အခုလို တိုက်ခိုက်နေတာ မမှားဘူး၊ သူက ကိုတိုင်းကို အရမ်းချစ်ရှာတာ"

"ဒါဆိုလည်း ကိုတိုင်းကို လက်မထပ်ဘဲ ဘာလို့ လမင်းကို"

"အဲဒါက လမင်းက မြပဝါကို ကျောင်းမှာတွေ့ပြီး ကိုတိုင်းကို အပူကပ် လက်ထပ်ခိုင်းခဲ့တာကိုး"

"အိုတော် ဒါကတော့ ညီအစ်ကိုချင်း ဘယ်လောက်ချစ်ချစ် ဒီလို မျက်နှာပူ စိတ်ပင်ပန်းစရာတွေ မဖြစ်အောင် ကိုတိုင်းက ငါ့ချစ်သူ ကွလို့ အမှန်အတိုင်း ဖွင့်ပြောသင့်တာပေါ့"

"ဖွင့်မပြောရတဲ့အကြောင်းအရင်းက ကိုတိုင်းက အသက်ရှင် ရမယ့်အချိန်တွေ နည်းပါးနေလို့ပဲ"

"ဘယ်လို"

"ကိုတိုင်းမှာ အသည်းကင်ဆာ နောက်ဆုံးအဆင့် ဝေဒနာ ဆိုးကြီးကို ခံစားနေရတယ် မမှုံရယ်"

"ကိုမောင်"

ဦးမောင်က အသံတုန်ယင်စွာပြောရင်း မချိတင်ကဲ မျက်ရည် ကျသည်။ ဒေါ်မှုံက ရင်ဘတ်ဖိကာ မျက်ရည်ဝဲ၏။

"အဲ အဲဒါ တကယ်လား ကိုမောင်"

"ဆရာဝန်နဲ့ ကိုတိုင်းရယ် ငါရယ်ပဲ သိတဲ့ကိစ္စပါ၊ သူ့ညီနဲ့ မြပဝါကို လုံးဝ မပြောရဘူးတဲ့၊ မင်းလည်း ငယ်စဉ်တည်းက အသည်းနဲ့





ပတ်သက်တဲ့ရောဂါတွေ ကိုတိုင်းကိုတိုက်နေခဲ့ရတာ မဟုတ်လား"

"ဟုတ်ပါတယ် ဟုတ်ပါတယ် ဒါပေမဲ့ ဒီလိုအခြေအနေမျိုး ဖြစ်စရာလားတော်၊ ကိုတိုင်းလေးကို သနားလိုက်တာ ကိုတိုင်းရယ်၊ ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုမှ မလုပ်နဲ့၊ ကိုတိုင်းကိုချစ်ရင် သနားရင် သူ့ဆန္ဒ အတိုင်း သူ ချစ်တဲ့သူတွေ မသိစေချင်တာကို ရေငုံနှုတ်ပိတ်နေပေးလိုက်၊ ဒါမှ ကိုတိုင်း စိတ်သက်သက်သာသာနဲ့ ဘဝကူးကောင်းမှာ"

ဦးမောင်ရဲ့စကားအဆုံးမှာ ဒေါ်မှုံ ခေါင်းညိတ်ရုံသာ တတ်နိုင် တော့သည်။ ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ။

ဒီဘဝမှာ သူတော်ကောင်းဖြစ်နေလည်း အတိတ်ဘဝက ဝဋ်ကြွေးကိုတော့ အပြီးတိုင် ပေးဆပ်ရဦးမှာပင်။

ဒါကို လမင်းရုံနှင့်မြပဝါ နားလည်ပေးလျှင် ဘယ်လောက်များ ကောင်းမည်လဲ။

ရင်ထဲ မချိလည်း ဖြေသာစရာ ဘာမှမရှိတော့. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

''ဟာ မင်း တကယ်လား''

''ဟုတ်မှလုပ်ပါ၊ စိတ်ကူးယဉ်နေတာကြီးက ဖွင့်မချနဲ့ နား ထောင်လို့ မကောင်းဘူးကွ''

နိုင်မင်းနှင့်သက်ဦးက မြပဝါနှင့်လက်ထပ်ပြီးပါပြီလို့ လမင်းရဲ့ ပြောတာကို မယုံကြ။ စိတ်ကူးယဉ်ပြီး ဖောနေသည်ဟု ထင်ကာ လှောင် ပြောင်သရော်နေကြသည်။

လမင်းရုံက စိတ်မရှည်သလို စားပွဲခုံကို ဖြန်းခနဲ ပုတ်ပစ်လိုက် ပြီး

''အေး မင်းတို့မယုံရင် အစအဆုံး ရှင်းပြမယ်''

''ရှင်းပြလည်း လိမ်ဆင်ကြီးပဲဖြစ်မှာပေါ့၊ ဒီအပတ်ထဲမှာ ကျောင်းတက်ရတော့မှာ၊ ကျောင်းတက်ရင် ပန်းအိတို့နဲ့ မြပဝါ ကျောင်း





အတူလာတက်ရင် ပွဲပြီးပြီပေါ့ကွာ''

''ပြောတော့မယ် ရှင်းပြတာလည်း နားမထောင်ဘဲနဲ့၊ မြပဝါ ကျောင်းမတက်တော့ဘူး၊ ငါနဲ့အိမ်ထောင်ကျသွားတာ ပညာတတ် အဲ့ ယူပြီး ဘာလုပ်ရမှာလဲတဲ့''

''ဘာ မင်းတကယ်ပြောနေတာလား''

''သြော် တကယ်ပါဆို၊ ငါ့မှာ ရင်ဖွင့်ချင်လွန်းလို့ မင်းတို့ကို စောင့်နေရတာ''

''ဟုတ်ပါပြီ တကယ်ဆိုလည်း လုပ်စမ်းပါဦး အစအဆုံး''

စိတ်ဝင်တစား မေးလာပြီဆိုတော့ လမင်းရဲ့ တက်တက်ကြွကြွ ပင် ပြောပြလိုက်သည်။ ပြောသမျှ နားထောင်ပြီး သက်ဦးနှင့်နိုင်မင်း ကော်ဖီခွက်ပင် ကောက်မမော့နိုင်။

''မင်းအစ်ကို တော်လှချည်လားကွာ၊ ချစ်သူရှိနေတဲ့ မိန်း ကလေးကို မင်းနဲ့ရအောင် လက်ထပ်ပေးနိုင်တယ်''

''ဟား မင်းဘဝကိုတော့ တကယ်အားကျတယ်၊ ငါတို့မှာ မင်း ရဲ့အစ်ကိုမျိုးရှိရင် ဘယ်လောက်ကောင်းမလဲ၊ ဒါနဲ့ မင်းတို့နှစ်ယောက် အခြေအနေကရော''

''အဆင်မပြေဘူး၊ မြပဝါက သူ့ချစ်သူနဲ့ မပေါင်းဖက်ရလို့ ငါတို့ညီအစ်ကို နှစ်ယောက်လုံးကို အာဃာတတွေနဲ့ ဖွဲ့နေတာကွ၊ ကိုကိုက သည်းခံတဲ့၊ နားလည်မှုပေးပြီး လိုက်လျောပါတဲ့၊ ငါကလည်း မြပဝါကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းလို့ အဲဒီအတိုင်းပဲ နေတာပါ၊ ဒါပေမဲ့ ခံစားရတယ်ကွာ"

"ဒါက ဒီလောက်တော့ ရှိမှာပေါ့ကွာ၊ သူ့အချစ်ရဖို့ မကြိုးစား ဘဲနဲ့ ပိုင်ဆိုင်ချင်တာကိုး"

"ကျောင်းမတက်တော့ဘူးဆိုတာလည်း အရွဲ့တိုက်တာဖြစ်မယ် နော်၊ အဲဒါကို မင်းအစ်ကို မတိုက်တွန်းဘူးလား"

"ကိုယ့်ဘက်က အလွန်အကျွံတွေလုပ်ထားလို့ ကိုကိုလည်း ထပ်ဖိအားမပေးရဲတော့ဘဲ ဒီအတိုင်း လွှတ်ထားရတယ်၊ ဒါပေမဲ့ တစ်မျိုး ပဲကွ၊ မြပဝါက ငါနဲ့နှစ်ယောက်တည်းရှိတဲ့အချိန်တွေမှာ လိုတာထက်ပို တင်းမာနေတာမျိုး မဟုတ်ဘူး၊ ကိုကိုနဲ့ဆုံတဲ့အချိန်တွေမှ မျက်နှာ လေသံရော ပိုပြီးတင်းတာ"

စိတ်ထဲရှိသလို ပြောလိုက်တော့ သက်ဦးတို့ ခေါင်းညိတ်သည်

"မင်းအစ်ကိုက အပြစ်ပိုကြီးတယ်လို့ မြပဝါ ယူဆနေမှာပဲ မင်းအစ်ကို သူ့လုပ်ပိုင်ခွင့်တွေနဲ့ မြပဝါအပေါ်တွေကို ဖိအားမပေးခဲ့ မင်းနဲ့လက်ထပ်ဖို့ ဖြစ်လာနိုင်ပါ့မလား"

"သက်ဦးပြောတာ ဟုတ်တယ်၊ မင်းအစ်ကိုကို မြပဝါ ပိုမုန်း မှာသေချာတယ်၊ အဲဒါကြောင့်လည်း အားလုံးလေးစားရတဲ့ မင်းအစ်ကို မထိမဲ့မြင် ထိပ်တိုက်ရင်ဆိုင်နေတာပေါ့၊ အံ့သြစရာကောင်းတာက မင်း လည်း ဖြေသိမ့်ပြီး မြပဝါကို အပြစ်မယူတဲ့ မင်းအစ်ကို"

ဒါကိုတော့ သူလည်း ထောက်ခံချင်သည်။ မြပဝါကို ကို





နားလည်မှုပေးလွန်းတာ အရှိန်အဝါတွေ ပျောက်ဆုံးနေသလို ထင်ရ၏။ သူနဲ့လက်ထပ်ဖို့ ဘယ်လိုများ ဖိအားပေးကာ အသုံးချခဲ့ပါလိမ့်။ သူ့မှာ ကိုကို့အမှာစကားအတိုင်း မြပဝါကို လိုက်လျောရတာလည်း ခုချိန်ထိ မင်္ဂလာဦးညကို မကျော်ဖြတ်နိုင်ခဲ့။ အချိန်ဘယ်လောက်ကြာကြာ စောင့် ရဦးမှာလဲ။

ရင်ပူ စိတ်ပင်ပန်းကာ သက်ပြင်းချမိတော့ သက်ဦးက အလိုက် တသိနှင့် ရေခဲစိမ် ဆန်းကစ်တစ်ဘူး မှာပေးသည်။

လမင်းရဲ့ တစ်ရှိန်ထိုးပင် ကောက်မော့ပစ်လိုက်ပြီး

"မြပဝါကို လက်ထပ်တာ ငါ နောင်တတော့မရပါဘူး၊ ငါ့အတွက် ကြောင့် ခေါင်းငုံ့အရှုံးပေးနေသလို ဖြစ်နေတဲ့ ကိုကို့ကိုပဲ အားနာတာ"

"အဲသလို ဖြစ်နိုင်သလားလို့ မင်း မတွေးခဲ့မိဘူးလား"

"မြပဝါ ဒီလောက်တောင် သိမ်မွေ့နူးညံ့တာ၊ ပြီးတော့ ဖြူစင် နိုးသားတယ်၊ မင်းတို့လည်း သိသားပဲ၊ သူ့ချစ်သူအပေါ် သစ္စာရှိချင်လို့ ဘယ်ယောကျ်ားလေးကိုမှ အရောမဝင်ဘူးတဲ့၊ မိန်းမတွေဆိုက ငါတို့ ယောကျ်ားတွေ ဘာကို အမက်မောဆုံးလဲ သိလား။ တစ်သက်လုံး သူတို့ ဘဝလေး လှပပြည့်စုံအောင် နွားလို ရုန်းပြီး အပြုံးမပျက်ခဲ့တာ ဘာ ကြောင့်လဲ သိလား"

လမင်းရဲ့က မေးခွန်းပြန်ထုတ်နေတော့ သက်ဦးနှင့်မင်းသူတို့ ခေါင်းရမ်းလိုက်ကြသည်။ ဘာတွေထူးဆန်းလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လို့လက်ထပ်တယ်။ သားသမီးတွေရလို့ တစ်သက်လုံး ပေါင်းသင်းဖြစ်တယ်။ တာဝန်ဝတ္တရားလိုဖြစ်နေတာဟာ အိမ်ထောင်ရေးပဲ။ လမင်းရုံကတော့ သည်သို့မဟုတ်ဘူး ထင်သည်။

ပြုံးယောင်ယောင် မျက်လုံးများဖြင့်

"မိန်းမတွေ သစ္စာရှိတတ်တာ အကြင်နာကြီးတတ်တာ ယောကျ်ားတစ်ယောက်အပေါ် အလေးအနက် တန်ဖိုးထားတတ်တာတွေကြောင့် ယောကျ်ားတွေက အနိုင်းခံဘဝမှာ ပျော်မွေ့ရင်း ရုန်းထွက်ဖို့ မကြိုးစားကြတော့တာ"

"ထားပါတော့ မြပဝါက မင်းရဲ့ချစ်သူ မဟုတ်ဘူး၊ မင်းအပေါ် သစ္စာရှိနေတာ မဟုတ်ဘူးလေ၊ မင်းဖွတ်တရွတ်"

"အဲဒါတွေကို သူ့ဆီက ငါ ပိုင်ဆိုင်နေတာလေ၊ ငါ့မှာ သူ့ရဲ့ လက်ထပ်ဖို့ အင်အားတွေရှိနေတာ၊ ဒါကို ငါက အသုံးချပြီး ကိုကို အားပေးအားမြှောက် ကြံရာပါဖြစ်သွားတာ"

နားမလည်သော်လည်း စိတ်ရှုပ်သွားကြတာ အမှန်ပင်။ ခေါင်းကို စုံကုတ်ကြရင်း ရှေ့မှာရှိသော ကော်ဖီခွက်ကိုသာ ကောက်မော့ကြသည်။ လမင်းရုံက သူတို့ကို သည်သို့ ရင်ဖွင့်နေလျှင် တစ်ဖက်နာကျင်နေရှာသော နှလုံးသားဖြင့် မြပဝါကရော ဘယ်သူတွေကို ရင်ဖွင့်နေမလဲ။

■ ■ ■



## အခန်း (၃၆)

"နင်တို့က ငါ ဒီလောက်ပြောပြပြီး ရင်ဖွင့်နေတာတောင် အံ့ဩသွားတာမျိုး မရှိပါလား။ ငါ့ချစ်သူ ကိုတိုင်းက သူ့ညီနဲ့ငါ့ကို ပေးစားတာပါဆို မယုံနိုင်လို့ အဲလို မင်သေသေကြီးတွေ ဖြစ်နေကြတာလား။ မကြည်ပြာရော ပဝါ မေးတာဖြေပါဦး"

"ဩော် အင်း အင်း ဟုတ်တယ်"

ပစ္စည်းတွေလာပို့ရင်းနှင့် ဦးမောင် အကြောင်းစုံ ပြောသွားပြီးပါပြီဟု ဘယ်လိုပြောထွက်မလဲ၊ ကျေးဇူးရှိသော ကိုတိုင်းအတွက် စိတ်ထိခိုက်နေမိကြတာ။

ရင်သန်ကျန်ရစ်မည့်သူတွေအတွက် စိတ်မကောင်းဖြစ်ရုံကလွဲပြီ၊

"အဲ နင့်ကို မရိုးမသားဖြစ်နေတဲ့ လမင်းက ကိုတိုင်းညီဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ဘယ်ယုံကြည်ပါ့မလဲဟယ်၊ တိုက်ပဲတိုက်ဆိုင်လွန်းတယ်နော်"

"ဟုတ်ပါ့၊ ငါတို့က ကိုတိုင်းနဲ့ နင်နဲ့ ခေ့စပ်တာဖြစ်ဖြစ် လက်ထပ်တာဖြစ်ဖြစ် တစ်ခုခုတော့ တရားဝင် အောင်မြင်ပြီလို့ထင်တာ၊ အခု လမင်းရံနဲ့ အလောတကြီး လက်ထပ်လိုက်တာ မျက်လှည့်ပြလိုက်သလိုပဲ၊ နင်ကရော ကိုတိုင်းကိုချစ်ရဲ့နဲ့ ဘာလို့ လက်ခံလိုက်တာလဲ၊ ကံကြမ္မာကြီးက ကြောက်စရာကောင်းလိုက်တာဟယ်"

"အဲလိုတွေဖြစ်ကုန်တာ ကံကြမ္မာကြောင့်မဟုတ်ဘူး၊ သူ့ညီကို ချစ်လွန်းတဲ့ ကြယ်တိုင်းရံကြောင့်"

"နင့်ကို ရွှေဘုံပေါ်မှာစံပြီး ကောင်းစားစေချင်တဲ့ စေတနာ မေတ္တာကြောင့်လို့ တွေးယူရင်လည်း ရပါတယ်ဟယ်"

နှစ်သိမ့်သလို မကြည်ပြာ ဝင်ပြောတော့ မြပဝါ ခေါင်းကို ဆတ်ခနဲ ခါသည်။ လှပအိထွေးနေသော နှုတ်ခမ်းလေးကိုလည်း မဲ့ပစ်လိုက်ကာ

"သူနဲ့လက်ထပ်ရင် ဒီထက်ပိုတဲ့မြင့်တဲ့နေရာကို ရောက်နိုင်တာပဲ သူလည်းပြောတယ်၊ သူ့စေတနာ မေတ္တာတွေကို တစ်နေ့ ငါ နားလည်မှာပါတဲ့၊ ဟား အခု ဖြစ်နေတာကိုသာ စဉ်းစားရင် အဲဒီတစ်နေ့ဆိုတာကို မစောင့်နိုင်ဘဲ ရူးသွပ်သွားတော့မယ်၊ သူ့ကိုငါ ဘယ်လောက်ချစ်တယ် ပစ္စည်းဥစ္စာတွေ ငါ မမက်မောဘူးဆိုတာ သူ သိနေတာပဲ"

"ပဝါ"





"သူနဲ့မတန်ဘူးထင်လို့ ညီကိုထိုးကျွေးလိုက်တာလား၊ ညီကို ချစ်လွန်းလို့ပဲ ငါ့ကိုထိုးကျွေးလိုက်တာပဲလားဆိုတာ နားမလည်နိုင်ဘူး၊ ဒါတွေကို မတွန်းလှန်နိုင်တာ ငါ့ပညာရေးအတွက် သူ့ကိုမှီခိုမိလို့ လူကြီးလူကောင်းယောင်ဆောင်ထားတဲ့ သူ့ရဲ့ကျေးဇူးတွေကို ဒေါ်လေးတို့ မတွန်းလှန်နိုင်လို့၊ အေး မပြည့်စုံတဲ့သူတွေရဲ့ မာနက မိုးကြိုးလက်နက်ထက် ပိုပြင်းထန်တယ်ဆိုတာ သူ မသိသေးလို့ပါ"

"ပဝါရယ် ဖြစ်ပြီးသမျှတွေကို အာဃာတတွေ မထားပါနဲ့ဟာ၊ ချစ်သူနဲ့လွဲရတဲ့ပုံပြင်တွေက ဆန်းမှမဆန်းတော့ဘဲ၊ ရင်နင့်အောင် ချစ်ခဲ့တဲ့လူကို လက်စားချေဖို့ ကြိုးစားတာ နင် နောင်တရတဲ့အဖြစ်မျိုး ကြုံရလိမ့်မယ်နော်"

မြပဝါ နှုတ်ခမ်းကိုဖွင့်၍ ခပ်ဟာဟာရယ်လိုက်ပေမယ့် မျက်ဝန်းအိမ်မှာ ပြည့်လျှံနေသော မျက်ရည်တွေကို တွေ့ရတာမို့ မြပဝါလည်း မချိမဆံ့ ခံစားနေရတာပဲဟု စိတ်မကောင်း ဖြစ်ရပြန်၏။

ဒါပေမဲ့လည်း ကိုတိုင်းက ဝေဒနာတွေ တနင့်တပိုးနှင့် အနစ်နာခံနေသူပါ။

မြပဝါ လက်ဖက်သုပ်ပန်းကန်ကိုကောက်ယူပြီး ဖွန်းနှင့် တဆတ်ဆတ် ခပ်စား၍ မျက်ရည်တွေလည်းကျနေကာ

"ငါက ဒီဘဝလေးကနေ ကိုတိုင်းကိုချစ်နေချင်တာ၊ ပကာသနတွေ ဂုဏ်ဓနတွေ မမက်ပါဘူး၊ ကိုတိုင်း အကြင်နာတွေကို ရိုးရိုးလေး



www.burmeseclassic.com

www.burmeseclassic.com



တောင့်တခဲ့တာပါ''

''ပဝါရယ်''

''ဟား ဟား အခုတော့ စံအိမ်ကြီးထဲက ရွှေဘုံပေါ်မှာစံပြီး လိုတရပြည့်စုံနေတယ်၊ ငါ့အနားမှာ အချစ်မရှိဘူး။ အမုန်းတွေ နာကြည်းမှုတွေ၊ ဟုတ်တယ် ငါ မုန်းတယ် မုန်းတယ်''

''ပဝါ မြပဝါ''

ရယ်နေရင်းက အီးခနဲ ဝမ်းနည်းပက်လက် ရှိုက်ငိုချလိုက်တာမို့ မကြည်ပြာတို့ မြပဝါကို ထိတ်လန့်တကြား ဖက်ပွေ့ထားလိုက်ရသည်။

''နင်က ခံစားနေရပေမယ့် အသက်ရှင်သန်ကျန်ခဲ့ရမှာနဲ့ ဖြေသာပါသေးတယ် ကို ကိုတိုင်းက''

ဖွင့်မပြောရက်ပါ။ စကားလုံးတွေကို ပြန်မျိုချရင်း မကြည်ပြာတို့လည်း မျက်ရည်ဝဲနေကြသည်။ အာဃာတတွေ ပြေပါတော့လို့ ဆက်မဖျောင်းဖျရက်သလို အားပေးဖို့လည်း မစွမ်းသာ။

မြပဝါက လက်ဖက်သုပ်ပန်းကန်ကို ဆောင့်ခနဲချပြီး မျက်ရည်တွေကို ပွတ်သပ်သုတ်သည်။ ပြီးတော့ ပြုံးဖြဲဖြဲမျက်နှာနှင့်

''မကြည်ပြာတို့ ပဝါ့ဘဝကို အားကျတယ်ဆို၊ အခု စီးလာတဲ့ကားလည်း ယူလိုက်၊ လမင်းရုံနဲ့ပေါင်းသင်းဖို့ ဟိုအိမ်မှာသွားပြီး စံမြန်းနေ၊ ပဝါက ဒီအိမ်လေးမှာ စာတွေကျက်၊ လက်ဖက်သုပ်တွေစား။ ဒိန်း လေးပေါ်မှာ ကိုတိုင်းနဲ့ စကားတွေပြော''





''ပဝါရယ်''

ဟိုအရင်ကဆို ကောင်းသားပဲဟု ရယ်စရာအဖြစ် စနောက်မိမှာပါ။ အခုတော့ သူရူးတစ်ယောက်လို ငိုလိုက်ရယ်လိုက် ဖြစ်နေသော မြပဝါအဖြစ်ကိုကြည့်ကာ နှစ်ယောက်လုံးရင်ထဲမချိပေ။

ဒါပေမဲ့ မြပဝါ နှုတ်ခမ်းလေးကို မကြည်ပြာ လက်ညှိုးလေးနှင့် ဖြတ်တားကာ

''ဘာတွေဖြစ်နေနေ အခု နင်က လမင်းရုံရဲ့ တရားဝင်ဇနီးမယားဖြစ်နေပြီ၊ တခြားတစ်ယောက်ကို စိတ်ရောက်တာက အပြစ်ကြီးကျူးလွန်တာပဲ ပဝါ၊ ကံကြမ္မာအလိုကျ ဖြစ်လာတဲ့ ဘဝတစ်ခုကို နင်ကျေနပ်လိုက်ပါဟာ၊ ကိုတိုင်းအပေါ် အရင်လိုလေးစားပြီး လမင်းရုံကိုလည်း လင်ယောကျ်ားအဖြစ် တန်ဖိုးထားလိုက်ပါ''

''ခံစားခံလိုက်ရတဲ့ အသိတရားတွေက အကောင်းအတိုင်း မဖြစ်တော့ဘူး မကြည်ပြာ၊ အိမ်ထောင်သည်ဘဝနဲ့ တခြားယောကျ်ားတစ်ယောက်ကို စိတ်ရောက်ပြီး အပြစ်ခံမှာလည်း မဟုတ်ဘူး။ အဲဒီလူကို မုန်းတဲ့စိတ်နဲ့ တုံ့ပြန်မှာ တိုက်ခိုက်မှာ''

''ပ ပဝါ''

''အဲဒါ ကျိန်စာတစ်ခုဖြစ်ခဲ့မယ်ဆိုရင် ကြယ်တိုင်းရဲ့ ကျိန်စာသင့်ပြီး သေစေရမယ်''

''မြပဝါ''



www.burmeseclassic.com

www.burmeseclassic.com



အသံကုန်အော်ကာ ဟန့်တားလိုက်ချင်ကြပေမယ့် ဘာကြောင့် သူမဘက်မှာ ရှိမနေတာလဲဟု အပြစ်ပြောလာမှာစိုးတာကြောင့် ရေငုံ နှုတ်ပိတ် စိတ်မကောင်းရုံသာရှိနေကြသည်။

"မြပဝါမှာ သူ ခံစားနေရသလောက်ပေါက်ကွဲခွင့်ရှိတယ်၊ သူ အလည်အပတ် ရောက်လာတဲ့အခါ သူ့ရဲ့တုံ့ပြန်မှုတွေအတွက် အပြစ် မပြောကြပါနဲ့၊ ဖေးမအားပေးပြီး နှစ်သိမ့်ပေးပါလို့ ကိုတိုင်းကပြောနိုင်း တယ်၊ အဓိက သတိပေးချင်တာက လမင်းရဲ့သူငယ်ချင်းတွေကို မြပဝါ က ကိုတိုင်းရဲ့ချစ်သူဆိုတာ လုံးဝ မသိပါစေနဲ့တဲ့၊ သူက သေလူတစ် ယောက်မို့ အနစ်နာခံတာ၊ မြပဝါနဲ့လမင်းရဲ့ သိရင် စိတ်ထိခိုက်မှာစိုးလို့ သူ မသေခင်အချိန်ထိ ထိန်းသိမ်းပေးကြပါ"

ဦးမောင် ထိုစကားတွေ လာပြောထားသည်မို့ ကိုတိုင်းရဲ့မေတ္တာ တရား ကြီးမားမှုကို သူမတို့တွေ သိထားသော်လည်း မတတ်နိုင်။ ဘယ်နေ့ ဘယ်အချိန်ထိ ကိုတိုင်းအပေါ် မြပဝါ ငြိုးမာန်ဖွဲ့နေမှာလဲ။ ကိုတိုင်း မရှိတော့ဘူးဆိုမှ နောင်တတွေနှင့် ကျန်ရစ်တော့မှာဆိုလျှင်. . .။

■ ■ ■



## အခန်း (၃၇)

ဒီအတိုင်းချည်းပဲ နေ့စဉ်ရက်ဆက် မြပဝါနှင့် ပြဿနာဖြစ်နေ ရတာ လမင်းရဲ့ မခံစားနိုင်တော့။ ကားဝယ်ပေးပါလို့ သူမရဲ့ဆန္ဒကို လိုက်လျောပြီးချိန်မှာ နေ့ရှည်ညည အိမ်ကပ်တယ်ဆိုတာ မရှိဘဲ ဘယ်သွား ဘယ်လာတယ်ဆိုတာ မသိ။

အကြောင်းပြချက်တွေနှင့် ကျောင်းမတက်တော့ဘူးဆိုတာ နား လည်ပေးလိုက်ရသော်လည်း သူ ကျောင်းမသွားခင်မှာ သူမက အိပ်ရာ မထသေးသလို သူ ကျောင်းက ပြန်လာချိန်မှာလည်း သူမက အိမ်မှာ ရှိမနေချေ။ တစ်ခါတစ်ရံ ညဉ့်နက်သန်းခေါင်မှ ပြန်လာတတ်ပြီး အိမ်ပြန် မလာသည့်နေ့တွေပါရှိလာတော့ တင်းတင်းမာမာပင် ပေါက်ကွဲချင်လာ၏။

"သည်းခံပါ နားလည်ပေးလိုက်ပါ ညီရယ်၊ သံပါတ်ကုန်ရင် သူ ရပ်သွားမှာပါ၊ ညီက သူ့ကို လိုက်လျောအလျှော့ပေးပြီးသည့်အခါမှ



www.burmeseclassic.com

www.burmeseclassic.com



သူက ညီ့ကို သံယောဇဉ်ဖြစ်လာမှာပေါ့၊ ကိုယ်ချစ်ကိုရှာမိတဲ့ အပြစ်အကျိုးကို ညီ ခံနိုင်ရည်ရှိအောင် ကြိုးစားပါ၊ တစ်နေ့တော့ မြပဝါ တို့ပြန်လာပါလိမ့်မယ်''

ကိုကိုက အချိန်တိုင်း ဖျောင်းဖျနေတာ နားမလည်နိုင်။ မြပဝါ ဒီလောက် စည်းပျက်ကမ်းပျက် ဖြစ်နေတာကို ကိုကို ခွင့်လွှတ်ပေးနိုင်တာ အံ့သြစရာတော့ ကောင်း၏။ ဒါပေမဲ့ သူတို့အိမ်ထောင်ရေး အဆင်ပြေစေချင်သည့်ဆန္ဒများကြောင့် ဖြစ်နိုင်၏။

''ညီ ဘာတွေစဉ်းစားနေတာလဲ၊ မြပဝါ ပြန်မရောက်သေးလို့လား''

''ဪ ကိုကို''

ခြံထဲက ခုံတန်းလေးမှာထိုင်ရင်း လမ်းမဘက်ကိုငေး၍ မျှော်တော်ယောင် ဖြစ်နေသော ညီ့ပခုံးကိုပုတ်၍ ကြယ်တိုင်းရုံလည်းဝင်ထိုင်လိုက်သည်။ ညီက လရောင်နှင့်ထင်ရှားစွာ မြင်နေရသော သူ့မျက်နှာကိုကြည့်ကာ

''ကိုကို အခုတလော အရမ်းပိန်သွားတယ်နော်၊ ညီတို့ အိမ်ထောင်ရေး အဆင်မပြေလို့ စိတ်ဆင်းရဲနေတာလား''

''ဒီလိုပါပဲ ညီရယ်၊ တစ်နေ့ကျရင် ညီ့အချစ်တွေကို မြပဝါ နားလည်လာပြီး အဆင်ပြေသွားမယ်ဆိုတာ သိနေလို့ သိပ်ပြီးလည်း စိတ်မထိခိုက်တော့ပါဘူး''





''ညီကတော့ မထင်ဘူး ကိုကို၊ ဖွတ်တရွတ် လက်ထပ်ပေးလိုက်လို့ အနိုင်ကျင့်ခံရတယ်ထင်ပြီး စုံကန်ထွက်ဖို့ပဲ သူ စဉ်းစားနေတာ၊ ညီကတော့ အိမ်ပြန်မအိပ်တဲ့မိန်းမကို ဘယ်သွားအလေလိုက်နေတာလဲလို့ ပေါက်ကွဲပစ်လိုက်ချင်ပြီ''

မကြည်ပြာတို့အိမ်လေးမှာ ရှိနေတာပါလို့ သူ ပြောလို့ ဖြစ်ပါ့မလား။ အကြောင်းအရာတွေ ဆက်စပ်မိပြီး သူနဲ့ပတ်သက်ခဲ့တာကိုပါ သိသွားလျှင် ပြဿနာတွေ ပိုကြီးထွားနိုင်သည်။ သက်ပြင်းတွေချပြီး ညီ့ပခုံးကို ဆုပ်ညှစ်လိုက်၏။

''ဆွေမျိုးသားချင်း အသိမိတ်ဆွေတွေအိမ် သွားလာနေတာ ဖြစ်မှာပေါ့ ညီရယ်၊ စိတ်ကိုလျှော့လိုက်ပါ''

''ဘာဖြစ်ဖြစ် ညီက သူ့ရဲ့လင်ယောကျ်ားပဲ ကိုကို့ရဲ့၊ ဘယ်သွားမယ် ဘယ်လာမယ် ဘယ်လောက်ကြာမယ်ဆိုတာတော့ အသိပေးသင့်တာပေါ့၊ ပြောလိုက်ရင် မကျေနပ်ရင် ကွာရှင်းလိုက်ဆိုတဲ့စကားနဲ့ တင်စီးသေးတယ်''

''ဟင် ကွာ ကွာရှင်းဖို့စကားတွေအထိ ပြောတာလား''

လမင်းရဲ့ ခေါင်းညိတ်ကာ မျက်နှာနီနီနှင့်

''မရှိသေးစကား ညီတို့လင်မယားအရာတောင် မမြောက်သေးပါဘူး ကိုကို၊ ညီ ဘယ်အချိန်ထိ သည်းခံရမှာလဲ၊ သူ့ကို ဘယ်လိုနည်းနဲ့ ချည်နှောင်ထားရမှာလဲ၊ နှောင်တမရသေးပေမယ့် ရင်တော့ နာနေပြီ

နိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကို''

''ညီရယ် မြပဝါကို ကိုကို ဖျောင်းဖျပေးပါမယ်ကွာ''

သူ့ပခုံးပေါ် မျက်နှာမှောက်ကာ ငိုချတော့ မောကျပ်နေသော ရင်ဘတ်ကြီးက မခံမရပ်နိုင်အောင်ပင် နင့်ခနဲ ခံစားလိုက်ရသည်။ သိမ်မွေ့နူးညံ့သော မြပဝါလည်း မိန်းမကြမ်းကြီးဖြစ်နေသည်။ ညီလည်း ဒဏ်ရာတွေ တနင့်တပိုးရနေ၏။ သူ့စေတနာ မေတ္တာတွေ အလကားဖြစ်ပြီလား။

မရင့်ကျက်သေးသော စိတ်ခံစားမှုတွေဖြင့် ကွာရှင်းဖို့တွေထိ ပေါက်ကွဲကုန်လျှင် သူ အသေဖြောင့်မည်မဟုတ်။

''ညီ''

''ဟုတ် ကိုကို''

''ညီက ရည်းစားမထားဘူးတော့ မိန်းကလေးအထာကိုမှ မသိဘဲကွ''

''ဗျာ''

''မိန်းကလေးဆိုတာ အချော့ကြိုက်၊ သူတို့ကို တန်ဖိုးထားတဲ့ သူမှလည်းယုံကြည်ကြတယ်၊ ပြီးတော့ အပေါ်စီးက တင်းတင်းမာမာ ဘက်ကန်တတ်တဲ့ယောကျ်ားမျိုးကို မုန်းတယ်၊ မိန်းမဆိုတာ မိခင်စိတ်ရှိတဲ့အမျိုးကွ၊ သူတို့ရင်ခွင်ထဲကို ခေါင်းလေးခွေပြီး ချွဲနွဲ့သင့်တဲ့အခါလည်း ချွဲနွဲ့ရတယ်၊ မရှိတဲ့ရောဂါကို အကြောင်းပြုပြီး မျက်နှာလေးညှိုးငယ်သွား





ရတဲ့အခါမျိုးလည်းရှိတယ်၊ ငါက အိမ်ထောင်ဦးစီးပဲဆိုပြီး မာန်နဲ့ထန်နဲ့ ဆက်ဆံတတ်တဲ့လူ၊ ငါရှာကျွေးတာ စားနေတာပဲလို့ အထင်သေး ချိုးနှိမ်တတ်တဲ့လူဆိုရင် ရွံကြောက်ကြီးဖြစ်နေတာနဲ့ အဲဒီ မိန်းမရဲ့ ကြင်နာချွေးသွေးမှုကို ဘယ်တော့မှ မရဘူးမှတ်''

''ဟား ကိုကို့ဒိုင်ဒီယာ လန်းလိုက်တာဗျာ၊ ချစ်သူတစ်ယောက်ထားဖူးတာကို မိန်းမသုံးယောက်လောက် ယူဖူးတဲ့သူကျနေတာပဲ၊ ဒါနဲ့ ကိုကို့ချစ်သူနဲ့ ဘယ်ချိန် လက်ထပ်မှာလဲ''

လမင်းရဲ့ အမေးကြောင့် ကြယ်တိုင်းရဲ့ ငိုင်ခနဲပင် ဖြစ်သွား၏။ ဘယ်အဖြေက အသင့်တော်ဆုံးဖြစ်မလဲ။

''ဟာ မြပဝါ ပြန်လာပြီ''

ကားမီးရောင်မြင်လိုက်သည်နှင့် လမင်းရဲ့ ဘူခြွေပင်မဆယ်နိုင်၊ ခြန်းခနဲ မြပဝါ ကားအနီးကို ရောက်သွားကာ ကားတံခါးကို ဖွင့်ပေးသည်။ ကားပေါ်က ကြော့မော့စွာ ဆင်းလာသော မြပဝါ မျက်နှာလေးမှာ ပျော့ပျောင်းမှုတို့ ရှိမနေ။

''ပဝါရယ် နောက်ကျလိုက်တာ၊ ငါ့မှာ စာလည်းကျက်လို့မရဘူး၊ အမင်းလက်ဆုံစားဖို့ရက်ကရော''

''နင့်အစ်ကိုရှိနေတာပဲ၊ နင့်အစ်ကိုနဲ့စားပေါ့၊ ငါကတော့ နင်တို့အိမ်မှာလူပိုတစ်ယောက်လိုနေမှာ၊ မကျေနပ်ရင် ကြိုက်သလိုရှင်းလို့ ပြောပြီးသားနော်၊ အပိုတွေ လာမလုပ်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



''မြပဝါ မင်း အရမ်းရင့်သီးတဲ့စကားတွေ မပြောသင့်ပါဘူး ငါ သည်းခံနေတာ မင်းကို ချစ်လွန်းလို့ပါ၊ ယောကျ်ားမာနကို ထိခိုက်လောက်အောင်ထိတော့ စိန်မခေါ်သင့်ဘူး''

''ဟွန်း စိန်ခေါ်တယ်ထင်ရင် တုံ့ပြန်လိုက်လေ၊ အခု ကွာရှင်းလိုက်လည်း မြပဝါတို့က ဘာမှမမက်မောလို့ မလွမ်းဘူး သိလား လမင်းရဲ့''

''အာ တောက်''

မြပဝါ မထီမဲ့မြင် ပြောပြီး ထွက်သွားတော့ အနီးရှိပန်းအိုးတစ်လုံးကို လမင်းရဲ့ စိတ်လိုက်မာန်ပါ ထိုးခွဲပစ်လိုက်သည်။

''ညီ''

သွေးစို့သွားသောလက်ကို လန့်ဖျပ်ကာ ဆုပ်ကိုင်ရင်း ခေါ်တော့ ကလေးငယ်တစ်ယောက်လိုပင် ကြယ်တိုင်းရဲ့ရင်ခွင်ထဲ ဖက်တွယ်ကာ ရှိုက်ငိုသည်။

''ညီရယ် ကိုကို အခုပဲ ပြောထားတယ်၊ ဘာလို့ တင်းတင်းမာ သွားပြောရတာလဲ၊ သွားချော့လိုက် ညီ''

''ကိုကို''

''ကိုကိုပြောတာ မမေ့နဲ့၊ မင်းလည်း ခွဲနိုင်တာ မဟုတ်ဘဲနဲ့ ဒီလိုနဲ့ပဲ အဆင်ပြေသွားမှာပါ၊ ကိုကိုလည်း မြပဝါကို ဖျောင်းဖျပေးပါမယ် နော် ညီ၊ ညီက လိမ္မာပါတယ်၊ မြပဝါနဲ့အဆင်ပြေအောင်နေပါ ညီရဲ့





ကိုကိုလည်း အဲဒါမှ စိတ်သက်သာမှာ''

အဲဒါမှ အသေဖြောင့်မှာလို့ မပြောရက်။ ညီကို အပေါ်ထပ်လှေကားတစ်ဝက်လောက်အထိ လိုက်ပို့ပြီး အိပ်ခန်းထဲဝင်လာခဲ့သည်။ ခုတင်ပေါ် ခြေပစ်လက်ပစ် လဲလျောင်းလိုက်ပေမယ့် ဒီတစ်ညလည်း အိပ်ပျော်မှာမဟုတ်ဘူးဆိုတာ ကိုယ့်ကိုယ်ကို သိသည်။

အိပ်ပျက်ညတွေများသလို စိတ်ပင်ပန်းမှုတွေသည်လည်း . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

''ငါ တောင်းပန်ပါတယ် ပဝါ''

''ဘာအတွက်လဲ''

''ခုနက မဆင်မခြင်ပြောလိုက်မိတာ''

''နင်ပြောတာ မမှားပါဘူး။ ငါ့ဘက်က မချေငံမှုတွေအတွက် နင်လည်း တုံ့ပြန်သင့်တာပဲ၊ ငါက တောင်းပန်ခံပြီး အဆင်ပြေသွားတာမျိုးမဖြစ်ချင်ဘူး။ အမြဲတမ်း ပြဿနာတွေတက်ပြီး သူတစ်ပြန်ကိုယ်တစ်ပြန် ရန်လိုတိုက်ခိုက်ရင်းနဲ့ အဆုံးမှာ ရန်သူတွေလို မုန်းသွားကြရင် ပိုတောင်ကောင်းသေးတယ်''

''အားလုံးကို စိတ်ပင်ပန်းအောင်လုပ်ပြီး နင်ရော စိတ်သက်သာလို့လား ပဝါရယ်၊ ကိုကိုလည်း တော်တော်စိတ်ဆင်းရဲနေရှာပါပြီ၊ အခုတလော ကိုကို ပိန်ချုံးသွားတာ မျက်ကွင်းတွေညိုနေတာ နင် သတိ





မထားမိဘူးလား''

''ဟင်''

ဆတ်ခနဲ တုန်သွားရပေမယ့် ချက်ချင်းပင် မြပဝါ မဲ့ရွဲ့ကာ ရှောင်ဖြူးဖြူးလိုက်သည်။

''နင်က နင့်အစ်ကို သနားချင်လည်း သနားနေမှာပေါ့၊ ငါကတော့ ငါမဖြစ်ချင်တာတွေကို ဖန်တီးလိုက်တဲ့ တရားခံလို အကောင်းမြင်ပေးဖို့ စိတ်ကူးမရှိဘူး လမင်းရဲ့''

''မင်း ဘယ်အချိန်ထိ တင်းမာနေမှာလဲ၊ ဒီအပြစ်တွေအတွက် ဘယ်အချိန်အထိ ငါ သည်းခံနေရဦးမှာလဲ၊ ငါ ငါ နင့်ကို တကယ်ချစ်လို့ပါ မြပဝါ။ ချစ်လွန်းလို့ ဒီအခြေအနေတွေထိ ဖြစ်လာရတာပါ၊ နားလည်ပေးပါတော့ ခွင့်လွှတ်ပေးပါတော့ဟာ၊ ငါ ငါတောင်းပန်ပါတယ်''

''ဟင်''

သူမရှေ့တည့်တည့်မှာ ဒူးထောက်ထိုင်ချရင်း ငိုချလိုက်သည်မို့ အံ့အားသင့် မင်တက်မိသွားရသည်။ အစွယ်လိုချင်လို့ စေခိုင်းသူက သုဘဒ္ဒါ၊ အစွယ်ဖြတ်ခဲ့သူက မုဆိုး။

ပေးလှူခဲ့သူက ဆဒ္ဒန်ဆင်မင်း။ ဘယ်သူ့မှာအပြစ်ရှိဆုံးလဲ။ အချစ်ကို ပိုင်ဆိုင်ချင်တာက လမင်းရဲ့။ ဖြစ်အောင် စွမ်းဆောင်ပေးခဲ့တာက ကြယ်တိုင်းရဲ့။ အဆုံးထိ မငြင်းဘဲ ဒီအခြေအနေထဲ ခပ်မြန်မြန်တိုးဝင်ခဲ့သူက သူမပဲ။



www.burmeseclassic.com

အပြစ်တင်စရာ အဓိက တရားခံက ဘယ်သူလဲ။ ဝေခွဲရခက်စွာ ထရပ်လိုက်ချိန်မှာ သွေးများပေကျံနေသည့် လမင်းရဲ့လက်ကို ခပ်ငေးငေး ကြည့်မြစ်သည်။ နလုံးသားတစ်နေရာမှ လှပ်ခနဲ။

"နင့်လက်ကဒဏ်ရာ ဆေးထည့်ရအောင် ထ"

ယောကျ်ားတစ်ယောက် မျက်ရည်က အဲလောက် သနားစရာ ကောင်းသလား။ ဟင့်အင်း သူမ ဘာလုပ်လုပ် လိုက်လျောသည်းခံတာ တွေ အားနာသွားမိသလိုဖြစ်တာလောက်ပဲ နေမှာပါ။

လမင်းရဲ့က မဝံ့မရဲ မျက်လုံးလေးလှန်ကြည့်ပြီး

"နင် ဆေးလိမ်းပေးမှာလား ပဝါ"

"သနားလို့တော့ မဟုတ်ဘူး။ အမြင်မတော်လို့"

"ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ နင် အဲလောက်လေး ဂရုစိုက်ပေးလည်း ငါ ကျေနပ်ပါတယ်"

"နင့်အစ်ကိုနဲ့တစ်အိမ်တည်းမနေရရင် ဒီထက်ကျေနပ်စရာ ကောင်းတာတွေကို ငါ လုပ်ပေးနိုင်တယ်"

"ကိုကိုကြောင့် နင် ဘာတွေအနေခက်နေလို့လဲ ပဝါရယ် ကိုကို ဘာတွေပြုမြင်နေလို့လဲ"

"သူ့မျက်လုံးအောက်မှာ ငါ မလုံခြုံဘူးလို့ ခံစားရတယ်၊ ရှု လွှတ်တစ်ယောက်ရဲ့ စိတ်က အမြဲတမ်း မရိုးသားနိုင်ဘူး။ နင်ကရော သူ့ကို တစ်သက်လုံး မှီခိုနေမှာလား။ ခဲအိုနဲ့ခယ်မ တစ်အိမ်တည်းအတူ





နေလို့ မသင့်တော်တာ နင် သိနေရမှာပေါ့"

"ဒီကိစ္စကြီးကို အဲလို မပြောပါနဲ့ဟာ၊ ကိုကို နင့်ကို ဘယ်နှခါ မရိုးမသား ဆက်ဆံဖူးလို့လဲ၊ ပရောပရီ လူအထင်မြင်သေးအောင်နေ လို့လား၊ ကိုကိုက နင်နဲ့ငါ့ကို အရမ်းအဆင်ပြေစေချင်တာ၊ နင့်ကို ညီမရင်းလေးလို သဘောထားတာပါဟာ"

မိန့်ခနဲ မဲ့ပစ်လိုက်သော နှုတ်ခမ်းလေးက ဘာကိုရည်ရွယ်နေ မှန်းမသိဘဲ လှို့ဝှက်လွန်းသည်၊ ဘာဖြစ်ဖြစ် မြပဝါနှင့်စကားတွေ အများ ကြီး ပြောခွင့်ရလိုက်သည့်အတွက် ရင်မှာ ကြည်နူးချမ်းမြေ့ခြင်းတို့ ဖြစ် မိတာအမှန်။

ဒဏ်ရာကို ဆေးလိမ်း ပတ်တီးစည်းပေးနေချိန်မှာလည်း စေတနာပါပါနှင့် မလိုလားသော ကြမ်းတမ်းခြင်းတို့မရှိ။

"ပဝါ ငါ ဒီနေ့ အရမ်းပျော်တယ် သိလား"

"အေး ဒီအိမ်က ပြောင်းဖို့လည်း စဉ်းစားထား"

အားလုံးပြီးသွားမှ သူမ အိပ်ရာခုတင်ဆီ ဆောင့်အောင့်ကာ ထွက်သွား၏။ ဒီကိစ္စကို သူ မလိုက်လျောနိုင်တာ ကိုကို့ဂုဏ်သိက္ခာကို စော်ကားမိသလိုဖြစ်မှာစိုးလို့ပါ။ မြပဝါ အတွေးတွေ ဘာကြောင့်တစ်ဖက် စွန်းရောက်နေတာလဲဆိုတာပဲ သူ မတွေးတတ်။ ဒါပေမဲ့ ဒီတစ်ည အိပ် စက်ခြင်းမှာ ရင်တွေလှုပ်လှုပ်ခုန်နေသော်လည်း မြပဝါရဲ့ အကြင်နာ တစ်ချက်ကြောင့် ကောင်းကောင်း အိပ်ပျော်ခဲ့တာတော့ အမှန်ပင်။

www.burmeseclassic.com



နောက်နေ့ ကျောင်းရောက်တော့ သက်ဦးနှင့်နိုင်မင်းကို အ
အသောက်တွေ အဝကျွေး၍ ထိုအကြောင်းလေး ပြောပြဖြစ်သည်။

"မင်းအစ်ကို ပြောသလိုပဲ သည်းခံခြင်းရဲ့အဆုံးက ပြေလည်
ဖို့ လမ်းစဖြစ်နေပြီပဲ၊ ဆက်ပြီး သည်းခံလိုက်ပါကွာ၊ မြပဝါ မင်းအ
နားလည်လာတော့မှာပါ"

"အေး အဲဒီအချိန်ကျရင်တော့ ငါတို့ကို ကောင်းကောင်း
ဝိုင်းကျွေးဖို့ မမေ့နဲ့နော်၊ မင်းတို့မင်္ဂလာပွဲအထိမ်းအမှတ် ဘာမှစားရ
တာ မဟုတ်ဘူး"

"အေးဆေးပါ၊ မြပဝါနဲ့သာ အဆင်ပြေရင် မင်းတို့အတွ
သုံးလေးဝိုင်းမက ဝဲပစ်လိုက်မယ်"

"ဟား ဒီကောင် အောက်ခြေလွတ်လောက်အောင်ကို ပျော်
တာပဲ၊ လက်ကဒဏ်ရာတောင် မနာတော့ဘူးထင်တယ်"

"နာတာပေါ့ကွာ၊ ညာဘက်လက်ဖြစ်တာဆိုတော့ စာရေး
လည်း ရမှာမဟုတ်ဘူး။ ဒီနေ့တော့ ခွင့်တင်ပြီး အိမ်ပြန်လစ်တော့မ

"ဟ အိမ်မှာ မြပဝါလည်းရှိမနေလောက်ဘဲနဲ့ ဘာလို့ပြန်မှာ

"ထုံးစံအတိုင်း ငါ ကျောင်းကို ထွက်လာတဲ့အထိ အိမ်
မထသေးဘူး။ အပြင်မထွက်မီ အချိန်မီ အိမ်ရောက်အောင်ပြန်ပြီး
ပြောသလို ဒဏ်ရာအကြောင်းပြပြီး တရောတိုးလိုက်မယ်၊ မြပဝါ
ကြေသွားမှာ"





"တော်တော် ရှုးတဲ့ကောင်"

"မိန်းမက တစ်ချက်လောက် ကြင်နာပြတာနဲ့ တီကောင်ဆားနဲ့
တို့သလို ကူခြေကိုမရတော့ဘူး။ မြန်မြန်ပြန်ပေ့ အမြင်ကတ်တယ်"

နိုင်မင်းနှင့်သက်ဦး ဘယ်လိုပဲ ဝေဖန်နှိပ်ကွပ်ပါစေ လမင်းရဲ့
တက်ကြွသော ခြေလှမ်းများဖြင့် နောက်ကြောင်းပြန်လှည့်ဖို့ ပြင်လိုက်
သည်။

မြပဝါ မျက်နှာလေးကို မမြင်ဘူး မတွေ့ဘူးသလို မြန်မြန်ကြည့်
ချင် မြင်ချင်လှသည်။ ညက ပတ်တီးစည်းပေးစဉ်က တင်းမာခြင်းတို့
ကင်းနေသော မျက်နှာလေးကို မြင်ယောင်ရင်း . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

မနက် ညီကျောင်းသွားပြီဖြစ်သော်လည်း ကြယ်တိုင်းရဲ့ ကုမ္ပဏီ မသွားဖြစ်သေး။ ညီ မရှိသောအချိန် မြပဝါ အပြင်မသွားသေးသော အချိန်လေးမှာ မြပဝါကို အေးအေးဆေးဆေး နားဝင်အောင် ဖျောင်းဖျဦးမှဖြစ်မည်။

တစ်နေ့တစ်နေ့ သည်းမခံနိုင်ခြင်းတွေနှင့် ပြဿနာတက်နေလျှင် ကွဲကွာဖို့တွေအထိ အခြေအနေဆိုးဝါးလာနိုင်သည်။ သူ ဖြစ်စေချင်တာ ဒီလိုအနေအထားမျိုးမှ မဟုတ်ဘဲ။ ညီနှင့်မြပဝါကို ဒီအိမ်ကြီးမှာ အဆင်ပြေပြေ ပျော်ရွှင်ကြည်နူးနေစေချင်တာ။ ပိုင်ဆိုင်သမျှတွေအားလုံး အပြည့်အဝ ခံစားစေချင်တာ။

"ဒေါ်မှူ"

"ဩော် ကိုတိုင်း ကုမ္ပဏီ မသွားသေးဘူးလား။ ထမင်းခန်းထဲမှာ





ငွေကြီးထိုင်လို့"

"ဟုတ်ကဲ့ မြပဝါနဲ့ စကားနည်းနည်းလောက် ပြောချင်လို့ ခဏလောက် ခေါ်ပေးပါလား။ ဦးမောင်ရော ဘယ်သွားလဲ"

"နွားနို့သည်ကုလား မလာလို့လေ ဈေးသွားခိုင်းလိုက်တယ်၊ ဒေါ်မှူက ဆွမ်းချိုင့်ချက်နေတော့ ဈေးမသွားနိုင်တော့ဘူး၊ ဟို မြပဝါ အောက်ဆင်းမလာသေးဘူးလား"

"ဟုတ်ကဲ့ အခုမှ အပြင်ထွက်ဖို့ ရေချိုးပြီးရုံရှိဦးမယ်"

"အေး အေး ဒေါ်မှူ သွားခေါ်ပေးမယ်၊ ဒီကလေးမကို နားဝင်အောင်ပြောပါကွယ်၊ စိတ်ရင်းကကောင်းမယ့်ပုံလေးနဲ့ ဒေါသကို တမင်လုပ်မွေးနေတာ"

ဒေါ်မှူက တဗျစ်တောက်တောက်ပြောရင်း အပေါ်ထပ် တက်သွားသည်။ ခဏနေတော့ မျက်နှာမကောင်းစွာ ပြန်ဆင်းလာပြီး

"သူ မလာနိုင်ဘူးတဲ့ကွယ်၊ ပြောစရာရှိတဲ့သူက သူ့ဆီလာပြောပါတဲ့"

"သူ့အခန်းထဲ သွားပြောလို့ သင့်တော်မလားဗျာ၊ ခက်တာပဲ"

"ခက်မနေနဲ့၊ ပြောစရာရှိတာတော့ အချိန်မနှောင်းခင် ပြောဖြစ်အောင်ပြောမှဖြစ်မှာ၊ ဒီလိုနဲ့ အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်ရင် မင်းပဲ ရင်ကျိုးမှာမဟုတ်လား၊ လမင်းလည်း ဒီထက်ပိုပြီး စိတ်ဆင်းရဲရှင် ကျောင်းတောင်တက်တော့မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်ပါ့မလား''

''သြော် ဖြစ်ပါတယ်၊ ဒေါ်မှုံလည်း မီးဖိုချောင်မှာရှိတယ် ဦးမောင်လည်း ပြန်လာတော့မှာ၊ ကိုယ့်ညီရဲ့မိန်းမ ကိုယ့်ခယ်မပဲ၊ ပြော ဆုံးမတာ ဘာမှအပြစ်ဖြစ်စရာမရှိဘူး သွား သွား''

ဒေါ်မှုံက လေ့ကားတစ်ဝက်လောက်အထိ ရောက်အောင် တွ ပို့ပြီး မီးဖိုချောင်ထဲ ဝင်သွားသည်။ တုံ့နှေးလေးကန်သော ခြေလှမ်းမျ ဖြင့် တက်လာပြီး အခန်းတံခါး ခေါက်လိုက်၏။

''တံခါးဖွင့်ထားတယ် ဝင်ခဲ့''

လေသံတို့က ဟိုအရင်တစ်ချိန်က ကြားခဲ့နားထောင်ခဲ့ဖူးသေ နူးညံ့ညင်သာခြင်းတို့ ဖြစ်မနေ။ အပြစ်မဆိုသာ။ နားလည်ခွင့်လွှတ်နေခြ က သူ့ရဲ့ပေးဆပ်ခြင်းတွေဆိုတာ နားလည်ပေးလျှင် ဘယ်လောက်မျ ကောင်းမည်လဲ။ တံခါးကို ချပ်ခနဲ ဖွင့်၍ဝင်ခဲ့စဉ်မှာ လက်သည်းဆေးဆ မပျက် မြပဝါ မျက်လုံးလှန်ကြည့်သည်။

မှန်တင်ခုံရှေ့မှာ ထိုင်နေရင်းကလည်း နေရာမရွေ့။ သူ့ အမှန်းကြီး မုန်းလို့ မထိမဲ့မြင် မခန့်လေးစား ဆက်ဆံနေခြင်းဆိုတ သူ နားလည်ပါသည်။

''ဖြစ်ခဲ့သမျှတွေမေ့ထားပြီး ညီနဲ့အဆင်ပြေအောင် နေပါလာ ပဝါရယ်၊ မင်းဒီလိုတွေ လုပ်နေတာ ဘာကြောင့်ဆိုတာ ကိုယ် နားလည် တယ်၊ ဒါပေမဲ့ အရာအားလုံးကို နားလည်မှုတွေနဲ့ ပျော်ပျော်ရွှင်ရွှ





နေကြရအောင်ပါ''

သရော်ပြုံးများဖြင့် မြပဝါ နှုတ်ခမ်းလေးမဲ့နေကာ

''အဲလို နေကြည့်ဖို့ စိတ်ကူးလို့ကို မရတာ ကိုတိုင်း၊ အိမ်ထောင် ရေး ဖောက်ပြန်ချင်တဲ့စိတ်မရှိလို့ တစ်ချိန်ချိန်မှာ လမင်းရဲ့နဲ့ အဆင်ပြေ ချင်ပြေသွားနိုင်ပေမယ့် ကိုတိုင်းကိုတော့ မြပဝါ တစ်သက်လုံး မုန်းတီး နာကြည်းနေမှာ''

''ကိုယ့်ကို မုန်းချင်သလောက်မုန်း နာကြည်းချင်သလောက် နာကြည်းပါ၊ ကိုယ်ကျေနပ်ပါတယ် မြပဝါ၊ ညီ့အတွက်သာ အဆင်ပြေ နိုင်တယ်လို့ စိတ်ကူးမျိုးရှိနေရင် ခုကတည်းက သူ့အပေါ် နားလည်ပါလို့ ကိုယ် တောင်းပန်ချင်ပါတယ်၊ တကယ် အပြစ်ရှိခဲ့လူက ကိုယ်ဖြစ်နေလို့''

''ဟုတ်တယ် ရှင်က အပြစ်ကြီးတယ်၊ ရှင့်ညီလောက် ပဝါကို တန်ဖိုးမထားခဲ့တာကိုလည်းမုန်းတယ်၊ အခု ပဝါရှေ့မှာ ရှင့်ညီကို အရမ်း ချစ်လို့ ဖျောင်းဖျနေတဲ့စကားတွေ လာမပြောနဲ့တော့၊ ထွက်သွား ပဝါ ရှေ့က ခုထွက်သွား''

''မြပဝါ''

မြပဝါ လက်ညှိုးကြီးထိုးကာ မျက်ရည်တွေစီးကျလာသည်။ ဒီလိုစကားတွေပြောနေတာ သူမထက် ညီ့ကို ဦးစားပေးနေသည်လို့ ထင်နေပါလား။ ခေါင်းလျှော်ပြီးစ ဆံနွယ်တွေကို လက်နှင့်ထိုးဖွ၊ မျက်ရည် တွေသုတ်နှင့် သူမ မခံချိမခံသာ စိတ်လှုပ်ရှားနေသည်၊ အဆင်ပြေအောင်



www.burmeseclassic.com

www.burmeseclassic.com



ညှိနှိုင်းနေတာ သူ့မအတွက်ရောဆိုတာ နားလည်စေချင်၏။

"ပဝါရယ် ကိုယ်ပြောနေတဲ့စကားတွေက ပဝါလည်း စိတ်မပင်ပန်းစေချင်လို့ပါ၊ ကိုယ်နဲ့ညီကို အရွဲ့တိုက်နေတာ ပဝါလည်း စိတ်မသက်သာဘူးမဟုတ်လား။ ဒီအိမ်ကြီးမှာ ပဝါနဲ့ညီက သားသမီးတွေမွေးပြီး ကိုယ်က တူလေးတွေ တူမလေးတွေကို ထိန်းကျောင်းရင်းနဲ့ ပျော်ပျော်ရွှင်ရွှင် သက်တမ်းစေ့နေလို့ရရင်"

"မပြောနဲ့ မပြောနဲ့ မကြားချင်ဘူး၊ ရှင်နဲ့တစ်အိမ်တည်းမှာ အတူနေဖို့စကားတွေ လာမပြောနဲ့၊ အခုတောင် လမင်းကို အိမ်ခွဲနေဖို့ ပြောနေတာ၊ ရှင့်အရိပ်အောက် ပဝါ ရုန်းထွက်ချင်နေပြီ သိလား"

"ဟင် မ မလုပ်ပါနဲ့ မသွားပါနဲ့ ပဝါရယ်၊ ကိုယ် တောင်းပန်ပါတယ်၊ ညီကိုလည်း မခွဲပါရစေနဲ့၊ ပဝါကိုလည်း မခွဲပါရစေနဲ့၊ ကိုယ်ဖြစ်စေချင်တာက"

"တော်ပါတော့ ထွက်သွားပါတော့၊ ပဝါ ရှင့်အသံလည်း မကြားချင်ဘူး၊ ရှင့်စကားတွေလည်း နားမထောင်ချင်ဘူး၊ ရှင် ပဝါ့အခန်းထဲက ထွက်သွားပါ၊ ပဝါ တောင်းပန်ပါတယ် သွားပါ"

"ဟင်"

အခန်းထဲက မြပဝါရဲ့ရှူးရှူးဝါးဝါး အော်သံကြောင့် လမင်း ခြေလှမ်းတွေ တုံ့ခနဲဖြစ်ကာ သွေးခုန်နှုန်းတွေ မြန်ဆန်သွားသည်။ ပဝါ မျက်နှာလေးကို မြင်ချင်လွန်းလို့ ကျောင်းက ပြန်အလာမှာ ကားဟွန်းတီး





သော်လည်း ဦးမောင် ခြံတံခါး လာဖွင့်မပေးတာမို့ ကားကို ခြံရှေ့မှာ ရပ်ထားခဲ့ပြီး လူဝင်ပေါက်ကနေ ဝင်လာခဲ့တာ။ ကားဆင်ဝင်အောက်မှာ မြပဝါ ကားလေးကို မြင်တွေ့ရတော့ ပဝါအပြင်မသွားသေးဘူးဆိုသည့် အသိနှင့် မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေသော ဒေါ်မှုံကိုတောင် ဝင်မမေးတော့ဘဲ အပေါ်ထပ်အခန်းကို တောက်လျှောက်တက်လာခဲ့တာ။ ညေ့ခန်းထဲမှာ ကိုကို့အတက်ချိန်ကျေ့စ်ကို သတိထားမိပေမယ့် ကုမ္ပဏီမသွားသေးတောင် မြပဝါ အခန်းထဲရောက်နေလိမ့်မည်ဟု မထင်မိ။ သူ မရှိသည့် အချိန်မှာ မြပဝါအခန်းထဲ ကိုကို ဘာလုပ်ဖို့ ရောက်နေတာလဲ။ အခု မြပဝါ ငိုကြီးချက်မ အော်ဟစ်ပြီး နှင်ထုတ်နေတာလည်း ကိုကို ထွက်မသွား။

"ဟား ကျွတ်"

မြပဝါက ခဲအိုနှင့် တစ်အိမ်တည်းနေရတာ မသင့်တော်ဘူး ဒီအိမ်ကြီးကနေ ထွက်သွားရအောင် ပြောခဲ့တာ။ သူက ကိုကို့ဂုဏ်သိက္ခာကို ငဲ့ညှာလို့ ဒီလိုမလုပ်ခဲ့တာ မှားပြီပေါ့။ ကိုကို မိုက်ရိုင်းယုတ်မာလွန်းသည်။ သူ လေးလေးစားစား ကိုးကွယ်ခဲ့တာကိုမထောက်။

"တောက်"

"ဟင် ညီ"

"လမင်းရဲ့"

တက်ခေါက်သံနှင့်တံခါးဖွင့်သံက တစ်ဆက်တည်း။ ကြယ်တို့နိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

နှင့်မြပဝါ ထိတ်လန့်တကြား လှည့်ကြည့်လိုက်စဉ်မှာ ဒေါသအဟုန်ကြောင့် မျက်နှာတစ်ခုလုံး နီမြန်းလျက် တင်းတင်းဆုပ်ထားသော လက်သီးဆုပ်လေးလည်း တဆတ်ဆတ်တုန်နေသည်။

"မြပဝါ ပဝါ ဘယ်လဲ၊ ဘယ်သွားမှာလဲ"

မြပဝါ ထိုအခြေအနေကို သဘောပေါက်ကာ ဘယ်သူ့ကိုမှ ဘာမှမပြော။ မျက်နှာကို လက်ဝါးလေးနှစ်ဖက်နှင့်အုပ်၍ ကြယ်တိုင်းရဲ့ တို့ ညီအစ်ကို ငိုရှိုက်သံပေးကာ ပြေးထွက်လာခဲ့သည်။

ရှင် အရမ်းချစ်တဲ့ ရှင့်ညီရဲ့တုံ့ပြန်မှုတွေကို မြိုးမြိုးမြက်မြက် အရသာရှိရှိ ခံစားပေတော့ ကြယ်တိုင်းရဲ့ . . ။

■ ■ ■

စိုးမိုး၊ ဓာပေ

## အခန်း (၄၀)

"ကိုကိုရာ မထင်ဘူးဗျာ၊ အဲလိုလုပ်လိမ့်မယ်လို့ မထင်ဘူး၊ ညီ မရှိတဲ့အချိန်မှာ ပဝါ အခန်းထဲဝင်ပြီး ဘာလုပ်တာလဲ၊ ပဝါက ကိုကို့ညီရဲ့မိန်းမပါဗျ။ ကိုကို ဘယ်လိုရည်ရွယ်ချက်နဲ့"

"ညီ ညီရယ် ဘယ်လိုအတွေးတွေနဲ့ မေးခွန်းထုတ်နေတာလဲ၊ မြပဝါကို ဖျောင်းဖျကြည့်မယ်လို့ ညီ့ကို ကိုကို ပြောထားတယ် မဟုတ်လား"

"အဲလို ဖျောင်းဖျဖို့က ပဝါ အခန်းထဲကို လာစရာ ဖြစ်မှာလား။ ပြီးတော့ ပဝါက လက်မခံဘဲ ခါးခါးသီးသီး ငိုယိုး နှင်ထုတ်နေတာတောင် တွယ်ကပ်နေတဲ့ ရည်ရွယ်ချက်က ဘာကြောင့်လဲ ကိုကို၊ ညီတောင်မှ ပဝါ မကျေနပ်လို့ တခြားကျူးလွန်ဖို့မပြောနဲ့ တစ်ချက်လေးတောင်

စိုးမိုး၊ ဓာပေ

www.burmeseclassic.com

www.burmeseclassic.com



နမ်းဖူးတာ မဟုတ်ဘူး၊ ပဝါကို ညီ အဲလောက်ထိ တန်ဖိုးထားခဲ့တာ ကိုကို၊ ခုတော့ဗျာ''

''ညီရယ် ကိုကိုရှင်းပြ''

ညီက ခေါင်းတရမ်းရမ်း လက်တကာကာနှင့် သူ ဘာပြောပြော လက်ခံချင်ပုံမရ။ မသတီသလို ညီရဲ့အပြုအမူကြောင့် သူ့ရင်တွေ အဆ မတန် နာကျင်နေရသည်။ မြပဝါ ပြောတာတွေ နားစွန်နားဖျားကြားပြီး သူ့ကို ဒီပုံစံမျိုး အထင်သေးသွားတာ ဘယ်လိုမှ မခံစားနိုင်။ ညီက သူ မြူးမြူးပျာပျာဖြစ်နေမှုကို ဂရုမပြုမိစွာ။

''ရှင်းပြနေရပြီဆိုကတည်းက ကိုကိုရဲ့မရိုးသားမှုတွေ သိသာနေပြီပဲ၊ ကိုကို့ကို အထင်ကြီးလေးစားနေမိတာတွေ အလကားဖြစ်သွားပြီ ပဝါကို လိုက်ရှာပြီး ညီတို့ အိမ်ခွဲနေပါ့မယ်''

''ညီ ညီ အဲလို မပြောပါနဲ့ကွာ''

''ကိုကို့နဲ့သာ တစ်အိမ်တည်း မနေဘူးဆိုရင် ညီ့ကို သံယောဇဉ် ဖြစ်သွားနိုင်တယ်လို့ ပဝါ ပြောတယ်၊ ခုလိုဖြစ်သွားတာ ပိုတောင်ကောင်း ပါသေးတယ်၊ ပဝါ အချစ်ကိုရဖို့ အကြာကြီးတောင် စောင့်စရာမလိုဘူး ပေါ့''

''ဟင် ညီ ညီရယ်''

အခန်းတံခါး ဖွင့်ထွက်သွားတာ သိသိကြီးနှင့် သူ မတားလိုက် နိုင်တော့ပါ။ ပဝါ ပြောစကားနှင့် ညီတို့ အဆင်ပြေသွားမည်ဆိုလည်း





သူ ကျေနပ်ပေးရမည်။ ဒါပေမဲ့ ညီနဲ့ပဝါ သူ့အနားမှာမရှိတော့ဘူးဆိုသည့် အသိနှင့် ခြေတွေလက်တွေပင် လုံးဝ လှုပ်လို့မရတော့။ ရင်တစ်ခုလုံးက ကျပ်ဆို့ကာ အမြင်အာရုံတွေလည်း ဝေဝေဝါးဝါး ဖြစ်လာသည်။

''ကိုတိုင်း ကိုတိုင်း''

''ဦးမောင်''

အားကိုးတကြီး ဦးမောင်ကို ဖက်တွယ်ကာ ငိုရှိုက်ပစ်လိုက် သည်။ ဒေါ်မှုံက အနားမှာလာရပ်ကာ သူ့လက်ကလေးကို ဆုပ်ကိုင်ပြီး မျက်ရည်ဝဲ၏။

''ဦးမောင် ဈေးသွားနေတုန်း ဘယ်လိုတွေဖြစ်ကြတာလဲကွာ၊ မမှုံကလည်း လမင်း ဒေါသတကြီး ဆင်းလာပြီး ကားမောင်းထွက်သွားမှ မြင်လိုက်တယ်''

''ညီ ညီလေ ကျွန်တော်နဲ့ပဝါကို အထင်လွဲသွားတယ်၊ ကျွန်တော့်ကို အထင်ကြီးလေးစားမိတာ အလကားတဲ့၊ ပြောရက်တယ် ပြောထွက်တယ် ဦးမောင်ရာ''

''တောက် ဒီကလေး မဘက်လိုက်လို့ မိုက်ဘက်ပါနေတာပဲ၊ ပဝါကိုရော လမင်းကိုရော မင်းရဲ့မေတ္တာ စေတနာအမှန်ကို ဖွင့်ပြောမှ ဖြစ်တော့မယ်''

''ဟုတ်တယ် မင်း ခွင့်လွှတ်နားလည်ပေးနိုင်တာ ကိစ္စမရှိဘူး။ ဒီလို အစ်ကိုမျိုးကို စော်ကားမိရင် ဒီကလေး အပြစ်ကြီးတော့မှာ၊ ထွေ



www.burmeseclassic.com

www.burmeseclassic.com



သက်လုံး ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့တဲ့ အစ်ကိုကို စော်ကားရ
တယ်လို့ကွယ်၊ ပဝါရော လမင်းရော ကံကြီးထိုက်တော့မယ်''

''မပြောနဲ့ မပြောကြပါနဲ့၊ သူတို့ကို ကျိန်စာတိုက်မိသလို ဖြ
ကန့်ပါလိမ့်မယ် ဦးမောင်''

''ပြော ကိုတိုင်း''

''ကျွန်တော့်ကို အိပ်ရာခုတင်ပေါ် လိုက်ပို့ပါ''

''ဟင် မင်း မင်း နေမကောင်းဘူးလား''

အခုမှ သေချာကြည့်မိတော့ ဝေဒနာကို ကြယ်တိုင်းရဲ့ ကြိတ်မှိ
တင်းခံထားဟန်တူသည်။

ချွေးသီးချွေးပေါက်တွေလည်းကျလို့ ဖြူဖတ်ဖြူလျော်။ အိပ်
ခုတင်ပေါ်ရောက်တော့ လေသံယဲ့ယဲ့မျှသာ ရှိတော့၏။

''လမင်းနဲ့မြပဝါကို ဦးမောင် လိုက်ရှာပေးရမလား ကိုတိုင်း''

''ဟင့်အင်း ဆရာဝန်ကြီးနဲ့ ရှေ့နေကြီး ဦးလှထွန်းကို
ခေါ်ပေးပါ''

''ကိုတိုင်း''

''သူတို့နှစ်ယောက်လုံးအတွက် လုပ်ပေးသင့်တာကို လုပ်
သွားချင်တယ်''

နောက်ဆုံးအချိန်ထိ တာဝန်ကျေကျေ ပေးဆပ်ချင်နေ
ကြယ်တိုင်းရဲ့အတွက် ဦးမောင်နှင့်ဒေါ်မို့ မျက်ရည်မဆည်နိုင်ကြ။





ဘဝမှာ ဒီအခြေအနေ ဒီအဖြစ်ဆိုးမျိုးနဲ့ မကြုံပါစေနဲ့လို့ ဆုတောင်း
ရတော့မည်လား . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

"မင်းက ဒါဆို အိမ်ကဆင်းလာတာပေါ့၊ မင်းကွာ မင်းအစ်ကို က မင်းအပေါ် တစ်သက်လုံး မငြိုမငြင် ကောင်းလာခဲ့တာကို"

"အဲလိုကြီး ပြောဆိုဆင်းလာတာ မင်းမှားတယ် လမင်း၊ မင်း အစ်ကိုမေတ္တာက မိဘတွေထက်တောင် ပိုပါတယ်"

"ငါသိတယ်၊ လေးလည်းလေးစား အားလည်းကိုးခဲ့တယ် ဒါပေမဲ့ ပဝါ အခန်းထဲမှာ ကိုကို့ကို မြင်လိုက်ရတော့ ဘယ်လိုမှ စိတ် မထိန်းနိုင်ဘူး၊ ကိုကို မျက်ရည်ကျနေတာမြင်လို့ ဒီထက်ပိုပြီး မပေါက်ကွဲ ခဲ့တာ"

"ဗြော် အဲလို အသိလေးရှိသေးလို့ တော်သေးတာပေါ့၊ အသ မျှားမရှိရင် မိန်းမထိ စားကြည့်ဆိုပြီး အစ်ကိုကို စိန်ခေါ်သတ်ခဲ့ဦးမလား မသိဘူး"





သက်ဦးတို့ နောက်ပြောင်နေသလား မသိပေမယ့် လမင်းရဲ့ ပြုံးရယ်ဖို့ပင် သတိမရပါ။

"ပဝါက ငါ့အရင်ထွက်သွားတော့ အခု တစ်နေ့ကုန် ဟိုရှာ ဒီရှာနဲ့ ဘယ်မှလည်းမတွေ့ဘူး၊ အဲဒါကြောင့် အခု မင်းတို့ကျောင်းဆင်း ချိန်ကို လာစောင့်နေတာ၊ ပဝါကို ကူရှာပေးကြပါဦးကွာ"

"ဟ ငါတို့ ပရယ်တီကယ်ပြီးလို့ ပန်းအိတို့ ကန်တင်းဘက် သွားတော့ ပန်းအိတို့ကို မုန့်ဝယ်ကျွေးမယ်လို့ ပြောသေးတယ်၊ အဲဒါ မြပဝါက သူတို့အိမ်ရောက်နေလို့ မစားတော့ဘူး ပြန်မယ်ဆိုပြီး ပြန်သွား တာ"

"ဟာ ဟုတ်လား အဲဒါဆို ငါ့ကို ပန်းအိတို့လိပ်စာပေးပါကွာ၊ ငါ ပဝါကိုလိုက်ခေါ်ချင်တယ်၊ သူ့ စိတ်ညစ်ညစ်နဲ့ တခြားနေရာတွေ ထွက်သွားရင် ငါ ရင်ကွဲမှာ"

"မင်းကလည်း ပိုပါ့ကွာ၊ မင်းအစ်ကိုကိုသာ မြပဝါလောက်သာ ချစ်ပေးရင် မိုးပေါ်က နတ်သားလေးတောင် ဖြစ်ဦးမယ်"

"တော်ပါကွာ ခုချိန်မှာ ကိုကို့အကြောင်း မတွေးချင်ဘူး၊ ကိုကို့ ကြောင့် မြပဝါ ထွက်သွားတာ၊ ရှက်လွန်းလို့ ငိုယိုပြီးထွက်သွားတဲ့ ပဝါ မျက်နှာလေးကို အခုထိ မြင်နေမိတယ်၊ အဲဒါကို တွေးမိရင် ကိုကို့ကို ပိုပြီးအထင်သေးမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာကို သေချာမသိဘဲ ဒီကောင် ဇွတ်ပြောနေတော့တာပဲ၊ ကံကြီးထိုက်မယ့်ကောင် ရော ရော ပန်းအိတို့လိပ်စာယူပြီး သွားတော့"

သက်ဦးတို့ဆီက လိပ်စာယူပြီး ထွက်လာခဲ့ချိန်မှာ အနည်းငယ်တော့ အံ့ဩနေမိသည်။ ပန်းအိတို့နေတာက သူဌေးတွေမှနေနိုင်သော ဆိတ်ငြိမ်ရပ်ကွက်။ ချို့ချို့တဲ့တဲ့ ရန်ကုန်မှာ ကျောင်းလာတက်သော ပန်းအိတို့က ဘယ်လိုလုပ်ပြီး ဒီနေရာမျိုးမှာ နေနိုင်တာလဲ။

ရောက်လာတော့ ခြံဝင်းကျယ်လေးနှင့် ဘန်ဂလိုဆန်ဆန် တစ်ထပ်တိုက်အိမ်လေး။ ကားကို ခြံပြင်မှာရပ်ပြီး ဝင်းထဲဝင်လာခဲ့တော့ ဒါန်းလေးပေါ်မှာ ပန်းအိတို့နှင့်ထိုင်နေသော မြပဝါကိုတွေ့လိုက်ရသည်။ မကြည်ပြာနှင့်ပန်းအိက အံ့အားသင့်သွားသလို မြပဝါက ခပ်မှဲ့မှဲ့။

"ဘယ်က သတင်းပေးနဲ့ လိုက်လာတာလဲ၊ နင့်အစ်ကိုနဲ့ စာရှင်းမှရှင်းခဲ့ရဲ့လား"

"ရှင်းခဲ့ပါပြီ ကိုကို့ကို ပစ်ပစ်ခါခါ နစ်နစ်နာနာကို ပြောပစ်ခဲ့တယ်၊ ညီနဲ့မြပဝါ ကိုကို့အိမ်မှာမနေဘူး။ ပဝါက ခဲအိုနဲ့တစ်အိမ်တည်း မနေချင်တာ မှန်တယ်လို့ ပဝါဘဝမှာ မလုံခြုံတော့တာ၊ ပဝါ ဖြစ်စေချင်သလို ဖြစ်စေရပါ့မယ်၊ ကိုကို့ကို ငါ အရမ်းရွံသွားပြီ"

မြပဝါ ကျေနပ်စွာပြုံးလိုက်သည်။ မကြည်ပြာနှင့်ပန်းအိက အခုမှ မျက်ကလူးဆန်ပြာ။





"နင် နင်တို့ ဘာတွေဖြစ်ပြီး ဘာတွေပြောနေကြတာလဲ ပဝါ၊ နင် အရင်လိုပဲ အပျင်းပြေလာလည်တာ မဟုတ်ဘူးလား။ ကို ကိုတိုင်းနဲ့"

"နင်တို့စကားတွေ နားထောင်ရတာ သာမန်ပြဿနာ မဟုတ်ဘူးထင်တယ် ပဝါ နင် အဆုံးထိ လုပ်ချလိုက်ပြီလား"

မကြည်ပြာနှင့်ပန်းအိက ကိုကို့ကိုသိနေတာမို့ လမင်းရဲ့ အံ့ဩသွားသည်။ ဒါဆို မြပဝါလည်း ကိုကို့ကို သိမှာပေါ့။ ဘာတွေလဲ။ ဘာတွေလဲ။

"ပဝါနဲ့လမင်းရဲ့ နင်တို့နှစ်ယောက်လုံး ကိုတိုင်းရဲ့စေတနာ မေတ္တာကို တစ်သက်လုံး နားမလည်ဘဲ စော်ကားနေကြတော့မှာလား။ ငါတို့တော့ ကိုတိုင်းဘက်က မခံနိုင်လွန်းလို့ ကတိမတည်နိုင်တော့ဘူး"

"ဟုတ်တယ် သူတော်ကောင်းကို ဆက်ဆက်ပြီး ပြစ်မှားရင် နင်တို့အပြစ်တွေပိုကြီးတော့မှာ၊ ကိုတိုင်း တစ်ခုခုဖြစ်ရင်လည်း နောင်တရပြီး နင်တို့နှစ်ယောက်လုံး ယူကျုံးမရ ခံစားရတော့မှာ"

"ဘာ ဘာလဲ မကြည်ပြာတို့ ဘာတွေပြောနေကြတာလဲ"

"အေး နားထောင်ချင်ရင် ပြောပြမယ်"

အစချီလျက် မကြည်ပြာနှင့်ပန်းအိ တစ်လှည့်စီပြောကြသည်။ လမင်းရဲ့နှင့်မြပဝါ နားထောင်ရင်းဖြင့် အသက်ရှူဖို့တောင် မေ့နေကြ၏။

"ဟင် ဒါ ဒါဆို ကိုကိုက အဲဒီရောဂါကြီးနဲ့ သေတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မ မကြည့်ပြာ အဲဒါ တကယ်လား၊ ကိုတိုင်းက အဲဒီရောဂါနဲ့ သူ့ကိုယ်သူ သေတော့မှာသိလို့ ပဝါကို လမင်းရုံနဲ့ပေးစားခဲ့တာလား။ အမလေး၊ ဒါတွေမသိခဲ့ဘဲ ကိုတိုင်းမေတ္တာတွေကို ပဝါ စော်ကားမိပြီ၊ လပင်းရုံ ပဝါတို့အိမ်ပြန်ရအောင်၊ ကိုတိုင်းကို တောင်းပန်ရမယ်၊ ရှိခိုးပြီး တောင်းပန်ရမယ်"

"ငါလည်း ကိုကို့ကို နစ်နစ်နာနာ ပြောပြီးကို စော်ကားမိပြီ၊ ကိုကိုရဲ့ချစ်သူက နင်မှန်းမသိလို့ ဒီအခြေအနေတွေထိ ရောက်ခဲ့ရတာပါ။ ငါ အရမ်းမှားသွားပြီ၊ ငါက သေသင့်တဲ့ကောင်၊ ဘာလို့ ကိုကို့မှာမှ အဲဒီရောဂါကြီး ဖြစ်ရတာလဲ"

"ကဲ အဲဒါတွေ မပြောကြနဲ့တော့၊ အခုချက်ချင်း အိမ်ပြန်ပြီး နင်တို့နှစ်ယောက်လုံး သွားတောင်းပန်ကြ၊ ကိုတိုင်းက နင်တို့ကို ခွင့်လွှတ် နားလည်ပေးဖို့ စောင့်နေမှာပါ"

စိတ်ထိခိုက် ဝမ်းနည်းစွာနှင့်ပင် ကြယ်တိုင်းရုံကို တောင်းပန်ဖို့ အိမ်ကိုအမြန်ဆုံးပြန်လာခဲ့ကြသည်။ ခြံဝအရောက်မှာပင် ဆရာဝန်ကြီး နှင့် ရှေ့နေကြီး ဦးလှထွန်း ပြန်သွားတာမြင်တော့ ထိတ်လန့်တုန်လှုပ် သွားမိကြ၏။

"ဩော် မင်းတို့ပြန်လာပြီလား၊ ကိုတိုင်း အသက်မီအောင် ပြန်လာသေးလို့ တော်သေးတာပေါ့ကွာ၊ ကိုတိုင်း အခုသဖြောင့်သွားသေး





တာပေါ့၊ မဟုတ်ရင် မင်းတို့ကို ငါ ခွင့်မလွှတ်ဘူးကွ သိလား"

"ဦး ဦးမောင် ဘာတွေပြောနေတာလဲ၊ ကိုကို ဘာဖြစ်လို့လဲ"

"သိချင်ရင် သူ့အခန်းထဲသွားကြည့်၊ မင်းတို့ကို သူစောင့်နေတယ် လူမိုက်တွေရဲ့၊ ရောဂါရှိတာက ရှိတာပဲ၊ မင်းတို့ကြောင့် အခုသေစော ရတော့မယ်၊ ဆရာဝန်ကြီး လက်လျှော့သွားပြီ"

ဦးမောင်ရဲ့မချိတင်ကဲ အော်ငိုသံကြီးကို ဂရုမစိုက်နိုင်စွာ ကိုကို့ အခန်းထဲကို ပြေးဝင်ခဲ့ကြသည်။ ခုတင်ပေါ်မှာ ပက်လက်လေးနှင့် ကိုကို က လက်ကျန်အသက်ငွေ့ငွေ့လေးကို ခက်ခဲပင်ပန်းစွာ ရှူနေသည်။

"ကိုကို ကိုကို"

"ကိုတိုင်း"

ရင်ထဲမချိစွာ ဆို့နင့်စွာခေါ်တော့ မျက်လုံးလေးကိုအားယူကာ ဖွင့်ကြည့်သည်။ စကားပြောချင်ဟန်ဖြင့် နှုတ်ခမ်းလေးတွေလည်းတလှုပ် လှုပ်။ သူတို့နှစ်ယောက်ရဲ့စော်ကားပြစ်တင်မှုတွေကြောင့် ကိုကို ဘယ် လောက်များ ရှက်သွားရှာမလဲ။

ကိုကို့ရဲ့မေတ္တာတွေကို နားမလည်ခဲ့ဘဲ။

"ကိုကို ကိုကို ညီ့ကို ဒီပုံစံမျိုးနဲ့ ထားသွားလို့ မရဘူးနော်၊ ကိုကို့ကို ညီ တစ်ခါမှခွဲဖူးတာမဟုတ်ဘူး၊ ညီ မှားသွားပါတယ်၊ ညီ တောင်းပန်ပါတယ်၊ ကိုကိုရာ ညီ့ကိုဘာလို့ ဘာမှမပြောခဲ့တာလဲ၊ ဒီရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိနေတဲ့အကြောင်း မြပဝါက ကိုကို့ချစ်သူပါဆိုတဲ့အကြောင်း နည်းနည်းလေးဖြစ်ဖြစ် ပြောပြလိုက်တာ မဟုတ်ဘူးကိုကိုရယ်၊ ညီ လူမိုက်ကြီးဖြစ်ပြီဗျ။ အသုံးမကျတဲ့ကောင် ကိုကို့မေတ္တာကိုစော်ကားတဲ့ကောင် ဖြစ်သွားပြီ ကိုကိုရာ''

လမင်းရံ့ ပြောရင်းငိုသည်။ ငိုရင်းပြောသည်။ မြပဝါက ကြယ်တိုင်းရံ့ လက်ကလေးကို ဖွဖွဆုပ်ကိုင်လိုက်၏။

''ကိုတိုင်း ပဝါလို မိန်းမရိုင်း မိန်းမဆိုးကို ဘာလို့စေတနာထားတာလဲ၊ ခြေနှစ်ချောင်း မကယ်နဲ့ဆိုတဲ့စကားကို ကိုတိုင်း မကြားဖူးဘူးလား။ အခု ကိုတိုင်းက ပြည့်စုံချမ်းသာတဲ့လူတစ်ယောက်ဖြစ်အောင် ကယ်တင်ခဲ့တာ မြေတောင်မြှောက်ခဲ့တာ၊ ကိုတိုင်းရင်ဝကို စုံကန်မိသလို ဖြစ်သွားပြီလေ၊ ပဝါအပြစ်တွေက ဘယ်လိုမှဆေးကြောလို့ မရတော့ဘူး။ ပဝါကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ ကိုတိုင်းရယ်''

ကြယ်တိုင်းရံ့ မျက်ဝန်းအိမ်က မျက်ရည်တွေ စီးကျလျက် ယဲ့ယဲ့လေးပြုံးနေ၏။

ဆုပ်ကိုင်ထားသော စာချုပ်စာတမ်းတွေကို လမင်းရံ့ လက်ထဲ ထည့်သည်။

ပြီးတော့ လမင်းရံ့နှင့် မြပဝါလက်ကလေးကိုဆွဲယူပြီး လက်ချင်း ထပ်ပေး၏။





''ညီ ညီနဲ့ပဝါကို ခွင့်လွှတ်တယ်၊ နား နားလည်တယ်၊ ကျေနပ်တယ်၊ ကို ကိုကိုမင်းတို့ကို ချစ်တယ် ချစ် ချစ်တယ်''

''ကိုကို ကိုကို''

''ကိုတိုင်း''

ဖတ်ကလေးလည်းကျသွားသော်လည်း ကြယ်တိုင်းရံ့ ပြုံးနေဆဲ၊ လမင်းရံ့နှင့် မြပဝါတို့ရဲ့ အထိတ်တလန့် ခေါ်သံကို တမလွန်ကနေ နားစွင့်ကျေနပ်နေပေလိမ့်မည်။

''အား ကိုကို ကိုကိုရေ၊ ညီကိုထားခဲ့ပြီလား၊ ညီ့ကို ညီ့ကို ခေါ်သွားပါ ကိုကိုရယ် ညီကိုခေါ်သွားပါ၊ လူမိုက်ကြီးကို ခေါ်သွားပါ ကိုကိုရဲ့၊ ညီတစ်ယောက်တည်း ဒီပုံစံမျိုးနဲ့ မနေရဲဘူး''

''လမင်း''

''ပဝါ ငါ့ကို ကယ်ပါဦး၊ ကိုကို ငါ့ကိုထားသွားပြီ၊ ကိုကိုလို့ မေတ္တာရှင်ကြီးကို စော်ကားမိတာ ငါမှားတာ ငါဘယ်လိုလုပ်ရမလဲ''

''နင့်အစ်ကို နောက်ဆုံးတင်းအောင် အဲလောက်ကြီး မငိုကြွေးပါနဲ့ လမင်းရယ်၊ နင့်အစ်ကို စိတ်ဖြောင့်ဖြောင့်သွားနိုင်အောင် ငါ့လက်ကိုတွဲထားပါ''

''နင့်အစ်ကို ဖြစ်စေချင်တာက ငါတို့နှစ်ယောက် အဆင်ပြေစေချင်တာပါ၊ တို့နှစ်ယောက်ကို သူပျော်စေချင်တာ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့"

စကားလုံးတွေ သွန်ကျလာဖို့ ခက်ခဲစွာ ဆွဲထုတ်နေရသည်။

နောင်တတွေနှင့် ကျန်ရစ်အောင် ဝေဒနာတွေ ထိန်ချန်ထားခဲ့သော ကြယ်တိုင်းရဲကို သူမနှုတ်ဆက်ရတော့မည်ပဲ။

အစ်ကို တစ်ယောက်ရဲ့မေတ္တာမျိုးဖြင့် ပေးဆပ်နိုင်ခဲ့သော ကြယ်တိုင်းရဲရဲ့ ချစ်ခြင်းတရားတွေ ကို သူမ နောင်ဘဝထိ မေ့တော့မည်မဟုတ်။

သူကျေနပ်အောင် သူမလုပ်ပေးစရာ တစ်ခုပဲရှိသည်။ ကမ်းလင့်လာသော လမင်းရဲလက်ကို သူမ ခပ်တင်းတင်းပင် ဆုပ်ကိုင်လိုက်၏။

"ငါတို့နှစ်ယောက် ကိုတိုင်းရှေ့မှာ ကတိပေးရအောင် လမင်းရဲ ငါတို့ဘဝလေးကို အချစ်တွေသံယောဇဉ်တွေနဲ့ ထုံမွှမ်းနေအောင် နားလည်မှုတွေနဲ့ ရှေ့ဆက်ကြမယ်၊ ဒါမှ တမလွန်ကနေ ကိုတိုင်း ပြုံးပြီး ကြည့်နေနိုင်မှာ၊ ငါ့ကြောင့် သူ အရမ်းပင်ပန်းသွားခဲ့တယ်"

"ကိုကိုက နင့်အတွက်လည်း အများကြီး စဉ်းစားပေးခဲ့တာပါ၊ နင့်ကို ကိုကိုသိပ်ချစ်ခဲ့တာ ငါသိလိုက်ပြီ၊ ဒါပေမဲ့ ငါသဝန်မတိုဘူး။ မနာလိုမဖြစ်ပါဘူး၊ ငါ့ရင်ထဲကအချစ်တွေနဲ့ ကိုကို့အချစ်ပေါင်းပြီး နှစ်ဆတိုးချစ်ပါ့မယ်"

သူမ ကျေကျေနပ်နပ်ပင် ကိုတိုင်းရှေ့မှာ အပြုံးလေးနှင့်လက်ခံ





လိုက်သည်။

ကိုတိုင်း ကိုတိုင်းက ကိုဟိုင်းချစ်တဲ့ ညီလေးနဲ့ ပဝါကို အဲလို ဖြစ်စေချင်တာ မဟုတ်လားဟင်။

ရင်ထဲမှာ နာကျင်ပြီး မျက်ရည်တွေကျနေပေမယ့် ပဝါပြုံးနေပါတယ်။

ကိုတိုင်းညီက ပဝါပခုံးကို ကြင်ကြင်နာနာဖက်တွယ်လာတာလည်း ပဝါ မရုန်းတော့ပါ။

ကိုတိုင်း မြင်တယ် မဟုတ်လားဟင်။

ကိုတိုင်းလည်း ပြုံးနေတာပဲ။

"ဦးမောင် ဟင့်အင်း ကိုတိုင်းမျက်လုံးတွေကို မှိတ်မပစ်လိုက်ပါနဲ့၊ ဒီအတိုင်းလေးကြည့်ပြီး ပြုံးနေပါစေ"

"ပဝါ"

လမင်းရဲ့က သူမပခုံးလေးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်၍ သူ့ဘက်ဆွဲလှည့်သည်။ လမင်းရဲ ရင်ခွင်မှာ မျက်နှာအပ်၍ အသံတိတ်ရှိုက်ပစ်လိုက်၏။

ခန်းဆီးစတွေ လုပ်ခနဲ လှုပ်ခါသွားသည်။

ကိုတိုင်း ကျေနပ်စွာလှည့်ပြန်သွားပြီပဲ . . . ။

ဒီဘဝအတွက်တော့ နှုတ်ဆက်လိုက်ပြီ ကိုတိုင်းရေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေကို ညစာအဖြစ် တည်ခင်းဖို့ လမင်းရဲ့ လက်အစုံကို အားကိုးတကြီးဆုပ်ကိုင်မိသည်။

ကောင်းကင်ပြာမှာတော့ တိမ်ဖြူမှုင်တွေ ပြေးလွှားနေဆဲ။

ပရိသတ်အတွက်
အမြဲတမ်း
ဇျူး

BURMESE CLASSIC .com

နိုး၊ မို၊ ၁၇၆၀

www.burmeseclassic.com